

ဒု/ ဇာတ်သိမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၂၁၀/၉၃ (၃) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၂၅၂/၉၃ (၅) |
| ထုတ်ဝေသည့်ကာလ | ၁၉၉၃-ခုနှစ်၊ ဇူလိုင်လ |
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ အုပ် |
| တန်ဖိုး | ၃၀ ကျပ် |
| ထုတ်ဝေသူ | ဦးတင်ဦး (၀၅၅၇)<br>အရှက်ဦးစာပေ<br>၁၁၂၀/က၊ ဗိန်ရတနာလမ်း၊<br>၉-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | ဒေါ်တင်တင်မြင့် (၀၂၅၀၃)<br>မဟာသီရိပုံနှိပ်တိုက်၊<br>အမှတ် ၄၄(ခ)၊ ဖ နိုင်ခွဲ၊ ပြည်လမ်း၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးရိုက် | ဦးတိုးဝင်း (၀၂၄၃၁)<br>နေသရောင် အော့ဖ်ဆက်၊<br>၉၆(ခ)၊ (၁၁)လမ်း၊ ရန်ကုန်မြို့ |


# ရဲမင်းယဝိန်း

ပန်းပွင့်ဗိတ်စာ

ဒုတိယအ ဇာတ်သိမ်းပိုင်း

## အခန်း (၁)

"ဆရာရဲ့ ကျေးဇူးကို မထောက်အဲ၊ ကျေးဇူးကန်းတဲ့ကောင် ခုခံဖို့ပြင်"

စိတ်ထဲတွင် လေးလံနောက်ကျိစွာ ခေါင်းငိုက်ချလိုက်ကာ လျှူဟူထိုက်သည် လုံစိန်၏ စကားကို အကြားတွင် ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်၏။ သူ၏ မျက်လုံးအစုံ ရုတ်ချည်းပင် အေးစက် အရောင်လက်သွား၏။

"ကျွန်တော့်ကို ရှင်းပြခွင့်ပေးပါ အစ်ကိုကြီး။ အခုလို တစ်ဖက်သပ် စွပ်စွဲတာကိုတော့ ကျွန်တော် မခံနိုင်ဘူး"

မင်းစာဝေ

"ဟား....ဟား....မင်း မခံနိုင်တော့၊ ငါတို့က ဂရုစိုက်ရမှာလား။ ကဲ....ခုခံဖို့ပြင်"

"နေဦး"

"ဘာလဲ....။ မင်းက သေရမှာ ကြောက်နေပြီလား"

"သေရမှာ မကြောက်ဘူး။ ခင်ဗျားတို့ကို မသတ်ချင်လို့၊ ဆရာ့အတွက် တရားခံအစစ်ကို ရှာမတွေ့ခင် ခင်ဗျားတို့ သေသွားမှာကို မလိုလားလို့ပါ"

လျှိုဟူထိုက်၏ စကားကြောင့် လုံစိန်၏ မျက်နှာ တင်းမာခက်ထန်သွားသည်။ သူက ဆတ်ခနဲ ရှေ့တိုးလာပြီး....

"ဒီလူမိုက်ကို သတ်ပစ်"

လျှိုဟွမ်းနှင့် သန်းရီတို့ လုံစိန်နှင့်အတူ ရှေ့သို့တစ်ပြိုင်နက်တည်း တိုးလာကြ၏။ သုံးယောက်လုံး တစ်ပြိုင်နက်တည်းပင် လျှိုဟူထိုက်အား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ပြင်းထန်သော လေလှိုင်းရိုက်ခတ်မှုက ပတ်ဝန်းကျင်တစ်ခုလုံးတွင် ဟူး ဟူး ထသွား၏။ ပြင်းထန်သောအားလှိုင်းများ သုံးဘက် သုံးတန်မှ ရိုက်ခတ်လာသဖြင့် လျှိုဟူထိုက် တစ်ချက်တည်းနှင့် ခုခံနိုင်စွမ်းမရှိ၊ ခံရတော့မည်ဟု ဘေးမှ ဒိုင်း၍ကြည့်ရှု





နေသူများက ထင်ထားကြသည်။ သို့သော် သူတို့ မမျှော်လင့်သော အဖြစ်အပျက် ရုတ်တရက် ဖြစ်ပျက်လာသည်။

လျှိုဟူထိုက်၏ လှုပ်ရှားမှုက မထင်မှတ်နိုင်အောင် လျင်မြန်လှသည်။ သူက လုံစိန်တို့၏ ရိုက်ချက်များကို ထိပ်တိုက်ခုခံခြင်း မပြုဘဲ၊ နောက်သို့ ခုန်ထွက်လိုက်သည်။ သူ၏ ခန္ဓာကိုယ်မှာ လျင်မြန် ပေါ့ပါးစွာ နောက်မှ ရံထားသော ကြယ်တာရာ သခင်လေးတို့ ခေါင်းပေါ်မှ ဖြတ်ကျော်သွားသည်။

သူသည် ချိန်သားကိုက်ပင် စွမ်းစွမ်း၏ အနားသို့ ကျသွားသည်။ မြေပြင်ပေါ် ခြေချမိလျှင် ချမိချင်း စွမ်းစွမ်းအား လက်ဖြန့်ကြိုး တုပ်လျက် ထိန်းထားသူအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း"

ခတ်စုံဝါနှင့်အမျိုးသမီး လွင့်ထွက်သွားသည်။ လျှိုဟူထိုက်က စွမ်းစွမ်းအား လက်ယာလက်ဖြင့် ဆွဲယူ ပွေ့ခေါ်ပြီး၊ ဘုံကျောင်း ဘေးဘက် ခပ်ဝေးဝေးသို့ ရောက်အောင် ခုန်ထွက်လိုက်၏။

"ဟေ့.... လိုက်ကြစမ်း"

"မလွတ်စေနဲ့"

"မပြေးနဲ့ဟေ့"

အော်သံ ဟစ်သံများကို ကြားရသည်။ လျှူဟူထိုက်က မြေပြင်ပေါ် ခြေချမိသည်နှင့် စွမ်းစွမ်းအား ထုတ်နှောင်ထားသည့် ကြိုးများကို ဖြုတ်ပေးလိုက်သည်။

ချည်နှောင်ထားသည့်ကြိုးများ ဖြည်လျှင် ဖြည်ချင်း စွမ်းစွမ်း ထရပ်လိုက်သည်။ ဒေါသရောင် တဖျပ်ဖျပ် လက်နေသော မျက်လုံးအစုံဖြင့် ကြယ်တာရာသခင်လေးတို့ လူစုကို ကြည့်သည်။

"ဒီလူတွေကို တစ်ယောက်မကျန် သတ်ပစ်မယ် အစ်ကိုကြီး"

လျှူဟူထိုက်က အပြေး ရောက်လာပြီး၊ သူတို့အား ဝိုင်းရံလိုက်သော ကြယ်တာရာ သခင်လေး၏ နောက်လိုက်များနှင့် လုံစိန်တို့ သုံးယောက်အား ကြည့်ရင်း ခေါင်းခါပြလိုက်သည်။

"သူတို့ကို သတ်ပစ်လို့ ဘာမှ အကြောင်းမထူးဘူး ညီမလေး။ သူတို့ဟာ နောက်လိုက်သက်သက်တွေပဲ။ ဟိုသုံးယောက်က အစ်ကိုကြီးရဲ့ ဂိုဏ်းတူ အစ်ကိုတွေ၊ သူတို့ကို မထိခိုက်စေချင်ဘူး"

စွမ်းစွမ်းက မကျေမနပ် ဖြစ်သွားဟန်နှင့် မျက်နှာကို မဲ့လိုက်သည်။





"အစ်ကိုကြီးက သူတို့ကို ညှာနေပေမယ့် သူတို့က အစ်ကိုကြီးကို ချမ်းသာပေးမှာ မဟုတ်ဘူး"

"သူတို့က အစ်ကိုကြီးကို သိပ်ချစ်ကြပါတယ်။ ခုအချိန်မှာ အထင်လွဲနေလို့ ရန်လုပ်နေကြတာပါ။ အထင် မလွဲဘူးဆိုရင် အစ်ကိုကြီးအတွက် အသက်ပေးဖို့ ဝန်မလေးတဲ့ လူတွေပါ"

လျှူဟူထိုက်တို့အား ဝိုင်းရံထားသူများနှင့် မနီးမဝေးတွင် ရပ်နေသော ကြယ်တာရာသခင်လေးက လက်ခုပ်တစ်ချက် တီးလိုက်သည်။ ဝတ်စုံဝါများက လျှူဟူထိုက်တို့အား တပြိုင်နက်တည်း တိုက်ခိုက်ရန် ပြင်လိုက်ကြ၏။ လျှူဟူထိုက်က စွမ်းစွမ်းကို မျက်ရိပ်ပြလိုက်ပြီး၊ ဝတ်စုံဝါမိန်းကလေးများကို တရကြမ်း ဝင်ရောက်တိုက်ခိုက်သည်။

ရက်စက်ကြမ်းတမ်းသော လျှူဟူထိုက်၏ တိုက်ခိုက်မှုကြောင့် ဝတ်စုံဝါများ ဖရိုဖရဲ ဖြစ်ကုန်၏။ စွမ်းစွမ်းက ဝတ်စုံဝါ သုံးယောက်အား တိုက်ခိုက်ခြင်းမပြုဘဲ၊ ရင်ဘောင်တန်းလျက် ရပ်နေသော လုံစိန်တို့ သုံးယောက်ကို ဝင်တိုက်သည်။

ဆယ်နှစ်အရွယ်မျှသာ ရှိသေးသော စွမ်းစွမ်းကို လုံစိန်တို့က အထင်ကြီးပုံမရ။ ပေါ့ပေါ့ဆဆပင် စွမ်းစွမ်း၏ တိုက်ခိုက်မှုကို ခုခံသည်။ ထို့ကြောင့်ပင် စွမ်းစွမ်း၏ လက်ဝါးရိုက်ချက် တစ်ချက် သန်းရီကို ထိသွား၏။ ဖြောင်းခနဲ မြည်သံနှင့်အတူ သန်းရီ

၏ ခန္ဓာကိုယ် နောက်သို့ယိုင်သွားသည်။ သူက ကိုယ်ကို ဟန်နိုင်ရန် ကြိုးစားရင်း မြေပြင်ပေါ်သို့ ခွေခနဲကျသွား၏။

လုံစိန်နှင့် လျှံဟွမ်းတို့ မျက်လုံးပြူးသွားကြသည်။ သူတို့က မယုံနိုင်ဟန်ဖြင့် စွမ်းစွမ်းကို ကြည့်ကြ၏။ လုံစိန်က သတိထားပြီး ရှေ့တိုးလာသည်။ လျှံဟွမ်းက လဲကျသွားသော သန်းရီအနီးသို့ ပြေးကပ်ပြီး ပွေ့စုသည်။

"ငါတို့က မင်းကို တလေးဆိုပြီး ကြည့်နေတာ မင်းက သိပ်သတ္တိကောင်းနေပါလား။ ဒါလောက်တောင် ဖြစ်တာ သေဖို့ပြင်"

လုံစိန်က စွမ်းစွမ်းအား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်သည်။ စွမ်းစွမ်းက ရယ်မောလိုက်ပြီး၊ လုံစိန်အား ပြန်လည်တိုက်ခိုက်၏။

စွမ်းစွမ်းနှင့် လုံစိန်တို့ အပြန်အလှန် တိုက်ခိုက်နေစဉ်၊ လျှူဟူထိုက်က ဝတ်စုံဝါမိန်းကလေးများအား တရကြမ်း လိုက်လံတိုက်ခိုက်သည်။ ဝတ်စုံဝါ မိန်းကလေးများမှာ လျှူဟူထိုက်၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာအသီးသီးနှင့် တစ်ယောက်ပြီး တစ်ယောက် လဲကျကုန်၏။

ကြယ်တာရာသခင်လေးမှာ သူ့လူများ၏ အခြေအနေဆိုးကို မြင်သည်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ သူ့နှုတ်မှ ထူးဆန်း





သော အသံတစ်သံကိုပြုပြီး၊ လျှူဟူထိုက်အား လျှပ်တစ်ပျက် ဝင်ရောက်တိုက်ခိုက်သည်။ ကြယ်တာရာသခင်လေး၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကြောင့် လျှူဟူထိုက် နောက်သို့ ခုန်ဆုတ်လိုက်သည်။

ထိုအချိန်လေးမှာပင် ကြယ်တာရာသခင်လေးက သူ့လူများကို လျင်မြန်စွာ စုစည်းလိုက်သည်။ ပြီး ဒဏ်ရာအသီးသီးရထားသော ဝတ်စုံဝါ မိန်းကလေးများ ရှေ့တွင် အကာအကွယ်ပေးသည့်ဟန်ဖြင့် ရပ်လိုက်သည်။ လျှူဟူထိုက်အား ရေကုန်ရေခမ်း တိုက်ခိုက်တော့မည့်ဟန်ဖြင့် ကြည့်သည်။

လျှူဟူထိုက်သည် လုံစိန်နှင့် စွမ်းစွမ်းတို့ တိုက်ခိုက်နေသည်ကို တစေ့တစောင်း ကြည့်လိုက်၏။ သူက ရှေ့သို့တိုးရန် မကြိုးစားဘဲ နောက်သို့ ဆုတ်လိုက်သည်။ ထိုအခိုက်အတန့်လေးမှာ ကြယ်တာရာသခင်လေးက သူ့လူများအား ဆုတ်ခွာရန် အမိန့်ပေးလိုက်သည်။ သူ့လူများ ဆုတ်ခွာသည့်နောက်သို့ သူကြည့်ဖြင့် လိုက်သွား၏။

ကြာသော

ိုက်အား

လျှူဟူထိုက်သည် ကြယ်တာရာသခင်လေးတို့အား ကျေ ယခု ခိုင်းလိုက်ပြီး၊ လုံစိန်တို့ဘက် လှည့်လိုက်သည်။ လုံစိန်သည် ိုက် အပြင်းအထန် တိုက်ခိုက်နေသော စွမ်းစွမ်း၏ တိုက်ခိုက်မှုကို အလူးအလိမ့် ခုခံနေသည်။

လျှူဟူထိုက်က လုံစိန်၏နောက်သို့ ဖျတ်ခနဲ ဝင်လိုက်၏။ စွမ်းစွမ်းထံသို့ အာရုံရောက်နေသော လုံစိန်၏ သွေးကြောကို လျှပ်တစ်ပြက် ထိုးပိတ်လိုက်သည်။ တစ်ဆက်တည်းပင် စွမ်းစွမ်းအား မျက်ရိပ်ပြပြီး၊ သန်းရီကို ပြုစုနေသော လျှံဟွမ်းထံသို့ ခုန်ဝင်လိုက်သည်။

"ဟော့.... မင်း"

စကားပြောရန် ပြင်နေသော လျှံဟွမ်းမှာ လျှူဟူထိုက်က အပြေး အကြောထိုးပိတ်လိုက်သဖြင့် ခွေခနဲ ကျသွား၏။ သူက လျှံဟွမ်းကို လှည့်မကြည့်တော့ဘဲ၊ သန်းရီဘက်သို့ လှည့်လိုက်သည်၊ စွမ်းစွမ်း၏ လက်ချက်ကြောင့်သွေးအန်ထားပြီး၊ မျက်နှာတစ်ပြင်လုံး ဖြူဖပ်ဖြူလျော် ဖြစ်နေသော သန်းရီကို တွေ့လိုက်သည်သဖြင့် ရင်ထိတ်သွားမိ၏။

"သူ့ကို လာကြည့်ပါဦး ညီမလေး"

စွမ်းစွမ်းက လျှူဟူထိုက်၏စကားကို ကြားသည်နှင့် မျက်နှာတစ်ဖက်သို့ လှည့်လိုက်သည်။

"ညီမလေး၊ သူတို့ဟာ အစ်ကိုကြီး ငယ်ငယ်ကတည်းက အစ်ကိုအရင်းတွေလို စောင့်ရှောက်ခဲ့ကြတဲ့ လူတွေပါ။ သူအခုလို ဒဏ်ရာနဲ့ လဲနေတဲ့အချိန်မှာ အစ်ကိုကြီး မပြုစုဘဲ မနေနိုင်ဘူး၊ ညီမလေး အစ်ကိုကြီးကို ချစ်တယ်ဆိုရင်...."





လျှူဟူထိုက်၏စကား မဆုံးလိုက်။ စွမ်းစွမ်းက သန်းရီ၏ဘေးတွင် ဒူးထောက်ထိုင်ပြီး၊ သွေးကြောများကို ပြုပြင်ပေးသည်။ ပြီး.... သူ့ အင်္ကျီအတွင်းမှ ဆေးတစ်လုံးကို ထုတ်၍ သန်းရီအား ခွံ့လိုက်၏။

"သူတို့သုံးယောက်စလုံးကို အစ်ကိုကြီးတို့ ချမ်းမြေ့ဂေဟာ ရောက်အောင် ခေါ်သွားမယ်။ ဟိုကိုရောက်မှ သူတို့နဲ့ စကားပြောတော့မယ်"

*

လျှူဟူထိုက်သည် မုန်းတီးရိပ်တွေ့ထင်နေသော အကြည့်ဖြင့် ကြည့်နေသည့် လုံစိန်၏ရှေ့တွင် ရပ်လိုက်သည်။ အကြောသာ အပိတ် မခံထားရဘူးဆိုလျှင် လုံစိန်သည် လျှူဟူထိုက်အား နေရာမှထ၍ အပြင်းအထန် တိုက်ခိုက်မှာ သေချာနေ၏။ ယခု အကြောပိတ်ခံထား၍ မလှုပ်မယှက် ဖြစ်နေချိန်မှာပင် တိုက်ခိုက်ရန်ပြုလိုစိတ်နှင့် သူ့မျက်လုံးအစုံက မီးဝင်းဝင်း တောက်နေသည်။

"ကျွန်တော် အစ်ကိုကြီးကို ဆရာ့ကိစ္စနဲ့ပတ်သက်ပြီးထင်းရှူးစံအိမ်မှာတုန်းကလဲ ရှင်းပြခွင့် တောင်းခဲ့တယ်။ ဒါပေမယ် ရှင်းပြခွင့် မရခဲ့ဘူး။ ဒီနေ့ ဟိုကျောင်းရှေ့မှာ ဆုံတော့လဲ ရှင်းပြခွင့် မရခဲ့ဘူး၊ အစ်ကိုကြီးတို့ဟာ ကျွန်တော့်ကို လူသတ်တရားခံဆိုတဲ့ တရားသေ သတ်မှတ် ထားကြတယ်။ ဆရာ့ကို ကျွန်တော် မသတ်ပါဘူး။ ဆရာဟာ ကျွန်ေ ာ်ရဲ့ ကျေးဇူးရှင်ပါ။ ဘယ်လောက်ပဲ ဆိုးသွမ်းတဲ့လူ ဖြစ်ဖြစ် ဆရာဟာ ဆရာပါပဲ၊ ကျေးဇူးရှင်တစ်ယောက်ကို သတ်ဖို့ မပြောနဲ့၊ ဆရာ့ကို ကျွန်တော် အပြစ်တင်စကားတောင် မပြောရဲပါဘူး"

လျှိုဟူထိုက်၏ စကားသည် လုံစိန်ဒေါသမီးကိုငြိမ်းစေချင်ပုံမရ၊ လုံစိန်က မီးဝင်းဝင်း တောက်မတတ် အရောင်လက်နေသော မျက်လုံးအစုံဖြင့် လျှိုဟူထိုက်အား ကြည့်မြဲကြည့်နေသည်။

"ကျွန်တော် ဆရာ့ကို မသတ်ဘူး။ အဲဒီမနက်က ဆရာဟာ ကျွန်တော့်ကို သိုင်းပညာနဲ့ပါတ်သက်ပြီး သင်ကြားပေးနေတုံး၊ နှင်းတောထဲကနေ ဖြူဖြူအရာတခုလွင့်လာပြီး ဆမေ့ထိုင်နေတဲ့ ကျောက်တုံးမှာ စိုက်သွားတယ်။ အဲဒါဘာလဲဆိုတော့ စာရွက်တစ်ရွက်ပါ။ စာရွက်ကို ကျောက်တုံးမှာစိုက်ဝင်အောင် ပစ်နိုင်တဲ့ လူရဲ့အတွင်းအားဟာ ဘယ်လောက်ထိ အဆင့်မြင့်နေမလဲဆိုတာ အစ်ကိုကြီးဘဲ စဉ်းစားကြည့်ပါတော့"





လျှိုဟူထိုက်က စကားကိုခေတ္တဖြတ်ပြီး၊ လုံစိန်အားကြည့်သည်။ လုံစိန်၏မျက်နှာတွင် စိတ်ဝင်စားဟန်တွေ ထင်လာ၏။

"ဆရာက ဖိတ်စာ စာရွက်ကလေးကို ယူကြည့်တယ်၊ စာရွက်အဖြူပေါ်က ပန်းပွင့်အနီကိုမြင်တာနဲ့ ဆရာမျက်စိမျက်နှာပျက်သွားတယ်။ ပန်းပွင့်ဖိတ်စာလို အထိတ်တလန့်နဲ့ ပြောလိုက်တဲ့ ဆရာအသံကို ခုထိအောင် ကျွန်တော်ကြားနေမိတုံးပဲ။ ဆရာအထိတ်တလန့် ဖြစ်နေတုံး နှင်းတောထဲကနေ ဓားတလက်ပြေးထွက်လာပြီး၊ ဆရာ့ရင်ဝကို စိုက်သွားတယ်၊ ဆရာ့ကိုဓားထိသွားတာနဲ့ တပြိုင်နက် ကျွန်တော် နှင်းတောထဲပြေးဝင်ပြီး ရန်သူကိုရှာတယ်၊ ရန်သူရဲ့အရိပ်အယောင်ကိုတောင် မတွေ့ဘူး။ ဒါနဲ့ ဆရာ့ဆီပြန်လာပြီး ပြုစုနေတုံး အစ်ကိုကြီးတို့ရောက်လာပဲတာ"

လျှိုဟူထိုက်က စကားကိုအဆုံးသတ်ပြီး လုံစိန်ရှိနေရာသို့ လျှောက်ခဲ့သည်။ လုံစိန်၏ရှေ့တွင်ရပ်လိုက်ပြီးနောက်၊ လက်နှစ်ဖက်ကိုဆုပ်၍ ဂါရဝပြုလိုက်၏။

"ကျွန်တော် ပြောပြချင်တာတွေ ပြောပြီးပါပြီ၊ ခုနေမှာ ကျွန်တော်က ထင်းရှူးစံအိမ်မှာတုံးကလို သိုင်းပညာ အဆင့်မနိမ့်တော့ပါဘူး။ အစ်ကိုကြီးတို့ကို ခုခံတိုက်ခိုက် နိုင်အောင် သိုင်းပညာ အဆင့်မြင့်လာပေမယ့်၊ အဲသလိုလုပ်ဖို့ ကျွန်တော်

ဘယ်တုံးကမှ စိတ်မကူးပါဘူး။ ဘုံကျောင်းရှေ့မှာ အစ်ကိုကြီးကို အကြောပိတ်ခဲ့တာဟာ ကျွန်တော် ဆရာ့ကို မသတ်ခဲ့တဲ့ အကြောင်း ရှင်းပြချင်လို့ပါ။ အခု အစ်ကိုကြီးကို ကျွန်တော် သွေးကြော ပြန်ဖွင့်ပေးပါမယ်။ အစ်ကိုကြီးအနေနဲ့ ကျွန်တော်ကိုကြိုက်သလိုအပြစ်ပေးပါ။ ကျွန်တော်ခံပါ့မယ်"

လျှုဟူထိုက်က လုံစိန်အား သွေးကြောဖွင့်ပေးလိုက်၏။ပြီး လုံစိန်၏ရှေ့တွင် လက်နှစ်ဖက်ကို ပိုက်လျက် ငြိမ်သက်စွာ ရပ်နေလိုက်သည်။

လုံစိန်သည် သူ့ကိုယ်တွင်းရှိ သွေးများလည်ပါတ်မှု မှန်ကန်အောင် တခဏမျှ လေ့ကျင့်သည်။ ပြီးနောက် သူ့ရှေ့တွင် ရပ်နေသည်။ လျှုဟူထိုက်ကို ကြည့်လိုက်၏။

လုံစိန်၏ မျက်လုံးအစုံတွင် ဒေါသအရိပ်အရောင်တို့ မရှိတော့။ သူက လျှုဟူထိုက်အား အတန်ကြာအောင် စူးစိုက်ကြည့်နေပြီး။ သက်ပြင်း ရှည်ကြီး တစ်ချက်ချလိုက်သည်။

"ညီလေး"

လှိုက်လှဲသော ခေါ်သံနှင့်အတူ လုံစိန်၏လက်တဖက် လျှုဟူထိုက်ပခုံးပေါ်သို့ ညင်သာစွာ ကျလာသည်။





"အစ်ကိုကြီး.... မင်းအပေါ် အထင်လွဲမိခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး၊ ဆရာ့ကို မမျှော်လင့်ဘဲ သေးအိုင်ထဲလဲနေတာတွေ့တော့ အစ်ကိုကြီး သိပ်စိတ်ထိခိုက်သွားမိတယ်၊ အဲဒါကြောင့် ဘာစကားမှ နားမထောင်ဘဲ ညီလေးကို အပြစ်ပေးဖို့ ကျိုးစားတာပဲ"

"အခု.... ဆရာ သေရတာနဲ့ပါတ်သက်ပြီး၊ အစ်ကိုကြီးစိတ်ထဲမှာ ရှင်းသွားပြီ မဟုတ်လား"

လုံစိန်က ခေါင်းညိတ်ပြလိုက်သည်။

"မင်းဟာ ဆရာ့ကို သတ်ခဲ့တဲ့လူဆိုရင် အခွင့်အရေး ရတာနဲ့ ငါတို့ကိုလဲ သတ်မှာပဲ။ ဒါပေမယ့် မသတ်ခဲ့ဘူး။ မင်းနဲ့ စွမ်းစွမ်း နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်တာကို မပြောနဲ့၊ စွမ်းစွမ်းတစ်ယောက်ထဲကိုတောင် အစ်ကိုကြီးတို့ အနိုင်ယူဖို့ သိပ်ခဲယဉ်းတယ်။ မင်းသာ သတ်ချင်မယ်ဆိုရင် အစ်ကိုကြီးတို့ လူမသိဘဲသေလောက်ပြီး။ မင်းဟာ ဒေါသဖြစ်ပြီး မဆင်ချင်နိုင်ဖြစ်နေတဲ့ အစ်ကိုကြီးတို့ငါ့ စိတ်အေးအေး ချမ်းချမ်း ဆင်ဆင်ချင်ချင်နဲ့ ဆက်ဆံပြီး သင်္ခန်းစာပေးလိုက်တာပဲ။ အခု မင်းဘာလုပ်မလဲ ညီလေး၊ အစ်ကိုကြီးတို့နဲ့ အတူ ထင်းရှူးစံအိမ်ကိုပြန်လိုက်ခဲ့မလား"

လျှူဟူထိုက်က ခေါင်းကို ညင်ညင်သာသာ ခါပြလိုက်သည်။

"ကျွန်တော် ထင်းရှူးစံအိမ်ကို မပြန်သေးဘူး အစ်ကိုကြီး။ ဆရာ့ကို သတ်တဲ့လူနဲ့ပါတ်သက်ပြီး သေချာအောင်စုံစမ်း ချင်တယ်။ ပြီးတော့ ခုတလော သိုင်းလောကကို ခြိမ်းခြောက်လာတဲ့ ရန်သူနဲ့ ပါတ်သက်လို့လဲ လိုက်စရာတွေရှိသေးတယ်။ ဒီရန်သူကို ခုချိန်မှာကတည်းက မချေမှုန်းနိုင်ရင် သိုင်းလောကကြီး တစ်ခုလုံး ပြိုကွဲပျက်စီးမယ့်အရိပ်အယောင်တွေကို မြင်နေရတယ် အစ်ကိုကြီး"

"ဒီကိစ္စတွေမှာ တာဝန်ရှိတဲ့လူဟာ ကြယ်တာရာသခင်လေး မဟုတ်လား"

"အစ်ကိုကြီး.... အယ်လိုလုပ်သိသလဲ"

လုံစိန်က ရယ်လိုက်သည်။

"အစ်ကိုကြီးတို့နဲ့ ညီလေးကိုတွေ့အောင် ချိန်ပေးပြီး ရန်တိုက်ပေးတဲ့ သူ့ရည်ရွယ်ချက်ကို အစကတည်းက မသိဘူး၊ စွမ်းစွမ်းကို ဖမ်းခေါ်ပြီး အကျပ်ကိုင်ကတည်းက သူ့လုပ်ရပ်တွေက မှုမမှန်ဘူးဆိုတာ အစ်ကိုကြီးသိလာတယ်။ အဲဒီတုံးက





ညီလေးအပေါ် အပြစ်ရှာချင်စိတ် များနေတဲ့အတွက် သူ့အကြောင်းကို သိပ်အရေးမထားနိုင်ခဲ့ဘူး"

လျှူဟူထိုက်နှင့် လုံစိန်တို့ စကားလက်ဆုံကျနေစဉ်၊ ယခုအချိန်ထိအောင် အကြောပိတ်ခံထားရဆဲဖြစ်သော လျှံဟွမ်းက မျက်လုံးအဝိုင်းသားနှင့် ကြည့်နေ၏၊ ကြည့်နေရင်း စိတ်ထဲတမရိုးမရွဖြစ်လာဟန် သူ့နှုတ်မှ ညည်းသံလိုလို အသံတစ်သံပေါ်ထွက်လာသည်၊ ထိုအခါမှ လျှူဟူထိုက်နှင့် လုံစိန်တို့မှာ လျှံဟွမ်းအား သတိရသွားကြ၏။

လျှူဟူထိုက်သည် လုံစိန်နှင့်စကားပြောနေရာမှ လျှံဟွမ်းထံသို့ လျင်မြန်စွာ ချဉ်းကပ်သွားပြီး၊ ပိတ်နေသော သွေးကြောများကို ဖွင့်ပေးလိုက်သည်။ လျှံဟွမ်းက ဒေါသ ရောင်ကင်းသော အကြည့်ဖြင့် လျှူဟူထိုက်ကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

"အစ်ကိုလတ် ကျွန်တော်...."

လျှူဟူထိုက် စကားအစမှပင် လျှံဟွမ်းက လက်ကာပြလိုက်သည်။ လျှူဟူထိုက်အား ပြုံးရွှင်စွာကြည့်ပြီး၊

"ညီလေးနဲ့ အစ်ကိုကြီးပြောနေတဲ့စကားတွေကို ငါအကုန်ကြားပါတယ်။ မင်းအပေါ် အထင်လွဲမိတဲ့အတွက် စိတ်မကောင်းပါဘူးကွာ။ မင်းသာ ရက်စက်မယ်ဆိုရင် ညီလေးသန်းရီဘယ်

နည်းနဲ့မှ အသက်ရှင်မှာ မဟုတ်ဘူး။ အခု မင်းညှာတာလို့သူ သက်သာရာရတယ်"

"အစ်ကိုတို့ ကျွန်တော်အပေါ် အထင်မမှားတော့တဲ့အတွက် ဝမ်းသာပါတယ်ဗျာ"

"ငါတို့ ညီအစ်ကိုတွေ အရင်ကလိုပဲ ချစ်ချစ်ခင်ခင်နဲ့ပြန် နေကြတာပေါ့။ သိုင်းလောကရဲ့ ရန်သူနဲ့ပါတ်သက်လို့ ငါတို့ ညီအစ်ကိုတွေလဲ တစ်ဘက်တစ်လမ်းက ကူညီကြမှာပေါ့။ ဒီ အတွက် ငါ့မှာ စိတ်ကူးတစ်ခု ရှိပါတယ်"

"ဘယ်လိုစိတ်ကူးလဲ အစ်ကိုလတ်"

"ကြယ်တာရာ သခင်လေးက ငါတို့ကို သူ့ဘက်သားတွေ အဖြစ် လက်ခံထားတယ်။ အခု ငါတို့ဒီကနေ တိုက်ခိုက်ပြီး ထွက်ပြေးလွတ်မြောက်တဲ့ ပုံစံနဲ့ သူ့ဆီကို ပြန်သွားမယ်။ သူရဲ့ လျှို့ဝှက်ချက်တွေကို အနီးကပ် စောင့်ကြည့်ပြီး ရှာဖွေဖော် ထုတ်မယ်"

'အဲသလို လုပ်ရင် အစ်ကိုတို့အတွက် အန္တရာယ်သိပ်ကြီး လိမ့်မယ်။ ကြယ်တာရာသခင်လေးဟာ ဉာဏ်များပြီး သိပ်ပါး နပ်တယ်"





"ဟား....ဟာ ငါတို့ကလဲ သူ့လိုဘဲ ဉာဏ်များပြီးပါးနပ် ပါတယ်။ သူကငါတို့ကို ယုံကြည်လက်ခံထားပြီးပြီ ညီလေး"

"ဟုတ်တယ် ညီလေး.... အစ်ကိုကြီးတို့သူ့ကို အယုံသွင်းပြီး ချဉ်းကပ်မယ်။ တစ်ဖက်တစ်လမ်းကနေ ဆရာ့ဆီ ဖိတ်စာပို့တဲ့ လူကို စုံစမ်းမယ်–ဒီကိစ္စတွေပြီးမှပဲ ထမင်းရှူးစံအိမ်ကို ပြန်ကြတော့ မယ်"

## အခန်း (၂)

နာမည်ကျော် စီးဟူကန်ကြီး၏ တောင်ဘက်တွင် ကိုင်းတောကြီး တစ်ခုရှိသည်။ ထိုကိုင်းတော၏ အနောက်ဘက်တွင် လူသူ အရောက်အပေါက်နည်းသော နွံတောကြီးရှိ၏။ နွံတောကြီးအရပ်တွင် စိမ်းညို့သော တောအုပ်တစ်အုပ်ရှိသည်။

ထိုတောအုပ်အတွင်းသို့ ရောက်ဖူးသူဟူ၍ မရှိသလောက်ပင်။ နွံတောကြီးမှာ ကျယ်ပြန့်ပြီး ဖြတ်သန်းရန် မလွယ်ကူသဖြင့် မည်သူကမှတောအုပ်ရှိရာသို့သွားရန် စိတ်မဝင်စားကြ။ ထိုတောအုပ်တွင် စိတ်ဝင်စားစရာ ဘာတစ်ခုမှမရှိသဖြင့် နွံတောအလယ်ရှိ တောအုပ်သို့ အရောက်သွားရန် လူတွေက မကျိုးစားကြခြင်းပင် ဖြစ်သည်။

နွံတောအစပ်မှကြည့်လျှင် စိမ်းညို့ညို့တောအုပ်ကို လှမ်းမြင်နေရသည်။ တောအုပ်တွင် မိုးထိမတတ်မြင့်မားသော သစ်ပင်တွေမှလွဲ၍၊ အခြားမည်သည့်အရာမှ ရှိသည်ဟု မထင်ရ။

အမှန်စင်စစ် တောအုပ်အတွင်း၌ သစ်ပင်တွေချည်း ရှိနေသည်မဟုတ်ပေ။ သစ်ပင်ကြီးများ အုပ်မိုးနေသည့်အောက်တွင် အစိမ်းရောင် အဆောက်အဦးတစ်ခု ရှိနေသည်။ ထိုအဆောက်အဦးမှာ ကြယ်တာရာသခင်လေး၏ လျှို့ဝှက်စခန်းတစ်ခုပင် ဖြစ်သည်။ အဆောက်အဦးမှာ အစိမ်းရောင်ဖြစ်နေသဖြင့် အဝေးမှကြည့်လျှင် တောအုပ်၏ အစိမ်းရောင်နှင့်ရောပြီး ပျောက်ကွယ်နေခြင်း ဖြစ်၏။

ကြယ်တာရာ သခင်လေးသည် ထိုအဆောက် အဦးထဲတွင် သူ၏ လက်ရွေးစဉ်တပည့်များနှင့်အတူ ရှိနေသည်။

အဝါရောင်၊ အပြာရောင်၊ အနီရောင်နှင့် ခရမ်းရောင်အဖွဲ့တို့၏ အဖွဲ့ခွဲမှူးများ၊ ကြယ်တာရာသခင်လေး၏ အတိုင်ပင်ခံ သိုင်းပညာရှင်ကြီး လေးဦးတို့လည်း နွံတောအစပ်ရှိ လျှို့ဝှက်ကျွန်းတွင် ရှိနေကြသည်။

ကြယ်တာရာသခင်လေးသည် သူ၏တိုင်ပင်ခံ သိုင်းပညာရှင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက်၊ အဖွဲ့ခွဲမှူးများနှင့် တွေ့





ဆုံရန် အစိမ်းရောင် အဆောက်အဦး၏ ဧည့်ခန်းသို့ ထွက်ခဲ့သည်။

သူသည် သူဝတ်နေကျအတိုင်း အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး၊ မျက်နှာပေါ်တွင် ပိုးပဝါဖြူကို ဖုံးအုပ်ထား၏။ ဧည့်ခန်းသို့ သူဝင်လာသည်နှင့်တစ်ပြိုင်နက် အဖွဲ့ခွဲမှူးများက နေရာမှထပြီး ခရီးဦးကြိုပြုကြသည်။ ကြယ်တာရာ သခင်လေးက ဂိုဏ်းခွဲမှူးများအားထိုင်ရန် အချက်ပြလိုက်၏။

"ခင်ဗျားတို့ ဒီနေ့ပဲ တိုင်းအဖွဲ့ရှိရာကို ကိုယ်ပြန်ကြရမယ်၊ တစ်ဖွဲ့စီက လုပ်ဆောင်ရမယ့် တာဝန်ကို အသေးစိတ် စာနဲ့ရေးထားတယ်။ ခင်ဗျားတို့ ဒီကနေသွားမယ့်အချိန်မှာ ကိုယ်ထမ်းဆောင်ရမယ့် တာဝန်တွေနဲ့ ပတ်သက်တဲ့ စာတစ်စောင်စီကို ယူသွားပါ။ စာထဲမှာပါတဲ့အတိုင်း အတိအကျလိုက်နာလုပ်ဆောင်ကြပါ"

ကြယ်တာရာသခင်လေးက အဖွဲ့ခွဲမှူးတစ်ယောက်စီကို ပဝါဖြူအောက်မှ စူးလက်တောက်ပသော မျက်လုံးအစုံဖြင့်ကြည့်ပြီး ပြောသည်။

အဖွဲ့ခွဲမှူးများသည် ကြယ်တာရာသခင်လေး၏အကြောင်းကို သိသူများပီပီ၊ ပြန်လှန်မေးမြန်းခြင်းမပြုဘဲ ငြိမ်နေလိုက်ကြ၏။

"ကျုပ်တို့ဟာ မကြာခင်မှာဘဲ သိုင်းလောကကြီးတစ်ခုလုံးကို စိုးမိုး ချုပ်ကိုင်နိုင်တော့မယ်။ ဒီလို စိုးမိုး ချုပ်ကိုင်နိုင်ဖို့အတွက် ခင်ဗျားတို့တတွေ အမိန့်ကိုနာခံဖို့ သိပ်အရေးကြီးပါတယ်။ ကျုပ်ပေးတဲ့ အမိန့်အတိုင်း ဆောင်ရွက်နိုင်ဖို့ ကြိုးစားပါ"

"ကောင်းပါပြီ.... သခင်လေး"

အဖွဲ့ခွဲမှူးလေးယောက်က တစ်ပြိုင်နက်တည်း အဖြေပေးလိုက်ကြသည်။ ကြယ်တာရာသခင်လေးက အိတ်ဖြင့်ထည့်ထားသော စာတစ်စောင်စီကို အဖွဲ့ခွဲမှူးများအား ပေးလိုက်၏။ စာကို ပေးပြီးသည်နှင့် အဖွဲ့ခွဲမှူးများအား လက်ဝှေ့ယမ်းပြလျက်....

"ခင်ဗျားတို့ သွားနိုင်ပြီ၊ လုပ်ဆောင်စရာရှိတာတွေ လုပ်ဆောင်ပြီးတာနဲ့ ကျုပ်ဆီကို အစီရင်ခံပါ"

"ကောင်းပါပြီ သခင်လေး"

အဖွဲ့ခွဲမှူးလေးယောက်သည် နေရာမှ ထပြီးလျှင်၊ အပြင်သို့ လျင်မြန်စွာ ထွက်သွားသည်။





တစ်ခဏအကြာတွင် အဝါရောင်၊ အပြာရောင်၊ အနီရောင်နှင့် ခရမ်းရောင် ဝတ်စုံဝတ်ထားသူလေးယောက် နံ့စေတာကြီးအပေါ်မှ ဖြတ်ပြေးပြီး ကိုင်းတောကြီးထဲသို့ ဝင်သွား၏။

သခင်လေး ည် ဂိုဏ်းခွဲမှူးလေးယောက် ကိုင်းတောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်နှင့် ဧည့်ခန်းမှခွာထွက်ပြီး၊ သူ၏ သီးသန့်ခန်းဖြစ်သော အခန်းထဲသို့ ဝင်လိုက်သည်။

အခန်းထဲတွင် ပန်းနုရောင်ဝတ်စုံဝတ်ထားသောမိန်းကလေးတစ်ယောက် ထိုင်နေသည်။ ပြစ်မျိုးမွဲမထင် ချောမော လှပသော ထိုမိန်းကလေးမှာ သခင်လေးက အားကိုးအားထားပြုထားသော ခရေပန်းပင် ဖြစ်၏။

အခန်းထဲတွင်ရှိနေသည့် ခရေပန်းကိုမြင်သည်နှင့် သခင်လေးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံးလိုက်သည်။

"မင်း.... သူနဲ့ အဆက်အသွယ်ဖြစ်ပြီလား"

ခရေပန်းက သခင်လေးအား တည်ငြိမ်သော မျက်နှာနှင့် ကြည့်ပြီး ခေါင်းခါပြလိုက်သည်။

"မရသေးပါဘူး သခင်လေး.... သူ့ကိုချဉ်းကပ်ဖို့ကြိုးစားပေမယ့် မအောင်မြင်သေးပါဘူး"

ခရေပန်း၏စကားကိုကြားသည်နှင့် ပြုံးနေသော သခင်လေး၏ မျက်နှာ တည်သွားသည်။ သူက ခရေပန်းကို အေးစက်စက် အကြည့်ဖြင့် ကြည့်လိုက်ပြီး....

"ဒီကိစ္စကို မင်း အမြန်ဆုံးဆောင်ရွက်ဖို့လိုတယ် ခရေပန်း။ အမြန်ဆုံး သူ့ကို ချဉ်းကပ်နိုင်ဖို့ ကြိုးစားပါ"

"မင်း.... အခုသွားရင် ဒီကို ပြန်မလာပါနဲ့။ မြို့ပေါ်မှာပဲ နေပါ၊ လိုအပ်ရင် အနီရောင်အဖွဲ့ခွဲမှူးနဲ့ ဆက်သွယ်ပါ"

"ဟုတ်ကဲ့.... သခင်လေး"

"မင်းရဲ့လုပ်ဆောင်မှုဟာ မင်းအဖေကို အကျိုးပြုလိမ့်မယ်၊ မင်းက ငါခိုင်းတာကို အောင်မြင်အောင် မဆောင်ရွက်နိုင်ရင် မင်းအဖေ ဒုက္ခရောက်လိမ့်မယ်"

သခင်လေး စကားကြောင့် ခရေပန်း မျက်နှာပျက်သွားသည်။ သူက တောင်းပန်ဟန် အသနားခံဟန်ဖြင့် သခင်လေးကို ကြည့်သည်။

"ကျွန်မ သခင်လေး ပေးတဲ့ တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါမယ်၊ ဖေဖေ့ကိုတော့ ဒုက္ခမပေးပါနဲ့။ သခင်





လေးကို ကျွန်မ အသေခံမှ သခင်လေး ကျေနပ်မယ်ဆိုရင် အသေခံပါမယ်"

ခရေပန်း၏စကားကို အကြားတွင် သခင်လေး ရယ်လိုက်သည်။

"မင်း တာဝန်ကျေရင်၊ မင်းအဖေအတွက် စိုးရိမ်စရာမလိုပါဘူး။ ငါပေးထားတဲ့ ကတိအတိုင်း မင်းရဲ့အဖေကိုပြန်လွှတ်ပေးပါမယ်"

"ကျွန်မအတွက် စိတ်ချပါ သခင်လေး"

"ကောင်းပြီ... မင်းသွားတော့။ မသွားခင်မှာ မင်းအဖေကို ဝင်ကြည့်သွားပါ။ ခါတိုင်းလို မင်းကြည့်တာကို သူမသိပါစေနဲ့"

"ဟုတ်ကဲ့.... သခင်လေး"

ခရေပန်းက သခင်လေးအား ဂါရဝပြုပြီး၊ သီးသန့်ခန်းထဲမှ ထွက်သွားသည်။

သခင်လေးက ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်ရင်း၊ လက်ခုပ်တီးလိုက်၏။ အဝါရောင် ဝတ်စုံ ဝတ်ထားသည့် လက်ယာရံနှင့် လက်ဝဲရံတို့ သီးသန့်ခန်းထဲသို့ ဝင်လာကြသည်။

"လက်ဝဲရဲ ခရေပန်းက သူ့အဖေကို ကြည့်ဖို့ သွားတယ်၊ မင်းလိုက်သွားပါ။ ပြီးတာနဲ့ ဒီကနေ ထွက်သွားတာကိုစောင့်ကြည့်ပြီးမှ ပြန်လာပါ"

"ဟုတ်ကဲ့"

လက်ဝဲရဲ အခန်းထဲမှ ထွက်သွားသည်။ သီးသန့်ခန်းတွင် လက်ယာရဲနှင့် သခင်လေးတို့ နှစ်ယောက်ထဲကျန်ရစ်ခဲ့၏။

ကြယ်တာရာသခင်လေးက လက်ယာရဲကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ တောင့်တင်းစိုပြေသော လက်ယာရဲတစ်ကိုယ်လုံးကို သိမ်းကျုံး ကြည့်နေရင်း၊ သူ့မျက်နှာ တဖြည်းဖြည်း ပြုံးလာသည်။

"ညီမ"

လက်ယာရဲ၏ကိုယ် ဆတ်ခနဲ တုန်သွားသည်။ မျက်လုံးအဝိုင်းသားနှင့် သခင်လေးကို ကြည့်လိုက်၏။ ပြုံးနေသော သခင်လေးကို မြင်လိုက်စဉ်၊ သူ့မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွားသည်။

"ဒီကိုလာပါ- ညီမ"





လက်ယာရဲက စက်ရုပ်တစ်ရုပ်ပမာ သခင်လေး အနီးသို့ ချဉ်းကပ်လာသည်။ သခင်လေးက လက်ယာရဲကို ပြုံးလျက် ကြည့်နေရင်းမှ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ လက်ယာရဲသည် ခံစားချက်ကင်းမဲ့သောမျက်နှာနှင့် သခင်လေး၏ရင်ခွင်ထဲသို့ တိုး၍ ဝင်လိုက်၏။

သခင်လေးက လက်ယာရဲအား ဖက်တွယ်လိုက်ပြီး၊ ကြိုးစား သို့ကပ်၍ တစ်စုံတစ်ခုကို ခပ်တိုးတိုးပြောသည်။ လက် ခံစားချက်ကင်းမဲ့သော မျက်နှာနှင့် အခန်းတစ်နေ ကြည့်ရင်း၊ ခေါင်းညိတ်ပြလိုက်သည်။ ဘလဲ"

သခင်လေးသည် လက်ယာရဲ၏ ပါးပြင်မို့မို့ကို နမ်း၊ သူက ပြီး၊ ဖက်တွယ်ထားရာမှ ဖြေလွှတ်လိုက်သည်။ လက် လေးလံသောခြေလှမ်းဖြင့် အခန်းထဲမှ ထွက်သွား၏။

သခင်လေးသည် နောက်သို့ တစ်ချက်မှ လှည့်မကြည့်ဘဲ ထွက်သွားသော လက်ယာရဲအား၊ စူးစူးစားစား ကြည့်ရင်းအားရပါးရ ရယ်မောလိုက်သည်။ သူ့ရယ်သံ သီးသန့်ခန်းအတွင်း ပဲ့တင်ထပ်မတတ် ပေါ်ထွက်လာ၏။

*

သခင်လေးသည် ကျေနပ်အားရဟန်ပါသော အကြည့်ဖြင့် လက်ယာရံအားကြည့်သည်။ ပြီး ခုတင်ပေါ်တွင် လဲလျောင်းနေလျက်ရှိသော လက်ယာရံ၏ကိုယ်ပေါ်သို့ စောင်တစ်ထည်ကို ခြုံပေးလိုက်သည်။

ခင်လေး အခန်းထဲမှအထွက်တွင် လက်ယာရံ၏မေးမှိတ်လတ်၍ မျက်လုံးအစုံ ပွင့်လာသည်။ သူက ကျောခိုင်းပြီး လက်ယာရံမှာ သခင်လေးအား မုန်းမုန်းတီးတီးနှင့် ကြည့်

ကြယ်ငှ

ကြည့်လိုက်လေးသည် လက်ယာရံ၏ မျက်နှာပေါ်မှ အပြောင်းလုံးကို သိမြင်၊ မသိ။ သူ့အတွေးနှင့် သူ ကျေနပ်စွာပြုံးလျက် ပြုံးလာသည်သို့ ထွက်သည်၊ စင်္ကြံလမ်းအတိုင်း လျှောက်ရင်း ကျွားပီသ ချောမောသော သူ့မျက်နှာကို ပေါ်ဖြူဖြင့် ဘုပ်လိုက်၏။

နှည်လျှားသော စင်္ကြံလမ်းအဆုံးတွင် အခန်း တစ်ခန်းသို့ ရောက်သွားသည်။ ထိုအခန်းမှာ အဖွဲ့ခွဲမှူးများနှင့် တွေ့ဆုံခဲ့သည့် ဧည့်ခန်းပင် ဖြစ်သည်။

ဧည့်ခန်းတွင် ထိုင်ခုံများပေါ်တွင် ထိုင်နေသော လုံစိန်တို့ သုံးယောက်နှင့်အတူ ဘေးတွင်ရပ်နေသော လက်ဝဲရံတို့ ရှိနေသည်။





"ဧည့်သည်တွေရောက်နေတယ်ဆိုတာ နောင်ကြီး လုံစိန်တို့ကိုး"

သခင်လေးက လုံစိန်တို့ သုံးယောက်အား ဂါရဝပြုလိုက်သည်။ လုံစိန်က သခင်လေးအား တုန့်ပြန်ဂါရဝပြုပြီး....

"တစ်ကြိမ်ရှုံးနိမ့်ခဲ့တဲ့အတွက် နောက်တစ်ကြိမ်ထပ်ကြိုးစားချင်လို့ ကျုပ်တို့ လိုက်လာခဲ့ကြတာပါ"

"ဒီကိုရောက်အောင် ဘယ်သူက ခေါ်လာခဲ့တာလဲ"

"အဝါရောင်အဖွဲ့ခွဲမှူးက ခေါ်ခဲ့တာပါသခင်လေး၊ သူက ဒီဧည့်သည်တွေကို ပို့ပြီးတာနဲ့ ပြန်ထွက်သွားပါပြီ"

"ဩော်.... အဝါရောင်အဖွဲ့ခွဲမှူးက ခေါ်ခဲ့တာကိုး"

"ဟုတ်ပါတယ်၊ ကျုပ်တို့က သူနဲ့ပဲ အဆက်အသွယ်ရှိတာဆိုတော့ သခင်လေးနဲ့ တွေ့ချင်တဲ့အကြောင်း သူ့ကိုပြောတာနဲ့ ဒီအရောက်ခေါ်လာတာပါ"

သခင်လေး ခေါင်းတဆတ်ဆတ် ညိတ်သည်။ မျက်နှာကို ဖုံးအုပ်ထားသဖြင့် သူ့မျက်နှာ အပြောင်းအလဲကို မမြင်ရ၊ လုံစိန်တို့မှာ သခင်လေး၏ အရိပ်အကဲကို မသိနိုင်အောင်ရှိနေကြ၏။

"နောင်ကြီးတို့.... နောက်တစ်ကြိမ် ကြိုးစားချင်တယ်ဆို တော့၊ ဘယ်လိုလုပ်ချင်ကြသလဲ"

"ဘယ်လိုလုပ်ရမလဲဆိုတာ ကျုပ်တို့ မစဉ်းစားတတ်ဘူး၊ ဒီနယ်မြေက သခင်လေးရဲ့နယ်မြေဆိုတော့ သခင်လေးပဲ အစီ အစဉ် လုပ်ပေးပါ၊ ကျုပ်တို့ ပူးပေါင်းပြီး ဒီလူယုတ်မာကို သုတ်သင်ကြတာပေါ့"

သခင်လေးသည် လုံစိန်တို့အား တုန့်ပြန်သောစကားမပြော သေးဘဲ၊ တစ်စုံတစ်ရာကို စဉ်းစားဟန်ဖြင့်ငြိမ်သွား၏။ အတန် ကြာမှ ခေါင်းတဆတ်ဆတ်ညိတ်ပြီး....

"နောင်ကြီးတို့ ကျွန်တော်နဲ့ ပူးပေါင်းမယ်ဆိုတာ ဝမ်းသာ စရာ သိပ်ကောင်းပါတယ်။ ပူးပေါင်းဖို့ ကိစ္စကို ကျွန်တော် အစကတည်းက ပြောခဲ့တာပဲ။ နောင်ကြီးတို့က လျှူဟူထိုက်ရဲ့ ကိစ္စ တစ်ခုထဲမှာ ပူးပေါင်းမယ်၊ တခြား ကိစ္စတွေမှာ မပူး ပေါင်းနိုင်ဘူးဆိုလို့ ကျွန်တော် ဘာမှ ထပ်မပြောခဲ့တာပါ၊ အခုကော နောင်ကြီးတို့ရဲ့သဘောထားကို ပြောင်းနိုင်ပြီလား"

လုံစိန်တို့သုံးယောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီး– ခေါင်းကို ညင်ညင်သာသာညိတ်၏။

"ကျုပ်တို့ ဆုံးဖြတ်ပြီးပါပြီ"





"ဘယ်လိုဆုံးဖြတ်တာလဲ နောင်ကြီးလုံစိန်"

"သခင်လေးနဲ့ အပြီးတိုင် ပူးပေါင်းဖို့ပါ၊ ကိစ္စတိုင်းကို ပူးတွဲ လုပ်ကိုင်ဖြေရှင်းဖို့ ကျုပ်တို့ သဘောတူပါပြီ"

သခင်လေးက တစ်ချက်ရယ်လိုက်ပြီး ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ဒီလိုမှပေါ့၊ ပူးပေါင်းတယ်ဆိုတာ ကိစ္စတိုင်းမှာပူးပေါင်း မှ အောင်မြင်နိုင်မှာ။ နောင်ကြီးတို့နဲ့ ပူးပေါင်းမှု အတွက် ကျွန်တော် ဂုဏ်ယူပါတယ်။ လောလောဆယ် နောင်ကြီးတို့ အနားယူပါ။ ပြီးတော့မှ ရန်သူနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘယ်လို အစီအစဉ် လုပ်မလဲဆိုတာ တိုင်ပင်ကြတာပေါ့....၊ မကောင်းဘူးလား"

"ကောင်းပါတယ် သခင်လေး။ ကြိုက်သလိုလုပ်ပါ"

သခင်လေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း၊ လက်ဝဲရုံကို လှမ်းကြည့်လိုက်သည်။

"လက်ဝဲရုံ"

"ဟုတ်ကဲ့။ သခင်လေး"

"ဒီနေ့ခင်ကြီး သုံးယောက်ကို အထူးဧည့်ဆောင်ကို ပို့ပေးလိုက်ပါ"

"အထူးဧည့်ဆောင်"

သခင်လေးက ပြုံးပြီး ခေါင်းညိတ်ပြသည်၊ သခင်လေးအား စူးစူးစိုက်စိုက် ကြည့်နေသော လက်ဝဲရံကလည်း ခေါင်းညိတ်လိုက်ပြီး....

"ကျွန်မ ခုပဲ ပို့လိုက်ပါမယ် သခင်လေး"

"ပြီးရင် မင်း ချက်ချင်းပြန်လာပါနော်"

"ဟုတ်ကဲ့။ သခင်လေး"

လက်ဝဲရံက လုံစိန်တို့ သုံးယောက်အနီးသို့ ချဉ်းကပ်သွားသည်။ သုံးယောက်အနက် အကြီးဆုံးဖြစ်သော လုံစိန်အား အရိုအသေ ပြုပြီး....

"ကျွန်မနဲ့ လိုက်ခဲ့ပါရှင်"





လုံစိန်တို့သုံးယောက် လက်ဝဲရံ ခေါ်ရာနောက်သို့ လိုက်သွားကြ၏။ ဧည့်ခန်း တစ်ဖက်တံခါးပေါက်မှ ထွက်ပြီး ပျောက်ကွယ်သွားကြသည်။

ကြယ်တာရာ သခင်လေးသည် ဧည့်ခန်းဆောင်တွင် ရပ်နေရင်းမှ အားရပါးရ ရယ်မောလိုက်သည်။ အတန်ကြာအောင် ရယ်မောပြီးမှ သူက ထိုင်ခုံတစ်လုံးတွင် ထိုင်လိုက်သည်။

တစ်ခဏအကြာတွင် လုံစိန်တို့နှင့်အတူ ထွက်သွားသော လက်ဝဲရံ ပြန်ရောက်လာသည်။ သူက သခင်လေး၏ ရှေ့တွင် ရပ်လိုက်ပြီး....

"သူတို့ သုံးယောက်လုံးကို အချုပ်ခန်းထဲ ထည့်ထားလိုက်ပါပြီ သခင်လေး"

သခင်လေး၏မျက်နှာတွင် ကျေနပ်မှုဟန်တွေ ရိပ်ခနဲပေါ်လာ၏။

"ကောင်းတယ်.... မင်း သိပ်အကင်းပါးတာပဲ"

"ကျွန်မ တစ်ခုမေးပါရစေ သခင်လေး"

"မင်း.... ဘာမေးမလို့လဲ မေးပါ"

"သူတို့ဟာ သိုင်းပညာထက်မြက်တဲ့ သူတွေပဲ။ သူတို့က လိုလိုချင်ချင်နဲ့ ပူးပေါင်းလာတာကို လက်မခံဘဲ၊ သခင်လေးက သူတို့ကို ဘာဖြစ်လို့ အချုပ်ခန်းထဲ ထည့်ထားရတာလဲ"

လက်ဝဲရံ၏စကားအဆုံးတွင် ကြယ်တာရာသခင်လေး ရယ်လိုက်သည်။ ရယ်ပြီးမှ—

"သူတို့ဟာ သိုင်းပညာထက်မြက်တာ မှန်တယ်။ ဒါပေမယ့် ဒီကိုလာတာဟာ ပူးပေါင်းချင်လို့ လာတာ မဟုတ်ဘူး။ ငါတို့ အထဲကို ရောက်အောင်ဝင်ပြီး ဒုက္ခပေးမလို့ လာတာ။ သူတို့ ဒီကိုမလာခင် လျှိုဟူထိုက်နဲ့ နားလည်မှု ယူခဲ့ကြပြီးပြီ။ ဒါကြောင့် ဘုံကျောင်းရှေ့မှာ ငါတို့က သူတို့ သုံးယောက်ကို ပစ်ထားခဲ့တဲ့အတွက် အပြစ်တင်စကား မပြောတာပေါ့....၊ ဟား- ဟား- ဟား.... သူတို့က ငါ့ကို လွယ်လွယ်ကူကူနဲ့ လှည့်စားလို့ ရမယ် ထင်နေကြတော့၊ ခုဆိုရင် လှည့်စားလို့ မရဘူးဆိုတာ သာပြီး နောင်တ ရနေတော့မယ်"

လက်ဝဲရံက ကြယ်တာရာသခင်လေး၏ အထင်အမြင်အပေါ် မည်သို့မျှ ဝေဖန်ခြင်းမပြုဘဲ ငြိမ်နေလိုက်သည်။ ကြယ်တာရာသခင်လေးက....

"လုံစိန်တို့ ဒီကိုရောက်လာတာ မှုမမှန်ဘူး....။ သူတို့ကို ဒီအရောက် ခေါ်လာခဲ့တဲ့ အဝါရောင်အဖွဲ့ခွဲမှူး သိပ် အဆင့်





အခြင်မဲ့တာပဲ။ ငါတို့ကို ပူးသတ်မယ့်ရန်သူတွေ လျှို့ဝှက်စခန်း ရောက်အောင်ပို့တာ ခွင့်လွှတ်ချင်စရာမကောင်းတဲ့အပြစ် ကျူးလွန်မိတဲ့အတွက် အဝါရောင် အဖွဲ့ခွဲမှူးကို အပြစ်ပေးရမယ်။ အဲဒါ မင်းကိုယ်တိုင်ပဲ သူ့ကို အပြစ်ပေးလိုက်ပါ။ ပြီးတော့ အဝါရောင်အဖွဲ့ခွဲမှူး အသစ်တစ်ယောက် ရှာပြီးခန့်လိုက်ပါ"

*

## အခန်း (၁)

စားသောက်ဆိုင်အတွင်း၌ လာရောက် စားသောက်သူများနှင့် ပြည့်နှက်စည်ကားနေသည်။

စားသောက်ဆိုင်တွင် သိုင်းလောက သမားများသာမက အနယ်နယ် အရပ်ရပ်မှ ရောက်လာကြသော ကုန်သည်ပွဲစားများ၊ ခရီးသွားများပါ ရောက်နေကြ၏။

အစားအသောက် ကောင်းသဖြင့် နာမည်ကျော်ကြားသော ထိုဆိုင်အတွင်းသို့ လျှူဟူထိုက် ရောက်နေသည်။ သူက အရက်တစ်အိုးမှာပြီး၊ အရက်နှင့် အသားကြော်ကို မြည်းရင်း၊ ဆိုင်ထဲတွင် ရှိနေသူများကို လှေ့လာကြည့်ရှု အကဲခတ်နေသည်။

ပန်းနုရောင်ဝတ်စုံ ဝတ်ထားသည့် မိန်းကလေးတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။ ဆိုင်ထဲရှိ စားသောက် နေသူများ

အကြည့် ထိုမိန်းကလေးထံသို့ တည်ဘ ဘ်တည်း ရောက်သွား ကြ၏။

ထိုမိန်းကလေးမှာ ကြယ်တာရာသခင်လေး၏ ဧခိုင်းချက် အရ ရောက်ရှိလာသည့် ခရေပန်းမင် ဖြစ်သည်။ ခရေပန်းက မဝံ့မရဲနိုင်ဟန်ဖြင့် ဆိုင်အတွင်းသို့ ဝင်လာပြီး၊ လျှိုဟူထိုက်နှင့် မနီးမဝေး စားပွဲလွတ်တွင် ဝင်ထိုင်လိုက်သည်။

ဆိုင်လုလင်တစ်ယောက် ခရေပန်း၏ အနားသို့ လျင်မြန်စွာ ရောက်သွားသည်။ ခရေပန်းက အနားမှာ လာရပ်သော ဆိုင်လုလင်အား မျက်လုံးအဝိုင်းသားနှင့် ကြည့်သည်။

"အာသုံးဆောင်မလဲ ခင်ဗျား၊ ကျွန်တော်တို့ဆိုင်မှာ အစားအသောက် အစုံရပါတယ်"

"ကျွန်မကို အသားဟင်း တစ်မျိုးမျိုးနဲ့ ထမင်းပေါင်းတစ်ပွဲ ပေးပါ"

"ကျွန်တော်တို့ ဆိုင်မှာ အရက် ကောင်းကောင်းလဲ ရှိပါ ါယ်"

ခရေပန်းက ခေါင်းကို ညင်ညင်သာသာ ခါယမ်းလိုက် ည်။





"ကျွန်မ အရက်မသောက်ပါဘူးရှင်"

"ကျွန်တော်တို့ဆိုင်က အကောင်းဆုံး ဟင်းနဲ့ ထမင်းကို ခုပဲ ယူလာပါမယ်"

ဆိုင်လုလင် ခရေပန်း၏အနီးမှ ထွက်သွားသည်။ ခရေပန်းသည် ဘေးပတ်ဝန်းကျင်ကို အကဲခတ်သလိုကြည့်ရင်း လျှိုဟူထိုက်နှင့် အကြည့်ချင်း ဆုံသွား၏။ ခရေပန်းက လျှိုဟူထိုက်၏ အကြည့်ဒဏ်ကို မခံနိုင်ဟန် မျက်လွှာချလိုက်၏။

လျှိုဟူထိုက်သည် ပတ်ဝန်းကျင်ကို သတိ မပြုမိဟန်ဖြင့် အရက်ကို တစိမ့်စိမ့်သောက်နေ၏။ အမှန်တွင် သူသည် ပတ်ဝန်းကျင်ကို မျက်ခြေမပြတ် အကဲခတ်လျက်ရှိသည်။ ထို့ကြောင့် ပင် ခရေပန်း ဆိုင်ထဲသို့ဝင်လာချိန်မှစ၍ တစ်ယောက်ကို တစ်ယောက် လက်တို့၍ စကားပြောပြီး ရယ်မောနေသောလူရှယ်သုံးယောက်ကို သတိထားမိလိုက်သည်။

လူရှယ်သုံးယောက်မှာ ငွေကြေးကြွယ်ဝချမ်းသာသည့် မိဘများမှ ပေါက်ဖွားလာကြပုံရပြီး၊ သိုင်းပညာတတ်ကျွမ်းထားခြင်းကြောင့် လူတကာကို စော်ကားမော်ကားလုပ်ချင်နေကြပုံရသည်။

လူရှယ် သုံးယောက်သည် ခရေပန်းအားကြည့်၍ တစ်စုံတစ်ရာကို တီးတိုးပြောဆိုပြီး ရယ်လိုက်ကြသည်။ ကျယ်လောင်

သော သူတို့၏ ရယ်သံကြောင့် ဆိုင်ထဲတွင် ရှိနေသူများက စူးစမ်းဟန် လှမ်းပြို၍ ကြည့်ကြသည်။

လူရွှယ် သုံးယောက်အနက်မှ ခေါင်းဆောင်နှင့်တူသူ ထိုင်နေရာမှ ထလိုက်သည်။ ကျန်နှစ်ယောက်က သူတို့လူကို အားပေးဟန် လက်ခုပ်တီးလိုက်ကြ၏။ ခေါင်းဆောင် သူဌေးသားလူရွှယ်က တစ်ချက် ရယ်လိုက်ပြီး၊ နေရာမှရွေ့၍ ခရေပန်းထိုင်နေရာသို့ လျှောက်ခဲ့သည်။

သူဌေးသားလူရွှယ် နေရာမှ တစ်ချိန်တည်းမှာပင် ဆိုင်လုလင်က ခရေပန်း၏ စားပွဲတွင် စားသောက်ဖွယ်ရာများကို လာချပေးသည်။ ခရေပန်းက ထမင်းစားရန် ဝါးဖြင့်ပြုလုပ်ထားသော တူနှစ်ချောင်းကို ကောက်ကိုင်လိုက်၏။

သူဌေးသားလူရွှယ် ခရေပန်း၏စားပွဲရှေ့မှာ လာရပ်သည်၊ တူကိုင်ပြီး ထမင်းစားရန်ပြင်နေသော ခရေပန်းကိုပြုံးပြီးကြည့်သည်။

"ညီမလေးတစ်ယောက်တည်း စားသောက်နေရတာ မပျင်းဘူးလား။ ညီမလေးပျင်းမှာစိုးလို့ အစ်ကိုက အဖော်လုပ်ဖို့ လာတာပါ"

ခရေပန်းက သူဌေးသားလူရွှယ်အား ဖြည်းညင်းစွာ မော့ကြည့်သည်။ သူ့မျက်လုံးအစုံမှာ ကြည်လင် ဝင်းလက်နေပြီး ဆိုင်ထဲသို့ဝင်လာစကဲ့သို့ မဝံ့မရဲနိုင်ဟန်မျိုး မရှိတော့။





"ကျွန်မကို အနှောက်အယှက်မပေးပါနဲ့"

"ညီမလေးကလဲ ဒါအနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး၊ အကူအညီပေးတာပါ။ အစ်ကိုနဲ့ အတူထိုင်ပြီး စားသောက်ရရင် ညီမ ဘယ်လောက်ပျော်မယ်ထင်သလဲ။ ဒီမြို့မှာရှိတဲ့ မိန်းကလေးတွေဆိုရင် အစ်ကိုနဲ့ အခုလိုနေချင်လွန်းလို့ မနည်းတောင်းပန်နေရတယ်"

"သူတို့နဲ့ပဲ သွားနေပါရှင်"

သူဌေးသားလူရွှယ်၏ မျက်နှာပေါ်မှ အပြုံးပျောက်ကွယ်သွားသည်။ သူက ခရေပန်းအား မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"ညီမက အစ်ကို ချိုချိုသာသာနဲ့ ပြောနေတာ လက်မခံချင်ဘူးကိုး။ ဟား–ဟား– ဒါဆိုရင်လဲ မင်းကို စိတ်တိုင်းကျ ခပ်ကြမ်းကြမ်း ဆက်ဆံရမှာပေါ့"

သူဌေးသားလူရွှယ်က ခရေပန်းနှင့် နီးသည်ထက်နီးအောင် တိုးကပ်ပြီး၊ ခရေပန်း၏ လက်ကို ဆွဲကိုင်လိုက်သည်။

ခရေပန်းက သူ့လက်ကို ရုန်းဖယ်ခြင်းမပြုဘဲ၊ သူဌေးသားလူရွှယ်အား ပြုံးလျက် ကြည့်သည်။ သူဌေးသား လူရွှယ်က တစ်ချက်ရယ်လိုက်ပြီး ခရေပန်း၏လက်ကို ဖြစ်ညှစ်လိုက်သည်။

"ဝုန်း"

"အား...."

ခရေပန်းက လက်ကိုဆတ်ခနဲ လှုပ်လိုက်သည်။ သူဌေးသား လူရှုယ် ပုံပျက် ပန်းပျက်နှင့် နောက်သို့ လျှောက် ထွက် ပြီး ကြမ်းပြင်ပေါ် ဝုန်းခနဲကျသည်။ ခရေပန်းက သူဌေးသား လူရှုယ် လဲကျသွားခြင်းမှာ သူနှင့် မဆိုင်သကဲ့သို့ ထမင်းကို စတင်စားသောက်၏။

လျှုဟူထိုက်က ခရေပန်း၏ ထက်မြက်သော သိုင်းပညာနှင့် အေးစက်စက်နိုင်သော အမူရာကို သဘောကျသွားသည်၊ သူက ခရေပန်းအားကြည့်နေရင်းမှ သူဌေးသား လူရှုယ်ဘက်သို့ လှည့်ကြည့်၏။

သူဌေးသား လူရှုယ်လဲကျနေရာမှ ထလိုက်သည်။ ပေရေသွားသော သူ၏ အဘိုးတန်အဝတ်အစားကို ဖုံခါပြီး သူ့အဖော်နှစ်ယောက်အား လှမ်းကြည့်သည်၊ အဖော်နှစ်ယောက်က တိုင်ပင်ထားသလို နေရာမှထလာသည်။

"ဒီကောင်မ.... ငါတို့အကြောင်းကို မသိသေးဘူးကွ"

"ဟား ဟား မသိသေးရင်သိအောင် အကြောင်းပြရမှာပေါ့"





လူရှုယ်သုံးယောက် ခရေပန်း၏ စားပွဲရှိရာသို့ လျှောက်လာကြပြီး ထမင်းစားနေသော ခရေပန်းအား ဝိုင်းရံလိုက်ကြသည်။

"မင်းကို ငါတို့အစ်ကိုကြီးက အဖော်လုပ်ဖို့လာတာ။ မင်းကအာဖြစ်လို့ စော်ကားလိုက်တာလဲ၊ အခုလို စော်ကားတဲ့အတွက် မင်းဘယ်လိုအပြစ်ဒဏ်ကို ခံရမယ်ဆိုတာ မသိဘူးလား"

ဟု ညှိနေ

ခရေပန်းက လူရှုယ်သုံးယောက်အား မော်မကြည့်၊ စကားပြောခြင်း မပြုဘဲ၊ ထမင်းငုံ့စားမြဲ ငုံ့စားနေ၏။

"ဒီကောင်မ ငါတို့အကြောင်းကို တကယ်မသိ ပေါ်လာ ဟန်ကြူးမြို့မှာ သူဌေးသား ကြိုက်သလို လုပ်လိုရတယ်ဆိုတာ ရှိလာ သူသဘောမပေါက်ဘူး"

"နို့ဒိုသဘောပေါက်သွားအောင်၊ သူ့ကို သင်ခန်းစာပေးလိုက်ကြတာပေါ့"

လူရှုယ်သုံးယောက်က ခရေပန်းအား သုံးဘက်သုံးတန်မှ ညှပ်ပြီး တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်၊ ပွဲကြည့်သူပမာကြည့်နေသည့် လျှုဟူထိုက်မှာ မနေသာတော့ဘဲ လက်ထဲမှ တူနှစ်ချောင်းကို ပစ်လွှင့်လိုက်သည်၊ တူနှစ်ချောင်း လေထဲတွင်

စီခေါ်၍ ပြေးသွားပြီး၊ သူဌေးသား လူရွယ်အဖော်နှစ်ယောက်ကို ထိမှန်သွားသည်။ သူဌေးသား လူရွယ်၏အဖော်နှစ်ယောက် အကြောပိတ်ခံရပြီးနေရာတွင် ခွေကျသွား၏။

"ဟိတ်.... ဘယ်သူနှောက်ယှက်တာလဲ"

သူဌေးသား လူရွယ်က ဆိုင်ထဲတွင် စားသောက်နေသူများ လှ... ကြည့်ပြီး၊ အော်ငေါက်လိုက်သ...။ သူအော်လိုက်စဉ်မှာပင် စ... ...ားကြော် တစ်ဖတ်ပြေးလွှင့်လာပြီး၊ သူ့ပါးစပ်ထဲဝင်သွား ...ွသားကြော်ပစ်လိုက်သည့် အတွင်းအားကြောင့် သူဌေး လျှပ... ...ူရွယ်နောက်သို့ ယိုင်သွားသည်။ သူက အတွင်းအား နှင့် အေး... ...သာ ရန်သူတစ်ယောက်နှင့် မျက်နှာဆိုင်နေရပြီဆိုသည့် သူက ခရေ... ...ောင့် နောက်သို့ဆုတ်လိုက်သည်၊ တဆက်တည်းမှာပင် သို့ လှည့်ပြေ... ...ပိတ်ခံရပြီး လဲကျနေသော သူ့ အဖော်နှစ်ယောက်ကို သူ့ေ... ...ွက်သည်။

သွားေ... ...ဖွားကော နောက်ယှက်တဲ့လူပါ။ ငါတို့ အကြောင်းကို ဖော်... ...ကာင်းကောင်း သိရမယ်"

တိ...

သူဌေးသားလူရွယ်က ခရေပန်းကို ကြည့်လျက်ပြောရင်း သူ့လူနှစ်ယောက်ကို တွဲခေါ်လျက်ဆိုင်ထဲမှ လျင်မြန်စွာထွက်သွားလေသည်။

*





လူရွယ်သုံးယောက် ထွက်သွားသည်နှင့် စားသောက်ဆိုင်ထဲတွင် ငြိမ်သက်သွားသည်။ ချမ်းသာကြွယ်ဝသည့် မိဘ၏အရှိန်အဝါ၊ တက်ကျမ်းထားသည့် သိုင်းပညာအားကိုးဖြင့် ရမ်းကားနေသော သူဌေးသားသုံးယောက်ကို ဆုံးမလိုက်သည့် ခရေပန်းအားအထင်ကြီး လေးစားဟန်ဖြင့် ကြည့်နေကြသည်။

ခရေပန်းသည် ထမင်းစားခြင်းကို လက်စသတ် စားလိုက်ပြီးနောက် ရေနွေးကြမ်းတစ်အိုး မှာသောက်သည်။ လျှိုဟူထိုက်က အရက်ကို တစိမ့်စိမ့်သောက်ပြီး၊ ခရေပန်းကိုကြည့်နေ၏။

ဆိုင်အတွင်း ရှိနေသူတို့ထံမှ တီးတိုးသံများ ပြန်ပေါ်လာသည်။ တစ်ယောက်တစ်ပေါက် ပြောဆိုသံတို့ဖြင့် စီစီညံညံရှိလာ၏။

ပန်းကန်သံ၊ ခွက်သံ၊ စကားပြောသံ၊ ရယ်မောသံတို့ဖြင့် စားသောက်ဆိုင်အတွင်း၌ ပြန်လည် အသက်ဝင် လာချိန်တွင် သူဌေးသားသုံးယောက်ဆိုင်ထဲသို့ ပြန်ရောက်လာသည်။ ယခုတစ်ကြိမ်တွင် သူတို့ သုံးယောက်တည်းမဟုတ်ဘဲ၊ ကြံ့ခိုင်တောင့်တင်းသော သိုင်းသမားကြီး နှစ်ယောက်နောက်ပါးမှ ပါလာသည်။

သူဌေးသားသုံးယောက်သည် ခရေပန်း၏စားပွဲနှင့် မနီးမဝေးမှာ ရပ်လိုက်ကြသည်။ နောက်မှ ပါလာသော သိုင်းသမား နှစ်ယောက်အား ခရေပန်းကိုပြ၍....

“ကျွန်တော်တို့ကို ဒုက္ခပေးတာ သူပဲဆရာ.... သူ့နောက်မှ အကူအညီပေးတဲ့ လူတစ်ယောက်ရှိတယ်။ ခိုးကြောင်ခိုးဝှက်နဲ့ သတ္တိမရှိတဲ့လူကို ဘယ်သူမှန်းမသိရဘူး”

ကြံ့ခိုင်တောင့်တင်းသော သိုင်းသမားကြီးနှစ်ယောက် ရှေ့တိုးလာသည်။ သိုင်းသမားနှစ်ယောက်မှာ အရုပ်ဆိုး အကျည်းတန်လှပြီး၊ ကျက်သရေမဲ့သော အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည်။

“ဟေ့ မိန်းကလေး၊ မင်းဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာဖြစ်လို့ ငါတို့သခင်လေးတွေကို စော်ကားလိုက်တာလဲ”

ခရေပန်းသည် ရေနွေးကြမ်း ပန်းကန်ကိုင်ထားရင်းအကျည်း တန် သိုင်းသမားနှစ်ယောက်ကို ကြည့်လိုက်သည်။ သူ့မျက်နှာ က ချိုမြစွာပြုံးနေပြီး သူ့မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ် လက်နေသည်။

“ကျွန်မနာမည် ခရေပန်းပါ၊ အစ်ကိုကြီးတို့က ဘယ်သူ တွေလဲ”





ခရေပန်း၏ အသံမှာ ရန်လိုဟန်မရှိဘဲ၊ ချိုသာသိမ်မွေ့နေသည်။ အကျည်းတန်သိုင်းသမား နှစ်ယောက်သည် ခရေပန်း၏ တုန့်ပြန်မှုကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက် ကြ၏။

“သူရဲညီနောင်ဆိုတဲ့ နာမည်ကို မင်းမကြားဖူးဘူးလား၊ အဲဒါ ငါတို့ပဲ။ ဒီမြို့မှာ ငါတို့ကို ဘယ်သူမှ စေ့စေ့မကြည့်ရဲ ဘူး။ မင်းက ငါတို့ရဲ့ သခင်လေးတွေကို စော်ကားလွှတ်လိုက် တယ်၊ အဲဒီအတွက် မင်းကိုဆုံးမရမယ်”

သူရဲညီနောင်က ဆောင့်ကြွားကြွား အမူအရာနဲ့ ပြောပြီး ရှေ့သို့ တိုးလာကြသည်။ ခရေပန်းက အရောင်တလဲ့လဲ့ထွက် နေသော မျက်လုံးအစုံဖြင့် သူရဲညီနောင်အား ကြည့်ရင်းနေရာ တွင် ထိုင်မြဲထိုင်နေသည်။

“မင်း ငါတို့ကို ဘာဖြစ်လို့ မတိုက်ခိုက်သေးတာလဲ”

ခရေပန်းက တုန့်ပြန်စကား မပြောဘဲ သူရဲညီနောင်အား ပြုံးလျက် ကြည့်မြဲကြည့်နေသည်။ သူရဲညီနောင်က စိတ်မရှည် တော့ဟန်ဖြင့်၊

“မင်းက မတိုက်ခိုက်ရင် ငါတို့တိုက်တော့မယ်၊ ခုခံဖို့ပြင်”

စကားအဆုံးတွင် သူရဲညီနောင်က တစ်ပြိုင်နက်တည်း ရှေ့သို့တက်လာကြပြီး ခရေပန်းအား လက်ဝါဖြင့် ရိုက်ချလိုက်ကြသည်။

သူရဲညီနောင်၏ ရိုက်ချက်ကြောင့် ခရေပန်း မျက်နှာကွက်ခနဲပျက်သွားသည်။ သူက ဆိုင်ခုံတွင်ထိုင်နေရာမှ ဘေးသို့ ခုန်ထွက်လိုက်၏။ သူရဲညီနောင်၏ ရိုက်ချက်ထိုင်ခုံကို ထိသွားသည်။

"ဝုန်း"

ပြင်းထန်သော ရိုက်ချက်ကြောင့် ထိုင်ခုံကျိုးပျက်ပြီး၊ သစ်တိုသစ်စများ လွင့်သွားသည်၊ ခရေပန်းက ဒေါသအရောင်လက်နေသော မျက်လုံးအစုံဖြင့် သူရဲညီနောင်ကို ကြည့်လိုက်၏။

"ရှင်တို့ မိုက်ရိုင်းလှချည်လား"

သူရဲညီနောင်က ရှက်သွေးတက်ပြီး၊ မျက်နှာတပြင်လုံးနီရဲနေသော ခရေပန်းအားကြည့်ပြီး ရယ်လိုက်ကြသည်။

ဆိုင်အတွင်းရှိ စားသောက်နေသူ အများစုသည် အဖြစ်အပျက်ကိုအသေအချာမသိလိုက်ကြသော်လည်း စေ့စေ့စပ်စပ်





ကြည့်နေသည့် လျှိုဟူထိုက်က သူရဲညီနောင်သည် သိုင်းလောကသားများ လေးစားလိုက်ရမည့် စည်းကမ်းကို ချိုးဖောက်ပြီး၊ ခရေပန်း၏ ရင်ဘက်ကို ရိုက်ချလိုက်ကြောင်း သိလိုက်သည်၊ ထို့ကြောင့်ပင် လျှိုဟူထိုက်သည် နေရာမှ ဝုန်းခနဲထလိုက်၏။

"ခင်ဗျားတို့ သိုင်းလောကသားတွေ ဖြစ်ပြီး၊ ဘာဖြစ်လို့စည်းကမ်းဖောက်ရတာလဲ"

"မင်းက ဘယ်သူလဲ၊ ငါတို့ ဘာစည်းကမ်းဖောက်လို့လဲ"

"ခင်ဗျားတို့ ဒီညီမကို ရိုက်လိုက်တာ ကျုပ်အစအဆုံးမြင်တယ်၊ မိန်းကလေးတစ်ယောက်ကို ဘယ်နေရာရိုက်ရမယ်၊ ဘယ်နေရာကိုတော့ မရိုက်ရဘူးဆိုတဲ့ စည်းကမ်းရှိတာ မသိဘူးလား"

သူရဲညီနောင် မျက်နှာပျက်သွားသည်။ လျှိုဟူထိုက်အားခက်ထန်စွာ ကြည့်လိုက်ကြပြီး၊

"မင်း ဘယ်သူလဲ"

"လျှိုဟူထိုက်"

"အော် ဘယ်ကလေလွင့်လာမှန်း မသိတဲ့ နေ့ချင်းညချင်း သူဌေးသားဖြစ်သွားတဲ့လူကိုး မင်း ငါတို့ကိစ္စထဲမှာ ဝင်ရှုပ်တာ သိပ်မှားသွားပြီ"

လျှူဟူထိုက်က ခေါင်းကိုခါယမ်းလိုက်သည်။

"ကျုပ်မမှားဘူး၊ ခင်ဗျားတို့ယုတ်မာတာကို တခြားလူတွေ ရင်လဲ ကျုပ်လိုပဲ ဝင်စွက်မှာပဲ။ ဒါဟာ သိုင်းလောကသား တွေ လုပ်သင့်တဲ့ အလုပ်ပါ"

"ဟား ဟား မင်းက သိပ်သေချင်နေပြီကိုး ကဲ လက်နက် ထုတ်ပါ"

"ကျုပ်အတွက် ဘာလက်နက်မှမလိုဘူး၊ ဒီနေရာကကျဉ်း ပါတယ်၊ ဆိုင်အပြင်ထွက်ပြီး ပြဿနာရှင်းကြတာပေါ့"

သူ့ရဲ့ညီနောင်တို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဟားတိုက်ရယ်မောလိုက်ကြသည်။

"မင်းက ကောင်မလေးထွက်ပြေးလို့ရအောင် လမ်းဖွင့် ပေးနေတာကိုး"

"ကျွန်မ ထွက်မပြေးဘူး ရှင်တို့နဲ့အတူ အပြင်ကိုထွက်လိုက် မယ်၊ ရှင်တို့လို လူယုတ်မာတွေကို အပြတ်ရှင်းပြီးမှ ဒီကသွား မယ်"





"ကြိုက်ပြီ ဒါမျိုးမှပေါ့၊ ကဲ ညီလေး၊ လွတ်လွတ်လပ်လပ် တိုက်ခိုက်ရအောင် အပြင်ကို ထွက်ကြစို့"

သူ့ရဲ့ညီနောင်က ရှေ့မှဦးဆောင်ပြီး အပြင်သို့ ထွက်လိုက် သည်။ လျှူဟူထိုက်နှင့် ခရေပန်းတို့က နောက်မှလိုက်ထွက် သည်၊ သူဌေးသားလူရွယ်သုံးယောက်က နောက်ဆုံးမှ ဆော့ ကြွားကြွား အမူအရာနှင့် လိုက်သွားကြ၏။

တိုက်ပွဲတစ်ခုတွင် ကြားညှပ်မိတော့မည်ဟု ကြောက်ရွံ့ထိ လန့်နေကြသော ဆိုင်အတွင်းရှိ စားသောက်နေသူများမှာ ပ မှ သက်ပြင်းချလိုက်ကြသည်၊ အန္တရာယ် ကင်းသွားပြီဆိုသ အသိနှင့် စားသောက်လက်စ အစားအသောက်ကို ဆက်လက် စားသောက်နေသူများ ရှိသလို၊ ပွဲကြီးပွဲကောင်းတွေရတော့မည် ဆိုသည့်အသိနှင့် ဆိုင်တံခါး ပြတင်းပေါက်များသို့စုပြုံပြီး ရှေ့ လာသူများလည်း ရှိသည်။ ထိုသူတို့က လျှူဟူထိုက်နှင့် သူ့ရဲ့ ညီနောင်တို့ တိုက်ခိုက်သည့်ပွဲကို ကြည့်ရန် စိတ်အားထက်သန် နေကြ၏။

ဆိုင်အပြင်ဘက် ကွက်လပ်တွင် သူ့ရဲ့ညီနောင်နှင့် လျှူဟူ ထိုက်တို့ မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။ သူ့ရဲ့ညီနောင်က လျှူဟူထိုက်အား အထင်အမြင်သေးဟန်ဖြင့် ကြည့်ပြီး

"မင်းလို နောက်ပေါက် ကောင်လေးတစ်ယောက်က ငါတို့ ညီနောင်ကို အံတုဖို့ ကြိုးစားတာ ကိုယ့်သေတွင်း ကိုယ်တူးတာ

ပဲ၊ အချိန်ရှိတုန်း၊ ငါတို့ကိုတောင်းပန်ပြီး ပြန်သွားပါ။ သိုင်းလောကထဲသို့ ဘယ်တော့မှ ဝင်မလာပါနဲ့။ အဲဒါဆိုရင် မင်းကို ငါတို့သက်ညှာလိုက်မယ်”

“ခင်ဗျားတို့ရဲ့ သက်ညှာမှုကို ကျုပ်မလိုချင်ဘူး။ ဒီနှင်းကလေးတစ်ယောက်ကို စော်ကားတဲ့အတွက် ခင်ဗျားတို့ကို ဆုံးမဖို့ဘဲ ရှင်တော်ကူးတယ်”

လျှူဟူထိုက်စကားက သူရဲညီနောင်အား စိတ်ဆူပေးလိုက်သလိုရှိသည်။ သူရဲညီနောင်တို့၏မျက်နှာမှာ ရုတ်ချည်းပင် တင်းမာခက်ထန်သွား၏။

“မင်းက သိပ်သေချင်နေပြီကိုး။ ကဲ မင်းကစမလား၊ ငါတို့စရမလား၊ မင်းလို မလောက်လေး မလောက်စားကောင်ကို ငါတို့ကစပြီး တိုက်မယ်ဆိုရင် လူကြားလို့မကောင်းဘူး”

သူရဲညီနောင်၏စကားအဆုံးတွင် ခရေပန်းအား စော်ကားခဲ့သည့် သူဌေးသားလူရွယ် ရှေ့တိုးလာပြီး၊

“ဆရာ သူ့လိုကောင်ကို ဘာအခွင့်အရေးမှပေးနေဖို့မလိုဘူး။ အချိန်ကုန်သက်သာအောင် မြန်မြန်ရှင်းပစ်ပါ။ ဟိုကောင်မလေးကိုတော့ မထိခိုက်စေနဲ့၊ ဖမ်းရုံပဲဖမ်းပါ”

“သခင်လေးက အဲသလို ဆန္ဒရှိနေရင် သခင်လေးတို့ဆန္ဒအတိုင်း လိုက်နာရမှာပေါ့။ ကဲ ညီလေး၊ သိုင်းလောကရဲ့စည်း





ကမ်းတွေကို ဘေးချိတ်၊ တစ်ခါထဲ ကိစ္စပြတ်လုပ်လိုက်ကြရအောင်”

စကားအဆုံးတွင် သူရဲညီနောင်တို့က လျှူဟူထိုက်အား တပြိုင်နက်တည်း တိုက်ခိုက်လာကြသည်။

*

## အခန်း (၄)

အမြန်အလှန် စကားပြောနေစဉ်ကတည်းက လျှူဟူထိုက် သည် သူရဲညီနောင်တို့၏ လက်များကို သတိထားကြည့်သည်။ နှစ်ယောက်စလုံး၏ လက်မှာ အညိုအမည်းစွဲနေသည့် ဒဏ်ရာ ပေါင်းများစွာကို တွေ့ရသည်။ ထို့ကြောင့်ပင် ညှပ်ပူးညှပ်ဖိတ် တိုက်ခိုက်လာသည့် သူရဲညီနောင်အား ထိပ်တိုက်ရင်မဆိုင်ဘဲ၊ လျှူဟူထိုက် ရှောင်ထွက်လိုက်သည်။

"ဟား ဟား မင်းက ဒီလိုရှောင်လို့လွတ်မလား"

သူရဲညီနောင်က လျှူဟူထိုက်အား လွတ်မပေးဘဲ၊ တရကြမ်း တိုက်ခိုက်သည်။ လျှူဟူထိုက်က သူရဲညီနောင်နှစ်ယောက်ကြား မှ ဖျပ်ခနဲ ခုန်ထွက်လိုက်၏။ သူ့ခန္ဓာကို ရိပ်ခနဲပျောက်သွား

သဖြင့် သူရဲညီနှောင်ဝ် ရင်ထိတ်သွားပြီး၊ ပါတ်ဝန်းကျင်ကိုလှည့်ကြည့်သည်။ လျှူဟူထိုက်မှာ သူတို့အနားသို့ ခုန်ပျံပြီးရောက်ရှိလာသည် သူရဲညီနောင်တို့က လျှူဟူထိုက်အား လက်ဝါးဖြင့် တပြိုင်နက်တည်း လှမ်းရိုက်လိုက်ကြ၏။ သို့သော် လျှူဟူထိုက်ကကိုယ်ဖော့ပညာသုံးပြီး ခုန်ထွက်သွားသဖြင့် သူရဲညီနောင်၏ ရိုက်ချက်လေကိုသာ ထိသွားသည်။

လျှူဟူထိုက်က တဟားဟားနှင့် ရယ်ပြီး၊ သူရဲညီနောင်တို့ အနီးသို့ ကပ်လာလိုက်၊ ရိပ်ခနဲ ရှောင်ထွက်လိုက်နှင့် ဒေါသဖြစ်သည်ထက် ဖြစ်လာအောင် ဆွနေ၏။

သူမျှော်လင့်ထားသည့်အတိုင်းသူရဲညီနောင်တို့အလွန်အမင်း ဒေါသထွက်လာကြသည်။ သူတို့က ခုန်ပျံ ပြေးလွှားနေသော လျှူဟူထိုက်အား တရကြမ်း လိုက်တိုက်သည်။

"မင်းဟာမင်း ဘာဖြစ်လို့ ထွက်ပြေးနေတာလဲ။ ငါတို့ကို ရင်မဆိုင်ရဲဘူးလား"

ဒေါသထကြီးပြောလိုက်သော သူရဲကြီး၏ အသံက ပတ်ဝန်းကျင် တစ်ခုလုံး ကြားရမတတ် ဟိန်းလျက် ပေါ်လာသည်၊ လျှူဟူထိုက်သည် ကိုယ်ဖော့ပညာ သုံးလျက် ရိပ်ခနဲ၊ ရိပ်ခနဲ ပြေးလွှား နေရာမှ သူရဲညီနောင်များအား လက်ဝါး တစ်ချက်စီ ရိုက်လိုက် သည်။





ပြင်းထန်သောအားလှိုင်း၏ ရိုက်ခတ်မှုကြောင့် သူရဲညီနောင် နောက်သို့ ကယိုကယို ဆုတ်လိုက်၏။ လျှူဟူထိုက်က အခွင့်အရေး မပေးဘဲ သူရဲညီနောင်အား အဆက်မပြတ် တိုက်ခိုက်သည်။

သူရဲညီနောင်သည် အဆိပ်လက်ဝါးဖြင့် ပြန်လည်ခုခံရင်း၊ နောက်သို့ တစ်ဆုတ်တည်း ဆုတ်နေသည်။ ဆုတ်နေရင်းနှင့် လျှူဟူထိုက်၏ လက်ဝါးရိုက်ချက်တစ်ချက် သူရဲငယ်အား ထိသွားသည်။

ပြင်းထန်သော လက်ဝါးရိုက်ချက် ရင်ဘတ်ကို တန်းတန်းမတ်မတ် ထိသွားသဖြင့် ဝုန်းခနဲမည်သံနှင့်အတူ သူရဲငယ် လွင့်ထွက်သွားသည်။ ခပ်လှမ်းလှမ်းတွင် ကိုယ်ကို ဟန်နိုင်ရန် ကြိုးစားရင်း သွေးများ ဝေါခနဲ အန်ချလိုက်သည်။

"ဟင်....ညီလေး"

သူရဲကြီးက လျှူဟူထိုက်အား မေ့လျော့ပြီး၊ သူ့ညီထံ ပြေးထွက်ရန် ပြင်သည်။ ထိုအချိန်မှာပင် လျှူဟူထိုက်က လက်ဝါးဖြင့် လှမ်းရိုက်လိုက်သည်နှင့် တစ်ထပ်တည်း ကျသွား၏။

"ဝုန်း"

သူ့ခုကြီးမှာ သူ့ညီလိုပင် ရင်ဘတ်ကို အရိုက်ခံရပြီး၊ လွင့်ထွက်သွားသည်။ သူ့ညီ ရှိနေရာအနီးသို့ ရောက်အောင် လွင့်သွားပြီး၊ သွေးများ ဝေါ့ခနဲ အန်ချလိုက်သည်။

သူ့ဒွေးသား လူရွယ်သုံးယောက်မှာ သူတို့ အားကိုးတကြီး ခေါ်လာသည့် ဆရာဖြစ်သူတို့၏ အဖြစ်ကြောင့် ထိတ်လန့်ပြီး၊ နောက်ဆုတ်သွားကြသည်။

လျှိုဟူထိုက်က သူ့ရဲ့ညီနောင်တို့အား ဆက်လက် တိုက်ခိုက်ခြင်း မပြုဘဲ၊ နေရာတွင် ရပ်နေသည်။ သူ့ရဲ့ညီနောင်သည် ဒယီးဒယိုင်နှင့် နောက်ဆုတ်သွားကြ၏။

"ထွက်ပြေးကြတော့မလို့ကိုး။ ပြေးစရာမလိုဘူး။ မနိုင်လို့ အရှုံးပေးပြီဆိုရင် အေးအေးဆေးဆေး သွားကြပါ။ တစ်ခုတော့ မှာလိုက်မယ်၊ နောက်တစ်ခါ မိန်းကလေးတစ်ယောက်ကိုအခုလို ယုတ်ယုတ်မာမာ လုပ်ဦးမယ်ဆိုရင် အဲဒီနေ့ဟာ ခင်ဗျားတို့ အတွက် သေနေ့ပဲ"

သူ့ရဲ့ညီနောင်နှင့် သူ့ဒွေးသား လူရွယ် သုံးယောက်သည် နောက်သို့ တစ်ချက်မှပင် လှည့်မကြည့်ဘဲ၊ လျှင်မြန်စွာ ထွက်ခွာသွားကြ၏။ လျှိုဟူထိုက်က စားသောက်ဆိုင်ထဲသို့ ပြန်ဝင်လာပြန်သည်။





"အစ်ကို"

သာယာချိုလွင်သည့် ခေါ်သံကြောင့် သူ့ခြေလှမ်းများ တုန့်သွားသည်။ ကျောခိုင်းထားရာသို့ လှည့်အကြည့်တွင် အနားသို့ ချဉ်းကပ်လာသော ခရေပန်းအား တွေ့ရ၏။

ခရေပန်းက လျှိုဟူထိုက်အနီးတွင် လာရပ်ပြီး၊ လက်နှစ်ဘက်ကို ဆုပ်ချ ဂါရဝပြုလိုက်သည်။

"ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

"ကူညီဘင့်တဲ့ကိစ္စကို ကူညီရမှာ သိုင်းသမားကောင်း တစ်ယောက်ရဲ့ တာဝန်ပါ။ ညီမအနေနဲ့ စားသောက်ဆိုင်ကို လာမယ် ဆိုရင်၊ အဖော်ခေါ်လာဖို့ ကောင်းတယ်"

ခရေပန်းက ရီဝေဝေနိုင်သော မျက်လုံးအစုံဖြင့် လျှိုဟူထိုက်အား ကြည့်လိုက်သည်။

"ကျွန်မမှာ ခေါ်စရာ အဖော်မရှိပါဘူးရှင့်"

"ညီမကိုကြည့်ရတာ ဒီမြို့က မဟုတ်ဘူးနဲ့ တူတယ်"

"ဟုတ်ကဲ့။ ကျွန်မ ခရီးဝေးက လာတာပါ။ ကျင်းလိန်မြို့က အဒေါ်တစ်ယောက်ဆီကို လာတာ၊ အဒေါ်တို့ မိသားစု တစ်စုလုံး ကျင်းလိန်မြို့မှာ မရှိကြတော့ဘူး"

"သူတို့ ဘယ်ရောက်သွားကြလို့လဲ"

"မြောက်ပိုင်းကို ပြောင်းသွားကြပြီ၊ ဘယ်မြို့ကို ပြောင်းသွားတယ်ဆိုတာ မသိရဘူး။ အဲဒါကြောင့် ကျွန်မ ဘယ်သွားရမှန်း မသိတာနဲ့ ဒီကို ထွက်ခဲ့တာပါ"

"ညီမရဲ့ မိဘတွေကော ဘယ်မှာလဲ"

ခရေပန်း၏ မျက်နှာတွင် ကြေကွဲဟန်တွေ ထင်လာသည်၊ သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျွန်မ မိဘတွေ မရှိကြတော့ပါဘူးရှင်။ ကျင်းလိန်မြို့ကို အလာ လမ်းမှာ ဓားပြတွေသတ်လို့ သေသွားကြပါပြီ၊ ကျွန်မတောင် ဓားပြတွေနဲ့ တွေ့တုန်းက တောထဲမှာ ပုန်းနေလို့ လွတ်လာတာပါ"

လျှူဟူထိုက်သည် ခရေပန်းနှင့် စကားပြောနေရင်း၊ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်၊ သူတို့ စားသောက်ဆိုင်ရှေ့တွင် ရပ်နေသည့်အဖြစ်ကို သတိရသွား၏။





"ဒီမှာရပ်ပြီး စကားပြောနေရတာ မကောင်းပါဘူး။ စားသောက် ဆိုင်ထဲကို ဝင်ကြရအောင် ညီမ"

ခရေပန်းက ခေါင်းညိတ်ပြသည်၊ လျှူဟူထိုက် ခေနရာ ခွာထွက်သည်၊ သူက နောက်မှ လိုက်ခဲ့၏။

တံခါးပေါက်၊ ပြတင်းပေါက်တို့တွင် စုပြုံတိုးဝှေ့ပြီး၊ တိုက်ပွဲကို ကြည့်နေခဲ့သူများ ကိုယ့်စားပွဲသို့ ကိုယ် ရောက်နေကြပြီ၊ လျှူဟူထိုက်တို့ ဆိုင်ထဲသို့ ပြန်ဝင် အလာတွင် အားလုံးက အထင်ကြီး လေးစားဟန်ဖြင့် ကြည့်ကြသည်။ ၄၃

လျှူဟူထိုက်နှင့် ခရေပန်းတို့သည် စားပွဲတစ်လုံးတွင် အတူထိုင်လိုက်ကြ၏။ ချက်ချင်းပင် စားပွဲထိုးတစ်ယောက်အနားသို့ ရောက်လာပြီး၊ အရက်တစ်အိုးနှင့် စားသောက်ဖွယ်ရာများကို ချပေးသည်၊ စားသောက်ဖွယ်ရာများချပေးပြီးသည်နှင့် စားပွဲထိုး ဆိုင်လုလင်က လျှူဟူထိုက်တို့အား ဦးညွှတ် အရိုအသေပြု၍-

"ကျွန်တော်တို့ ဆိုင်ရှင်က သခင်လေးကို ဘယ်သူဘယ်ဝါမှန်း မသိလို့ ဧည့်ဝတ် မပြုမိတဲ့အတွက် တောင်းပန်လိုက်ပါတယ်၊ သူကိုယ်တိုင်လာပြီး တောင်းပန်ချင်ပေမယ့် အရေးတကြီးကိစ္စနဲ့ အပြင်ထွက်သွားရလို့ သူ့ကိုခွင့်လွှတ်ဖို့မှာသွားပါတယ်"

"ကိစ္စမရှိပါဘူး၊ ကျုပ်ကို အခုလို ဂါရဝပြုဖို့မလိုပါဘူး။ အခုအခု လာပို့တဲ့ အစားအသောက်တွေအတွက် ကျုပ် ကျေးဇူးတင်ရမှာ ကျသင့်ငွေ စုလုံး ရှင်းပါမယ်"

"အဲသလိုတော့ မလုပ်ပါနဲ့ သခင်လေး။ သခင်လေး ပေးတာကို လက်ခံလိုက်ရင် သူဌေးက ကျွန်တော်တို့ကို အပြစ်တင်ပါလိမ့်မယ်။ သူ မကျေနပ်လို့ အလုပ်ထုတ်လိုက်ရင် ကျွန်တော်တို့ မိသားစုအားလုံး ဒုက္ခရောက်သွားပါမယ် ခင်ဗျား"

လျူဟူထိုက်က ပျာပျာသလဲ တောင်းပန်နေသော ဆိုင်လုလင်အား ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ကောင်းပြီလေ– မင်းတို့ကိုငဲ့ညှာပြီး ဒီတစ်ခါ ဧည့်ဝတ်ပြုတာကို လက်ခံလိုက်ပါမယ်။ မင်းတို့သူဌေးကိုပြောပါ။ နောက်တစ်ခါ ဒါမျိုးမလုပ်ပါနဲ့လို့"

"စိတ်ချပါ သခင်လေး.... ကျွန်တော် ဆက်ဆက်ပြောလိုက်ပါမယ်"

ဆိုင်လုလင်က လျူဟူထိုက်တို့ စားပွဲအနီးမှ လျင်မြန်စွာ ထွက်ခွာသွားသည်။ လျူဟူထိုက်၏ အမူအရာကို အကဲခတ်နေသော ခရေပန်းက အသာအယာပြုံးလိုက်ပြီး....





"စေတနာနဲ့ပြုစုတာကို အစ်ကိုက ဘာဖြစ်လို့ သဘောမကျတာလဲ"

"သူတို့စေတနာက မမှန်ကန်လို့ပါ"

ခရေပန်းက ပြုံးမြဲပြုံးနေပြီး၊ လျူဟူထိုက်အား အရက်ငှဲ့ပေးလိုက်သည်။

"သူတို့က အစ်ကိုကို ဘယ်သူဘယ်ဝါဆိုတာ မသိခင်က စေတနာမထားကြဘူး၊ အစ်ကိုဟာ ချမ်းမြေ့ဂေဟာက လူဆိုတာသိမှ စေတနာတွေ ထားလာကြတာ၊ ဒါမျိုးကို အစ်ကို သဘောမကျဘူး"

"သဘောမကျရင်လဲ ဒီအရက်ကိုတော့ သောက်လိုက်ပါ အစ်ကို"

လျူဟူထိုက်က အရက်ခွက်ကို ဆွဲယူပြီး မော့သောက်လိုက်သည်။ အရက်သောက်အပြီးတွင် မျက်နှာပျက်သွားလျက်နှင့် ခရေပန်းကို အံ့အားတသင့်ကြည့်သည်။

"မင်း.... ရက်စက်လှချည်လား"

"ရှင်...."

"မင်း.... ဒါလောက် မယုတ်မာသင့်ပါဘူး။ မင်းကိုကူညီတဲ့ လူတစ်ယောက်ကို အဆိပ်ခတ်တဲ့ အလုပ်ကို မင်းမှီ လုပ်ရက တယ်။ မင်း.... မင်း"

လျှုဟူထိုက်၏မျက်နှာ ရှုံ့မဲ့သွားပြီး စားပွဲပေါ် မျက်နှာ အပ်ကျသွားသည်။ ခရေပန်းက နားမလည်နိုင်ဟန်ဖြင့် လျှု ဟူထိုက်အား ကြည့်သည်။ စားပွဲပေါ် မျက်နှာအပ်ကျသွားသော လျှုဟူထိုက်၏ ခန္ဓာကိုယ်မှာ ပြင်းထန်သော ဝေဒနာခံစားရ ဟန် ဆတ်ခနဲ ဆတ်ခနဲ လှုပ်နေ၏။

ခရေပန်းသည် မျက်နှာ တစ်ပြင်လုံး ခရမ်းရောင်သန်းလာ သော လျှုဟူထိုက်အား ကြည့်နေရင်း ရုတ်တရက် ဖြစ်ပျက် သွားသည့် အဖြစ်အပျက်ကို နားမလည်နိုင်အောင် ဖြစ်နေမိ သည်။ သူက လျှုဟူထိုက်အား ငေးကြည့်နေရင်းမှ ဆုံးဖြတ် ချက်တစ်ခု ချလိုက်ဟန်ဖြင့် နေရာမှ ထလိုက်သည်။ ခပ်လှမ်း လှမ်းတွင် ရပ်နေသော ဆိုင်လုလင် တစ်ယောက်အား လှမ်း ခေါ်ပြီး....





"မမကို မြင်းလှည်းတစ်စီးလောက် ငှားပေးစမ်းပါ"

"မမက ဘယ်ကိုသွားမလို့လဲ ခင်ဗျ..."

"ချမ်းမြေ့ဂေဟာကို သွားမလို့ပါ"

"ဒီသခင်လေးကို ပြန်ပို့မလို့လား။ အပြင်မှာ ချမ်းမြေ့ ဂေဟာက မြင်းလှည်း ရှိနေပါတယ်။ ကျွန်တော် ခေါ်ပေး ပါမယ်"

စကားအဆုံးတွင် ဆိုင်လုလင်က ဆိုင်အပြင်သို့လျင်မြန်စွာ ထွက်သွားသည်။ တစ်ခဏအကြာတွင် ထွားကျိုင်းသန်မာသော လူတစ်ယောက်နှင့်အတူ ပြန်ရောက်လာသည်။ ထိုသူက လျှု ဟူထိုက်အား လှမ်းကြည့်ပြီး....

"သခင်လေးသောက်တာ များသွားပြီ ထင်တယ်"

"သူ အရက်မူးနေတာ မဟုတ်ပါဘူး၊ အဆိပ်မိ နေတာ ပါ"

လူထွားကြီးက ခရေပန်းအား အံ့အားတသင့်နှင့် ကြည့် သည်။

"မင်းက ဘယ်သူလဲ"

"ကျွန်မ သခင်လေးရဲ့ မိတ်ဆွေတစ်ယောက်ပါရှင်၊ သူ့ကို ချမ်းမြေ့ဂေဟာအရောက် အမြန်ဆုံးပို့ပေးမှဖြစ်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် သခင်လေးကို ရောက်အောင်ပို့ပေးလိုက်ပါမယ်"

"မြန်မြန်ပို့ပါရှင်...."

လူထွားကြီးက စားပွဲပေါ် မှောက်နေသော လျှုဟူထိုက်အား ပွေ့ချီပြီး ဆိုင်ပြင်သို့ ထွက်လိုက်သည်။ ခရေပန်းက လူထွားကြီး၏နောက်မှ ထပ်ချပ်မကွာလိုက်သည်။

ဆိုင်လုလင်ပြောသည့်အတိုင်း ဆိုင်အပြင်ဘက်တွင် မြင်းလှည်းတစ်စီးကို ရပ်ထားလျက်သား တွေ့ရသည်။ လူထွားကြီးက လျှုဟူထိုက်အား မြင်းလှည်းပေါ်သို့ တင်လိုက်၏။ လျှုဟူထိုက် မြင်းလှည်းပေါ်သို့ အရောက်တွင် ခရေပန်းကလည်း မြင်းလှည်းပေါ်သို့ လျင်မြန်စွာတက်လိုက်သည်။

လူထွားကြီးသည် ခရေပန်းအား အကဲခတ်ဟန်ဖြင့် ကြည့်သည်။ တစ်စုံတစ်ရာ မေးမည်ပြုပြီးမှ မမေးတော့ဘဲ၊ မြင်းလှည်း





မောင်းသူနေရာသို့ တက်၍ မြင်းလှည်းကို မောင်းထွက်လိုက်သည်။

ခရေပန်းသည် မြင်းလှည်း လှုပ်သဖြင့် ယိုင်သွားသော လျှုဟူထိုက်၏ကိုယ်ကို ထိန်းကိုင်လိုက်သည်။ တစ်ဆက်တည်းပင် လျှုဟူထိုက်၏သွေးကို စမ်းကြည့်လိုက်၏။

လျှုဟူထိုက်၏ သွေးခုန်နှုန်းမှာ အလွန်နှေးကွေးနေသည်၊ ခရေပန်းက ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး၊ သူ့ အင်္ကျီအတွင်းမှ ဆေးဘူးတစ်ဘူးကိုထုတ်သည်၊ ဆေးဘူးထဲမှ အစိမ်းရောင် ဆေးလုံးတစ်လုံးကို လျှုဟူထိုက်၏ ပါးစပ်ထဲသည့်ပြီး ဝမ်းဗိုက်ထဲ ကျသွားစေရန် လည်ပင်းကြောကို ပွတ်ပြင်ပေးလိုက်သည်။

"ဒါ- ဘယ်လိုဖြစ်တာလဲ။ ဘယ်သူ့လက်ချက်နဲ့ အခုလို ဖြစ်သွားတာလဲ။ သူကတော့ ငါ့သူ့ကို အဆိပ်ခတ်တယ်လို့ ထင်နေပြီ။ ဖြစ်ချင်ရာဖြစ်၊ ငါ သူနဲ့ လိုက်သွားမယ်၊ ဒီအဆိပ်ကြောင့် သူ့အသက် မဆုံးပါးရအောင် ငါ ကျိုးစားမယ်"

ခရေပန်းသည် တစ်ယောက်တည်း အသံတိတ်စကားပြောရင်း လျှုဟူထိုက်အား ငုံ့ကြည့်လိုက်သည်။ လျှုဟူထိုက်၏

အသက်ရှူသံ ပြတ်တောက်၊ ပြတ်တောက် ဖြစ်နေရာမှ ပုံမှန်ဖြစ်လာသည်နှင့် ဆေးဘူးထဲမှ ဆေးလုံးအနီတစ်လုံးကို ထုတ်ပြီး တိုက်လိုက်ပြန်၏။

ခရေပန်းက လျှူဟူထိုက်အား ဆေးလုံးအနီ တိုက်ပြီးချိန်မှာပင် မြင်းလှည်းရပ်တန့်သွားသည်။ ခရေပန်းက လိုက်ကာကို မပြီး အပြင်သို့ကြည့်လိုက်၏။

ကြီးမားခန့်ထည်သော အဆောက်အဦကို မြင်လိုက်သည်နှင့် ချမ်းမြေ့ ဂေဟာသို့ ရောက်နေပြီ ဖြစ်ကြောင်း သိလိုက်လေသည်။

မြင်းလှည်းရပ်လျှင်ရပ်ချင်း လူထွားကြီး၊ မြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်။ ပြီး– သတိလစ် မေ့မြောနေဆဲဖြစ်သော လျှူဟူထိုက်အား ပွေ့ချီ၍ အိမ်တံခါးဆီသို့ လျှောက်ခဲ့သည်၊ ခရေပန်းက လူထွားကြီး၏နောက်မှ ကပ်ပြီး လိုက်ခဲ့၏။

ခန့်ညားသော ဧည့်ခန်းတစ်ခုသို့ ရောက်လာသည်။ လူထွားကြီးက လျှူဟူထိုက်အား ခုံရှည်တစ်ခုပေါ်တွင် ချလိုက်၏၊ ဧည့်ခန်းတွင်ရှိနေသော ချန်လိုတန်က အံ့အားတသင့်နှင့် ထိုင်နေရာမှ ထလာပြီး....





"ဘာဖြစ်လာတာလဲ လောင်စာ"

"သခင်လေး အဆိပ်မိလာပါတယ် သခင်ကြီး"

"အဆိပ်မိလာတယ် ဟုတ်လား....၊ ဘယ်လို အဆိပ်မိတာလဲ၊ ဘယ်သူ့လက်ချက်လဲ"

"ကျွန်တော် မသိပါဘူး။ ဒီမိန်းကလေးကပြောလို့ သိတာပါ"

လူထွားကြီး လောင်စာ၏ စကားကိုကြားမှ ချန်လိုတန်က ခရေပန်းအား လှမ်းကြည့်လိုက်၏။

"မင်းက...."

"ကျွန်မ ခရေပန်းပါရှင်၊ အစ်ကိုက ကျွန်မနဲ့အတူ အရက်သောက်ရင်း အဆိပ်မိသွားတာပါ။ ဘယ်လိုဖြစ်သလဲ ဆိုတာ နောက်မှ ပြောရပါစေ။ အခု အစ်ကို့ကို အဆိပ်ပြေအောင် ကုသဖို့ အရေးကြီးပါတယ်၊ ကျွန်မကို အခန်းတစ်ခန်း အမြန်ပြပေးပါရှင်"

"မင်းက အဆိပ်ကိုနိုင်လို့လား.... ဆေးကုတတ်လို့လား"

"ဟုတ်ကဲ့.... ဒီအဆိပ်ကို ကျွန်မ ကုနိုင်ပါတယ်"

ချန်လုံဟန်က ခရေပန်းအား မေးခွန်းတွေ ဆက်မမေးတော့ဘဲ၊ သူ့အနီးတွင်ရှိသော ငွေမောင်းလေးကို တီးလိုက်သည်။ ငွေမောင်းသံပေါ်လာသည်နှင့် မရှေးမနှောင်း ချမ်းမြေ့ဂေဟာ၏ အိမ်တော်ထိန်း အပြေးအလွှားရောက်လာသည်။ အိမ်တော်ထိန်းနှင့်အတူ ဝမ်စုချီ၊ ဘွားဘွားချီယင်နှင့်စွမ်းစွမ်းတို့ပါ ပါလာ၏။

ဩ့ခန်းသို့ အရောက်တွင် သတိလစ် မေ့မြောနေသော လျူဟူထိုက်အား တွေ့သည်နှင့် အားလုံး အံ့အားသင့်သွားကြသည်။ ချန်လုံဟန်က မေးခွန်းတွေ ပေါ်မလာခင် အိမ်တော်ထိန်းအား....

"အခန်းတစ်ခန်း အမြန်ပြင်ပါ၊ ကျုပ်ရဲ့သား အဆိပ်မိလာတာကို အမြန်ဆုံး ကုဖို့လိုတယ်"

"ဟင်.... အစ်ကိုကြီး အဆိပ်မိလာတယ်"





"ဘယ်လိုဖြစ်တာလဲ"

ချန်လုံဟန်က မေးခွန်းတွေများမလာခင် လက်ကာပြလိုက်သည်။

"ကျုပ်လဲ အကျိုးအကြောင်း မသိသေးဘူး။ သားကို ဆေးကုပြီးမှပဲ စကားပြောကြတာပေါ့"

*

## အခန်း (၅)

မီးဖိုပေါ်တွင် တင်ထားသော ဆေးရည်အိုးကို ပွက်ပွက်ဆူနေသည်။ ဆေးရည်အိုးမှ ပေါ်ထွက်နေသည့် ဆေးရနံ့ သင်းပျံ့ပျံ့က အခန်းတစ်ခုလုံးသို့ ပျံ့နှံ့နေ၏။

အခန်းထဲရှိ ခုတင်တစ်လုံးပေါ်တွင် လျှူဟုထိုက် လဲလျောင်းနေသည်။ ခုတင်အနီးတွင် ခရေပန်း ရပ်နေ၏။

ခရေပန်းသည် ခရမ်းရောင်အရိပ်များ ပျောက်ကွယ်နေသည့် လျှူဟုထိုက်၏ မျက်နှာကို အကဲခတ် ကြည့်ကြည့်နေသည်။ မျက်နှာပေါ်မှခရမ်းရောင်အရိပ်များ ပျောက်ကွယ်ပြီး၊ ပင်ကိုယ်အသားရောင်သို့ ပြောင်းနေသည့် လျှူဟုထိုက်၏ မျက်နှာကို ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

လျှူဟူထိုက်၏ အခြေအနေမှာ စိတ်ချရသည့် အနေအထား သို့ ရောက်နေပြီဖြစ်သည်။ သို့သော် ခရေပန်းမှာ စိတ်နှလုံး ဒုန်းဒုန်း မချနိုင်သေး။ သူက လျှူဟူထိုက်၏ ခုတင်အနီးတွင် ရပ်နေရာမှခွာပြီး၊ ဆေးရည်ကြိုထားသည့် မီးဖိုအနီးသို့ လျှောက် သည်။ ဆေးရည်အိုးအောက်မှ မီးများ ပို၍ တောက်နေရန် ထင်းထိုးသည်။

မီးအရှိန်ပြင်းလာသည်နှင့် အိုးထဲရှိ ဆေးရည်တို့ ပို၍ဆူလာ သည်။ ဆေးရည်အိုးမှ အငွေ့တွေ ပိုတက်လာပြီး၊ အခန်းထဲတွင် မွှေးသည်ထက် မွှေးလာ၏။

ခရေပန်းက ဆေးရည်အိုးထဲသို့ ဆေးမြစ်တစ်မြစ်ကို ထည့် လိုက်သည်။ တစ်ခဏအကြာတွင် သင်းမွှေးသောရနံ့ ပေါ်ထွက် လာသည်။

မွှေးကြိုင်သင်းပျံ့လွန်းသည့် ရနံ့တွေ အခန်းထဲတွင် ဝေ လည် ပျံ့နှံ့နေသည်။ ထိုရနံ့က အိပ်ပျော်နေသော လျှူဟူထိုက်၏ နှာခေါင်းထဲသို့ အလုံးအရင်း ဝင်ရောက်နေ၏။

ခရေပန်းသည် ဆေးအိုးကျိုနေရာမှ လျှူဟူထိုက် ရှိရာသို့ ပြန်လျှောက်သည်။ အသက်ရှူသံ မှန်မှန်နှင့် အိပ်ပျော်နေသော လျှူဟူထိုက်အား ငုံ့ကြည့်လိုက်၏။





လျှူဟူထိုက်၏ နဖူးပြင်တွင် ချွေးသီးလေးများ သီးစို့လာ သည်။ ချွေးသီးချွေးပေါက်များကို သုတ်ပေးရင်း၊ ခရေပန်း၏ မျက်နှာ ပြုံးလာသည်။

သူက လျှူဟူထိုက်၏ နဖူးပြင်ပေါ်ရှိ သွေးကြောတစ်ကြော ကို လက်ဖြင့် အသာအယာ တောက်လိုက်သည်။ ပြီးနောက် လျှူဟူထိုက် လဲလျောင်းနေသည့် ခုတင်အနီးမှ ခွာသည်။ အခန်း တံခါးပေါက်ရှိရာသို့ လျှောက်ခဲ့ပြီး၊ တံခါးကိုဖွင့်၍ အပြင်သို့ လျင်မြန်စွာ ထွက်လိုက်သည်။

အပြင်ဘက်တွင် ကျယ်ပြန့်သော အခန်းတစ်ခန်းကို တွေ့ရ သည်။ ထိုအခန်းထဲတွင် ချန်လုံဟန်၊ ဝမ်စုချီ၊ ဘွားဘွားချီယင် စွမ်းစွမ်းနှင့် ရှောင်ရီဖုန်းတို့ ရှိနေသည်။ ခရေပန်း အခန်းထဲမှ ထွက်လာသည်ကို မြင်သည်နှင့် အားလုံး စိတ်အားထက်သန်စွာ လှမ်းကြည့်ကြ၏။

ခရေပန်းသည် ပင်ပန်း နွမ်းနယ်နေသည့်ကြားမှ စောင့်ဆိုင်း နေသူတို့အား ပြုံးပြလိုက်သည်။

"ကျုပ်သားရဲ့ အခြေအနေ ဘယ်လိုလဲ မိန်းကလေး"

ချန်လုံဟန်က ခရေပန်းအား အားကိုးတကြီး နိုင်သော အကြည့်ဖြင့် ကြည့်ရင်း မေးသည်။ ခရေပန်းက ပြုံးမြဲ ပြုံးနေ လျက်နှင့်....

"စိတ်ချရပါပြီ၊ သူ့ကိုယ်ထဲက အဆိပ်တွေ ချွေးပုပ်တွေ အဖြစ်နဲ့ ထွက်ကုန်ပါပြီ၊ လောလောဆယ် ရှိနေတဲ့ အခန်းထဲကို ဘယ်သူမှ မဝင်စေချင်သေးဘူး၊ နောက်ဆုံးအဆင့်အဖြစ် အဆိပ်ပြေ မွှေးရနံ့ဆေးကို ကျိုပြီး၊ အနံ့ ပေးထားပါတယ်၊ အဆိပ်မမိတဲ့ လူကောင်းတွေရှူမိရင် အားအင်ဆုတ်ယုတ်တတ်ပါတယ်၊ ကျွန်မက ပြေဆေးကို ကြိုစားထားပေမယ့် အခန်းထဲမှာ ကြာကြာပနေရဲဘူး၊ ဒီဆေးက သိပ်ပြင်းတဲ့အတွက် မွှေးရနံ့အဖြစ် ဆေးငွေ့ကို မရှူမိအောင် အပြင် ထွက်လာတာပါ"

"ဒီအနံ့က အခန်းထဲမှာ ဘယ်လောက်ကြာကြာ ရှိနေမှာလဲ"

"မီးကျသွားပြီး တစ်အောင့်လောက်ဆိုရင် အနံ့ပြယ်သွားမှာပါ၊ ကျွန်မ ဒီမှာ ခဏနားပြီးရင် အခန်းထဲကို တစ်ခေါက်ပြန်ဝင်ကြည့်မှာပါ၊ စိတ်ချရပြီဆိုရင် ဦးတို့ ဝင်ကြည့်လို့ ရပါလိမ့်မယ်။ ခဏတော့ သည်းခံပြီး စောင့်ပါရှင်...."

ခရေပန်း၏ စကားအဆုံးတွင် ချွန်လုံဟန် ခေါင်းတဆတ်ညိတ်သည်။

"မိန်းကလေး၊ ကျုပ်သားကို အဆိပ်ပြေအောင် ကုပေးနေတာဆိုတော့၊ မိန်းကလေးရဲ့စကားကို နားထောင်ရမှာပေါ့၊





အမောပြေ လက်ဘက်ရည်ကြမ်း သောက်ရင်း၊ ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ပြောပြပါဦး"

ခရေပန်းက ထိုင်ခုံတစ်လုံးပေါ်တွင် ထိုင်လိုက်သည်၊ ရှောင်ရီဖုန်း ငှဲ့ပေးသော လက်ဘက်ရည်ကြမ်းကို သောက်ရင်း၊ စားသောက် ဆိုင်တွင် သူတို့ တွေ့ကြုံရပုံတို့ကို ပြောပြသည်။

ချွန်လုံဟန်တို့က ခရေပန်း၏ စကားကို စိတ်ဝင်တစားနှင့် နားထောင်ကြသည်။ စကားအဆုံးတွင် ဝမ်စုချီက ....

"အခုအတိုင်းဆိုရင် အဆိပ်က အရက်ထဲမှာ ပါတာပေါ့"

"ဟုတ်ပါတယ်ရှင်၊ အရက်သောက်ပြီးတာနဲ့ အစ်ကိုဟာကို အဆိပ်ခတ် ခံရပြီဆိုတာ သိသွားပါတယ်၊ သူက ကျွန်မသူ့ကို အဆိပ်ခတ်ဘယ်လိုတောင် သင်သွားခဲ့ပါတယ်"

ဝမ်စုချီနှင့် ချွန်လုံဟန်တို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

"သူက မိန်းကလေးကို ဘာဖြစ်လို့ အဆိပ်ခတ်တဲ့လူလို့ ထင်သွားရတာလဲ"

"ကျွန်မနဲ့အတူ အရက်သောက်ရင်းက ဖြစ်သွားလို့နဲ့ တူပါတယ်။ အစ်ကို ကျွန်မကို ဘာဖြစ်လို့ အထင်လွဲသွားတယ်ဆိုတာ စဉ်းစားလို့ မရပါဘူးရှင်"

ဝမ်စုချီနှင့် ချန်လုံဟန်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြန်သည်။ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုဖလှယ်ဟန်ဖြင့် ကြည့်နေကြပြီးနောက်....

"စားသောက်ဆိုင်ကိုသွားပြီး စုံစမ်းကြည့်ရင် ကောင်းမယ်ထင်တယ် အစ်ကိုချန်"

"ဦးလေးဝမ် သွားပြီး စုံစမ်းကြည့်လိုက်ပါ"

ဝမ်စုချီက ခေါင်းညိတ်ပြပြီး၊ နေရာမှ ထလိုက်သည်။

"ကျွန်တော် အခုပဲ သွားစုံစမ်းလိုက်ပါမယ်"

စကားအဆုံးတွင် ဝမ်စုချီက အခန်းအပြင်သို့ လျင်မြန်စွာ ထွက်သွားသည်။ ဝမ်စုချီ ထွက်သွားပြီး မကြာခင်မှာပင် မီးခိုးရောင် ဝတ်စုံဝတ်ထားသော ချမ်းမြေ့ဂေဟာ၏ သိုင်းသမားတစ်ယောက် အခန်းထဲသို့ ဝင်လာသည်။ ထိုသူက ချန်လုံဟန်အား အရိုအသေပြုလိုက်ပြီး....





"ညှို့သည်တစ်ယောက် ရောက်နေပါတယ် သခင်ကြီး။ လူအဝင်အထွက် တင်းတင်းကြပ်ကြပ် စောင့်ကြည့်နေရမယ်ဆိုလို့ ကျွန်တော် သူ့ကို ဝင်ခွင့် မပေးသေးဘဲ၊ ခြံတံခါး အပြင်မှာ စောင့်နေခိုင်းထားပါတယ်"

"ဘယ်က ညှို့သည်လဲ"

"ဘယ်ကလဲဆိုတာတော့မပြောပါဘူး။ လူငယ်တစ်ယောက်ပါ။ သိုင်းပညာလဲ ထက်မြက်ပုံရပါတယ်။ သူ့နာမည် မုယုံကျင်းလို့ ပြောပါဆိုပြီး မှာလိုက်ပါတယ်"

မုယုံကျင်းဆိုသည့် အမည်ကို ကြားသည်နှင့် ရှောင်ရီဖုန်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူက ချန်လုံဟန်အား တစ်ချက် လှမ်းကြည့်လိုက်ပြီး....

"သူက သမီးတို့ကို အကူအညီပေးမယ့်မိတ်ဆွေတစ်ယောက်ပါ"

ချန်လုံဟန်က ခေါင်းညိတ်ပြသည်။ မီးခိုးရောင်ဝတ်စုံဝတ်ထားသည့် ဘင်းမှူးအား လှမ်းကြည့်လိုက်၏။

"သူ့ကို ဝင်ခွင့်ပြုလိုက်ပါ၊ အိမ်တော်ထိန်းကို ညှို့ခန်းမှာ ညှို့ခံထားဖို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့.... သခင်ကြီး"

"ဒီမှာ အရေးပေါ်ကိစ္စ ရှိနေတယ်။ ကင်းသမားတွေကို ခါတိုင်းထက် သတိဝီရိယပိုထားပြီး စောင့်ကြပ်ဖို့ ပြောပါ။ ကင်းတွေကို လိုက်စစ်ကြည့်ပါ"

"ဟုတ်ကဲ့.... သခင်ကြီး၊ ကျွန်တော်တို့ တာဝန်မလစ်ဟင်းစေရပါဘူး"

"ကောင်းပြီ.... မင်းအခုသွားပြီး ညွှန်သည်ကို လွှတ်လိုက်ပါ"

မီးခိုးရောင်ဝတ် ကင်းမှူးက ချန်လုံဟန်အား အရိုအသေပြုပြီး၊ အပြေးတပိုင်းထွက်သွားသည်။ ထိုသူထွက်သွားသည်နှင့် ခရေပန်း နေရာမှ ထလိုက်သည်။

"ကျွန်မ အခု အခန်းထဲကို ဝင်ကြည့်မယ်။ အနံ့အသက်ကင်းပြီး စိတ်ချရပြီဆိုရင် အားလုံး ဝင်လို့ရအောင် ကျွန်မ တံခါးဖွင့်ပေးပါမယ်"

*





ခရေပန်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော လျှူဟူထိုက်၏ အနီးတွင် ရပ်လိုက်သည်။ လျှူဟူထိုက်အား သေချာစမ်းကြည့်ပြီးနောက် ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီး–ခေါင်းကိုမော့၍ အခန်းထဲတွင် အနံ့ခံကြည့်၏။

မွှေးကြိုင် သင်းပျံ့သောရနံ့ အခန်းထဲတွင် မရှိတော့ပါ။ သူက နောက်သို့လှည့်မည်အပြုတွင် လေထိုးသံတစ်ချက် ပေါ်လာပြီး၊ ကျောပြင်တွင် ကျဉ်ခနဲဖြစ်သွား၏။

သေးကြောအပိတ်ခံရပြီ ဆိုသည့် အသိကြောင့် ခရေပန်း ရင်ထိတ်သွားသည်။ သူ့အား သက်ာမကင်းဖြစ်သူ၏လက်ချက် ဖြစ်မည်ဟု စဉ်းစားနေမိဆဲတွင် ဘွားဘွားချိုယင် အနားသို့ ရောက်လာ၏။

"မင်းကို မေးစရာရှိလို့ တခြားလူတွေ ဝင်မလာခင်မှာ ဝင်လာတာ။ မင်း ဆေးကုနေတဲ့အချိန်မှာ ငါဟိုဘက်အခန်းကနေ ကြည့်နေတယ်။ မင်းက ဆေးပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်ထားတာပဲ။ မင်းရဲ့ ကုသပုံကို ကြည့်တာနဲ့ ဝေါမေ သမားတော်ကြီးရဲ့ ပညာဆိုတာ သိတယ်။ မင်းက သူ့တပည့်လား"

အကြောပိတ် ခံထားရသဖြင့် မလှုပ်ရှားနိုင် ဖြစ်နေသော ခရေပန်း၏မျက်နှာတွင် အံ့ဩဟန်တွေ ထင်သွားသည်။

"ဟုတ်ပါတယ် ဘွားဘွား"

"ဒါဆိုရင် သူမိလာတဲ့ အဆိပ်ဟာ ဘာအဆိပ်လဲဆိုတာကို မင်းပြောနိုင်မှာပေါ့"

"ဟုတ်ကဲ့.... အစ်ကို လျှူဟူထိုက် မိလာတဲ့ အဆိပ်က အသည်းကြွေအဆိပ်ပါ။ သိပ်ပြင်းထန်ရက်စက်တဲ့ အဆိပ်ပါပဲ...."

ဘွားဘွား ချီယင်၏ မျက်နှာတွင် နားမလည်နိုင်ဟန်တွေ ထင်သွား၏။

"အသည်းကြွေ အဆိပ်ကို သုံးတဲ့လူ သိုင်းလောကထဲမှာ တစ်ယောက်တဲရှိတယ်။ သူက အဆိပ်မင်းသမီးလို့ အမည်ရတဲ့ ဝေါမေသမားတော်ကြီးရဲ့ ဇနီးဟောင်းပဲ၊ အဆိပ်မင်းသမီးဟာ၊ သမားတော်ကြီးနဲ့ကွဲပြီး သိုင်းလောကထဲက ပျောက်ကွယ်သွားတာ ကြာပြီ၊ အခု- သူပြန်ပေါ်လာပြီလား၊ ဒါမှမဟုတ်၊ မင်းကပဲ သမားတော်ကြီးရဲ့ ပညာကိုလဲရ၊ အဆိပ်မင်းသမီးရဲ့ ပညာကိုလဲ ရထားတာလား"

ခရေပန်းသည် ဘွားဘွားချီယင်၏ အမေးကို ချက်ချင်းမဖြေဘဲ၊ စဉ်းစားတွေဝေနေသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အဆိပ်ပညာကို ကျွန်မ မတတ်ပါဘူးရှင်၊ အဆိပ်ဖြေတဲ့ပညာကိုပဲတတ်ပါတယ်၊ အစ်ကိုလျှူဟူထိုက်မိလာတဲ့ အဆိပ်ဟာ အသည်းကြွေအဆိပ် ဖြစ်နေတာသိတော့၊ တစ်ဖက်ကအဆိပ်မိ





ထားတဲ့ အစ်ကို လျှူဟူထိုက်အတွက် စိတ်ပူမိတယ်၊ တစ်ဖက်ကလည်း ကျွန်မ မွေးကင်းစအရွယ်ကတည်းကထွက်သွားတဲ့မေမေ၊ အသက်မသေသေးဘူးဆိုတာ သိရလို့ ဝမ်းသာမိပါတယ်"

"မေမေ ဟုတ်လား၊ ဒါဖြင့်ရင် မင်းက"

"ဝေါမေ သမားတော်ကြီး လျှံဆွေနဲ့ အဆိပ်မင်းသမီး စန်ရင်းတော်တို့ရဲ့ သမီးပါ"

ဘွားဘွားချီယင်သည် သူလိုချင်သည့် အဖြေကိုရလိုက်သဖြင့် ကျေနပ်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။

"မင်းဟာ တစ်ခေတ်မှာ တစ်ယောက်ဆိုသလို ပေါ်ထွန်းခဲ့တဲ့ သမားတော်ကြီးရဲ့ သမီးကိုး၊ မင်းရဲ့အဖေ သမားတော်ကြီး အခု ဘယ်မှာလဲ"

"ဖေဖေ....ဖေဖေ"

ခရေပန်းက တစ်စုံတစ်ရာ ပြောမည်ပြုရင်း၊ စိတ်ထိခိုက်လဟန်ဖြင့် စကားမပြောနိုင်တော့ဘဲ ငိုချလိုက်၏။

"ဟင်.... မိန်းကလေး၊ မင်း ဘာဖြစ်လို့လဲ"

ခရေပန်းက မျက်ရည်ကျနေလျက်နှင့် ဘွားဘွားချီယင်အား လှမ်းကြည့်သည်။

"ဒီအကြောင်းတွေ ကျွန်မ ဘယ်သူ့ကိုမှ မပြောနိုင်ပါဘူး။ ပြောခဲ့ရင် သူက.... ဖေဖေ့ကို"

စကားကို ဆုံးအောင်မပြောနိုင်ဘဲ၊ ခရေပန်း၏အသံ တိမ်ဝင်သွားသည်။ ဘွားဘွားချီယင်က ခရေပန်းအား ဂရုဏာသက်ဟန်ဖြင့် ကြည့်ပြီး....

"မင်း ဖွင့်ပြောဖို့ခက်ရင် မပြောပါနဲ့ မိန်းကလေး။ ဘွားဘွား မင်းကို အတင်းအကျပ် မမေးပါဘူး။ ဘွားဘွားတို့ကို ဖွင့်ပြောလို့ အကျိုးမယုတ်နိုင်ဘူးလို့ ထင်လာတဲ့ အခါကျမှ ပြောပါ"

ဘွားဘွားချီယင်နှင့် ခရေပန်းတို့ စကားပြောနေစဉ် အပြင်ဘက်မှ လှုပ်ရှားသံ၊ စကားပြောသံများ ပေါ်လာသည်။ ဘွားဘွား ချီယင်က တံခါးပေါက် ရှိရာသို့ မျက်မှောင် ကြုံ့လျက်ကြည့်ပြီး....

"ဧည့်သည် ရောက်လာပြီထင်တယ်"

ဘွားဘွားချီယင်၏ စကားကြောင့် ခရေပန်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ကျွန်မ အခုနေမှာ အပြင် လူစိမ်းတွေနဲ့ မတွေ့ချင်ဘူး။ ဖြစ်နိုင်ရင် ကျွန်မကို လုံခြုံတဲ့တစ်နေရာပို့ပေးပါ ဘွားဘွား"





ဘွားဘွားချီယင် တွေတွေဝေဝေ ဖြစ်သွား၏။ တစ်ခဏအကြာတွင် ခေါင်းညိတ်လိုက်ပြီး ...

"မင်းက လျှိုဟူထိုက်ကို ဆေးကုပေးတာဆိုတော့ မင်းကိုလဲ ငါတို့ ကူညီရမှာပေါ့။ ငါ ဒီအထဲကို လျှို့ဝှက်အခန်း တစ်ခန်းကနေ ဝင်လာတာ၊ အဲ့ဒီအခန်း ရှိတယ်ဆိုတာ ငါနဲ့ ဒီအိမ်ရှင် ချန်လုံဟန်ပဲ သိတယ်၊ မင်း လုံလုံခြုံခြုံ နေချင်တယ်ဆိုရင် အဲ့ဒီ လျှို့ဝှက်ခန်းကို လိုက်ခဲ့ပါ"

ဘွားဘွားချီယင်က ခရေပန်းအား သွေးကြော ပြန်ဖွင့်ပေးလိုက်သည်။ ပြီး သူ့နောက်လိုက်ခဲ့ရန် လက်ဟန်ပြပြီး၊ အခန်းတစ်နေရာသို့ လျှောက်သွားသည်။ အခန်းဘယ်ဘက် နံရံအနီးတွင် ရပ်ပြီး၊ နံရံကို လက်ဖြင့်စမ်း၍ တွန်းလိုက်၏။ နံရံပေါ်မှ တံခါးတစ်ပေါက် ပွင့်သွားသည်နှင့် ထိုတံခါးပေါက်မှ အတွင်းသို့ ဝင်လိုက်သည်၊

ခရေပန်းက ဘွားဘွားချီယင်နောက်မှ ထပ်ချပ်မကွာလိုက်သည်။ တစ်ဖက်တွင်ရှိသော အခန်းတစ်ခန်းသို့ အရောက်တွင် ဘွားဘွားချီယင်က တံခါးကို ပြန်ပိတ်လိုက်၏။ ခရေပန်းအား မျက်ရိပ်ပြပြီး အခန်းတစ်နေရာသို့ ခေါ်သွားပြန်သည်။

အခန်းနံရံ တစ်နေရာတွင် ချောင်းကြည့်ပေါက်လေး တစ်ပေါက် ရှိနေသည်။ ဘွားဘွားချီယင်က၊ ခရေပန်းအား ထိုချောင်းကြည့်ပေါက်ကို ပြပြီး....

"ဒီအပေါက်ကနေကြည့်ရင် ဟိုဘက်အခန်းကို မြင်ရတယ်၊ မင်း ဒီမှာ နေခဲ့ပါ၊ ဘွားဘွား အပြင်ခန်းကို ထွက်မယ်"

"ငတ်ကဲ ဘွားဘွား၊ ကျွန်မ ဒီအခန်းကနေ ဘယ်ကိုမှ မထွက်ဘဲ နေပါ့မယ်"

ဘွားဘွားချိုယင်က ခေါင်းညိတ်ပြပြီး၊ ခရေပန်း အနီးမှ ခွာသည်။ အခန်းတံခါးနေရာသို့ လျှောက်သွားပြီး၊ တံခါးဆွဲဖွင့်၍ အပြင်သို့ ထွက်သွားသည်။

ခရေပန်းသည် အခန်းထဲတွင် ဘွေဝေစွာ ရပ်နေသည်၊ ဆုံးဖြတ်ချက်တစ်ခုကို မချနိုင်ဖြစ်နေဟန်ဖြင့် မျက်မှောင်လေး မသိမသာ ကြုံ့နေ၏။

ကြယ်တာရာ သခင်လေး၏ လက်ထဲတွင် ဓားစားခံအဖြစ် ရောက်နေသော ဖခင်ဖြစ်သူအကြောင်းကို သူ စဉ်းစားသည်၊ တစ်ဆက်တည်းပင် သူ မွေးကင်းစ အရွယ်ကတည်းက ကွဲကွာနေခဲ့သော မိခင်ဖြစ်သူအကြောင်းကို စဉ်းစားသည်။

ကြယ်တာရာ သခင်လေးက သူ့ဖခင်အား အဆိပ်ခတ်၍ ဖမ်းဆီးရာတွင် မိခင်ဖြစ်သူ၏ အကူအညီကိုများ ယူထားသလား ဟု စဉ်းစားမိသည်။ ထိုသို့ စဉ်းစားမိသည်နှင့် သူ့မျက်နှာတွင် ကြေကွဲဟန်တွေ ထင်လာ၏။





သူက ပင့်သက်တစ်ချက်ကိုရှိုက်ပြီး၊ အတွေးများကို ဖြတ်တောက်ပစ်လိုက်သည်၊ ပြီး အခန်းအလယ်တွင် ရပ်နေရာမှ ချောင်းကြည့်ပေါက် ရှိရာသို့ လျှောက်ခဲ့သည်၊ ချောင်းကြည့်ပေါက်မှနေ၍ တစ်ဖက်ခန်းသို့ ကြည့်လိုက်သည်။

တစ်ဖက်ခန်းတွင် လဲလျောင်းနေသော လျှူဟူထိုက်အား လည်းကောင်း၊ လျှူဟူထိုက်၏ ဘေးတွင် ဝိုင်းရံနေသူတို့ကို လည်းကောင်း တွေ့လိုက်ရသည်။ ဝိုင်းရံ နေသူများ ကြားမှ ထူးထူးခြားခြား ပေါ်လွင်နေသူကို သူ သတိပြုမိ၏။

"မုယိုကျင်းဆိုတာ ဒီလူပဲ ဖြစ်ရမယ်၊ သူက ဘယ်သူလဲ၊ ဒီနာမည်ကို ငါ မကြားဖူးဘူး၊ ဒါပေမယ့် သူ့ပုံသဏ္ဌာန်ကိုတော့ သိနေသလိုလိုပဲ။ အင်း.... သူဟာ...."

ခရေပန်း၏ အတွေးမဆုံးလိုက်၊ အတွေးထဲသို့ အသိစိတ်တစ်ခု ဝင်လာသဖြင့် သူ ရင်ထိတ်သွားသည်။ လုံခြုံသော လျှို့ဝှက်ခန်းသို့ ရောက်နေလျက်၊ သူ့ကိုယ်သူ မလုံခြုံသလို ခံစားလိုက်ရလေ၏။

## အခန်း (၆)

"အသည်းကြွေ အဆိပ်ဆိုတာ သိပ်ပြင်းထန်တဲ့ အဆိပ်ပဲ။ တို့ဝါရင့် သိုင်းဆရာကြီးတွေ ပြောတာ ကြားဖူးတယ်။ ကျွန်တော်တို့ လူမှန်းသိကတည်းက သိုင်းလောကထဲမှာ ဒီအဆိပ်ကို အသုံးပြုတယ်ဆိုတာ မကြားဖူးဘူး"

"အနှစ် နှစ်ဆယ်အတွင်း ခုတစ်ကြိမ်ဟာ ပထမဆုံးပဲ။ အဆိပ်မင်းသမီးက ဒီအဆိပ်ကို အသုံးပြုပြီး သိုင်းလောကထဲက ပျောက်ကွယ်သွားခဲ့တာ အနှစ်နှစ်ဆယ်ကျော်ပြီ။ ခုတစ်ခါ ဒီအဆိပ်နဲ့အတူ သူ ပြန်ပေါ်လာပြီ။ သူက ကျုပ်ရဲ့ သားကိုမှ ဘာဖြစ်လို့ ရွေးပြီး အဆိပ်ခတ်တာလဲ။ အဲဒါကို ကျုပ်တို့ စဉ်းစားလို့ မရဘူး"

မုယုံကျင်းတာ ချန်လုံဟန်၏ စကားကို ဒေဖန်စဉ်းစားဟန်ဖြင့် ငြိမ်နေရင်း၊ အိပ်ပျော်နေရာမှ နိုးလာဟန် လှုပ်ရှားလာသော လျှူဟူထိုက်အား လှမ်းကြည့်လိုက်သည်။

လျှာထိုက် သည် မှေးမှိတ်ထားသည့် မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်လိုက်၏။ ပြီး– အိပ်နေရာမှ ဖျပ်ခနဲထထိုင်သည်။

"ဖေဖေ.... ကျွန်တော်"

ချန်လုံဟန်က မေးခွန်းထုတ်ရန် စကားစလိုက်သော လျှူဟူထိုက်အား ခေါင်းခါပြသည်၊ လျှူဟူထိုက်က သူ မေးမည့် စကားကို မြိုသိပ်ထားလိုက်၏။

"မင်း.... စားသောက်ဆိုင်မှာ အရက်သောက်ရင်း အဆိပ်မိလာခဲ့တယ်။ မိန်းကလေး တစ်ယောက်က မင်းကို အိမ်ပြန်ရောက်လာအောင် ပို့ပေးတယ်"

"အဲဒီမိန်းကလေး အခု ဘယ်မှာလဲ"

"မင်းကို ပို့ပေးပြီး ပြန်ထွက်သွားတယ်။ သူ့ကို ဘယ်သူ ဘယ်ဝါမှန်းတောင် မသိလိုက်ရဘူး။ ကြည့်ရတာ အဆိပ်ခတ်တဲ့လူဟာ အဲဒီမိန်းကလေး ကိုယ်တိုင်နဲ့ တူတယ်"





ချန်လုံဟန်၏ စကားကို အကြားတွင် ဘေးမှာ ရပ်ပြီး နားထောင်နေသည့် မုယုံကျင်း မျက်မှောင်ကြုံ့သွားသည်။

"အဲဒီမိန်းကလေးက အဆိပ်ခပ်တဲ့လူဆိုရင် သူကိုယ်တိုင် အိမ်ရောက်အောင် ဘယ် ပြန်လာပို့ပါ့မလဲ၊ သူ့လက်ချက် မဟုတ်လို့ လာပို့တာပဲ ဖြစ်ရမယ်"

"အဲသလိုထင်အောင် သူက တမင်လုပ်တာ နေမှာပေါ့။ ဒါကြောင့် အဆိပ်မိထားတဲ့ လူကို ထားခဲ့ပြီး၊ ခြံဝင်းထဲက ချက်ချင်း ပြန်ပြေးသွားတာ ဖြစ်မယ်။ ကိုယ်ဖော့ပညာ ဒါ လောက်ကောင်းတဲ့ မိန်းကလေးဟာ သိုင်းပညာလဲတော်လိမ့်မယ်။ ပြီးတော့ အဆိပ်ပညာကို တစ်ဘက်ကမ်းခတ် တတ်ကျွမ်းသူလဲ ဖြစ်နိုင်တယ်"

ချန်လုံဟန်က အခန်းထဲတွင် ရှိနေသူများကို ဝေ့ကြည့်ပြီး ပြောသည်။ ချန်လုံဟန်၏ အမူအရာကြောင့် အားလုံးက ခရေပန်းနှင့် ပတ်သက်ပြီး လျှို့ဝှက်ထားလို၍ အမှန်အတိုင်း မပြောခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။

"ညီလေးက အဲဒီမိန်းကလေးနဲ့ ဘယ်လိုတွေ့ခဲ့တာလဲ"

လျှူဟူထိုက်က ယောကျ်ားပီသ ချောမောသော မုယုံကျင်းအား စူးစူးစိုက်စိုက်နှင့် ကြည့်သည်။

"သူ့နာမည်က ခရေပန်းလို့ ခေါ်ပါတယ်။ စားသောက်ဆိုင် တစ်ဆိုင်မှာ လူငယ်တစ်စုက သူ့ကို နှောင့်ယှက်နေတာ တွေ့လို့ ကျွန်တော်က ဝင်ဟူညီရင်း သိသွားတာပါ။ နှောင့်ယှက်တဲ့ လူတွေ ထွက်သွားပြီးတဲ့နောက် စားသောက်ဆိုင်မှာ သူနဲ့အတူ အရက်သောက်ရင်း၊ အရက်ထဲမှာပါတဲ့ အဆိပ်မိတာပဲ"

"အဆိပ်ခတ်တာ သူကိုယ်တိုင် ဆိုရင်တော့ တော်တော်ကျေးဇူးကန်းတာပဲ၊ ခရေပန်း ဆိုတဲ့ နာမည်နဲ့ ပတ်သက်ပြီး အစ်ကို စုံစမ်းကြည့်ပါမယ်။ ဒီကိစ္စဟာ ခုတစ်လော သိုင်းလောကထဲမှာ ပေါ်ပေါက်နေတဲ့ အမှုအခင်းတွေနဲ့ အဆက်အစပ် ရှိလာမယ်၊ ညီလေးက ကြယ်တာရာအဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်တာမျိုး ရှိခဲ့ဖူးသလား...."

"ကျွန်တော် ကြယ်တာရာအဖွဲ့ဆိုတာကို မသိပါဘူး၊ တိုက်ခိုက်မိတဲ့ အထဲမှာ ကြယ်တာရာအဖွဲ့ကလူတွေ ပါချင် ပါမှာပေါ့"

မုယုံကျင်းက လျှုဟူထိုက်၏ စကားကို လက်ခံဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ညီလေးပြောသလိုပဲ ဖြစ်ရမယ်၊ ကြယ်တာရာ အဖွဲ့ရဲ့ လှုပ်ရှားမှုဟာ ခုတစ်လောမှာ ပိုများလာတယ်၊ ကျွန်တော်





အားလုံးကို တစ်ခုပြောပါရစေ။ ကြယ်တာရာအဖွဲ့က လောကရဲ့ အကြီးဆုံးရန်သူပဲ။ ဒီအဖွဲ့က မြို့စား ရွာစားတွေခုခင် အုပ်ချုပ်ရေးကိုပါ ထိပါးလာပြီး ဒီတော့ ကြယ်တာရာအဖွဲ့နဲ့ ပတ်သက်ပြီး ထူးခြားတဲ့သတင်းရရင် ကျွန်တော့်ကိုအကြောင်းကြားပါ။ ကျွန်တော် ဟန်ကြူး မြို့စားရဲ့အိမ်မှာ တည်းခိုပါတယ်"

"ဒါထက်.... တူမောင်က"

"နေပြည်တော်က တာဝန်အရ ရောက်လာတဲ့ အမှုထမ်းတစ်ယောက်ပါ။ ညီမရှောင်ရိဖုန်းတို့ ဘဘဝမ်စုချီတို့နဲ့ ကျွန်တော် ခရီးကြုံ သွားဖူးပါတယ်...."

"ဘယ်သူလဲဟေ့.... ကျုပ်နဲ့ ခရီးကြုံသွားဖူးတာ၊ သြော်-လူလေး မုယုံကျင်းကိုး။ မင်း.... ဒီမြို့ကို ရောက်နေပြီဆိုတော့ ဒီမြို့မှာ ကြယ်တာရာ အဖွဲ့ရဲ့ လှုပ်ရှားမှုတွေ ရှိနေတယ်လို့ ခန့်မှန်းရတော့မှာပေါ့၊ ဟုတ်လား...."

ခပ်ကျယ်ကျယ် ပြောလိုက်သည့် စကားသံနှင့်အတူ ဝမ်စုချီ အခန်းထဲသို့ ဝင်လာသည်။

"ဘဘဝမ် ပါလား၊ ကျွန်တော် ဒီကို ရောက်ရောက်ချင်း ဘဘအကြောင်း မေးပါတယ်။ ဘဘ အပြင်သွားနေတယ် ဆိုလို့"

မင်း၈၇၉၀

"ဟုတ်တယ်ပေါ့.... အသည်းကြွေ အဆိပ် သုံးတဲ့ လူက
ဘယ်သူဖြစ်မလဲဆိုတာ သွားစုံစမ်းတာ၊ အဆိပ်ခတ်တာ စား
သောက်ဆိုင်က စားပွဲထိုးပဲ၊ သူ့ကို တစ်ယောက်ယောက်က
ခိုင်းလို့ လုပ်တာပါ။ ခု.... သူကိုယ်တိုင်လည်း နှုတ်ပိတ်ခံလိုက်
ရပြီ"

"ဘယ်လို လုပ်ကြံခံရတာလဲ"

"အသည်းကြွေအဆိပ် မိသွားတာပဲ၊ ဒီစားပွဲထိုးဟာ ခု
တစ်လော လူတစ်ယောက်နဲ့ မြို့ပြင် ဘုံကျောင်းမှာ သွားသွား
တွေ့တတ်တယ်လို့ သိရတယ်။ အဲဒီလူဟာ အဝါရောင်အဝတ်
အစား ဝတ်လေ့ ရှိပြီး၊ မျက်နှာကို ဖုံးထားတတ်တယ်လို့
တွေ့တဲ့လူက ပြောတယ်၊ အခုအတိုင်းဆိုရင် အဆိပ်ခတ်ခိုင်းတဲ့
သူဟာ ကြယ်တာရာအဖွဲ့ကလူပဲ ဖြစ်လိမ့်မယ်...."

ဝမ်စုချီက သူ တွေ့ခဲ့၊ သိခဲ့သမျှကို အားရ ပါးရ ပြောရင်း
ချန်လုံဟန်နှင့် အကြည့်ချင်း ဆုံမိသွားသည်။ ချန်လုံဟန်က
မသိမသာ ခေါင်းခါပြပြီး....

"ဒါဆိုရင် အဆိပ်ကိစ္စဟာ သားကိုလာပို့ပြီး ချက်ချင်း
ပြန်ထွက်ပြေးသွားတဲ့ ခရေပန်းနဲ့ မဆိုင်ဘူးပေါ့၊ ခရေပန်းဟာ
တရားခံမဟုတ်ပေမယ့် သူ့အကြောင်းကို ကျုပ်တို့ သိထားဖို့
တော့ လိုတယ်၊ တူမောင်အနေနဲ့ ခရေပန်းအကြောင်း စုံစမ်း
လို့ရရင် ကျုပ်တို့ကို အသိပေးပါ"





"စိတ်ချပါခင်ဗျား၊ ကျွန်တော် အမြန်ဆုံး သိရအောင်
စုံစမ်းပါမယ်။ ဘဘဝမ် ကျွန်တော့်မှာ ကိစ္စလေးတစ်ခုရှိလို့
သွားလိုက်ဦးမယ်၊ ကျွန်တော် ဘဘဝမ်တို့ဆီကို မကြာခဏ
လာပြီး ဆက်သွယ်ပါ့မယ်"

စကားအဆုံးတွင် မုယုံကျင်းက အခန်းထဲမှ လျင်မြန်စွာ
ထွက်သွား၏။ ရှောင်ရိဖုန်းသည် မုယုံကျင်း၏နောက်မှ ထပ်ကြပ်
လိုက်သွားသည်။

အခန်းထဲတွင် တစ်ခဏမျှ ငြိမ်သက် တိတ်ဆိတ်သွားသည်၊
အခန်းထဲတွင်ရှိနေသူများ တစ်ယောက်မျက်နှာ တစ်ယောက်
ကြည့်ကြ၏။

စွမ်းစွမ်းကငြိမ်သက်တိတ်ဆိတ်နေသော လူကြီးတစ်ယောက်
စီ၏ မျက်နှာကိုကြည့်ပြီး ရယ်လိုက်သည်။ စူးရှသော စွမ်းစွမ်း
၏ ရယ်သံ အခန်းထဲတွင် ပျံ့သွား၏။

"ဘွားဘွားတို့ ဘာဖြစ်လို့ စကားမပြောကြတာလဲ၊ ဘိုးဘိုး
ကကော ဟိုမမ ထွက်မသွားဘဲနဲ့ ဘာဖြစ်လို့ ချက်ချင်းထွက်
သွားတယ်လို့ ပြောတာလဲ"

ကလေးပီပီ ဟန်ဆောင်မှုကင်းမဲ့စွာ ပြောလိုက်သည့် စွမ်းစွမ်း၏ စကားကြောင့် ချန်လုံဟန် ပြုံးလိုက်သည်။ စွမ်းစွမ်း၏ ခေါင်းကို ချစ်စနိုး လှမ်းပုတ်ပြီး....

"လူစိမ်းတစ်ယောက် ရှိနေတဲ့အချိန်မှာ ကိုယ့်အတွင်းရေးကို မပြောသင့်ဘူး သမီး။ မုယုံကျင်းက နေပြည်တော်က အမှုထမ်း ဆိုပေမယ့် ဘိုးဘိုးတို့ သူ့အကြောင်းကို သေသေချာချာ သိတာမဟုတ်ဘူး၊ အဲဒါကြောင့် တမင်သက်သက် ပြောလိုက်ရတာ။ အမှန်အတိုင်း ပြောတယ်ဆိုတာ နေရာတကာမှာ မကောင်းဘူး သမီးရဲ့"

ချန်လုံဟန်က စွမ်းစွမ်းအား ရှင်းပြရင်း၊ အားလုံးသိအောင် ပြောလိုက်သည်။

"မုယုံကျင်းကို အစ်ကိုချန်က ဘာဖြစ်လို့ မယုံတာလဲ၊ သူ့ကို မယုံချင်စရာ အကြောင်းရှိလို့လား"

"ခုထိအောင်တော့ ဘာအကြောင်းမှ မရှိသေးဘူး၊ သူ့ကို စိတ်ထဲက အလိုလိုနေရင်း မယုံတာပါ၊ လူတိုင်းအပေါ် ယုံပြီး ကိုယ့်အတွင်းရေး ကိစ္စတွေကို လျှောက်ပြောနေရင် တစ်ချိန်မှာ အန္တရာယ်ဖြစ်နိုင်တယ်၊ မုယုံကျင်းကိုမှ မဟုတ်ဘူး၊ လူစိမ်းမှန်ရင်





ဘယ်သူ့ကိုမှ မယုံပါနဲ့။ ဒါပေမယ့် သူ့ကို ယုံကြည်တဲ့ဟန်နဲ့ ဆက်ဆံရမယ်၊ ဒါမှ သူ့ဆီက သတင်းစကားတွေကို ရမှာ"

"အခုလိုပြောနေပုံထောက်တော့ အစ်ကိုကြီးချန်မှာ အစီအစဉ် တစ်ခု ရှိနေပြီထင်တယ်"

ချန်လုံဟန်က ခေါင်းညိတ်ပြလိုက်သည်။

"ပန်းပွင့်ဖိတ်စာ ရပြီးတဲ့နောက် ဘာလုပ်ရမယ်ဆိုတာ စဉ်းစားရင်း၊ ဒီနေ့မှာပဲ အကြံတစ်ခုရတယ်။ ငါ့ဆီကို ရောက်လာတဲ့ ပန်းပွင့်ဖိတ်စာဟာ အစစ်မဟုတ်နိုင်ဘူး၊ အတုပဲ ဖြစ်ရမယ်၊ ဒါကြောင့် ဖိတ်စာပို့ပြီး ပန်းပွင့်သခင် ရောက်မလာတာပေါ့။ ဒါကြောင့် ငါက အခုလိုလုပ်ဖို့ စဉ်းစားထားတယ်"

ချန်လုံဟန်က သူစိတ်ကူးထားသည့် အစီအစဉ်ကို အသေးစိတ် ပြောပြလေ၏။

*

ခရေပန်းက သက်ပြင်းတစ်ချက်ကို ညင်သာစွာ ချလိုက်လေသည်။ သူက သူ့မျက်နှာ လှလှလေးပေါ်တွင် ထင်နေသည့် ကြေကွဲမှုများကို ဖုံးကွယ်ရန် ကြိုးစားရင်း ပြုံးလိုက်သည်။

"အစ်ကို ကျွန်မကို သံသယဖြစ်နေတုန်းပဲလား"

လျှူဟူထိုက်က မပြုံးမရယ်ဘဲ၊ မျက်နှာထား တည်တည်နှင့် ခရေပန်းအား ကြည့်သည်။ ပြစ်မျိုးမွဲမထင် လှပသော ခရေပန်း မျက်နှာကို ကြည့်ရင်း၊ သူ့ရင်တွင်းတွင် သံသယတွေ ပွားသည်ထက် ပွားလာ၏။ သို့သော် သူက ရင်ထဲမှ ခံစားချက်နှင့် ဆန့်ကျင်စွာ ချိုချိုသာသာ ပြုံးလိုက်ပြီး....

"အစ်ကို မင်းကို အထင်မှားမိတဲ့အတွက် တောင်းပန်ပါတယ်၊ အစ်ကို ခံစားနေရတဲ့ အဆိပ်ဝေဒနာတွေ သက်သာပျောက်ကင်းအောင် ကုပေးတဲ့အတွက်လဲ မင်းကို ကျေးဇူးတင်ပါတယ်...."

လျှူဟူထိုက်၏စကားကြောင့် ခရေပန်း စိတ်သက်သာသွားပုံရသည်။ သူ့မျက်နှာမှာ တိမ်ကင်းစင်သော လမင်းပမာ ဝင်းပလာ၏။

သူက ခရေပန်း၏ မျက်နှာကို ခဏ ငေးကြည့်သည်၊ ခရေပန်းသည် သူထင်ထားသကဲ့သို့ မဟုတ်ဘဲ၊ အပြစ် ကင်းစင်သူ ဖြစ်စေချင်သည့် ဆန္ဒက သူ့ရင်ထဲမှာ ကိန်းအောင်းနေ၏၊





"ပြန်စဉ်းစားကြည့်တော့ အဆိပ်ခတ်ခံရတဲ့ကိစ္စမှာ ညီမရဲ့ ပယောဂ မပါနိုင်ပါဘူး။ ညီမဟာ အစ်ကိုကို အကောက်မကြံဘူး ဆိုတာ အစ်ကို ယုံကြည်ပါတယ်"

လျှူဟူထိုက်၏ သိမ်မွေ့သည့်အပြော၊ အေးချမ်းသည့် အမူအရာကြောင့် ခရေပန်း၏ စိတ်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။ ရိုးသားသူ တစ်ယောက်အပေါ် လိမ်ညာ လှည့်စားနေရခြင်းအတွက် သူ့ကိုယ်သူ မကျေမနပ် ဖြစ်သွားသည်။

"ညီမဟာ ဒုက္ခရောက်လာတဲ့ မိန်းကလေး တစ်ယောက် ဖြစ်တဲ့အကြောင်း အစ်ကို့ အဖေကို ပြောပြ ထားပါတယ်၊ အဖေက ညီမကို အကူအညီ ပေးပါလိမ့်မယ်၊ ညီမရဲ့ နေရေးစားရေးအတွက် ဘာမှ မပူပါနဲ့"

"အစ်ကိုက ကျွန်မကို ဒီမှာနေဖို့ ပြောတာလား၊ ကျွန်မ ဒီမှာ မနေပါဘူးရှင်"

ခရေပန်း၏ စကားကြောင့် လျှူဟူထိုက် မျက်မှောင်ကြုတ်သွားသည်။

"ဒီမှာမနေရင် ညီမက ဘယ်ကို သွားမှာလဲ၊ သွားစရာ နေရာကော ရှိလို့လား"

"သွားစရာရှိလို့ မဟုတ်ပါဘူး။ ကျွန်မအတွက်နဲ့ သူများကို ဒုက္ခ...."

"အကူအညီလိုတဲ့လူကို ကူညီတာဟာ ဒုက္ခ မဟုတ်ပါဘူး ညီမ။ ဖေဖေဟာ ညီမရဲ့ မိဘတွေနဲ့ တရင်းတနှီး ရှိပါတယ်၊ သူ့မိတ်ဆွေတွေရဲ့သမီးကို အဖေက စိတ်ထင်ရာ လျှောက်သွားခွင့် ပေးမှာ မဟုတ်ဘူး"

လျှူဟူထိုက်၏ စကားအဆုံးတွင် ခရေပန်းက အကြံရခက်သွားဟန်ဖြင့် မျက်လွှာချလိုက်သည်။ ခရေပန်း၏ ကမူအရာကြောင့် လျှူဟူထိုက် ပြုံးလိုက်၏။

"ညီမ.... ဒီမှာသာနေပါ၊ တခြား ဘယ်ကိုမှ မသွားပါနဲ့၊ အဖေ့ကို အစ်ကို သေသေချာချာ ပြောထားပြီးပါပြီ၊ မမရှောင်ရီဖုန်းကလဲ ညီမကို အဖော်လုပ်ပြီး နေပါလိမ့်မယ်"

ခရေပန်းက လျှူဟူထိုက်အား တွေတွေဝေဝေလေး ကြည့်သည်၊

"အစ်ကိုက တစ်နေရာကို သွားစရာရှိနေလို့လား"

"တစ်ညအိပ်လောက်ကြာမယ့် ခရီးတစ်ခုကို သွားဖို့ရှိတယ်၊ အဖေက ငွေဟိုက်တစ်ခုကို စာရင်းစစ်ခိုင်းလို့ သွားစစ်ရမှာပါ"





"အစ်ကိုတစ်ယောက်တည်း သွားမှာလား"

လျှူဟူထိုက်၏ မျက်နှာတွင် သတိထားဟန်ပေါ်သွားသည်။ သူက သူ့မျက်နှာပေါ်မှ အပြောင်းအလဲကို ခရေပန်း မရိပ်မိစေရန် ဟန်ဆောင်ပြီး ရယ်လိုက်သည်။

"အစ်ကိုက စာရင်းစစ်ကိစ္စကို နားလည်တာမှ မဟုတ်တဲ့ အဖေ့ကိုယ်စား စာရင်းစစ်အဖွဲ့ကို ခေါင်းဆောင်ပြီး သွားရမှာ၊ စာရင်းစစ်မယ့်လူနဲ့ ချမ်းမြေ့ဂေဟာက အမှုထမ်းတွေအားလုံးပေါင်း ဆယ်ယောက်လောက် ပါပါလိမ့်မယ်"

ခရေပန်းက မေးခွန်း ဆက်မထုတ်တော့ဘဲ၊ တစ်စုံတရာကို တွေးတောနေဟန် ငိုင်တွေတွေလေး ဖြစ်သွား၏၊ ခရေပန်းတွင် တစ်ပုံတရာ အကြံအစည်ရှိလိမ့်မည်ဟု သိသော်လည်း၊ ခရီးထွက်ရာတွင် လိုက်ပါချင်လိမ့်မည်ဟု လျှူဟူထိုက် မထင်မိပေ။

"နေမြင့်လာပြီ၊ အိမ်ကိုပြန်ကြရအောင် ညီမ"

လျှူဟူထိုက်၏ စကားကိုကြားသည်နှင့် ခရေပန်း ထိုင်နေရာမှ ထလိုက်သည်၊ ခြံဝင်းကျယ်ကြီး၏ နောက်ပိုင်းတွင်ရှိသော တောအုပ်ထဲမှ နှစ်ယောက်အတူ ထွက်ခဲ့သည်၊

အခဆောင်တွေ၊ အခန်းတွေ များပြားပြီး ခန်းနားကြီးကျယ်သော ချမ်းမြေ့ဂေဟာအနီးသို့ ရောက်လာသည်။ သူတို့ အိမ်ထဲသို့ ဝင်မည်အပြုတွင် ခပ်လှမ်းလှမ်းမှ ပြေးလာသော စွမ်းစွမ်းအား တွေ့လိုက်ရ၏။

စွမ်းစွမ်းက လျှူဟူထိုက်တို့ အိမ်ထဲသို့မဝင်ခင် မီအောင် ပြေးလာသည်။ အနားသို့ ရောက်ရောက်ချင်း၊ ခရေပန်းဘေးတွင် ရပ်နေသော လျှူဟူထိုက်၏လက်ကို ဆွဲကိုင်ပြီး....

"အစ်ကိုကြီး.... ဘယ်ကိုသွားနေတာလဲ၊ ညီမလေးလိုက်ရှာနေတာ ကြာပြီ"

လျှူဟူထိုက်က စွမ်းစွမ်း၏ခေါင်းကို ကြင်နာစွာ လှမ်းကိုင်လိုက်၏။

"ညီမလေးက ကစားဖော် အဖော်မရှိလို့လား"

စွမ်းစွမ်းက လျှူဟူထိုက်၏ အမေးကို မဖြေဘဲ နှုတ်ခမ်းကလေး စူလိုက်သည်။ လျှူဟူထိုက်က စွမ်းစွမ်း၏ ပါးဖောင်းဖောင်းလေးကို လိမ်ဆွဲပြီး....

"ညီမလေးကို အိမ်ပေါ်မှာမတွေ့လို့ ခြံထဲဆင်းပြီးရှာနေတာ၊ ညီမလေးကကော ဘယ်သွားနေတာလဲ"





"မဟုတ်ဘူး.... မဟုတ်ဘူး.... အစ်ကိုကြီးတို့ ညီမလေးကို ရှာတာ မဟုတ်ဘူး။ အစ်ကိုကြီးနဲ့ မမ စကားပြောချင်လို့ နှစ်ယောက် တိတ်တိတ်ကလေး ခြံနောက်ပိုင်းကို သွားတာ မဟုတ်လား"

"မဟုတ်ပါဘူး ညီမလေးရယ်"

"ဟွန်း.... ဘာမဟုတ်တာလဲ၊ အစ်ကိုကြီးက မမနဲ့စကားပြောနေရရင် ကျေနပ်နေတာ၊ ညီမ သိသားပဲ"

"ဟာ.... ဒီကောင်မလေး"

လျှူဟူထိုက်က ရှက်ရယ် ရယ်ရင်း စွမ်းစွမ်း၏ ခေါင်းကို လှမ်းပုတ်လိုက်သည်။ ပြီး–ခရေပန်းအား လှမ်းကြည့်သည်။

ခရေပန်းက လျှူဟူထိုက်အား မကြည့်ဘဲ မျက်လွှာချထားသည်။ ရှက်သွားဟန်ဖြင့် သူ့ ပါးပြင်မို့မို့တွင် သွေးရောင်လွှမ်းနေ၏။

"ညီမပြောတာ မဟုတ်ဘူးလား"

စွမ်းစွမ်းသည် ကလေးပီပီ ပြောသင့် မပြောသင့် မစဉ်းစားဘဲ၊ သူပြောချင်ရာကို ပြောနေခြင်းကြောင့် လျှူဟူထိုက်

မျက်နှာထားရ ခက်သွား၏။ ထို့အပြင် သူက ခရေပန်းအား အိမ်ထဲဝင်ရန် မျက်ရိပ်ပြလိုက်ပြီး....

"ညီမလေးက အစ်ကိုကြီးကို ဘာဖြစ်လို့ လိုက်ရှာနေတာလဲ ပြောပါဦး"

"ဘိုးဘိုးက ရှာခိုင်းလို့ပါ"

"အဖေက ရှာခိုင်းတယ် ဟုတ်လား"

စွမ်းစွမ်း ခေါင်းညိတ်ပြသည်။

"ဘိုးဘိုးရယ်၊ ဘွားဘွား ချိုယင်ရယ်၊ အစ်ကိုကြီးကို စာကြည့်ခန်းထဲမှာ စောင့်နေကြတယ်"

"ဒါဆိုရင် သွားကြရအောင် ညီမလေး"

လျှိုဟူထိုက်က စွမ်းစွမ်းအား လက်ဆွဲပြီး အိမ်ထဲသို့ဝင်သည်။

အိမ်ထဲသို့အရောက်တွင် ခရေပန်း၏ အရိပ်အယောင်ကိုပင် မမြင်ရတော့။ လျှိုဟူထိုက်က စွမ်းစွမ်းအား လက်ဆွဲပြီး စာကြည့်ခန်းဆီသို့ လျှောက်ခဲ့သည်။





စာကြည့်ခန်းအနီးသို့ အရောက်တွင် အခန်းထဲမှ စကားပြောသံများကို ကြားရသည်။ ထိုစကားသံမှာ ချန်လုံဟန်နှင့် ဘွားဘွားချိုယင်တို့၏ စကားသံများဖြစ်သည်။

## အခန်း (၇)

ချန်လုံဟန်သည် လှောင်အိမ်ထဲတွင် နောက်ဆုံးကျန်နေသည့် ခိုကို ထုတ်ယူလိုက်သည်။ ခို၏ခြေထောက်တွင် စာပို့ ဝါးကျည်ထောက် သေးသေးလေးကို ချည်နှောင်ချိတ်ဆွဲလိုက်၏။

သူက စာပို့ခိုကို လက်မောင်းပေါ်တင်ထားရင်း၊ ကောင်းကင်ပေါ်သို့ မော့်ကြည့်သည်။ မှုတ်မိကင်းစင်ပြီး၊ ကြည်လင်ပြာလဲ့နေသော ကောင်းကင်ပေါ်တွင် မည်းမည်းအစက် ငါးစက်ကို တွေ့ရသည်။ ထိုမည်းမည်းအစက်များမှာ သူလွှတ်လိုက်သည့် စာပို့ခိုများပင် ဖြစ်၏။

ချန်လုံဟန်သည် အစက်အပျောက်ကလေးအဖြစ်သာ မြင်ရတော့သည့် စာပို့ခိုများကိုကြည့်ပြီး ပြုံးလိုက်သည်။ ပြီးနောက်

သူ့လက်မောင်းပေါ်တွင် ရှိနေသော စာပို့ခိုကို လေထဲသို့ မြှောက်တင်ပစ်လွှတ်လိုက်၏။ စာပို့ခိုမှာ တောင်ပံ တဖျပ်ဖျပ် ခတ်ပြီး၊ အနောက်ဘူးစူးသို့ ဦးတည် ပျံထွက်သွားသည်။

ချန်လုံဟန်က ပထမလွှတ်လိုက်သည့် စာပို့ခို ငါးကောင်ကို ကြည့်သည်။ အစက်အပျောက်ကလေးအဖြစ် မြင်ခဲ့ရသည့် စာပို့ ခိုများ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပြီ ဖြစ်သည်။ ယခု နောက်ဆုံးလွှတ်လိုက်သည့် စာပို့ခိုပင် အဝေးသို့ ရောက်သွား ပြီ ဖြစ်၍ အမည်းစက်တစ်စက်အဖြစ်သာ မြင်နေရတော့သည်။

ချန်လုံဟန် ကျေနပ်စွာပြုံးပြီး၊ ငှက်ရလှောင်အိမ်အနီးမှ ခွာ သည်။ သူက လှောင်အိမ်တံခါးကို ပိတ်လိုက်ပြီးနောက် အိမ် ရှိရာသို့ ခပ်သုတ်သုတ် လျှောက်ခဲ့၏။

အိမ်ရှေ့တွင် ခရီးထွက်ရန် အသင့်ဖြစ်နေသော သူ့လက် အောက် အမှုထမ်းများကို တွေ့ရသည်။ အားလုံးမှာ မြင်းကိုယ်စီ နှင့် ဖြစ်ပြီး၊ အပြာရောင် ဆေးသုတ်ထားသော ဘီဒိုမြင်းလှည်း တစ်စီးအနားမှာ ရပ်နေသည်။ မြင်းလှည်းတံခါးမှာ ပိတ်ထား လျက်ရှိပြီး၊ ပြတင်းပေါက်ကို အပြာရောင်ခန်းဆီးဖြင့် ကာထား သည်။

မီးခိုးရောင် ဝတ်ဆင်ထားသော မြင်းစီးသမား များသည် ချန်လုံဟန်အား တွေ့သည်နှင့် မြင်းပေါ်မှနေ၍ ဂါရဝပြုကြ





သည်၊ ချန်လုံဟန်က မြင်းစီးသမား ဆယ်ယောက်ကို ကစ်ချက် လှမ်းကြည့်ပြီး....

"လမ်းမှာ သတိဝီရိယနဲ့ သွားကြပါ၊ မင်းတို့ သခင်လေး ကိုလဲ စောင့်ရှောက်ပါ"

"စိတ်ချပါ သခင်ကြီး"

မီးခိုးရောင်ဝတ်စုံ ဝတ်ထားသူများ၏ ခေါင်းဆောင် ဖြစ် သော နဖူးတွင် မီးခိုးရောင်ပိတ်စတစ်စ စည်းထားသူက ပြော သည်။

"မင်းတို့သခင်လေး မြင်းလှည်းထဲကို ရောက်နေပြီလား"

"ဟုတ်ကဲ့။ ရောက်နေပါပြီ"

"ကောင်းပြီ။ မင်းတို့ သွားကြတော့"

မီးခိုးရောင်ဝတ်များ၏ ခေါင်းဆောင်က ဘီဒိုမြင်းလှည်း အမိုးပေါ်တွင် ထိုင်နေသော မြင်းလှည်း မောင်းသမားကို အချက်ပြလိုက်သည်။ မြင်းလှည်းမောင်းသမားက ကြာပွတ်သံ ရှမ်း‌ခနဲ တစ်ချက်ပေးပြီး၊ မြင်းလှည်းကို မောင်းထွက်လိုက်သည်။

မီးခိုးရောင်ဝတ်ထားသူ ငါးယောက် မြင်းကို ဖနောင့်ဖြင့် တို့ပြီး၊ မြင်းလှည်းရှေ့သို့ ပန်းတက်သွားသည်၊ ကျန်ငါးယောက် က မြင်းလှည်းနောက်မှ ခြံရံပြီး လိုက်သွားကြ၏။

ချန်လုံဟန်သည် အိမ်ရှေ့တွင်ရပ်ပြီး၊ ထွက်ခွာသွားသော မြင်းလှည်းနှင့် မြင်းစီးသမားတို့အား ကြည့်နေသည်။ သူတို့အားလုံး ခြံဝင်းအပြင်သို့ ရောက်သွားမှ နေရာကခွာပြီး၊ အိမ်ထဲသို့ ဝင်သည်။

"သူတို့ သွားကြပြီလား"

အိမ်ရှေ့ ဧည့်ခန်းဆောင်သို့အရောက်တွင် ရှောင်ရီဖုန်းနှင့်အတူ ထိုင်စောင့်နေသော ဝမ်စုချီက မေးလိုက်သည်။ ချန်လုံဟန်က ခေါင်းညိတ်ပြလိုက်၏။

"သွားပြီ"

"ဆက်သွယ်သတိပေးတဲ့ ကိစ္စကော"

"လုပ်ပြီးပါပြီ"

"အလုပ်နှစ်ခု ပြီးသွားပြီဆိုတော့ ကျွန်တော်တို့ အခု ဘာဆက်လုပ်ကြမလဲ"

"လုပ်စရာအလုပ် တစ်ခုပဲရှိတယ်။ အဲဒါက ရန်သူရဲ့လှုပ်ရှားမှုကို စောင့်ကြည့်နေတာပဲ"

"ရန်သူက ကျွန်တော်တို့ မျှော်လင့်သလို လှုပ်ရှားမလာရင်ကော"





ဝမ်စုချီ၏ စကားကြောင့် ချန်လုံဟန်က ပြုံးပြီး၊ ခေါင်းဆတ်ခါပြသည်။

"သူတို့ မလှုပ်ရှားဘဲ မနေပါဘူး ညီလေးဝမ်၊ ကြယ်တာရာသခင်လေးဟာ သိပ်ပါးနပ်ပေမယ့် သူ့ရဲ့ အဖွဲ့ခွဲမှူးတွေကတော့ သူ့လောက် မပါးနပ်ကြပါဘူး။ အစ်ကိုတို့ဆင်ထားတဲ့ ထောင်ချောက်ထဲကို တန်းတန်းမတ်မတ် ဝင်လာမှာပါကွာ"

ချန်လုံဟန်က ယုံကြည်စိတ်ချစွာ ပြောသည်၊ ချန်လုံဟန်အား ကြည့်ပြီး၊ ဝမ်စုချီက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကျွန်တော်လဲ ဒီအတိုင်းပဲထင်တယ်၊ အစ်ကိုချန်ကို မေးခွန်းတွေ ထုတ်နေတာက ဟာကွက်ရှိရင် ပေါ်လာအောင်ပါ။ အခုအတိုင်းဆိုရင်တော့ ဒီအစီအစဉ် အောင်မြင်ပါလိမ့်မယ်"

"အောင်မြင်ရမှာပေါ့ကွာ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မုယုံကျင်းကို တိုင်ပင်ထားရင် ကောင်းမလား မသိဘူး"

ချန်လုံဟန်၏ စကားကိုအကြားတွင် ရှောင်ရီဖုန်း ဆတ်ခနဲဖြစ်သွားသည်။ သူက ပျာပျာသလဲနှင့်....

"မတိုင်ပင်ပါနဲ့ ဘာဘ"

ချန်လုံဟန်၏ ထူထပ်သော မျက်ခုံးနှစ်ဘက် မြင့်တက်သွား၏။ သူက အံ့အားသင့်ဟန်ဖြင့် ရှောင်ရိုဖုန်းကို ကြည့်သည်။

"ဘာဖြစ်လို့ မတိုင်ပင်စေချင်တာလဲကွဲ့"

ရှောင်ရိုဖုန်း သိမ်မွေ့စွာပြုံးသည်။

"သူ့ကို စိတ်မချလို့ပါ"

"စိတ်မချလို့ ဟုတ်လား.... သမီးက သူ့အပေါ် ဘာများ မသင်္ကာ ဖြစ်နေလို့လဲ"

"အစ်ကိုကျင်းဟာ သူ့ကိုယ်သူ မင်းမှုထမ်းလို့ ပြောပေမယ့်၊ အဲဒါ ဟုတ်ချင်မှ ဟုတ်လိမ့်မယ်။ သူဟာ ပျောက်ချင်တဲ့ အချိန်မှာ ပျောက်သွားပြီး၊ ပေါ်ချင်တဲ့အခါ ပေါ်လာတတ်တယ်။ ပြီးတော့ ကိစ္စ တော်တော်များများကိုလဲ သူသိနေတတ်တယ်"

"လျှို့ဝှက်မှုတွေကို လိုက်စုံစမ်းတဲ့ လူဆိုတာ ဒီလိုပဲပေါ့။ မဟုတ်ဘူးလား"

ရှောင်ရိုဖုန်း ခေါင်းခါပြသည်။





"လျှို့ဝှက်ချက်တွေကိုစုံစမ်းတဲ့အလုပ်ကို လူတိုင်း လုပ်နိုင်ပါတယ်။ တကယ်လို့ သူဟာမင်းမှုထမ်းအစစ်ဆိုရင် အထောက်အထား တစ်စုံတစ်ခုကိုပြရမှာပဲ။ အခု သူ့မှာ ဘာအထောက်အထားမှ မပါဘူးဆိုတော့ သူဟာ ဟန်ဆောင်ထားတဲ့ရန်သူ တစ်ယောက် ဖြစ်နိုင်တာပါပဲ"

*

မီးခိုးရောင်ဝတ် သိုင်းသမားများခြံရံလျက် ခရီးပြင်းနှင်လာသော မြင်းလှည်းသည် တောင်တန်းကြီးနှစ်ခုကြားရှိလမ်းသို့ ရောက်လာသည်။

မြင်းလှည်းရှေ့မှ ဦးဆောင်ပြီး သွားနေသည့် သိုင်းသမား ငါးယောက်အနက် တစ်ယောက်၏ လက်ထဲတွင် ချမ်းမြေ့ဂေဟာ၏ အထိမ်းအမှတ် အလံကို ကိုင်ထားသည်။ ဓာ တစ်လက်နှင့်ပန်းတစ်ပွင့်ပုံပါသော အလံသည် လေတွင်တလူ လွင့်နေ၏။

မြင်းလှည်း၏ နောက်ဆုံးမှ လိုက်လာသည့် သိ ခေါင်းဆောင်က တောင်ကြားလမ်းထဲသို့အဝင်တွင်

တစ်ချက် ပေးလိုက်သည်။ လက်လွတ်လပ်လပ် ပေါ့ပေါ့လျော့လျော့ဖြင့် တောင်ကြားထဲသို့ဝင်လာကြသော သိုင်းသမားများမှာ သတိ အနေအထားသို့ ပြောင်းသွားသည်။ သူတို့ ကိုင်ဆောင်နေကျ လက်နက်များကို အသင့်ပြင်ပြီး၊ တောဘီ ဝန်းကျင်ကို လျင်မြန်စွာ အကဲခတ်ကြည့်နေသည်။

တောင်ကြားလမ်းတွင် ကျေးသံငှက်သံတို့ဖြင့် သာယာအေးချမ်းသော အသွင်ကို ဆောင်နေသည်။ တောင်ကြောတလျှောက်တွင် အုံ့အုံ့ဆိုင်း ပေါက်ရောက်နေသော သစ်ပင်ကြီးများ၏ သစ်ရွက်သစ်ကိုင်းများ လှုပ်ခတ်သံ ညို့ညို့ညံညံ ပေါ်ထွက်နေသည်။

ချမ်းမြေ့ဂေဟာ အမှုထမ်း သိုင်းသမားများသည် သတိကြီးစွာထားပြီ တောင်ကြားထဲသို့ ဝင်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး အေးချမ်း ငြိမ်သက်နေသော်လည်း သူတို့မပေါ့ဆရဲကြပေ။

ခေါင်းဆောင်သိုင်းသမားသည် မြင်းလှည်းတေးမှ ပန်းတက်ပြီး ရှေ့မှသွားနေသော အလံကိုင်အဖွဲ့ဝင်များထံသို့ ကူးလာသည်။ အလံကိုင်အဖွဲ့ကို သတိထားရန် မှာကြားပြီး လမ်းတလျှောက် ဘယ်ညာ တောင်ခါးပန်းများပေါ်သို့ မြင်းဖြင့်ကူးချည် သန်းချည်လုပ်သည်။





တောင်ကြားလမ်း ထက်ဝက်ခရီးကို ကျော်လာခဲ့သည်။မည်သည့်အန္တရာယ်အယှက်မှ မတွေ့ရသဖြင့် ချမ်းမြေ့ဂေဟာ အမှုထမ်းသိုင်းသမားများ စိတ်အေးစပြုလာသည်၊ ရှေ့ဆုံးမှသွားနေသည့် အလံကိုင်သမားသည် သီချင်းတစ်ပုဒ်ကိုပင် ညည်းဆိုလာ၏။

သူတို့သည် တောင်ကြားလမ်း၏ ကျန်ထက်ဝက်ခရီးကိုအေးအေးချမ်းချမ်း ဖြတ်ကျော်သည်။ သိုင်းသမား ခေါင်းဆောင်မှာ မြင်းတစ်စီးနှင့် ပြေးပြေးလွှားလွှားသွားနေရာမှ အုပ်စုတစ်ခုလုံး၏နောက်မှ မြင်းဇက်ကြိုးကို လွှတ်ထားပြီး လိုက်သည်။

"ဝုန်း"

တောင်ကြားလမ်းမှ ထွက်ခွာခါနီးဆဲဆဲတွင် သူတို့ကျောနိုင်းထားရာမှ ကျယ်လောင်စွာ ပေါ်ထွက်လာသော အသံတစ်သံကို ကြားရသည်။ အေးအေးချမ်းချမ်း ခရီးဆက်နေသော မြင်းများ ရပ်တန့်သွားကြသည်။ သူတို့အားလုံးအသံ ပေါ်ထွက်လာရာသို့ တညီတညွတ်တည်းကြည့်လိုက်ကြ၏။

"ရန်သူဟေ့ ရန်သူ၊ လမ်းကို ကျောက်တုံးကြီးများ ပစ်ချပြီးပိတ်လိုက်ပြီ"

သိုင်းသမားခေါင်းဆောင် အော်ဟစ်ပြောဆိုပြီး၊ တောင်ကြားအတွင်းမှထွက်ရန် လက်ဟန်ပြလိုက်သည်။

တောင်ကြားလမ်းထဲတွင် ပိတ်မိလျှင် အန္တရာယ်ကြီးမား ကြောင်းကို သိုင်းသမားတိုင်းသိကြသည်။ ထို့ကြောင့်ပင် သူတို့ အားလုံးသည် တောင်ကြားလမ်းအထက်ဆီသို့ မြင်းကိုအပြင်း စိုင်းနှင်၏။ မြင်းစီးသမားများ အလယ်မှ လိုက် လာ သည့် မြင်းလှည်းမှာလည်း အပြင်းမောင်းထွက်သည်။

သိုင်းသမား ခေါင်းဆောင်သည် မြင်းကို စိုင်းနှင်ရင်း မြင်းလှည်းဘေးသို့ချဉ်းကပ်သည်။ မြင်းလှည်း ဘေးသို့အရောက် တွင် အသံကိုထိန်း၍–

"သခင်လေး ကျုပ်တို့ရန်သူနဲ့တွေ့နေပြီ"

မြင်းလှည်းအတွင်းမှ တုန့်ပြန်သံကို မကြားရ။ သိုင်း သမားခေါင်းဆောင်က ဒုတိယအကြိမ်သတိပေးပြီး၊ မြင်းလှည်း ကို ပန်းတက်လျက် အလံကိုင်အဖွဲ့ရှိရာသို့ မြင်းကိုအသော့နှင် သည်။ အလံကိုင်အဖွဲ့သည် တောင်ကြားလမ်း အထွက်ဝနှင့် နီးကပ်နေပြီ ဖြစ်ကြောင်း သတိပြုမိ၏။

"ဝုန်း ဝုန်း"

ရှေ့တူရူမှ ပြိုကျသံများ ပေါ်လာသည်။ တောင်ပေါ်မှ ကျောက်တုံးကြီးများ လိမ့်ဆင်းလာပြီး၊ တောင်ကြားလမ်းကို ပိတ်သွားစေ၏။





အလံကိုင်အဖွဲ့သည် တောင်ကြားလမ်း ထွက်ပေါက်ပိတ် သွားသဖြင့် မြင်းများကို ဇက်သတ်ပြီး ရပ်လိုက်သည်။ ထိုအချိန် မှာပင် သူတို့အနားသို့ သိုင်းသမားခေါင်းဆောင် ရောက်လာ ၏။

"ဆရာ ရန်သူတွေက လမ်းကို နှစ်ဖက်စလုံးက ပိတ်ပစ် လိုက်ပြီ....

"ချမ်းမြေ့ဂေဟာရဲ့ အမှုထမ်းတွေ ပီပီ၊ သခင်လေးကို အသက်စွန့်ပြီး ကာကွယ်ရမယ်"

သိုင်းသမား ခေါင်းဆောင်က တင်းမာ ခက်ထန်သော မျက်နှာနှင့်ပြောပြီး မြင်းကိုနောက်ကြောင်း ပြန်လှည့်သည်။ အလံကိုင်အဖွဲ့ဝင်တို့ကလည်း ခေါင်းဆောင်၏ နောက်သို့ လိုက်ခဲ့ကြ၏။

တောင်ကြားလမ်းတွင် ရပ်နေသော မြင်းလှည်းဘေးပတ် လည်တွင် မီးခိုးရောင်ဝတ် သိုင်းသမားများ ဝိုင်းရံလိုက်ကြ သည်။ သူတို့အားလုံး တောင်ကြားလမ်းအပေါ်ဘက် စောင်း များဆီသို့ လှမ်းကြည့်သည်။ တောင်စောင်းတွင် ငြိမ်သက်နေ သော သစ်ပင်ကြီးများသာ ရှိနေသည်၊ ရန်သူ၏ အရိပ် အရောင်ကိုပင် မတွေ့ရ။

သိုင်းသမားခေါင်းဆောင်၏ မျက်နှာတွင် ဝေခွဲမရနိုင်ဟန် တို့ယှက်သန်းလာသည်။ သူက ပတ်ဝန်းကျင်ကို နားမလည်နိုင် ဟန်နှင့်ကြည့်ရင်း ခေါင်းဆတ်ခါသည်။ တဆက်တည်းမှာပင် သူက မြင်းလှည်းအနီးသို့ ချဉ်းကပ်လိုက်သည်။

"သခင်လေး"

သိုင်းသမား ခေါင်းဆောင်က မြင်းလှည်း ပြတင်းပေါက် အနီးတွင် ရပ်ပြီး ခေါ်သည်။ မြင်းလှည်းအတွင်းမှ လှုပ်ရှားသံ ကို မကြားရဘဲ ငြိမ်နေ၏။

"သခင်လေး၊ ကျွန်တော်တို့ တောင်ကြားလမ်းထဲမှ ပိတ်မိ နေပြီ"

သိုင်းသမား ခေါင်းဆောင်၏ အသံကြောင့် မြင်းလှည်း အတွင်းရှိနေသူ အိပ်ပျော်နေလျှင်ပင် လန့်နိုးသွားနိုင်သည်၊ သို့သော် လျှိုတူထိုက်ရှိနေသော မြင်းလှည်းအတွင်းမှ လှုပ်ရှား ခြင်း၊ တုန့်ပြန်အသံပြုခြင်း မရှိဘဲ၊ ငြိမ်နေ၏။

မြင်းလှည်းအတွင်း၌ ထူးထူးခြားခြား ငြိမ်သက် နေခြင်း ကြောင့် သိုင်းသမားခေါင်းဆောင် သက်ာမကင်း ဖြစ်လာ သည်။ သူကလက်ထဲတွင် ကိုင်ထားသော ဓားဖြင့် မြင်းလှည်း ပြတင်းပေါက်တွင် တပ်ထားသော ခန်းဆီးစကို ဖယ်လိုက်၏၊





"သခင်လေး"

သိုင်း သမား ခေါင်း ဆောင်က ပြတင်းပေါက်မှ နေ၍ မြင်းလှည်းအတွင်းသို့ ကြည့်သည်၊ အတွင်းမှာ အမှောင်ရိပ်က များနေသဖြင့် သဲသဲကွဲကွဲမမြင်ရ။ သူ့ စိတ်ထဲတွင် လူမရှိဟု ထင် လာသဖြင့် ပြတင်းပေါက်အနီးမှခွာပြီး ပိတ်ထားသည့်မြင်းလှည်း တံခါးအနီးမှ ရပ်သည်၊ အပြစ်ပေးလျှင် ခံမည်ဟု ဆုံးဖြတ်ချက် ချပြီးသည့် မျက်နှာနှင့် မြင်းလှည်းတံခါးကို ဖွင့်လိုက်၏။

"ဝုန်း"

"ဟင်"

မြင်းလှည်းအတွင်း၌ လူမဆိုနှင့် ကြောင်တစ်ကောင်ပင်မရှိ၊ သိုင်းသမား ခေါင်းဆောင်၏ မျက်နှာမှာ အံ့အားသင့် နားမ လည်နိုင်ဟန်တွေ ထင်လာလေ၏။

*

## အခန်း (၀)

"သခင်လေး မြင်းလှည်းထဲမှာ မရှိဘူး၊ ချမ်းမြေ့ဂေဟာ မှာတုန်းက သူမြင်းလှည်းထဲ ဝင်သွားတာ၊ ငါကိုယ်တိုင်မြင် တယ်။ လမ်းတလျှောက်လုံးမှာလဲ သူမြင်းလှည်းထဲက ထွက်သွား ဖို့အချိန်မရဘူး။ အခုလိုဖြစ်တာ သိပ်ထူးဆန်းနေပြီ"

သိုင်းခေါင်းဆောင်က ရှင်းလင်းနေသည့် မြင်လှည်းအတွင်း သို့ကြည့်ပြီး တပျစ်တောက်တောက် ပြောသည်။

"သခင်လေးဟာ အန္တရာယ်ကိုမြင်လို့ ရှောင်ထွက်သွားတာ လားမသိဘူး၊ ဆရာ ချူအော့"

မင်းစာဝပ

ချူအော့ဟု အခေါ်ရှိသည့် သိုင်းသမားခေါင်းဆောင်က ခေါင်းဆက်ခါသည်။

"မဖြစ်နိုင်ဘူး၊ သခင်လေးဟာ ရှောင်ပြေးတတ်တဲ့ လူမျိုး မဟုတ်ဘူး သူဟာ"

"အား"

တောင်ခါးပန်းဆီမှ နာနာကျဉ်းကျဉ်းအော်လိုက်သံကြောင့် ချူအော့၏ စကားတစ်ပိုင်းတစ်စနှင့် ပြတ်သွားသည်။ အားလုံး၏အကြည့် အသံထွက်ပေါ်ရာဆီသို့ ရောက်သွား၏။ ထိုနေရာမှာ မဲမဲရိပ်ရိပ်သဏ္ဍာန်တစ်ခု လေထဲသို့ လွင့်ပျံပြီး ကျလာသည်။

"ဗုန်း"

ချူအော့တို့နှင့် မနီးမဝေး တောင်ကြား လမ်းပေါ်တွင် အနက်ရောင်ဝတ်ဆင်ထားသော သူတစ်ယောက်၏ အသက်မဲ့ ခန္ဓာကိုယ် ပြင်းထန်သော အရှိန်ဖြင့် ကျသည်။ ချူအော့တို့ တတွေ ကြောင်အန်းအန်း ဖြစ်နေစဉ် တောင်ပေါ်နေရာအနှံ့ အပြားမှ အော်ဟစ်သံတွေ ပေါ်လာ၏။

"ဒါ ရန်သူတွေရဲ့ အသံပဲ၊ သတိထား"





ချူအော့က သူ့လူတွေကို သတိပေးပြီး ဓားကို အသင့်ကိုင်လျက် လေးဘက်လေးတန်းသို့ သတိကြီးစွာကြည့်သည်။ တဝုန်းဝုန်းမည်သံတွေ ပေါ်လာပြီး အနက်ရောင် ဝတ်ဆင်ထားသူများ တစ်ယောက်ပြီး တစ်ယောက် တောင်ကြားလမ်းပေါ်သို့ ဒလိမ့်ခေါက်ကွေးနှင့် ကျလာကြ၏။ တောင်ပေါ်မှ ဆယ့်ငါးယောက်မြောက် ကျလာသူမှာ အနက်ရောင် ဝတ်ဆင်ထားသူ မဟုတ်ဘဲ၊ အနီရောင်ဝတ်စုံဝတ်ထားသူ ဖြစ်နေသည်။

ချူအော့တို့တစ်တွေမှာ သူတို့ ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသည့် အဖြစ်အပျက်တို့ကို နားမလည်နိုင် ရှိနေကြ၏။ တောင်ပေါ်မှတစ်ယောက်ပြီး တစ်ယောက်ကျလာသူများကို ငေးမောကြည့်ရှုနေဆဲတွင် ကြွေလွင့်လာသည့် သစ်ရွက်များပမာ တောင်ပေါ်မှ ခုန်ပျံဆင်းလာသည့် လူရိပ်နှစ်ရိပ်ကို တွေ့လိုက်ရသည်။ တစ်ယောက်မှာ ကြက်သွေးရောင် ဝတ်ထားသည့် လျူဟူထိုက်ဖြစ်ပြီး၊ ကျန်တစ်ယောက်မှာ အစိမ်းရောင်ဝတ်ရုံကြီး ဝတ်ထားသော အဘိုးအိုကြီးဖြစ်သည်။

"ဟင် သခင်လေး"

"သခင်လေး ပြန်လာပြီပေါ့"

"ရန်သူတွေကို ရှင်းပစ်တာ သခင်လေးကွ"

လျှုဟူထိုက်သည် တစ်ယောက် တစ်ပေါက်ပြောဆိုနေသော ချုအောင့်တို့အား မကြည့်ဘဲ၊ သူနှင့် မရှေးမနှောင်းတောင်ပေါ်မှ ခုန်ဆင်းလာသည့် ဝတ်စုံစိမ်း အဘိုးအိုဘက်လှည့်ပြီး ဂါရဝပြုလိုက်သည်။

"ရန်သူတွေ အဝိုင်းခံနေရတုန်းမှာ ကူညီတဲ့အတွက် ဘိုးဘိုးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"မင်း ကျေးဇူးတင်တာကို ငါ ဘာလုပ်ရမှာလဲ၊ မင်း စကားပြောနေမဲ့အစား ငါ့ကို လူစားတဲ့ အစားအစာတစ်ခုခု အမြန်ဆုံး ကျွေးစမ်းပါ"

"လူစားတဲ့ အစားအစာ"

လျှုဟူထိုက်က ဝတ်စုံစိမ်း အဘိုးအို၏ ဆိုလိုရင်းကို မသိသဖြင့် ပဲ့တင်ထပ် ရေရွတ်လိုက်၏။

"လူစားတဲ့ အစားအစာ ဆိုတာ မင်းနားမလည်ဘူးလား။ မင်းတို့မှာ စားစရာတစ်ခုခု ပါမှာ ပေါ့၊ ဘာပဲပါပါ၊ ငါ့ကို ကျွေး– ငါလူတွေစားသောက်တဲ့ အစားအသောက် မစားရတာ အနှစ် နှစ်ဆယ်ကြာနေပြီ"





ဝတ်စုံစိမ်းအဘိုးအို၏ စကားကြောင့် လျှုဟူထိုက်၏ စိတ်ထဲတွင် ထူးဆန်းအံ့သြသွား၏။ သူက မေးခွန်းထုတ်မည် ပြုပြီးမှ မမေးတော့ဘဲ၊ ချုအောင့်ဘက်သို့ လှည့်လိုက်သည်။

"ငါတို့မှာ အသင့်ချက်ပြုတ်ထားတဲ့ အစားအစာတွေပါတယ်မဟုတ်လား ချုအောင့်"

"ပါပါတယ်.... သခင်လေး"

"ဒီက ဘိုးဘိုးစားဖို့ အစားအသောက်တွေ မြန်မြန်ပြင်ပေး"

"ဟုတ်ကဲ့.... သခင်လေး"

ချုအောင့်က မြင်းလှည်းပေါ်မှ ရိက္ခာတောင်းကိုချသည်။ ပြီး အသင့်ပါလာသော စားသောက် ဖွယ်ရာများဖြင့် ဝတ်စုံစိမ်း အဘိုးအိုအား စားသောက်ပွဲ ပြင်ဆင်ပေးလိုက်သည်။ အဘိုးအိုက သူ့ရှေ့တွင် ရောက်လာသည့် စားသောက် ဖွယ်ရာများကို အငမ်းမရစားသည်။

လျှုဟူထိုက်က စားသောက်နေသော အဘိုးအိုအားကြည့်ရင်း ရင်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။ နှစ်ပေါင်း နှစ်ဆယ်မျှ အစားအသောက်နှင့် ကင်းဝေး နေသည်ဆိုသည့်

အဘိုးအိုအား ဂရုဏာသက်မိသည် နှင့်အမျှ စိတ်ဝင်တစားဖြစ်လာမိ၏။

"ချူအော့ အသားကင်တွေ ရှိသေးတယ်မဟုတ်လား၊ ပေးပါဦး၊ ဒီဘိုးဘိုးကို ဝအောင်ကျွေးလိုက်ပါ၊ ငါတို့အတွက် စားဖို့မကျန်မှာကို မပူနဲ့"

ချူအော့က ဝတ်စုံစိမ်းအဘိုးအား စားသောက်ဖွယ်ရာများချပေးပြန်သည်။ လျူဟူထိုက်က ဘေးတွင် ဝိုင်းရံနေသောအလံကိုင်အဖွဲ့ဝင်တို့အား လှမ်းကြည့်လိုက်၏။

"မင်းတို့ တောင်ကြားလမ်း ထွက်ပေါက်မှာ ပိတ်နေတဲ့ကျောက်တုံးတွေကို သွားဖယ်လိုက်ပါ၊ ဘိုးဘိုးစားသောက်ပြီးတာနဲ့ ငါတို့ခရီးဆက်မယ်"

အလံကိုင် အဖွဲ့ဝင်များသည် လျူဟူထိုက်၏ စကားအဆုံးတွင် တောင်ကြားလမ်းထွက်ပေါက်ဆီသို့ ထွက်သွားကြ၏။ လျူဟူထိုက်က ယခုအချိန်ထိအောင် စားသောက်နေဆဲ ဖြစ်သောအဘိုးအိုအား လှမ်းကြည့်လိုက်၏။ သူ့ရင်ထဲတွင် အဘိုးအိုအား မေးချင်သည့် မေးခွန်းတွေ အစီအရီပေါ်လာသည်။

"ဘိုးဘိုး"





ဝတ်စုံစိမ်း အဘိုးအိုက ဦးလက်တောက်ပနေသော မျက်လုံးအစုံဖြင့် လျူဟူထိုက်ကို လှမ်းကြည့်သည်။ ပြီး တစ်ချက်ရယ်၍–

"မင်းက ငါ့အကြောင်း မေးချင်နေတယ်မဟုတ်လား၊ ငါစားသောက်ပြီးလို့ မင်းတို့ ဒီကနေသွားရင် ငါလဲလိုက်မယ်၊ အဲဒီအခါကျမှ မင်းသိချင်တာ မေးပါ"

လျူဟူထိုက်က ရင်ထဲတွင် ပြည့်သိပ်နေသော မေးခွန်းတွေကို မြိုသိပ်ထားလိုက်၏။ ဝတ်စုံစိမ်းအဘိုးအိုက သူ့ရှေ့တွင်ချထားသော အစားအစာများကို ဆက်လက် စားသောက်နေသည်။ လူဆယ်ယောက်စာ အစားအစာကို တထိုင်တည်းနှင့်ကုန်အောင် စားတော့မည့်ပမာ စားနေ၏။

*

ဝတ်စုံစိမ်း အဘိုးအိုက အစားအသောက်ကို လက်စသတ်လိုက်ချိန်တွင် အလံကိုင်အဖွဲ့ လမ်းရှင်း၍ ပြီးသွားသည်။ လျူဟူထိုက်က ချူအော့အား မျက်ရိပ်ပြလိုက်ပြီး....

"ဘိုးဘိုး.... ကျွန်တော်နဲ့အတူ မြင်းလှည်းပေါ်က လိုက်ခဲ့ပါ"

ဝတ်စုံစိမ်း အဘိုးအိုက မြင်းလှည်းကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်သည်။ ရင်ဘတ်ပေါ် ဝဲကျနေသည့် မုတ်ဆိတ်မွေး ရှည်ရှည်တို့ကို လက်ဖြင့်သပ်ပြီး၊ ထိုင်ရာမှ ထသည်။ လျှိုဟူထိုက် တံခါးဖွင့်ပေးသော မြင်းလှည်းပေါ်သို့ ပေါ့ပါးသွက်လက်စွာ လှမ်းတက်လိုက်၏။

လျှိုဟူထိုက်က ချုံအော့အား ခရီးဆက်ရန် လက်ရိပ်ပြပြီး၊ မြင်းလှည်းပေါ်သို့ တက်သည်။ သူ မြင်းလှည်းပေါ်သို့ရောက်ပြီး တံခါးပိတ်လိုက်စဉ် မြင်းလှည်းသမားက မြင်းလှည်းကို မောင်းထွက်လိုက်၏။

မြင်းလှည်းသည် တောင်ကြားလမ်းအတိုင်း မနှေးမမြန် ပြေးထွက်သည်။ လျှိုဟူထိုက်က မြင်းလှည်းထဲတွင် သူနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော ဝတ်စုံစိမ်း အဘိုးအိုအား စူးစူးစိုက်စိုက် ကြည့်သည်။

ဝတ်စုံစိမ်း အဘိုးအိုသည် မြင်းလှည်းစထွက်သည်နှင့် မြင်းလှည်း နံရံတွင် ခေါင်းမှီပြီး မျက်လုံးအစုံကိုမှေးမှိတ်လိုက်သည်၊ လျှိုဟူထိုက်က မှေးမှိတ်ထားသည့် အဘိုးအို မျက်လုံးအစုံ ဖွင့်လာပြီး၊ စကားစမည့်အချိန်ကို စောင့်နေသည်။ စောင့်နေရင်း





နှင့် အဘိုးအိုထံမှ စီးချက်ညီညီ ပေါ်ထွက်လာသော ဟောက်သံကို ကြားရ၏။

လျှိုဟူထိုက် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ မြင်းလှည်းနံရံကို ခေါင်းမှီပြီး၊ အိပ်ပျော်နေသော ဝတ်စုံစိမ်း အဘိုးအိုအား မကြည့်တော့ဘဲ၊ မြင်းလှည်း ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်၏။

တောင်ကြားလမ်းမှ ထွက်ခဲ့ပြီးဖြစ်၍ ကျယ်ပြန့်သော ကွင်းပြင်ကို မြင်ရသည်။ သူတို့၏ မြင်းလှည်း ဖြတ်ကျော်နေသော ကွင်းပြင်သည် စားကျက်မြေ မြက်ခင်းဖြစ်ကြောင်း တွက်ဆလိုက်မိ၏။

သူသည် မြက်ခင်းပြင်ကိုကြည့်ရင်းမှ ထွက်လာခဲ့သည့် ခရီးအကြောင်းကို စဉ်းစားနေသည်။

ချမ်းမြေ့ဂေဟာမှအထွက်တွင် ချုံအော့တို့မသိအောင် မြင်းလှည်းထဲမှ တိတ်တဆိတ်ထွက်ပြီး၊ တစ်ယောက်တည်း လျှို့လျှို့ဝှက်ဝှက် ခရီးထွက်ခဲ့သဖြင့် အန္တရာယ်ကြားမှ လွတ်မြောက်ခဲ့ရသည်ဟု သူ တွေးမိ၏။

ချမ်းမြေ့ဂေဟာမှ မထွက်ခင် ချုံအော့တို့တစ်တွေ ချန်လုံဟန်နှင့် စကားပြောနေစဉ် သူ မြင်းလှည်းထဲမှ တိတ်တဆိတ်

ထွက်သည်။ ပြီး ရှပ်ဖျက်၍ အဝတ်အစားလဲပြီး ချူအော့တို့ ရှေ့မှ ကြိုပြီး ထွက်ခဲ့သည်။

တောင်ကြားလမ်းသို့ ချူအော့တို့ မရောက်ခင်၊ သူက တောင်ကြားလမ်းအပေါ် တောင်ပေါ်သို့ ရောက်နှင့်သည်၊ ထို့ကြောင့်ပင် ချူအော့တို့ တောင်ကြားလမ်းထဲအရောက်တွင် လျှို့ဝှက်လှုပ်ရှားပြီး၊ တိုက်ခိုက်ရန် ပြင်ဆင်နေသော ဝတ်စုံနက်များကို တွေ့ခဲ့ခြင်း ဖြစ်၏။

သူက လမ်းကို ပိတ်ဆို့နေသော ဝတ်စုံနက်များကို တစ်ယောက်ပြီး၊ တစ်ယောက် တိတ်တဆိတ် သုတ်သင် ရှင်းလင်းသည်။ တောင်ကြားလမ်းထွက်ပေါက် ပိတ်ပြီးချိန်တွင် ဝတ်စုံအနီ ဝတ်ထားသူ ဦးဆောင်သော ဝတ်စုံနက်တစ်စုက သူ့ကို ဝိုင်းပြီးတိုက်သည်။

စုပေါင်းတိုက်ကွက်ဖြင့် တိုက်ခိုက်နေသော ရန်သူများကို အပြင်းအထန် ခုခံတိုက်ခိုက်နေစဉ်၊ ဝိုင်းရံထားသည့် ရန်သူ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားသဖြင့် သူ အုံ့အား တသင့် ဖြစ်ရသည်။

အံ့အားတသင့် ဖြစ်နေဆဲမှာပင် ရန်သူများကို ခုန်ပျံလှုပ်ရှားပြီး၊ တိုက်ခိုက်နေသော အဘိုးအိုတစ်ယောက်အား တွေ့ရ၏။ ထိုအဘိုးအိုမှာ ဆံပင်နှင့် မုတ်ဆိတ်မွေးတို့ ရှည်လျားဖြူဖွေးနေ





ပြီး၊ ကိုယ်အပေါ်တွင် နံငယ်ပိုင်း တစ်ပိုင်းကိုသာ ဝတ်ဆင်ထားသည်။

အဘိုးအို၏ ခုန်ပျံလှုပ်ရှား တိုက်ခိုက်မှုကြောင့် ရန်သူ တစ်ယောက်ပြီး တစ်ယောက် ကျဆုံးကုန်သည်။ အဘိုးအိုက ကျဆုံးသွားသူများကို တောင်ကြားလမ်းထဲသို့ တစ်ယောက်ပြီး တစ်ယောက် ပစ်ချ၏။

ထိုအချိန်တွင် လျူဟူထိုက်က ဝတ်စုံအနီ ဝတ်ထားသူနှင့် အပြင်းအထန် တိုက်ခိုက်နေသည်။ အဘိုးအိုက ဝတ်စုံနက်များကို တိုက်ခိုက်အပြီးတွင် ဝတ်စုံနီနှင့် တိုက်ခိုက်နေသော လျူဟူထိုက်အား ကူညီရန် လှည့်လိုက်သည်။ သို့သော် အဘိုးအိုသည် လျူဟူထိုက်အား မကူညီဖြစ်။

သူ့အနီးသို့ အစိမ်းရောင်ဝတ်စုံ ဝတ်ထားသူ တစ်ယောက် ခုန်ပျံရောက်ရှိလာသဖြင့် ထိုသူ့ဘက်သို့လှည့်ပြီး တိုက်ခိုက်သည်။

ဝတ်စုံနီနှင့်လူကို လျူဟူထိုက် ခဲခဲယဉ်းယဉ်း အနိုင်ရလိုက်ချိန်တွင် အဘိုးအိုက ဝတ်စုံစိမ်းအား လက်ဝါးနှင့် ရိုက်ချလိုက်၏။ လျူဟူထိုက်က ဝတ်စုံနီကို တောင်ကြားလမ်းသို့ ပစ်ချချိန်တွင် အဘိုးအိုက ဝတ်စုံစိမ်းကို သိုင်းကွက်နှစ်ကွက်တည်းဖြင့် နိုင်လိုက်သည်။

အဘိုးအိုက တိုက်ခိုက် အနိုင်ယူပြီးတိုင်း ပြုနေကျအတိုင်း ရန်သူ၏ အလောင်းကို မလိုက်သည်၊ တောင်ကြားလမ်းသို့ ပစ်ချမည် ပြုပြီးမှ စိတ်ပြောင်းသွားဟန်နှင့် ဝတ်စုံစိမ်းအား မြေပြင်ပေါ် ပြန်ချသည်။ ပြီး ဝတ်စုံစိမ်း၏ အစိမ်းရောင် အဝတ်အစားကို လျင်မြန်စွာ ချွတ်ယူပြီး၊ သူ့ကိုယ်တွင် ဝတ်ဆင်လိုက်၏။

"ဟိတ်....ကောင်လေး၊ မင်း တောင်အောက်ကို ဆင်းမယ် မဟုတ်လား။ ဆင်းတော့လေ"

အဘိုးအို၏နှုတ်မှ စကားသံကို ပထမဆုံးအကြိမ် ကြားရသည်။ လျူဟူထိုက်က ဘွေဝေတုန့်ဆိုင်းမနေဘဲ တောင်ကြားလမ်းသို့ ခုန်ချလိုက်သည်။ အဘိုးအိုကလည်း လျူဟူထိုက်နှင့် ရှေ့ဆင့်နောက်ဆင့်ပင် ခုန်ချလာသည်။

မြေပြန့်လမ်းဆုံးပြီး၊ တောင်တက်လမ်းပေါ်သို့ မြင်းလှည်း စတက်သည်။ ဝတ်စုံစိမ်းအဘိုးအိုနှင့် တွေ့ဆုံခဲ့ပုံကို ပြန်တွေး နေသော လျူဟူထိုက်၏ အတွေးတွေ ပြတ်တောက်သွား၏။

သူက အပြင်ကို ငေးနေရာမှ သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ဝတ်စုံစိမ်းအဘိုးအိုအား လှည့်ကြည့်လိုက်သည်၊





အဘိုးအိုသည် မြင်းလှည်းနံရံကိုမှီပြီး၊ ငြိမ်သက်စွာထိုင်နေသည်။ အရောင်တဖျပ်ဖျပ်တောက်နေသော သူ၏ မျက်လုံးအစုံက လျူဟူထိုက်အား စူးစူးစိုက်စိုက် ကြည့်နေလေ၏။

*

## အခန်း (၉)

အပြင်ဘက်မှ ချူအော့၏ လေချွန်သံကို ကြားရသည်။ တလှုပ်လှုပ်နှင့်သွားနေသည့် မြင်းလှည်းရပ်သွား၏။ ချူအော့က ခရီး တစ်ထောက်နားရန် အချက်ပေးသဖြင့် မြင်းလှည်းရပ်သွားခြင်းဖြစ်ကြောင်း လျှူဟူထိုက် သိလိုက်၏။

"မင်းတို့.... ဘာလုပ်ကြမလို့လဲ"

"ဒီမှာ ခရီးတစ်ထောက်နားမယ် ဘိုးတိုး။ မြင်းတွေကို အစာကျွေး၊ လူတွေလဲ အစာစားကြမယ်၊ ပြီးတာနဲ့ပြန်ထွက်ကြမှာပါ"

အဘိုးအို ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီး မြင်းလှည်းတံခါးကိုဖွင့်၍ အပြင်သို့ထွက်လိုက်၏။ လျှုဟူထိုက်က အဘိုးအို၏ နောက်မှ လိုက်ပြီး မြင်းလှည်းပေါ်က ဆင်းသည်။

"မင်း.... ငါနဲ့ စကားပြောချင်နေတယ် မဟုတ်လား"

မြေပြင်ပေါ်သို့ ရောက်ရောက်ချင်း မေးလိုက်သည်။ အဘိုးအို၏ မေးခွန်းကြောင့် လျှုဟူထိုက် ခေါင်းညိတ်ပြလိုက်သည်၊

"သူတို့ စားသောက်ကြပါစေ၊ မင်းအတွက် စားစရာကို ယူပြီး ငါနဲ့လိုက်ခဲ့ပါ"

"ဘိုးဘိုး.... ဘယ်ကို"

"ငါနဲ့ လိုက်ခဲ့ပါ"

အဘိုးအိုက တိုတိုတောင်းတောင်းပြောပြီး၊ ပင်စည်လုံးပတ်ကြီးမား၍ အခက်အလက် ဝေဖြိုင်ကာ အရိပ်ကောင်းသော သစ်ပင်တစ်ပင်ဆီသို့ လျှောက်သွားသည်။ လျှုဟူထိုက် ကြည့်နေဆဲမှာပင် ထိုအပင်အောက်တွင် ထိုင်လိုက်၏။

"ချူအော့.... မင်းတို့ စားသောက်ပြီး ခဏ နားနေကြပါ၊ ကျုပ် ဟိုဘိုးဘိုးနဲ့ တိုင်ပင်စရာရှိတယ်"





လျှုဟူထိုက်က အစားအစာ စားသောက်ရန်ထက်၊ အဘိုးအိုကိုစိတ်ဝင်စားနေသဖြင့် ချူအော့အားမှာကြားပြီး၊ အဘိုးအို ထိုင်နေရာသို့ ထွက်ခဲ့သည်။

အဘိုးအိုသည် သစ်ပင်ကိုမှီ၍ထိုင်ပြီး စိမ်းညို့ မှိုင်းဝေနေသော တောင်အောက်ရှုခင်းကို ငေးကြည့်နေသည်။ လျှုဟူထိုက် အနားသို့ရောက်အလာတွင် ဆက်၍ ခေါင်းညိတ်လိုက်ပြီး....

"မင်းက ဘယ်သူလဲ"

"ကျွန်တော် လျှုဟူထိုက်ပါ ဘိုးဘိုး၊ ကျွန်တော့် အဖေပိုင်တဲ့ ငွေတိုက်တွေ စစ်ဆေးဖို့အတွက် ကျိရန်မြို့ကိုသွားမလို့ပါ"

"မင်းအဖေက ဘယ်သူလဲ"

"ဟန်ကြူးမြို့က သူဌေးကြီး ချန်လုံဟန်ပါ ဘိုးဘိုး"

"ချန်လုံဟန်.... ချန်လုံဟန်.... သူက သူဌေးကြီးဖြစ်နေပြီကိုး"

"ဘိုးဘိုး ကျွန်တော့်အဖေကို သိတယ်နော်"
အဘိုးအိုက ခေါင်းကို ညင်ညင်သာသာ ညိတ်ပြသည်၊

"သိပါတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ငါ့မှာ အသိမိတ်ဆွေတွေ အများကြီးပဲ။ ငါ သူတို့အားလုံးကို မှတ်မိနေပါတယ်။ ဒါပေမယ့် သူတို့ဟာ ငါ့ကို မှတ်မိကြတော့မှာ မဟုတ်ဘူး။ အင်း– ချန်လုံဟန်၊ သူက ရိုးသားတဲ့ လူငယ်လေးတစ်ယောက်ပဲ။ နောက်ပေါက် လူငယ်တွေထဲမှာ ထက်ထက် မြက်မြက်လဲ ရှိတယ်။ ဒါထက် မင်း လုံပါချင်းကိုတော့ သိသလား"

လျူဟူထိုက်၏ရင်တွင် ထိတ်ခနဲခုန်သွား၏။ လုံပါချင်းသည် သူ့ဆရာဖြစ်ကြောင်း၊ အသိပေးသင့် မပေးသင့် စဉ်းစားပြီး၊ အသိမပေးဘဲနေရန် သူ ဆုံးဖြတ်လိုက်သည်။

"သိပါတယ်၊ ကိုးဘိုး.... သူက မိုးကြိုးလက်ဝါးဆိုပြီး သိုင်းလောကမှာ ထင်ရှားကျော်ကြားတဲ့ လူတစ်ယောက်ပါ"

အဘိုးအိုက နှုတ်ခမ်းကိုမဲ့လိုက်သည်။ ပြီး– ထွီခနဲ တံတွေး တစ်ချက် ထွေးလိုက်၏။

"သူ.... အခု ဘယ်မှာနေသလဲ"

"လို့ရန်မြို့မှာပါ။ မကြာသေးခင်ကဘဲ လုပ်ကြံခံရလို့သေသွားပါပြီ"





အဘိုးအိုမျက်နှာတွင် မကျေချမ်းနိုင်ဟန်တွေ ပေါ်လာ၏။ သူက လျူဟူထိုက်အား မျက်ခမောင်ကြုံ့လျက် ကြည့်ပြီး....

"သူသေသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား"

အဘိုးအို ခေါင်းခါလိုက်သည်။ တောင်အောက်သို့ အတန်ကြာအောင် ငေးနေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်လေ၏။

"အင်း.... သူသေသွားပြီဆိုတော့လဲ ပြီးသွားပြီပေါ့လေ။ အနှစ်နှစ်ဆယ်လုံးလုံး သူနဲ့ ပြန်တွေ့ဖို့ ကြိုးစား နေခဲ့တာ အလကားဖြစ်သွားပြီပေါ့"

အဘိုးအို၏ စကားကြောင့် လျူဟူထိုက် စိတ်ဝင်တစား ဖြစ်သွားသည်၊ သူက အဘိုးအိုအား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး....

"ဘိုးဘိုးက သူနဲ့တွေ့ချင်တယ် ဟုတ်လား။ ဘာကိစ္စရှိလို့လဲ...."

"ငါ့မှာ ကိစ္စရှိတာ မင်းနဲ့ မဆိုင်ပါဘူး။ မင်းက"

အဘိုးအိုက ဒေါသတကြီးနှင့် ပြောဆိုရင်း စကားကို တစ်ပိုင်းတစ်စနှင့် ရပ်လိုက်၏။

"လုံပါချင်းဟာ ငါ့ရဲ့ အချစ်ဆုံးတပည့်ဖြစ်ခဲ့တယ်။ နောက်တော့ သူဟာ ငါ့ရဲ့ အကြီးမားဆုံး ရန်သူ ဖြစ်သွားတယ်၊ တစ်ချိန်က ငါ့မှာ အစွမ်းအစရှိတဲ့ တပည့်နှစ်ယောက်ရှိခဲ့တယ်၊ တစ်ယောက်က လုံပါချင်း၊ တစ်ယောက်က လီကျန်ထင်၊ ငါဟာ သူတို့နှစ်ယောက်ကို ပညာကုန် သင်ပေးခဲ့ပြီး၊ သူတို့အထဲက တစ်ယောက်ယောက်နဲ့ ငါ့သမီးကို ပေးစားဖို့ကြံထားခဲ့တယ်။ သူတို့နှစ်ယောက်ထဲမှာ ငါက လုံပါချင်းကို ပိုသဘောကျတယ်။ လုံပါချင်းက သိုင်းပညာမှာ လီကျန်ထင်ကို မမှီပေမယ့် ဉာဏ်ရည်ဉာဏ်သွေးပိုကောင်းတယ်၊ ဒါပေမယ့် သူဟာ အကျင့်စာရိတ္တ မကောင်းဘူးဆိုတာ တစ်နေ့ ငါသိခွင့်ရလာတယ်၊ အဲဒါက ဘာလဲဆိုတော့ သူဟာ မြို့ကိုသွားခွင့်ရတိုင်း ပျော်တော်ဆက်မိန်းကလေးတွေနဲ့ သွားပြီး ပျော်ပါးတယ် ဆိုတာပဲ"

လျူဟူထိုက်က အဘိုးအို၏ စကားကို စိတ်ဝင်တစားဖြစ်လာ၏။ သို့နှင့်အမျှ အတွေးတစ်ခုကြောင့် ရင်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်လာရသည်။

"ကျွန်တော် တစ်ခု မေးပါရစေ ဘိုးဘိုး"





အဘိုးအိုက ခေါင်းညိတ်ပြသည်။

"ဘာမေးမလို့လဲ မေးပါ"

"ဘိုးဘိုးမှာ ချင်းချင်း ဆိုတဲ့ သမီး တစ်ယောက် ရှိခဲ့ဖူးသလား"

အဘိုးအို၏ကိုယ် ဆတ်ခနဲ တစ်ချက်တုန်သွားသည်။ သူက လျူဟူထိုက်အား စူးလက် အရောင်ထွက်နေသော မျက်လုံးအစုံဖြင့် လှမ်းကြည့်၏။

"ငါ့မှာ သမီးတစ်ယောက်တည်း ရှိတယ်။ အဲဒီ သမီးရဲ့ နာမည်က ချင်းချင်းပဲ"

"ဒါ.... ဒါဆိုရင်...."

"မင်း.... ဘာဖြစ်သွားတာလဲ၊ ဘာပြောချင်လို့လဲ"

"ဘိုးဘိုးက မိုးကြိုးသခင် ကုန်ချင်းလျူပေါ့ ဟုတ်လား"

"ဟုတ်တယ်.... ဒီနာမည်ကို မင်းအဖေက ပြောပြခဲ့တာလား"

လျှိုဟူထိုက် ခေါင်းညိတ်ပြလိုက်သည်။ တစ်ပြိုင်နက်တည်းမင် မိုးကြိုးသခင်၏ရှေ့တွင် ဒူးထောက်ချ ကန်တော့လိုက်၏။

"ဘိုးဘိုး...."

"နေပါဦး.... မင်းက"

"ကျွန်တော် ချန်လုံဟန်နဲ့ ချင်းချင်းတို့ရဲ့ သားပါခင်ဗျာ"

"ဟင်.... မင်းက"

"ဟုတ်ပါတယ် ဘိုးဘိုး၊ ကျွန်တော်ဟာ ဘိုးဘိုးရဲ့မြေးပါခင်ဗျာ"

"ငါ့မြေး...."

မိုးကြိုးသခင်က စိတ်လှုပ်ရှားစွာ ခေါ်ရင်း လျှိုဟူထိုက်၏ပခုံးကို လှမ်းပုတ်လိုက်လေသည်။

*





လျှိုဟူထိုက်က မိုးကြိုးသခင်အား သူ့အဝတ္ထုတ်ကြောင်းကို ပြန်ပြောင်း ပြောပြ၏။ မိုးကြိုးသခင်က လျှိုဟူထိုက် ပြောသမျှကို စိတ်ဝင်တစား နားထောင်သည်။ လျှိုဟူထိုက်၏ စကားဆုံးမှ....

"အင်း.... လုံပါချင်းဟာ ငါ့ကိုတပ်မကတူး၊ ငါ့သမီး.... ငါ့မြေးတွေကိုလဲ ဒုက္ခ ပေးခဲ့တာပဲကိုး၊ သူက ငါ့မြေး အမေနဲ့ ခွဲခဲ့တဲ့လူ ဖြစ်သလို၊ ငါ့မြေးရဲ့ ကျေးဇူးရှင် ဆရာပေ ဖြစ်နေပြန်တယ်။ ဒါပေမယ့် ဒုအချိန်ကစပြီး သူ့ကို မင်းရဲ့ ဆရာလို့ မမှတ်နဲ့တော့၊ ဒီ လူယုတ်မာ မင်းကို ပညာသင် ပေးတာဟာ အလကား မဟုတ်ဘူး၊ မိုးကြိုးဓားကို လိုချင်လို့ပဲ"

"မိုးကြိုးဓား ဟုတ်လား.... ဘိုးဘိုး"

"အေး.... မိုးကြိုးဓားဆိုတာဟာ သိုင်းလောကရဲ့ ရတနာ တစ်ပါး၊ ဘိုးဘိုးရဲ့ ကိုယ်ပိုင်ပစ္စည်းပေါ့။ မိုးကြိုးဓား ဘိုးဘိုးရဲ့ လက်ထဲမှာ ရှိတယ်ဆိုတာ လုံပါချင်းနဲ့ လီကျုန်ထင်တို့ နှစ်ယောက်ပဲ သိတယ်။ လီကျုန်ထင်က ဘိုးဘိုးပိုင် ပစ္စည်းကို စိတ်နဲ့တောင် မပြစ်မှားပေမယ့်၊ လုံပါချင်းကတော့ ဒီဓားကို ရဖို့အတွက် ဘိုးဘိုးကို အကောက်ကြံပြီး၊ မရဏဂူမှာ ချုပ်နှောင် ထားခဲ့တယ်"

F 29

"သူ မိုးကြိုးဓားကို ရသွားခဲ့သလား ဘိုးဘိုး"

မိုးကြိုးသခင်က ချောက်ကပ်အက်ကွဲစွာ ရယ်ပြီး၊ ခေါင်းခါပြသည်။

"ဒီဓားကို သူ ရမသွားပါဘူး။ မရအောင်လဲ ဘိုးဘိုးက အလုံခြုံဆုံးနေရာမှာ သိမ်းထားခဲ့တာပဲ။ သူဟာ ဒီဓားကိုရဖို့အတွက် အနှစ်နှစ်ဆယ်လုံးလုံး ဘိုးဘိုးကို မရဏဂူထဲမှာ ပိတ်လှောင် ထားခဲ့တယ်။ တစ်လတစ်ခါဆိုသလို ဘိုးဘိုးရှိရာ လိုက်လာပြီး၊ ဓားပေးဖို့ တောင်းဆိုတယ်။ ဓားရတာနဲ့ ဘိုးဘိုးကို အနှောင်အဖွဲ့က လွှတ်ပေးမယ်လို့ ကတိပေးတယ်။ တစ်ခါ ဘိုးဘိုးရဲ့ သမီးကိုလဲ ဘယ်လိုဒုက္ခပေးမယ်၊ ဘာညာနဲ့ခြိမ်းခြောက်ခဲ့တယ်။ ဒါပေမယ့် ဘိုးဘိုး သူ့ကို ဓားနဲ့ပတ်သက်လို့ တစ်ခွန်းတစ်ပါဒမှ မပြောခဲ့ဘူး"

မိုးကြိုးသခင်က စကားပြောနေရင်း လျှူဟူထိုက်အား ခြေဆုံး ခေါင်းဆုံး ကြည့်သည်။

"ဘိုးဘိုးဟာ မြေးယောက်ျားလေးရခဲ့ရင်၊ ဒီဓားကို အပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အခုတော့ ဘိုးဘိုးဆန္ဒ ပြည့်ပြီပေါ့၊ မရဏဂူထဲက လွတ်မြောက်အောင် အနှစ်နှစ်ဆယ်လုံးလုံး မှော်ပင်တွေ၊ ဖားတွေစားပြီး ကြိုးစားခဲ့တာ အခိပ္ပာယ် ရှိသွားပြီပေါ့"





"စောစောကတော့ မင်းကို ဒီနေရာခေါ် စကားပြောပြီး၊ ဘိုးဘိုးလမ်းကို ဘိုးဘိုး သွားမလို့ဘဲ၊ အခုတော့ မသွားနိုင်တော့ဘူး။ မင်းတို့သွားတဲ့နေရာကို ဘိုးဘိုးလိုက်ခဲ့မယ်။ ခရီးသွားရင်း၊ ဘိုးဘိုး အနှစ်နှစ်ဆယ်လုံးလုံး ကြိုးစားတီထွင်ခဲ့တဲ့ သိုင်းပညာတွေကို မင်းကို သင်ပေးမယ်။ ငါ့မြေးဟာ သိုင်းလောကမှာ နေလို လလို ထင်ရှားတဲ့ သိုင်းသမားတစ်ယောက် ဖြစ်စေရမယ်"

*

ရာသီဥတုက သာယာ ကြည်လင်နေသည်။ ခရီးလမ်း တစ်လျှောက်တွင် ကျေးသံ ငှက်သံများကို မပြတ် ကြားနေရ၏။ မိုင်လေးရာကျော် ဝေးသော စီရန်မြို့သို့ အရောက်သွားသည့် ခရီးလမ်း တစ်လျှောက်တွင်၊ သူတို့သည် မည်သည့် အနှောင့်အယှက် အန္တရာယ်မှ မတွေ့ရတော့ပေ။

လျှူဟူထိုက်တို့သည် ချန်လုံဟန့်ပိုင် ငွေတိုက်ရှိသော မြို့ကြီးများတွင် တစ်ရက်နားလေ့ရှိသည်။ သိုင်းပညာ ကျွမ်းကျင်သကဲ့သို့၊ စာရင်းအင်းပညာကျွမ်းကျင်သော ချူအော့က စာရင်း

များကို စစ်ဆေးသည်။ လျှူဟူထိုက်က ရုပ်ဖျက်ပြီး၊ မြို့တွင်းသို့ လှည့်လည်၍ သူ တွေ့ဆုံရမည့်သူများကို ရှာဖွေတွေ့ဆုံသည်၊

ခရီးသွားနေစဉ် လျှူဟူထိုက်သည် မြင်းလှည်းပေါ်မှ ဆင်း လေ မရှိပေ။ မိုးကြိုးသခင်နှင့်အတူ မြင်းလှည်း အတွင်းမှသာ လိုက်ပါလေ ရှိ၏။

မိုးကြိုးသခင်က လမ်းတစ်လျှောက်လုံးတွင် လျှူဟူထိုက် အား အရိပ်မဲ့သိုင်းပညာဟု အမည်ပေးထားသည့် သူ၏ မူပိုင် သိုင်းပညာကို သင်ကြားပေးသည်။

ရက်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။ ဆယ်ရက်ကျော် ခရီးနှင်ပြီးနောက် စီရန်မြို့နှင့် နီးသည်ထက် နီးလာ၏။ လျှူဟူ ထိုက် မှာလည်း အရိပ်မဲ့ သိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာသည်။ ညအချိန်များတွင် တစ်ညလုံးနီးနီး အတွင်းအား လေ့ကျင့်ခဲ့ရသဖြင့် သူ၏ အတွင်းအားမှာ အဆ မတန် တိုးတက်လာသည်။

စီရန်မြို့နှင့် နီးကပ်လာစဉ် ရာသီဥတုကပြောင်းလဲလာသည်။ ရာသီဥတု ပြောင်းလဲလာသကဲ့သို့ ရေမြေ တောတောင် တို့၏ အနေအထားကလည်း ပြောင်းလဲလာ၏။



ဆယ်ရက်ကျော်မျှ သာယာကြည်လင်သော ရာသီဥတုနှင့် တွေ့ခဲ့သည့် လျှူဟူထိုက်တို့အား တဖွဲဖွဲ ကျဆင်းနေသည့် နှင်း တို့က ကြိုဆိုသည်။ စီရန်မြို့နှင့်နီးလေ နှင်း ဒားပို၍ကျလာပြီး၊ ပတ်ဝန်းကျင်တစ်ခုလုံးတွင် နှင်းခဲများ ဖုံးလွှမ်းစပြုလာသည်။

သုံးရက်မျှ သွားရသော ကျန်ခရီးတွင် လျှူဟူထိုက်သည် မြင်းလှည်းအတွင်း၌ ငြိမ်ကုပ်မနေတော့ဘဲ၊ အပြင်သို့ ထွက် သည်။ သူက မကြာခဏ ဆိုသလိုပင် ကိုယ်ဖော့ပညာ သုံးပြီး၊ နှင်းခဲပြင်ပေါ် ဖြတ်ပြေး၏။ သူ၏ လှုပ်ရှားမှုမှာ အလွန် ပေါ့ပါး လျင်မြန်နေသဖြင့် ချူအောင်တို့တစ်တွေ ရင်သပ်ရှုမော အံ့သြ နေကြရလေသည်။

*

## အခန်း (၁၀)

စီရန်မြို့သည် နှင်းကမ္ဘလာ ခြုံလွှမ်းထားသော မြို့တစ်မြို့ဖြစ်၏။ ကြည့်လေရာရာတွင် ဖွေးဖွေးဖြူနေသော နှင်းများကိုသာ တွေ့ရသည်။

တစ်မြို့လုံးတွင်ရှိ အိမ်များကို လုံခြုံနွေးထွေးစေရန် မြေအုတ်များဖြင့် ဆောက်ထား၏။ အိမ်ခေါင်မိုးများ၊ လမ်းများ၊ ပန်းဥယျာဉ်များ၊ သစ်ပင်များပေါ်တွင် ဖြူဖွေးသော နှင်းခဲတွေ အုပ်စိုးနေ၏။

လျှိုဟူထိုက်သည် သားမွေးအင်္ကျီရှည်၊ သားမွေးဦးထုပ်ကို ဆောင်းပြီး၊ နှင်းဖုံးနေသော လမ်းအတိုင်း လျှင်မြန်စွာလျှောက် လာသည်။

လျှိုဟူထိုက်၏ လှုပ်ရှားပုံမှာ ပေါ့ပါးသွက်လက်နေသည်၊ သူက အများ ထကာတို့ သွားလာသကဲ့သို့ နှင်းခဲပါးရာ လမ်းပေါ်မှာ မသွားဘဲ၊ နှင်းခဲတွေ ထူထူထပ်ထပ် ဖုံးအုပ် နေသည့် မြက်ခင်းပြင်၊ ကွင်းပြင်တို့ကို ဖြတ်ပြီး သွားနေသည်။

သူက မကြာခဏပင် သူလျှောက်လာရာတွင် ခြေရာများ ထင်ကျန်ခြင်း ရှိမရှိ၊ နောက်ပါးမှ လိုက်လာသူ ရှိမရှိ လှည့် လှည့်ကြည့်တတ်သည်။

သူ့နောက်မှ လိုက်လာသူ မရှိသကဲ့သို့၊ ဖြတ်သန်းခဲ့သည့် လမ်းတစ်လျှောက်တွင် ခြေရာထင်ကျန်ခဲ့ခြင်း မရှိချေ။

လျှိုဟူထိုက် ဖြတ်သန်းလာသည့်လမ်းမှာ သာမန်လူ တစ် ယောက် ခြေလှမ်း ဆယ်လှမ်းထက် ပို၍ မလျှောက်နိုင်သော လမ်းဖြစ်၏။ တော်ရုံကိုယ်ဖော့ပညာကောင်းသူပင် နှင်းခဲပြင် ပေါ်တွင် ခြေကျွံမှာ သေချာနေ၏။

လျှိုဟူထိုက်သည် ခြေလှမ်းသွက်သွက်လှမ်းလျက် လျှောက် လာရင်း၊ အိမ်ကြီးတစ်အိမ်အနီးသို့ ရောက်လာသည်။





သူက ကျယ်ပြန့်သော ခြံဝင်းအတွင်းသို့ အတားအဆီးမရှိ ဝင်လာသည်။ မြေအုတ်ဖြင့် ဆောက်ထားသော အိမ်ကြီးရှေ့ သို့ အရောက်တွင်....

"ဟော့.... ရောက်လိုက်"

နှင်းခဲတွေ ဖုံးအုပ်နေသော အိမ်ခေါင်မိုးပေါ်မှ လူတစ် ယောက် ခုန်ဆင်းလာသည်။ နှင်းအကျသဲပြီး၊ ရာသီဥတုက အရိုးကွဲမတတ် အေးနေသော်လည်း၊ ထိုသူ၏ ကိုယ်ပေါ်တွင် ပါးလွှာသော အဖြူရောင် ဝတ်စုံကိုသာ ဝတ်ဆင်ထားသည်။

လျှိုဟူထိုက်က သူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်သော ဝတ်စုံဖြူ ဝတ်ထားသူအား စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ ထိုသူမှာ အသက်ငါးဆယ် ဝန်းကျင်ခန့်ရှိပြီး၊ ဥပဓိရုပ် တောင်း ကောင်းနှင့် ကြံ့ခိုင်တောင့်တင်းသူ ဖြစ်၏။

"မင်း...ဘယ်သူလဲ။ ဘာကိစ္စနဲ့ လာတာလဲ"

"ကျွန်တော်က နှင်းတောထဲ တိုးချင်လို့ တောင်ပေါ်ကို တက်လာတဲ့ ခံပုလွေပါ"

"တောင်ပေါ်ခံပုလွေဆိုတာ ငါပဲကွ"

လျှိုဟူထိုက်က ဝတ်စုံပြုဝတ်ထားသော တောင်ပေါ်ဝံပုလွေအား လက်နှစ်ဘက်ဆုပ်ပြီး ဂါရဝပြုလိုက်သည်။

"ကျွန်တော် လျှိုဟူထိုက်၊ ဆရာကြီးကို ဂါရဝပြုပါတယ်၊

ကျွန်တော့်အဖေက ဆရာကြီးကို ဒီပစ္စည်းလေး ပေးခိုင်းလိုက်ပါတယ်"

လျှိုဟူထိုက်က တောင်ပေါ် ဝံပုလွေအား ခြောက်လက်မခန့်ရှိ ဓားပါးလေးတစ်လက်ကို ထုတ်ပေးလိုက်သည်။ ဓားပါးလေးကို မြင်သည်နှင့် တောင်ပေါ်ဝံပုလွေ၏ မျက်နှာတွင် အပြောင်းအလဲများစွာ ပေါ်သွား၏။ သူက ဓားပါးလေးကို လျင်မြန်စွာယူပြီး သိမ်းဆည်းလိုက်သည်။

"သူ အကူအညီ လိုနေပြီလား"

"ဟုတ်ကဲ့၊ သူ့ကိုယ်ရေးကိုယ်တာအတွက်အကူအညီလိုတာ မဟုတ်ပါဘူး။ သိုင်းလောကကြီးတစ်ခုလုံး ပျက်စီးနစ်မွန်းမယ့် အန္တရာယ်တစ်ခုကို ဖယ်ရှားဖို့ အကူအညီ လိုနေတာပါ"

တောင်ပေါ်ဝံပုလွေ၏ မျက်နှာမှာ အရောင် တဖျတ်ဖျတ်လက်ပြီး ဝင်းလဲ့တောက်ပလာသည်။ သူက လျှိုဟူထိုက်အား ပြုံးလျက်ကြည့်ပြီး....





"မင်းက ငါ့မိတ်ဆွေရဲ့ သားဆိုတော့ ကျုပ်ရဲ့ သားပါပဲ၊ လာ အိမ်ထဲကိုဝင်ပါ။ ပြီးတော့ မင်းအဖေမှာလိုက်တဲ့ ကိစ္စကို သေသေချာချာ ပြောပြပါ"

တောင်ပေါ်ဝံပုလွေက ရှေ့မှဦးဆောင်ပြီး အိမ်ထဲသို့ဝင်သည်။ လျှိုဟူထိုက်သည် ပတ်ဝန်းကျင်ကို လျင်မြန်ဖျတ်လပ်သော မျက်လုံးအစုံဖြင့် အကဲခတ်ကြည့်ရှုရင်း နောက်မှလိုက်ခဲ့၏။

အပြင်ဘက်တွင် အချိုးကွဲမတတ် အေးနေသလောက်၊ အိမ်ထဲတွင် နွေးထွေးနေသည်။ အိမ်ကြီး၏ ဧည့်ခန်းတွင် ရှိသော မီးဖို[illegible]စ်ခုမှ မီးများ တဟုန်းဟုန်း တောက်လောင်နေသည်ကို တွေ့ရ၏။

အိမ်ထဲတွင် အိမ်သူအိမ်သား များများစားစား ရှိပုံ မရ။ ဇနီးမောင်နှံဖြစ်ပုံရသော၊ တောင်ပေါ်ဝံပုလွေကဲ့သို့ပင် အဖြူရောင် ဝတ်စုံဝတ်ထားသည့် အသက်သုံးဆယ်အရွယ် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ကို တွေ့ရသည်။

"သူတို့က ဦးရဲ့အပည့်တွေပါ။ ဦးတို့ အိမ်မှာ အိမ်သားဆိုလို့ ငါးသုံးယောက်ပဲ ရှိပါတယ်။ တူမောင် တည်းခိုဖို့အတွက်"

"ကျွန်တော် ဒီမှာ မတည်းခိုပါဘူး ခင်ဗျာ"

"ဒီမြို့မှာ တူမောင်ရဲ့ အသိအကျွမ်းတွေ ရှိလို့လား"

လျှိုဟူထိုက်က မီးဖိုကြီးအနီးတွင် ချထားသော သစ်သားထိုင်ခုံမှာ ဝင်ထိုင်ရင်း ခေါင်းခါပြလိုက်သည်။

"အသိအကျွမ်းမရှိပါဘူး၊ စုံစမ်းစရာတွေရှိလို့ တည်းခိုခန်းမှာပဲ တည်းပါမယ်။ တည်းခိုနေထိုင်ဖို့ထက် ဒီမြို့မှာရှိတဲ့ရန်သူ့သတင်းကို စုံစမ်းဖို့၊ ရန်သူရဲ့ လှုပ်ရှားမှုကို သိနိုင်ဖို့ကပိုအရေးကြီးပါတယ်"

"မင်းတို့ရဲ့ ရန်သူက ဘယ်သူလဲဆိုတာ ပြောပြပါဦး"

"ဒီရန်သူဟာ ကျွန်တော်တို့တင် မဟုတ်ပါဘူး။ သိုင်းလောကသားတိုင်းရဲ့ ရန်သူပါ။ ခုတစ်လော တောင်ပိုင်းပြည်နယ်မှာ ကြယ်တာရာအဖွဲ့ဆိုတဲ့ လျှို့ဝှက် အဖွဲ့တစ်ဖွဲ့ လှုပ်ရှားနေပါတယ်။ သူတို့ဟာ အဆိပ်လက်နက်နဲ့ သိုင်းလောကသားတော်တော်များများကို ထိန်းချုပ်ပြီး၊ သိုင်းလောကကြီးတစ်ခုလုံးကို စိုးမိုးဖို့ ကြံစည်နေပါတယ်။ သူတို့ဟာ သိုင်းကိုဏ်းအတော်များများကို သစ္စာခံခိုင်းပြီး၊ သိမ်းသွင်းလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ဒီအဖွဲ့ကို ဦးဆောင်တဲ့သူက ကြယ်တာရာသခင်လေးလို့ ခေါ်ပါတယ်။ သူက လူတွေကြားထဲ ပေါ်ပေါ်ထင်ထင် မထွက်ဘဲ၊ လျှို့ဝှက် လှုပ်ရှားတတ်ပါတယ်၊





လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်ကတည်းက တိမ်မြုပ်နေတဲ့ အဆိပ်မင်းသမီးကိုတောင် သိမ်းသွင်းထားပြီးပြီလို့ ယူဆရပါတယ်"

လျှိုဟူထိုက်၏ စကားကို နားထောင်ရင်းနှင့် တောင်ပေါ်ငပုလွေ၏မျက်နှာတွင် တွေဝေဟန်တွေ ထင်လာသည်။

"အဲဒီကြယ်တာရာ အဖွဲ့ကို ဖြိုခွဲဖို့အတွက် ဦးက ကူညီရမှာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့— ဖေဖေက ဦးကို လူကိုယ်တိုင် လာစေချင်ပါတယ်။ အနယ်နယ် အရပ်ရပ်မှာရှိတဲ့ သိုင်းလောကရဲ့ ထိပ်သီးဆရာကြီးတွေကိုလဲ ဖိတ်ခေါ်ထားပြီးပါပြီ။ တခြား လူတွေထက် ဦးကို မဖြစ်မနေ ရောက်လာ စေချင်လို့ ကျွန်တော်ကိုယ်တိုင် လိုက်ပြီး ဖိတ်ခေါ်ဖို့ လွှတ်လိုက်တာပါ"

"ဦးကိုမှ ဘာဖြစ်လို့ မဖြစ်မနေ လာစေချင်တာလဲ"

"ကြယ်တာရာသခင်လေး အသုံးပြုတဲ့သိုင်းပညာဟာ ဦးရဲ့သိုင်းပညာ ဖြစ်နေလို့ပါ"

"ဦးရဲ့သိုင်းပညာ ဟုတ်လား.... ဒါဆိုရင်"

"သူဟာ ဦးရဲ့တပည့်တစ်ယောက် ဖြစ်လိမ့်မယ်လို့ ဖေဖေ က ယူဆပါတယ်။ ဒါကြောင့် သိုင်းလောကရဲ့ နံပါတ်တစ် ရန်သူကို ဦးကိုယ်တိုင်ပဲ ရှင်းလင်းစေချင်ပါတယ် ခင်ဗျာ"

*

လျှူဟူထိုက် အတုမရှိစားသောက်ဆိုင်ဟု ဆိုင်းဘုတ် တပ် ထားသော ဆိုင်အတွင်းသို့ လှမ်းဝင်လိုက်သည်။ အအေးဒဏ် ကြောင့် တံခါးပေါက်၊ ပြတင်းပေါက်များပိတ်ထားသည့် ဆိုင် ထဲတွင် စားသောက်နေသူ အဘော်များများ ရှိနေ၏။

လျှူဟူထိုက်သည် ဆိုင်ထဲသို့ရောက်သည်နှင့် ဆိုင်ထောင့်တွင် တစ်ယောက်တည်းဆိုင်နေသော မိုးကြိုးသခင်ထံသို့ တန်းတန်း မတ်မတ် လျှောက်ခဲ့သည်။

မိုးကြိုးသခင်က လျှူဟူထိုက်အား တစ်ချက်လှမ်းကြည့်ပြီး သူ့ရှေ့တွင် ချထားသည့် အရက်အိုးကို ဆွဲချ သောက်သည်။ လျှူဟူထိုက်က မိုးကြိုးသခင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်





ပြီး၊ စားပွဲထိုးအား လှမ်းခေါ်၍ စားသောက်ဖွယ်ရာများ မှာ လိုက်၏။

"မင်း တွေ့ချင်နေတဲ့လူနဲ့ တွေ့ခဲ့ရဲ့လား လူလေး"

"ဟုတ်ကဲ့ တွေ့ခဲ့ပါတယ် ဘိုးဘိုး"

မိုးကြိုးသခင်က ထပ်မမေးဘဲ၊ အရက်အိုးကို ဆက်သောက် သည်။ လျှူဟူထိုက်က တီးတိုးသံဖြင့်....

"သူ အမြန်ဆုံး ခရီးထွက်ပါလိမ့်မယ်။ ကျွန်တော် လာတဲ့ ကိစ္စ ပြီးပါပြီ ဘိုးဘိုး"

မိုးကြိုးသခင်က နားလည် သဘောပေါက်ဟန်ဖြင့် ခေါင်း ညိတ်ပြသည်။ ထူးခြားခြင်း အမူအရာဖြင့် လျှူဟူထိုက်အား တစ်ချက်ကြည့်ပြီး....

"မင်း တစ်ခါတုန်းက အသည်းကြွေအဆိပ် မိခဲ့တယ်နော်"

မိုးကြိုးသခင်၏ အသံက မဆိုစလောက် ကျယ်သွားသည်။ လျှူဟူထိုက်က စားပွဲထိုးလာချပေးသော အစားအသောက်ကို စတင်စားသောက်ရင်းမှ ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ ဘိုးဘိုး၊ အရက်ထဲမှာ အဆိပ်ခတ်ပြီး ပေးလိုက်တာ ကို ခံခဲ့ရတယ်"

"ဒါပေမယ့် မင်း မသေခဲ့ဘူး မဟုတ်လား၊ အသည်းကြွေ အဆိပ်ဟာ မင်းနဲ့တွေ့တော့ အလကားအဆိပ် ဖြစ်သွားတာ ပေါ့ ဟုတ်လား"

"ကျွန်တော်...."

လျှူဟူထိုက်က အဆိပ်မိပုံ၊ ခရေပန်းက အဆိပ်ကုပေးပုံကို ပြောပြရန် စကားစလိုက်သည်။ သို့သော် မိုးကြိုးသခင်က လက် ကာပြသဖြင့် စကားကို မပြောဖြစ်လိုက်။

"အသည်းကြွေ အဆိပ်ဟာ တစ်ချိန်တုန်းကတော့၊ သိုင်း လောကမှာ မဖြေဆေးမရှိ အဆိပ်အဖြစ် ကျော်ကြားခဲ့တာပါပဲ၊ ဒါပေမယ့် အခုတော့ အဲဒီအဆိပ်ဟာ အလကားအဆိပ် ဖြစ် သွားပြီ"

"ဗုန်း"

"တိတ်စမ်း"





စားပွဲ မျက်နှာပြင်ကို လက်ဝါးနှင့် ရိုက်လိုက်သံနှင့်အတူ အော်ဟစ်တားဆီးသံ ပေါ်လာသည်။ လျှူဟူထိုက်မှာ အံ့အား သင့်သွားပြီး၊ အသံပေါ်ထွက်လာရာသို့ လှမ်းကြည့်လိုက်၏ ရန်လိုခက်ထန်သော အကြည့်ဖြင့် ကြည့်နေသည့် ဘေးစားပွဲ အဘွားအိုတစ်ယောက်အား တွေ့လိုက်ရ၏။

အဘွားအိုမှာ ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ထဲတွင် မည်းနက်သော ပလွေတစ်ချောင်းကို ကိုင်ထားပြီ ခနဲ ထိုအဘွားအို၏ အကြည့်သည် မိုးကြိုးသခင်နှင့် လ တို့ထံ ရောက်နေသည်။

"အသည်းကြွေအဆိပ်ဟာ အလကားလို့ ပြောရဲခဲ့တဲ့ထား သူလဲ ဟေ့"

မိုးကြိုးသခင်က မေးခွန်း ထုတ်လာသည့် အဘွားအို၏ မျက်နှာကို ပြုံးလျက်ကြည့်နေသည်၊ ကြည့်နေရင်းမှ....

"ဒီစကားကိုပြောလိုက်တာ ကျုပ်ပဲ၊ ခင်ဗျားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကို မေးခွန်းထုတ်ရတာလဲ"

အဘွားအို၏ အေးစက်စက်ရယ်သံ စားသောက်ဆိုင်ထဲတွင် ပျံ့လွင့် ပေါ်ထွက်လာသည်၊ ထိုရယ်သံက စားသောက်ဆိုင် ထဲရှိ အသံဗလံမှန်သမျှကို ဖုံးလွှမ်းသွား၏။

"ရှင်.... ဘယ်သူလဲ"

"ခင်ဗျားကကော ဘယ်သူလဲ"

"အဆိပ်မင်းသမီးဆိုတဲ့ နာမည်ကို ရှင် ကြားဖူးမှာပေါ့"

အ

ပေ ကြိုးသခင်က ကျေနပ်သွားဟန်နှင့် ပြုံးလိုက်သည်။ အဆိပ်
ဘွဲ့ရ အဘွားအိုအား လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြု

"

ကျုပ် မိုးကြိုးသခင်က အဆိပ်မင်းသမီးကို ဂါရဝပြုပါ

"

"အော် ရှင်က ကြိုးသခင်ကိုး– သိုင်းလောကထဲမှာ နာမည်တစ်လုံးနဲ့ ကျော်ကြားခဲ့တဲ့ သူဖြစ်ရဲ့သားနဲ့ ဘာဖြစ်လို့ ကျွန်မကို စော်ကားရတာလဲ"

မိုးကြိုးသခင်က အဆိပ်မင်းသမီးအား တောင်းပန်ဟန်ဖြင့် ပြုံးလျက်ကြည့်ပြီး ခေါင်းခါပြလိုက်သည်။

"ကျုပ် စော်ကားနေတာ မဟုတ်ပါဘူး၊ ခင်ဗျား– ဘယ်သူလဲဆိုတာ ပေါ်အောင် ဖော်ထုတ်တာပါ၊ ခင်ဗျားဟာ အဆိပ်





မင်းသမီး ဖြစ်နေတော့ ကျုပ်တစ်ခုပြောမယ်၊ ခင်ဗျားရဲ့ မိတ်ဆွေဟာ ဧဝါမေ သမားတော်ကြီးကို အကျဉ်းချထားတယ်၊ အဲဒါကို ခင်ဗျားသိသလား၊ ခင်ဗျားမိတ်ဆွေက ကျုပ်မြေးလေးကို အဆိပ်ခတ်လိုက်ချိန်မှာ ခင်ဗျားရဲ့ သမီး ခရေပန်းက ဆေးကုပေးခဲ့တယ်၊ ဒါကိုကော ခင်ဗျားသိသလား"

အဆိပ်မင်းသမီး၏ မျက်နှာတွင် တင်းမာဟန်တွေ ရိပ်ခနဲ ပေါ်လာ၏။

"ဒါ တကယ်လား၊ သမားတော်ကြီး အကျဉ်းချခံထားရတယ်ဆိုတာ အမှန်ဘဲလား"

"ခင်ဗျားကိုယ်တိုင် ခင်ဗျားရဲ့ မိတ်ဆွေဆီကို သွားကြည့်ရင် သိပါလိမ့်မယ်၊ ခင်ဗျားရဲ့ မိတ်ဆွေဟာ သမားတော်ကြီးကို ချုပ်နှောင်ထားပြီး၊ ခင်ဗျားတို့ရဲ့ သမီးကို ခိုင်းချင်ရာ ခိုင်းနေတယ်"

အဆိပ်မင်းသမီး နေရာမှ ဝုန်းခနဲ ထလိုက်သည်။ သူ့ မျက်လုံးအစုံမှာ မီးတောက်မတတ် အရောင်ထွက်နေ၏။

"ခင်ဗျားကို ကျုပ်တစ်ခုမေးချင်တယ်"

အဆိပ် မင်းသမီးက မိုးကြိုးသခင်အား အေးစက်သော အကြည့်ဖြင့် လှမ်းကြည့်သည်။

"ရှင် ဘာမေးမလို့လဲ"

"ခင်ဗျားဟာ တစ်ခါတုန်းက သိုင်းလောကမှာ မဟုတ်မခံ ဇတ်ဇတ်ကြဲ မိန်းကလေး တစ်ယောက်အဖြစ် ရပ်တည်ခဲ့တယ်၊ ခင်ဗျားကို သိုင်းလောကသားတွေ အတော်များများက ချစ်ကြောက်ရိုသေကြတယ်၊ သိုင်းလောကထဲကနေ ပျောက်ကွယ်သွားတဲ့ထိအောင် ခင်ဗျားမှာ နာမည်ပျက်တစ်ခုမှ မရှိခဲ့ပါဘူး။ ဒါပေမယ့် အခု တော့ ခင်ဗျားက သိုင်းလောကကို ဖျက်စီးမဲ့လူနဲ့ ပူးပေါင်းနေတယ်၊ သူက ဘယ်လိုနိုင်ပေါက်မျိုး ကိုင်ထားလို့ ခင်ဗျားသူ့ အမိန့်ကို နာခံနေရတာလဲ"

မိုးကြိုးသခင်၏စကားကြောင့် အဆိပ်မင်းသမီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားသည်။ သူက မိုးကြိုးသခင်အား ဖျပ်ခနဲ ကြည့်၍

"ကျုပ် သူ့ အမိန့်ကို နာခံနေတာ မဟုတ်ဘူး။ ကျေးဇူး ဆပ်စရာအကြောင်း တစ်ခုရှိနေလို့ သူ့ကို အသက်ကြွေ အဆိပ် ပေးလိုက်တာပဲ ရှိပါတယ်။ ဒီအတွက်ကြောင့် သူ့ကျေးဇူး





တွေ ကျုပ်အပေါ်မှာ မရှိတော့ဘူး။ ကျုပ်အခု ချက်ချင်း သူ့ နောက်ကိုလိုက်ပြီး၊ သမားတော်ကြီးနဲ့ ကျုပ်သမီးကို ကယ်တင်မယ်"

*

## အခန်း (၁၁)

လျူဟူထိုက်တို့သည် စီရန်မြို့တွင် သုံးရက်မျှ နေပြီးနောက် ဟန်ကြူးမြို့သို့ ပြန်သည်၊

အပြန်လမ်းတွင် လျူဟူထိုက်က မြင်းလှည်းထဲမှာ လှည်းအောင်းမနေတော့ဘဲ ချူအော့တို့နှင့်အတူ အပြင်ထွက်၍ လိုက်သည်။ မြင်းလှည်းထဲတွင် လျူဟူထိုက်ကိုယ်စား မိုးကြိုးသခင်က လိုက်ပါလာ၏။

စီရန်မြို့မှ မိုင်ငါးဆယ်သို့ ရောက်သည့်တိုင် နေရောင်ကို မမြင်ရဘဲ၊ နှင်းတွေ သဲသဲမဲမဲကျနေသည့် လမ်းမှဖြတ်ရသည်။

တစ်နေ့ကုန် ခရီးပြင်းနှင်ခဲ့ပြီး၊ ညနေစောင်းတွင် ရွာတစ်ရွာသို့ ရောက်သည်။ ထိုရွာက နှင်းတောင်မုဆိုးများ နေထိုင်သည့် မုဆိုးရွာတစ်ရွာပင် ဖြစ်သည်။

လျှူဟူထိုက်တို့သည် ရွာလယ်ရှိ ကျေးရွာ ခေါင်းဆောင်၏အိမ်ရှေ့တွင် မြင်းလှည်းကို ရပ်တန့်လိုက်သည်။

မုဆိုးများ၏ ခေါင်းဆောင်မှာ မကြာခဏ စာရင်းစစ်ထွက်လေ့ရှိသော ချူအော့နှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်သည်။ ကျေးရွာခေါင်းဆောင်က လျှူဟူထိုက်အား ဝမ်းသာအားရ ကြိုဆိုနေရာချထားပေးသည်။

"ဒီရွာက မုဆိုးတွေဟာ ကျွန်တော်တို့ရဲ့ ဖောက်သယ်တွေပါ သခင်လေး။ သူတို့က တိရစ္ဆာန်သားရေတွေ၊ ဦးချိုတွေကို သခင်ကြီးပိုင်တဲ့ ကျွန်းလင်မြို့က ဆိုင်မှာ သွင်းလေ့ရှိပါတယ်။ သူတို့လိုအပ်တဲ့ ရိက္ခာတွေကိုလဲ ကျွန်းလင်ဆိုင်ရှင်က ဝယ်လေ့ရှိပါတယ်"

"ရွာက အိမ်ခြေနှစ်ရာလောက် ရှိတယ်နော်၊ အားလုံးမုဆိုးတွေချည်းဘဲလား"





"ဟုတ်ပါတယ် သခင်လေး၊ တစ်ရွာလုံး မုဆိုးတွေဖြစ်သလို တစ်ယောက်နဲ့တစ်ယောက်ဲ ဆွေမျိုး တော်စပ်ကြပါတယ်။ ရွာတံခါးကို အချိန်နဲ့ဖွင့်၊ အချိန်နဲ့ပိတ်ပြီး၊ လူစိမ်းသူစိမ်းဆိုရင် အရမ်းလက်မခံတတ်ကြပါဘူး။ နားနေဖို့အတွက်လုံခြုံမှုအပြည့် ရှိတဲ့ရွာပါ"

ကျေးရွာ ခေါင်းဆောင်မှာ လက်တစ်ထောင် အဘိုးအိုဟုနာမည်တွင်သည့် မုဆိုးကြီး ဖြစ်သည်။ အသက်ခြောက်ဆယ်ကျော်ပြီး ဖြစ်သော်လည်း ကြံ့ခိုင်သန်စွမ်းနေဆဲ ဖြစ်သည်။

လက်တစ်ထောင် အဘိုးအိုက လျှူဟူထိုက်ကို တလေးတစားဆက်ဆံသည်။ မိုးကြိုးသခင်နှင့် တစ်ခဏအတွင်းမှာပင် ရင်းနှီးခင်မင်သွားပြီး၊ အရက်အတူ သောက်လျက် စကားစမြည်ပြောဆိုနေကြသည်။

အသားမျိုးစုံကို အကင်တစ်မျိုး၊ အကြော်တစ်မျိုး၊ အချက်တစ်မျိုးနှင့် အမျိုးမျိုးစီမံထားသော ဟင်းလျာများဖြင့် ချ၍ ကျွေးမွေးသည်။ ညစာ စားပြီးချိန်တွင် လျှူဟူထိုက်သည် ရွာထဲသို့ တိတ်ဆိတ်စွာ ထွက်ခဲ့၏။ တစ်ရွာလုံး အနှံ့အပြား သွားလာပြီး ဝင်လမ်းကို လေ့လာသည်။ ရွာပတ်လည်ကို ခိုင်မာသော စည်းရိုးဖြင့် ကာထားပုံ၊ ရွာတံခါးတွင် ကင်းစောင့်များ

ချထားပုံတို့ကို အသေအချာ အကဲခတ်၏။ မုဆိုးရွာသည်လုံခြုံသောရွာအဖြစ် စိတ်ချရမှ တည်းခိုအိမ်သို့ ပြန်ခဲ့လေသည်။

*

လရောင် ရွှန်းမြစွာ သာနေ၏။

နှင်းအကျရပ်သွားသဖြင့် ကြည်လင်ဝင်းပသော လရောင်က မုဆိုးရွာပေါ်သို့ အတားအဆီးမရှိ ကျနေသည်။ နှင်းခဲများဖုံးလွှမ်းနေသော ရွာတစ်ရွာလုံးသည် လရောင်အောက်တွင် ဖွေးဖွေးတောက်ပနေ၏။

မုဆိုးကြီး လက်တစ်ထောင် အဘိုးအို၏ အိမ်ထဲမှ မီးဖိုမှ မီးများ တဟုန်းဟုန်း တောက်လောင်နေသည်။ မီးဖိုမှ မီးအရှိန်ကြောင့် အိမ်ထဲတွင် နွေးနွေးထွေးထွေးရှိနေသည်။

လျှိုဟူထိုက်သည် အိမ်ထဲသို့ မဝင်သေးဘဲ၊ လသာဆောင်တွင် ထိုင်နေသည်။ လရောင်အောက်တွင် ငြိမ်သက်နေသော ရွာတစ်ရွာလုံးကို လသာဆောင်ပေါ်မှ ငေးကြည့်နေ၏။





ဖွေးဖွေးအရောင်လက်ပြီး ငြိမ်သက် တိတ်ဆိတ်နေသောရွာကို ကြည့်ရင်း လျှိုဟူထိုက်၏ အတွေး ဟန်ကြူးမြို့သို့ ရောက်နေသည်။ သူ့အတွေးတွင် ရှောင်ရီဖုန်းနှင့် ခရေပန်းတို့က စိုးမိုးနေ၏။

ရှောင်ရီဖုန်းနှင့်အတူ သွားလာခဲ့သည်များကို ပြန်လည်မြင်ယောင်ရင်း စိတ်ထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ သို့သော် ထိုခံစားချက်က ကြာရှည်မတည်မြဲ၊ အာရုံမှာ ခရေပန်း၏လှပသောသဏ္ဍာန်လေးပေါ်လာသည်နှင့် ရှောင်ရီဖုန်းသည် မှေးမှိန်ပျောက်ကွယ်သွား၏။

ခရေပန်းနှင့် တွေ့ခဲ့ရပုံ၊ ခရေပန်းက သူ့အပေါ် ကြင်နာယုယစွာ ပြုစုခဲ့ပုံတို့ကို ပြန်သတိရရင်း ရင်မှာနွေးနွေးထွေးထွေး ခံစားရလာသည်။

ခရေပန်းအား တစ်ညအိပ်မျှသာ ကြာလိမ့်မည်ဟု ပြောခဲ့သည်ကို သတိရနေသည်။ ယခုလောက်ဆိုလျှင် ခရေပန်းတစ်ယောက် တမျှော်ထဲမျှော်နေတော့မည်ဟု တွေးမိ၏။

လရောင်အောက်သို့ ငေးရင်းတွေးနေရာမှ ရုတ်တရက်တွေ့လိုက်ရသည့် လှုပ်ရှားမှုတစ်ခုကြောင့် သူ့အတွေးတွေ ဖြတ်တောက်သွားရသည်။

အခိုင်အမာ ကားရံထားသော ရွာစည်းရိုးပေါ်ခုန်ပျံကျော်လွှားပြီး ရွာထဲသို့ဝင်လာသည့် လူရိပ်တစ်ရိပ်ကို သူတွေ့လိုက်သည်။ ထိုလူရိပ်ကို တွေ့သည်နှင့် သူ့တစ်ကိုယ်လုံးရှိ အကြောအမျှင်များ တောင့်တင်းသွားရသည်။ တပြိုင်နက်တည်းမှာပင် ငေးမောရီဝေနေသော သူ့မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ်လက်လာသည်။

သူသည် ညှက်တစ်ကောင်၏ အော်သံနှင့် တူသောအသံဖြင့် အော်လိုက်သည်။ ပြီး လသာဆောင်ပေါ်မှ လှစ်ခနဲခုန်ဆင်း၍ လူရိပ်တွေ့ရာသို့ ပြေးထွက်သည်။

ကျူးကျော်ဝင်ရောက်လာသူသည် မီးခိုးရောင်နှင့် တူသော ဝတ်စုံခပ်ပွပွင်းမှိုင်းကို ဝတ်ထားသည်။ နှင်းခဲများ၏ နောက်ခံအဖြူရောင်တွင် မီးခိုးရောင်ဝတ်စုံသည် ထင်းနေသည်။

မီးခိုးရောင်ဝတ်စုံနှင့် လူသည် အိမ်ခေါင်မိုးတစ်ခုမှ တစ်ခုသို့ ခုန်ကူးပြီး ပြေးနေသည်။ အိမ်ခေါင်မိုးတစ်ခုပေါ်သို့ ရောက်တိုင်း တစ်စုံတစ်ရာကို ချထားတတ်သည်ကို တွေ့ရ၏။

လျှူဟွာထိုက်က မီးခိုးရောင်ဝတ်စုံနှင့် လူရောက်ခဲ့ပြီးသော အိမ်ခေါင်မိုးများပေါ်သို့ အရောက်တွင် လရောင်ဖြင့် မြင်နေရ





သော ခေါင်မိုးတစ်ခုလုံးကို စေ့စေ့စပ်စပ်ကြည့်သည်။ အမိုးအပေါ်တွင် လက်ကိုးဆုတ်ခန့်ရှိသော မည်းမည်းအလုံးတစ်လုံးကို တွေ့ရသဖြင့် ကောက်ယူကြည့်ရှုသည်။

ခေါင်မိုးပေါ်တွင်တွေ့ရသည့် မည်းမည်းအလုံးမှာမီးလောင်ဗုံးတစ်လုံးမှန်း သိလိုက်သဖြင့် ရင်ထိတ်သွားမိ၏။ တစ်ပြိုင်နက်တည်းမှာပင် အိမ်ခေါင်မိုးများပေါ်တွင် မီးလောင်ဗုံးများကို ချထားပြီး၊ တစ်ရွာလုံးကို မီးရှို့ရန် ကြံစီသော မီးခိုးရောင်ဝတ်စုံရှင်၏ အကြံကို သဘောပေါက်သွားသည်။

သူက မီးခိုးရောင်ဝတ်စုံနှင့် လူနောက်သို့လိုက်ပြီး အိမ်ခေါင်မိုးများပေါ်တွင် ချထားသော မီးလောင်ဗုံးများကို တစ်လုံးပြီးတစ်လုံး ကောက်သိမ်းသည်။

မီးခိုးရောင်ဝတ်စုံနှင့်လူသည် တစ်ရွာလုံးအနှံ့အပြားလျှောက်သွားပြီး ရွာတံခါးဆီသို့ ပြေးထွက်သည်။ လျှူဟွာထိုက်က မီးခိုးရောင်ဝတ်စုံနှင့်လူ ပြေးထွက်ရာသို့ ဆက်လိုက်သည်။ ရွာတံခါးဆီသို့မရောက်ခင် လှုပ်လှုပ်ရှားရှား အသံများကို ကြားရသဖြင့် အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်သည်။ ထိုအခါ ရွာတံခါးဆီသို့ လျှောက်လာနေသော ချူအော့တို့နှင့် မျက်နှာချင်းဆိုင်မိသွား၏။

"ချူအော့ ဒီမီးလောင်ပုံးတွေကို သိမ်းထား၊ ကျုပ်ရွာအပြင်ကို ထွက်မယ်၊ ရွာအပြင်မှာ ရန်သူအလုံးအရင်းနဲ့ရောက်နေပြီထင်တယ်၊ တစ်ရွာလုံးကို သတိဝီရိယနှင့်နေဖို့ ပြောထားပါ"

"ဘုတ်ကဲ့ သခင်လေးရဲ့ အချက်ပေးသံကို ကြားတာနဲ့ ရန်သူလာတယ်ဆိုတာ သိပြီး၊ အားလုံးကိုသတိထားကြဖို့ နှိုးဆော်ထားပါတယ်"

လျှူဟူထိုက်က သူ့လက်ထဲမှ မီးလောင်ပုံးများကို ချူအော့ လက်ထဲထည့်ပြီး ရွာတံခါးရှိရာ ပြေးထွက်သည်။

ရွာတံခါးတွင်ရှိနေသော အစောင့်နှစ်ယောက်ကို အကြောပိတ်ထားလျက် တွေ့ရသည်။ ရွာတံခါးကိုလည်း အပြင်မှနေ၍ အလွယ်တကူဖွင့်၍ရအောင် မင်းတုံးများ ဖြုတ်ထားသည်။

လျှူဟူထိုက်က စောင့်နှစ်ယောက်ကို အကြောဖွင့်ပေးလိုက်သည်။

"ခင်ဗျားတို့ကို သွေးကြောပိတ်သွားတဲ့လူ ဘယ်ရောက်သွားပြီလဲ"





"တံခါးဖွင့်ပြီး အပြင်ကို ထွက်သွားပါတယ်"

"တံခါးပြန်ပိတ်ပြီး ရန်သူရောက်နေကြောင်း တစ်ရွာလုံးကိုသတင်းပို့ထားပါ၊ ကျုပ်ရန်သူနောက်ကို လိုက်မယ်"

လျှူဟူထိုက်က ကင်းသမား နှစ်ယောက်အား ပြောပြီး တံခါးဖွင့်၍ ရွာအပြင်သို့ ထွက်သည်။ ရွာအပြင်သို့ရောက်လျှင် ပတ်ဝန်းကျင်ကိုလျှင်မြန်စွာ အကဲခတ်ကြည့်ရှုပြီး ရွာနှင့်အနီးဆုံးဖြစ်သော တောအုပ်ဆီသို့ ပြေးထွက်ခဲ့၏။

အလွန် တိုးတက်မြင့်မားနေသော ကိုယ်ဖော့ပညာကြောင့် လျှူဟူထိုက်သည် တောအုပ်ဆီသို့ ရိပ်ခနဲရောက်သွား၏။ သူက နှင်းခဲများ အုပ်နေသော သစ်ပင်များအောက်သို့ တိုးဝင်သည်။ ဖူးရှအရောင်လက်နေသော သူ့မျက်လုံးအစုံက ပတ်ဝန်းကျင်ကို လျှင်မြန်စွာ အကဲခတ်ကြည့်ရှု၏။

တောအုပ်အလယ်တွင် လင်းလက်နေသော မီးရောင်ကိုတွေ့ရသည်။ သူက မီးရောင်ရှိရာသို့ ညင်သာပေါ့ပါးစွာ တိုးကပ်သွား၏။

မီးရောင်ပေါ်ထွက်ရာတွင် လူတစ်စုရှိနေသည်။ ထိုသူများမှာ အစိမ်းရောင်ဝတ်စုံများ ဝတ်ဆင်ထားလျက် အအေးဒဏ်ကို ကာကွယ်ရန် မီးပုံကြီးပုံပြီး မီးလှုံနေကြသည်၊ စုစုပေါင်း

လူလေးဆယ်ခန့်ရှိပြီး၊ အစိမ်းရောင် ဝတ်ဆင်သူများ အလည်တွင် မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသူကို တွေ့ရသည်။

“ဒီရွာတစ်ရွာလုံးကို မီးလောင်တိုက်သွင်းရမယ်၊ အိမ်ခေါင်မိုးတိုင်းမှာ မီးလောင်ဗုံးတွေထားခဲ့ပြီးပြီ မြားအပစ်အဖွဲ့ရွာစည်းရိုးပေါ်တက်ပြီး မီးမျှားတွေနဲ့ အိမ်ခေါင်မိုးတွေပေါ်ကိုပစ်ပါ၊ မီးမြှားနဲ့ပစ်ပြီးတာနဲ့ ကျန်တဲ့လူတွေ ရွာတံခါးအတိုင်း ရွာထဲကို ဝင်ပါ၊ ငါရွာတံခါးကို ဖွင့်ထားပြီးပြီ၊ တစ်ရွာလုံးမှာတွေ့သမျှလူတွေကို အရှင်မထားနဲ့ သတ်ပစ်၊ ကြယ်တာရာအဖွဲ့ရဲ့ရန်သူဖြစ်တဲ့ ချန်လုံဟန်နဲ့ အဆက်အသွယ်လုပ်ရင် ရွာလုံးကျွတ် မီးလောင်တိုက်သွင်း ခံရမယ်ဆိုတာ ဗီနယ်တစ်ခုလုံး သိအောင် သတင်းဖြန့်ရမယ်”

မီးခိုးရောင် ဝတ်စုံနှင့်လူ၏ စကားကို နားထောင်ရင်းအစိမ်းရောင် ဝတ်ဆင်ထားသူများမှ ကြယ်တာရာ အဖွဲ့ဝင်များဖြစ်ကြောင်း သိလိုက်ရ၏။

“မြားပစ်အဖွဲ့ အရင်ဆုံးသွားပါ၊ ရွာစည်းရိုးပေါ်မှာနေရာယူထားကြ၊ ငါအချက်ပေးတာနဲ့ မျှားတွေမီးရှို့ပြီး ရွာထဲကိုပစ်ထဲ့ရမယ်၊ မင်းတို့သွားကြတော့”

မြားပစ်အဖွဲ့များ တစ်ယောက်ပြီး၊ တစ်ယောက် တောအုပ်အပြင်သို့ထွက်ရန်လျှောက်လာကြသည်။လျှူဟူထိုက်ကထိုသူများ





နောက်သို့ တိတ်တဆိတ်လိုက်ပြီး တစ်ယောက်ပြီး တစ်ယောက်ကို အကြောပိတ်ဖမ်းဆီး၏။ မြားပစ်အဖွဲ့ဝင် ဆယ်ယောက်ကို တစ်စုတစ်ဝေးတည်း တောအုပ်တစ်နေရာတွင် ထားလိုက်သည်။ ပြီးနောက် သူက ကြယ်တာရာ အဖွဲ့ဝင်များရှိရာသို့ ပြန်ချဉ်းကပ်ခဲ့လေ၏။

*

## အခန်း (၁၊)

အစိမ်းရောင် ဝတ်ဆင်ထားသည့် ကြယ်တာရာ အဖွဲ့ဝင်များ တောအုပ်ထဲမှ ထွက်လာသည်။ မီးခိုးရောင် ဝတ်စုံဝတ်ဆင်ထားသူသည် ထိုသူများ၏ နောက်မှလိုက်လာ၏။

တောအုပ်အပြင်သို့ အရောက်တွင် မီးခိုးရောင် ဝတ်စုံနှင့်လူက စူးရှသော လေချွန်သံ တစ်ချက်ပြုလိုက်သည်။ တဆက်တည်းပင်အစိမ်းရောင်ဝတ်စုံဝတ်ထားသူများအား လက်မြှောက်၍ အချက်ပြ၏။

အစိမ်းရောင် ဝတ်စုံဝတ်များ ရှေ့သို့လျှင်မြန်စွာ တိုးသည်။ မီးခိုးရောင် ဝတ်ဆင်ထားသူက ရွာစည်းရိုးဆီသို့ လှမ်းကြည့်

သည်။ ရွာစည်းရိုးဆီမှ သူမျှော်လင့်သလို လှုပ်ရှားမှုကို မတွေ့ရသည့်အခါ အံ့အားသင့်သွားသည်။

"ရပ်ကြစမ်း"

မီးခိုးရောင် ဝတ်စုံရှင်၏ အမိန့်ပေးသံက ခပ်အုပ်အုပ် ပေါ်ထွက်လာသည်။ ရွာတံခါးဆီသို့ တရွေ့ရွေ့တိုးကပ်လာသော အစိမ်းရောင်ဝတ် ကြယ်တာရာအဖွဲ့သားများ ရပ်တန့်သွားကြ၏။ မီးခိုးရောင် ဝတ်စုံရှင်က ခြေတစ်ချက်ဆောင့်ပြီး ရွာဆီသို့ ပြေးထွက်သည်။

လျှူဟူထိုက်သည် တောအုပ်စပ်မှ ခုန်ထွက်သည်။ မီးခိုးရောင်ဝတ်စုံရှင်နောက်သို့ ကိုယ်ဖော့ပညာသုံးလျက် ပြေးလိုက်ရင်းနှုတ်မှ ညှက်တစ်ကောင်၏ အော်သံဖြင့် အော်လိုက်သည်။

မီးခိုးရောင် ဝတ်စုံရှင် ရွာစည်းရိုးဆီသို့ ပြေးနေရာမှ ရပ်တန့်သွားသည်။ ကိုယ်ဖော့ပညာသုံးလျက် ပြေးလာနေသော လျှူဟူထိုက်ဘက်သို့ လှည့်လိုက်၏။

"ဟော့.... ရပ်လိုက်စမ်း"





မီးခိုးရောင် ဝတ်စုံရှင်၏ အော်ဟစ်တားဆီးသံ ပေါ်လာသည်။ လျှူဟူထိုက်သည် ထိုသူနှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်၏။

"မင်းက ဘယ်သူမို့ ကြယ်တာရာအဖွဲ့ကို နှောက်ယှက်ရဲတာလဲ"

"ချန်လုံဟန်ရဲ့သား လျှူဟူထိုက်ဆိုတာ ကျုပ်ပဲ"

မီးခိုးရောင်ဝတ်စုံ ဝတ်ထားသူ တွေခနဲဖြစ်သွားသည်။ ပြီးမှ တဟားဟားနှင့်ရယ်လျက် လက်တစ်ဖက်ကို ဝှေ့ရမ်းပြ၏။ အစိမ်းရောင်ဝတ် ကြယ်ကာရာအဖွဲ့ဝင်များ ရှေ့သို့ လျင်မြန်စွာ ပြေးထွက်လာပြီး၊ လျှူဟူထိုက်ကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံလိုက်သည်။

"ချန်လုံဟန်ရဲ့သားကို မမျှော်လင့်ဘဲတွေ့ရတာ သိပ်အဆင်ပြေသွားတယ်၊ ငါတို့ခေါင်းဆောင် ကြယ်တာရာသခင်လေးက မင်းတို့သားအဖကို သေမိန့်ပေးထားတယ်ဆိုတာ မင်းသိရဲ့လား"

လျှူဟူထိုက်က မီးခိုးရောင် ဝတ်စုံရှင်၏ စကားကို ဂရုမစိုက်ဘဲ ဝိုင်းရံထားသည့် ဝတ်စုံစိမ်းများအား ကြည့်လိုက်၏။

ဝတ်စုံစိမ်းများသည် စက်ဝိုင်းကို တဖြည်းဖြည်း ကျဉ်းလိုက်သည်။ ဆယ်ယောက်လျှင် တစ်ဝိုင်းဝိုင်းလျက် စက်ဝိုင်းသုံးထပ် ဝိုင်းလိုက်၏။

မီးခိုးရောင် ဝတ်စုံရှင်သည် စက်ဝိုင်းအပြင်သို့ ခုန်ထွက်လိုက်သည်။ စက်ဝိုင်းသုံးထပ်၏ အပြင်သို့အရောက်တွင် သူ၏နှုတ်မှ အမိန့်ပေးသံ ပေါ်ထွက်လာ၏။

"တိုက်...."

ပထမစက်ဝိုင်းမှ ဝတ်စုံစိမ်းများက လျှိုဟူထိုက်အား တစ်ပြိုင်နက်တည်း တိုက်ခိုက်သည်။ အရိပ်ပေါင်းများစွာ တိုးဝင်လာသဖြင့် သူက အပေါ်သို့ ခုန်တက်လိုက်၏။ သူ့ခန္ဓာကိုယ် လေထဲသို့အရောက်တွင် ဒုတိယစက်ဝိုင်းမှလူတွေ၏ ကြာပွတ်ရိုက်ချက်များသူကို ဝေ့စ်ပတ်လာသည်။

လျှိုဟူထိုက်က လေထဲတွင် ကိုယ်ကိုတွန့်လိမ်ပြီး ရှောင်သည်။ သူ့ခန္ဓာကိုယ် မြေပြင်ပေါ်သို့ အရောက်တွင် ဓားရိပ်များက တိုးဝင်လာပြန်၏။

သူသည် နေရာဆယ်မျိုးခွဲလျက် တိုက်ခိုက်လာသော ဓားချက်များမှလွတ်အောင် ပွတ်ခါသီခါနှင့် ရှောင်သည်။ အလူးအလိမ့်





ရှောင်ရင်းမှ အစိမ်းရောင် ဝတ်များ၏ စုပေါင်းတိုက်ကွက်ကို လေ့လာသည်။

အစိမ်းရောင် ဝတ်များ၏ တိုက်ကွက်သည် ဟာကွက်မရှိ ပြည့်စုံသော တိုက်ကွက်များ ဖြစ်သည်။ လူဆယ်ယောက်သည် တစ်ပြိုင်နက်တည်း တိုက်ခိုက်ခြင်း မဟုတ်ဘဲ၊ တစ်ယောက်နှင့် တစ်ယောက် သိုင်းကွက်ခြင်းဆက်ပြီး၊ သိုင်းကွက်ဆယ်ကွက်ဖြင့် ဆက်တိုက် တိုက်ခိုက်နေခြင်းဖြစ်၍ သိုင်းကွက်ဆယ်မျိုးကို တစ်ပြိုင်နက်တည်း ခုခံနေရသလိုရှိသည်။

လျှိုဟူထိုက်သည် ဝတ်စုံစိမ်းများ၏ စုပေါင်းတိုက်ကွက်ကို အမြန်ဆုံးပျက်အောင် ဖျက်မှဖြစ်တော့မည်ဟု တွေးလိုက်သည်။ ဆို့ကြောင့် သူက ကိုယ်ကိုလျှပ်မြန်စွာ လှည့်ပတ်လိုက်ပြီး လက်ဝါးဖြင့် ဆယ်နေရာခွဲ၍ ရိုက်ထုတ်လိုက်သည်။

လေထဲတွင် တဝုန်းဝုန်းနှင့် မြည်သွားသံ ပေါ်လာ၏။ လျှိုဟူထိုက်၏ လက်ဝါး ရိုက်ချက်ကြောင့် အစိမ်းရောင်ဝတ်များ တိုက်ခိုက်မှု အရှိန်တန့်သွား၏။ ထိုအချိန်မှာပင် လျှိုဟူထိုက်သည် နှင်းခဲပြင်ပေါ်သို့ ကိုယ်ကိုလိမ့်ချလိုက်၏။ နှင်းခဲများကိုလက်ဖြင့် ဆုတ်ပြီး၊ အစိမ်းရောင်ဝတ်များဆီသို့ လျှင်မြန်စွာ ပစ်ပေါက်လိုက်သည်။

နှင်းခဲများက ဘဝီဝီနှင့် မြည်လျက် ဝတ်စုံစိမ်းများဆီပြေးဝင်သွားသည်။ တပြိုင်နက်တည်းမှာပင် လျူဟူထိုက်က ဂျင်တစ်လုံးလည်သည့်ပမာ လှည့်ပတ်လိုက်ပြီး ပြင်းထန်သောလက်ဝါးရိုက်ချက်များဖြင့် ဆက်တိုက်ရိုက်သည်။

"အား"

ဝတ်စုံစိမ်းတစ်ယောက် လက်ဝါးရိုက်ချက်မိသွားပြီးနောက်သို့ လွင့်ထွက်သွားသည်။ ဝတ်စုံစိမ်းများ၏ စုပေါင်းတိုက်ချက်တွင် ဟာကွက်ပေါ်သွားသည်။ လျူဟူထိုက်က အခွင့်အရေးရခိုက်တွင် ဝတ်စုံစိမ်းများအာ တရကြမ်း တိုက်ခိုက်၏။ ဝတ်စုံစိမ်းတစ်ယောက်ပြီး တစ်ယောက် လက်ဝါး ရိုက်ချက်မိပြီး၊ လဲကျကုန်သည်။

သူက လဲကျနေသော ဝတ်စုံစိမ်းများထံ ခုန်ဝင်ပြီး ဓားများကို ဆွဲယူသည်။ လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှသဖြင့် ဒုတိယစက်ဝိုင်းရှိ ကြာပွတ်သမားများမှာ တားဆီးရန် အချိန်မရလိုက်ချေ။

လျူဟူထိုက်က ဓားဆယ်လက်ကိုယူပြီး စက်ဝိုင်းအလယ်သို့ ပြန်ဝင်သည်။ ကြာပွတ်သမားများ တိုက်စစ်မဆင်ခင်၊





ဓားတစ်ချောင်းပြီး တစ်ချောင်းကို လှံတံများပမာ ပစ်လွှတ်၏။ ဓားပစ်လိုက်တိုင်း နောက်မှ လက်ဝါးရိုက်ချက်တစ်ချက်ကို ရိုက်လွှတ်သည်။

ကြာပွတ်သမားများသည် တိုက်စစ်မဆင်နိုင်ခင် တရှိန်ထိုး ပြေးဝင်လာသည့် ဓားများကို ခုခံ၏။ ထိုသို့ခုခံရင်း ကြာပွတ်သမားတစ်ယောက်မှာ လျူဟူထိုက်၏ လက်ဝါးရိုက်ချက်မိပြီး၊ တတိယစက်ဝိုင်းမှလူများ လေလွင့်ထွက်သွားသည်။

*

ဒုတိယစက်ဝိုင်း ပျက်သွားစဉ် မုဆိုးရွာ၏ တံခါးပွင့်သွား၏။ ရွာအတွင်းမှ ချုံအောတို့တစ်တွေနှင့် လေးမြားများ ကိုင်ထားသည့် မုဆိုးတို့ပြေးထွက်လာကြသည်။ ညာသံပေးအော်ဟစ်ပြီး ပြေးလာသော ရွာသူရွာသားများ အသံကြောင့် တတိယစက်ဝိုင်းမှ ဝတ်စုံစိမ်းများ ဖရိုဖရဲ ဖြစ်ကုန်သည်။

လျူဟူထိုက်သည် တတိယစက်ဝိုင်းတိုဖြတ်ပြီး မီးခိုးရောင်ဝတ်စုံရှင်ထံ ခုန်ဝင်လိုက်သည်။ မီးခိုးရောင်ဝတ်စုံရှင်က နောက်သို့ဆုတ်ရင်း လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်၏။

တရှမ်းရှမ်းနှင့် မသိသွားသံကြောင့် မီးခိုးရောင်ဝတ်စုံရှင်က လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်ပြီးဟု လျှို့ဟူထိုက် သိလိုက်သည်။ သို့သော် လက်နက်ပုန်းများသည် လျှို့ဟူထိုက်အား မထိ။ နဂိုရပ်နေရာမှ လျှို့ဟူထိုက်ပျောက်သွားသည်။

မီးခိုးရောင် ဝတ်စုံရှင်သည် လျှို့ဟူထိုက် ရုတ်တရက်ပျောက် သွားသဖြင့် အံ့အားသင့်သွားသည်။ သူပစ်လွှတ်လိုက်သော လက်နက်ပုန်းများ နှင်းခဲပြင်ထဲ ကျအသွားတွင် သူကအောက်ဘက် ပတ်ဝန်းကျင်သို့ လှည့်ကြည့်သည်။ သူ့ကျောဘက်တွင် ရပ်နေသော လျှို့ဟူထိုက်အား တွေ့ရသဖြင့် တိုက်ခိုက်ရန်ပြင်လိုက် သည်။

လျှို့ဟူထိုက်က တစ်ချက်ရယ်လိုက်ပြီး၊ မီးခိုးရောင်ဝတ်စုံရှင် ထံ လက်သီးတစ်ချက် ပစ်သွင်းသည်။ တစ်ဆက်တည်းမှာပင် သူ့ခန္ဓာကိုယ်က လျှပ်မြန်ပေါ့ပါးစွာ ခုန်ထွက်သည်။

မီးခိုးရောင်ဝတ်စုံရှင်၏ မြင်ကွင်းထဲမှ ဒုတိယအကြိမ် ပျောက် သွားသည်။ ထိုသူက နောက်သို့ လျှင်မြန်စွာ လှည့်လိုက်၏။ သို့သော် လျှို့ဟူထိုက်အားမတွေ့။

ထိုအချိန်တွင်ဝတ်စုံစိမ်းများနှင့်ချူအော့တို့တစ်တွေ ပြင်းထန် စွာ တိုက်ခိုက်နေကြသည်။ မီးခိုးရောင်ဝတ်စုံရှင်က သူ့လူတွေ





အရေးနိမ့်တော့မည်ကို သိသဖြင့် ထွက်ပြေးရန်ပြင်လည်းသို့သော် သူ့ကျောပြင်တစ်နေရာမှ ကျင်ခနဲဖြစ်သွားပြီး၊ အကြောပိတ် ခံလိုက်ရသဖြင့် နေရာမှမခွာနိုင်တော့....။

အရိပ်မဲ့ကိုယ်ဖျောက်ပညာသုံးလျက် မီးခိုးရောင်ဝတ်စုံရှင်အား တွင် လှည့်ပတ်ပြေးလွှားနေသည့် လျှို့ဟူထိုက်သည် အပြေးရပ် လိုက်၏။ သူက အကြောပိတ်ခံထားရသဖြင့် တောင့်တောင့်ကြီး ဖြစ်နေသော မီးခိုးရောင်ဝတ်စုံရှင်နှင့် မျက်နှာချင်းဆိုင်လိုက် သည်။

"မင်းက သေးမိန့်ပေးထားတဲ့ ငါ့ကို မသတ်နိုင်ဘူး၊ ငါက မင်းကို သတ်တော့မယ်"

လျှို့ဟူထိုက်သည် ဘင်းမာခက်ထန်သော အသံဖြင့် ပြောပြီး မီးခိုးရောင်ဝတ်စုံရှင် အနီးသို့ တိုးကပ်သွားသည်။ အနားသို့ အရောက်တွင် မီးခိုးရောင်ဝတ်စုံရှင်၏ပါးကို ဖြန်းခနဲ လှမ်းရိုက် လိုက်သည်။ မီးခိုးရောင်ဝတ်စုံရှင်၏ ပါးစပ်ဖွင့်ဟသွားပြီး မဲမဲ အလုံးလေးတစ်လုံးထွက်ကျလာသည်။ သူက ထိုမဲမဲအလုံးလေး ကိုကောက်ယူပြီး လက်ဖြင့် ချေမွလိုက်သည်။

"အခုပါးစပ်ထဲမှာရှိတဲ့ အဆိပ်ဆေးကို ကိုက်ဝါးပြီ မင်းကို မင်းသတ်သေလို့မရတော့ဘူး၊ မင်းဟာ ငါ့ရဲ့အကျဉ်းသားဖြစ်

ဘ်၊ မင်းသေချင်သလို ချက်ချင်းမသေပဲ တဖြည်းဖြည်းဒုက္ခခံပြီးသေရအောင် ညှင်းသတ်မယ်”

လျှူဟူထိုက်က မီးခိုးရောင်ဝတ်စုံရှင်၏ သွေးကြောများကို ထပ်မံပြီး ပိတ်လိုက်သည်။ အပြီးသတ် တိုက်ပွဲဆင်နေသော ချူအော့တို့ကို လှမ်းကြည့်လိုက်၏။

ဝတ်စုံစိမ်းများသည် ချူအော့တို့၏တိုက်ခိုက်မှုကြောင့်ဖရိုဖရဲနှင့် ဆုတ်ခွာနေကြသည်။ ဝတ်စုံစိမ်းအချို့က ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲလက်လွတ်ထွက်ပြေး၏။သို့သော်ထိုသူတို့မှာ လွတ်မြောက်နိုင်ခြင်း မရှိဘဲ၊ မုဆိုးများ၏ မြားချက်တွင် အသက်ပါကုန်ကြ၏။ လျှူဟူထိုက်ကြည့်နေစဉ်မှာပင် ဝတ်စုံစိမ်းများ မြေပြင်ပေါ် အတုန်းအရုံး လဲကျကုန်သည်။

*

မီးခိုးရောင် ဝတ်စုံရှင်၏ အမည်ကို လျှံစိမ်းဟု သိလာရသည်။ လျှူဟူထိုက်က ထိုသူအားစ၍ စစ်ဆေးမေးမြန်းရန်





ချူအော့၏လက်ထဲသို့ အပ်လိုက်၏။ ချူအော့က လျှံစိမ်းအား အနုအကြမ်းနည်းမျိုးစုံဖြင့် စစ်ဆေးမေးမြန်းသည်။

မိုးလင်းချိန်သို့ တဖြည်းဖြည်း နီးကပ်လာသည်။ လက်တစ်ထောင် အဖိုးအိုနှင့် လျှူဟူထိုက်သည် အကျဉ်းသားများအဖြစ် ဖမ်းဆီးခေါ်ဆောင်လာသော မြားပစ်အဖွဲ့ဝင်များအား ကြည့်ရှုပြီး နွေးနွေးထွေးထွေး ရှိနေသော အိမ်ထဲသို့ ဝင်လာကြသည်။ အိမ်ထဲသို့အရောက်တွင် ချူအော့က လျှံစိမ်းအား စစ်မေးနေဆဲ တွေ့ရ၏။ ချူအော့က အိမ်ထဲသို့ဝင်လာပြီး အနားမှာ လာရပ်သော လျှူဟူထိုက်ကို တစ်ချက်မေးကြည့်သည်။

“ဒီကောင်က မေးတာကိုတာတစ်ခုမှ မဖြေဘူး၊ တော်တော်ခေါင်းမာတယ် သခင်လေး....”

“ခေါင်းမာတဲ့သူကို စစ်ဆေးတဲ့နည်း ငါ့မှာ ရှိပါတယ်၊ မင်းခဏဖယ်စမ်း ချူအော့”

လျှူဟူထိုက်က ချူအော့၏နေရာတွင် ဝင်လိုက်ပြီး၊ လျှံစိမ်းကို အေးစက် တင်းမာသော အကြည့်ဖြင့် ကြည့်သည်။

"ငါတို့ မိုးလင်းတာနဲ့ ခရီးဆက်ရမယ်။ မင်းတစ်ယောက်တည်းနဲ့ အချိန်ကုန်မခံနိုင်ဘူး။ မင်းအနေနဲ့ ကြယ်တာရာအဖွဲ့ရဲ့ လျှို့ဝှက်ချက်တွေကို အချိန်ရှိတုန်းပြောရင် သက်သာမယ်"

လှစိမ်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ်မှာ ဘာမှ ပြောစရာမရှိဘူး"

"မင်းဟာ ကြယ်တာရာအဖွဲ့က အဖွဲ့ခွဲမှူးတစ်ယောက်မဟုတ်လား။ ကြယ်တာရာသခင်လေးရဲ့ လက်ရုံးတစ်ယောက် ဖြစ်နေပြီး၊ ဘာမှ မသိဘူးလား"

လှစိမ်းက ပြုံးမဲ့ပြုံးပြီး လျှူဟူထိုက်အား ကြည့်သည်။

"ကျုပ် အားလုံးသိတယ်၊ ဒါပေမယ့် မင်းတို့ကို မပြောဘူး။ ကျုပ်ကို သတ်ချင်ရင် သတ်ပစ်လိုက်ပါ"

လျှူဟူထိုက်က လှစိမ်း၏ အနားသို့ ကပ်သည်။ လှစိမ်း၏ မျက်နှာကို စေ့စေ့ကြည့်ပြီး၊ တစ်ချက်ရယ်လိုက်၏။





"မင်းကို မသတ်ပါဘူး။ မင်းဆီက သိချင်တာတွေ မသိရသေးဘဲ ကို မသတ်ဘူး။ စိတ်ချပါ။ ကဲ- မင်း ဖွင့်မပြောဘူး မဟုတ်လား"

"မပြောဘူး"

လျှူဟူထိုက်က ပြုံးပြီး၊ လှစိမ်း၏ ကိုယ်ပေါ်မှသွေးကြောတစ်ကြောကို လက်ညှိုးဖြင့် ထောက်လိုက်သည်။ လှစိမ်းမှာ ကိုယ်ပေါ်သို့ ပုရွက်ဆိတ် ရာထောင်ချီ၍ တက်လာသည့်ပမာ ယားယံသည့်ဝေဒနာကြောင့် ထွန့်ထွန့်လူးသွား၏။

"မင်း..... ဖြေမှာလား ပြောပါ"

"ဟား- ဟား.... မပြော.... ဟား- ဟား"

လှစိမ်းက ယားယံသည့် ဝေဒနာကို မခံရပ်နိုင်ဟန် ထွန့်ထွန့် လူးနေလျက်က ရယ်မောရင်း ပြောသည်။ လျှူဟူထိုက်က ဒုတိယအကြိမ် လှစိမ်း၏ ကိုယ်ပေါ်မှ သွေးကြောတစ်ကြောကို ဖိနှိပ်လိုက်ပြန်သည်။ လှစိမ်းမှာ ယားယံနေလျက်ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲဖြစ်လာပြီး ဟီးခနဲ ငိုချလိုက်သည်။

"မင်းရဲ့ ယားယံကြောနဲ့ ငိုကြောကို ဖွင့်လိုက်တာ ခံလို့ ကောင်းရဲ့လား။ နောက်ထပ် ရယ်ကြော၊ ထုံကျင်ကြောတွေကို ထပ်ဖွင့်ပေးလိုက်ရင် ပိုပြီး နေလို့ကောင်းသွားမယ်"

"မ.... မလုပ်ပါနဲ့.... ဟီး- ဟီး.... ကျုပ်- ကျုပ်"

"မင်း ဖွင့်ပြောတော့မလား"

"ကျုပ်- ကျုပ်.... အဟီး.... ဟီး"

လျှုဟူထိုက်က ရယ်ကြောကို လက်ဖြင့် ထောက်လိုက်၏၊ လျှုစိမ်း၏ကိုယ် လိန်တွန့်ကောက်သွားပြီး အဆက်မပြတ်ရယ်သည်၊ ရယ်ရင်းနှင့် ငိုသည်။ တစ်ပြိုင်နက်တည်းမှာပင် လက်လှမ်းမှီသမျှ သူ့ခန္ဓာကိုယ်ကို ကုတ်ဖဲ့သည်။

"မင်းကို ငါ တစ်ချက်တည်းနဲ့ သေအောင် သတ်လို့ရတယ်။ ဒါပေမယ့် မသတ်ဘူး၊ အခု ခံစားနေရတဲ့ ဝေဒနာကို မင်း ခံစားစေရမယ်။ ဒီလိုနဲ့ မင်းဟာ ရူးသွပ်တဲ့ ဘဝကို ရောက်သွားလိမ့်မယ်"

"ပ.... မလုပ်ပါနဲ့"





"မင်း.... ပြောတော့မလား"

"ပြောပါတော့.... ဟား- ဟား- ပြောမယ် ဟား ဟား"

လျှုဟူထိုက်က သူ့လက်ကို လျင်မြန်စွာ လှုပ်ရှားပြီး၊ လျှုစိမ်းအား အကြောဖြေပေးလိုက်လေ၏။

## အခန်း (၁၃)

လျှုပ်ထိုက်သည် ကြယ်တာရာသခင်လေး၏ အကြံအစည်များကို ဖော်ကောင်လုပ်သည့် လျှံစိမ်းအား လက်တစ်ထောင်အဘိုးအိုလက်သို့ အပ်လိုက်သည်။

လက်တစ်ထောင်အဘိုးအိုက လျှံစိမ်းအား အန္တရာယ်မရှိအောင် အကာအကွယ်ပေးမည်ဖြစ်ကြောင်း ကတိပြု၏။

လျှံစိမ်းကလည်း သူ့အသက်ကို ချမ်းသာပေးသည့်အတွက် နောက်နောင် အဖျက် လုပ်ငန်းများတွင် မပါဝင်တော့ဘဲ သိုင်းသမားကောင်း အဖြစ် ရပ်တည်တော့မည် ဖြစ်ကြောင်း ကတိပေးသည်။

လျှူဟုထိုက်တို့သည် နောက်တစ်နေ့ နံနက်စာ စားပြီးချိန်တွင် မုဆိုးရွာမှ ထွက်ခွာခဲ့ကြသည်။

မုဆိုးရွာမှ ထွက်ခဲ့ပြီးနောက် ခရီးလမ်းမှာ တဖြည်းဖြည်းနှင့် ပို၍ ပြေပြစ်လာသည်၊ ရာသီဥတုကလည်း တဖြည်းဖြည်း ပြောင်းလဲလာ၏။ မိုင်ဖှစ်ဆယ်ခန့် ဆက်သွားပြီးသည့်နောက် နှင်းခဲများဖုံးနေသည့် မြေပြင်ကို မတွေ့ရတော့။

ပူနွေးသော နေရောင်ခြည်အောက်တွင် စိုပြေ စိမ်းလန်းနေသော သဘာဝလောကကြီးကို တွေ့လာရ၏။

လျှူဟုထိုက်တို့သည် လာစဉ်ကထက် ပို၍လျင်မြန်စွာ ခရီးဆက်သည်။ မြို့ရွာများကိုတွေ့တိုင်း မဝင်တော့ဘဲ၊ ကွင်းရှောင်ခဲ့သည်။ ချူအော့ တစ်ယောက်တည်းကိုသာ ရုပ်ဖျက်ပြီး တွေ့သည့် မြို့ရွာများသို့ ဝင်၍ သတင်းမှုံစမ်းခိုင်းတတ်သည်၊

လျှူ စိမ်းထံမှ သိခဲ့ရသည့်အတိုင်း ကြယ်တာရာ အဖွဲ့သည် မြို့ရွာအတော်များများသို့ ဝင်ရောက် ချဉ်းနင်းပြီး၊ သိုင်းအဖွဲ့အစည်း အတော်များများကို သူတို့၏ လက်အောက်ခံအဖြစ် သိမ်းသွင်းထားပြီး ဖြစ်သည်။ မြို့အတော်များများတွင် ကြယ်တာရာအဖွဲ့၏ အလံကို လွှင့်ထူထားကြောင်း ချူအော့က ပြန်၍ပြောပြသည်။





သူတို့ ခရီးထွက်လာသည့် ဆယ်ရက်အတွင်း ကြယ်တာရာ အဖွဲ့၏ လှုပ်ရှားမှုကြောင့် သိုင်းလောကတွင် အပြောင်းအလဲများစွာ ပေါ်လာခဲ့သည်။ မြို့ရွာ အတော်များများမှ လူထက်တိုက်ခိုက်ခြင်းခံရသည့် သတင်းများကို ကြားရသည်။ အဓိက အလုအယက်ခံရသော နေရာများမှာ သူဌေးကြီးချန်လုံဟန်ပိုင် ငွေတိုက်များ၊ စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များပင်ဖြစ်၏။

လျှူဟုထိုက်သည် သူအမွေရသည့် ဆိုင်များ၊ ငွေတိုက်များ အလုအယက်ခံ ဖျက်ဆီးခံရသည့်သတင်းကို ကြားသော်လည်း ထိခိုက် တုန်လှုပ်ခြင်းမရှိချေ။ သတင်းစကားမှန်သမျှကို သူက တည်ငြိမ်သောမျက်နှာနှင့် လက်ခံ နားထောင်တတ်၏။

ခြောက်ရက်မျှ ခရီးပြင်း နှင်ခဲ့ပြီးနောက်၊ ဟန်ကြူးမြို့နှင့် မိုင်ခြောက်ဆယ်ခန့် အကွာသို့ ရောက်လာသည်။ သူတို့သည် ဟန်ကြူးမြို့၌ မိုင်ခြောက်ဆယ် အကွာတွင်ရှိ ရေလမ်း၊ ကုန်းလမ်း ဆုံရာဖြစ်သော ဟိုကျန်မြို့သို့ ဝင်ခဲ့ကြသည်၊

ဟိုကျန်မြို့သည် ကြယ်တာရာအဖွဲ့၏ နှောင့်ယှက် ဖျက်ဆီးခြင်း မခံရသေးသော မြို့တစ်မြို့ဖြစ်သည်။ ဟိုကျန်မြို့ကို သစ္စာ သိုင်းသမားအဖြစ် ကျော်ကြားသော သိုင်းဆရာကြီး ဝေကုန်းကုန်းက ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း မြို့ထဲသို့ရောက်သည်နှင့် သိရသည်။

ချူအော့က လျူဟူထိုက်အား ဟို့ကျန်မြို့၏ နာမည်ကျော် စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သော ရွှေလှေ စားသောက်ဆိုင်သို့ ဝင်ရန် တိုက်တွန်းသည်။

"ဒီဆိုင်က အစားအသောက် တော်တော်လေး ကောင်းလို့လား ချူအော့...."

"ဟုတ်ကဲ့.... ဒီမြို့မှာတော့ ရွှေလှေ စားသောက်ဆိုင်က အကောင်းဆုံးပါပဲ။ ပြီးတော့.... ဒီဆိုင်က"

"ဖေဖေပိုင်တဲ့ ဆိုင်တွေထဲက ဆိုင်တစ်ဆိုင်ပဲမဟုတ်လား"

ချူအော့က ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် သခင်လေး၊ ဒီဆိုင်က သခင်လေးတို့ရဲ့ ဆိုင်ပါ"

"အဲဒီကိုသွားကြမယ် ချူအော့....၊ ဒါပေမယ့် ကျုပ်ကို ဆိုင်ရှင်အဖြစ်နဲ့ မသိစေချင်ဘူး၊ သာမန် ခရီးသွား အဖြစ်ပဲ သိစေချင်တယ်။ မင်းဟာ ဒီနယ်တစ်ဝိုက်မှာ စာရင်းစစ်လေ့ ရှိတော့၊ မင်းကိုတွေ့တာနဲ့ ဆိုင်က တာဝန်ခံတွေ မှတ်မိလိမ့် မယ်။ အဲဒီတော့ မင်း အခုလိုပုံစံအတိုင်းပဲ ရုပ်ဖျက်ထားပါ"





"ဟုတ်ကဲ့.... သခင်လေး၊ အခုပုံစံနဲ့ဆိုရင် ကျွန်တော့်ကို ချူအော့အဖြစ် ဘယ်သူမှ သိမှာ မဟုတ်ပါဘူး"

"ကျုပ်လဲ မြင်းလှည်းထဲကို ဝင်ပြီး ရုပ်ဖျက်လိုက်မယ်....၊ ဒီမြို့မှာ ကြယ်တာရာအဖွဲ့က သူလျှိုတွေ ခြေချင်းလိမ်နေမှာ သေချာတယ်။ ဟန်ကြူးမြို့ကို မရောက်မချင်း ကျုပ်တို့ကို ဘယ်သူဘယ်ဝါဆိုတာ လူမသိစေချင်ဘူး။ ရွှေလှေစားသောက် ဆိုင်ကို ရောက်တာနဲ့ ရန်သူရဲ့သတင်းကို စုံစမ်းပါ ချူအော့"

*

ရွှေလှေစားသောက်ဆိုင်သည် ရေတစ်ဝက် ကုန်းတစ်ဝက် ဆောက်လုပ်ထားသော စားသောက်ဆိုင်ကြီး တစ်ဆိုင်ဖြစ်သည်။

စားသောက်ဆိုင်တွင် ရောင်စုံမီးပုံးများထွန်းညှိထားသည်။ မီးရောင်များက တသွင်သွင် စီးဆင်းနေသော မြစ်ရေပြင်တွင် ထင်ဟပ်ပြီး၊ အရောင်တဖျပ်ဖျပ် လက်နေ၏။

စားသောက်ဆိုင်မှာ အထပ်နှစ်ထပ်ရှိပြီး၊ အပေါ်ထပ်မှာ တည်းခိုခန်းများရှိပြီး၊ အောက်ထပ်မှာ စားသောက်ခန်းဖြစ်၏။

ရောင်စုံမီးပုံးများ ထွန်းညှိထားသော စားသောက်ခန်းတွင် လာရောက်စားသောက်နေသူများဖြင့် ပြည့်နှက်စည်ကားနေ၏။

လျှိုဟူထိုက်၊ မိုးကြိုးသခင်နှင့် ချူအော့တို့သည် စားသောက်ဆိုင်ထဲသို့ ဝင်ခဲ့ကြ၏။ သူတို့နှင့် မရှေးမနှောင်းပင် ချမ်းမြေ့ဂေဟာမှ သိုင်းသမားတို့က နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲခွဲပြီး ဆိုင်ထဲသို့ ဝင်လာကြသည်။

လျှိုဟူထိုက်တို့က မြစ်အောက်သို့ကျသော စားပွဲတွင်ထိုင်လိုက်ကြသည်။ စားပွဲထိုးတစ်ယောက် အနားသို့ ရောက်လာသည်နှင့်၊ ချူအော့က....

"မင်းတို့ဆိုင်က အကောင်းဆုံး စားစရာတွေ ယူလာစမ်း၊ ပြီးတော့— ဒီဆိုင်က တာဝန်ခံကို ခေါ်ခဲ့ပါ"

စားပွဲထိုးက လျှိုဟူထိုက်တို့အား စေ့စေ့စပ်စပ်အကဲခတ်ကြည့်ရှုသည်။ ခရီးပြင်းနှင်ခဲ့လာဖြင့် လျှိုဟူထိုက်တို့၏ အဝတ်အစားများ ပေကျံညစ်ထေးနေသော်လည်း အဖိုးတန်အဝတ်အစားများဖြစ်ကြောင်းမှု ပေါ်လွင်သည်။

"ဒါထက်.... ဆရာတို့က"





"ငါတို့ဟာ ရပ်ဝေးက လာတဲ့ လူတွေပဲ။ မင်းတို့ဆိုင်မှာ ထူးခြားတဲ့ အစီအစဉ်တွေရှိမရှိ သိချင်လို့ ဆိုင် တာဝန်ခံကို ခေါ်ခိုင်းတာပါ"

ချူအော့က ငွေကုံးတစ်တုံးကို စားပွဲပေါ်သို့ ပစ်ချပေးသည်။ စားပွဲထိုးက ငွေတုံးကို ဖျပ်ခနဲယူပြီး လျင်မြန်စွာထွက်ခွာသွားသည်။ ချူအော့က အဓိပ္ပာယ်ပါသော အကြည့်ဖြင့် လျှိုဟူထိုက်အား တစ်ချက်လှမ်းကြည့်လိုက်သည်။ လျှိုဟူထိုက်က ခေါင်းကို မသိမသာညိတ်ပြပြီး ပြုံးနေသည်။

စားပွဲထိုးထွက်သွားပြီး မကြာခင်မှာပင် ပိုးသားဝတ်စုံဝတ်ထားသော လူဝဝကြီးတစ်ယောက် လျှိုဟူထိုက်တို့ ရှိရာသို့ လျှောက်လာသည်။

"အခု လာနေတဲ့ လူဝကြီးဟာ ဆိုင်တာဝန်ခံ လောက်ဝမ်တဲ့ သခင်လေး...."

"ကျုပ်မြော်ထားတဲ့အတိုင်း သူ့ကို မေးစမ်းပါချူအော့"

ဆိုင်တာဝန်ခံ လောက်ဝမ် လျှိုဟူထိုက်တို့၏ စားပွဲအနီးမှာ လာရပ်သည်။ ပြုံးချိုသောမျက်နှာနှင့် လျှိုဟူထိုက်တို့အား ကြည့်ပြီး....

"ဆရာလေးတို့ ဘာများ အလိုရှိသလဲဆိုတာကို ပြောပါ၊ ကျွန်တော်တို့ စားသောက်ဆိုင်မှာ မရနိုင်တာ မရှိပါဘူး....၊ ဖောက်သည်တွေ စိတ်တိုင်းကျအောင် ဆောင်ရွက်ပေးပါတယ်"

မိုးကြိုးသခင်နှင့် လျှိုဟူထိုက်တို့က ဆိုင်တာဝန်ခံလူဝကြီး လောက်ဝမ်အား နှုတ်ပိတ်ငြိမ်သက်စွာ ကြည့်နေသည်။

ချူအော့က ကိုယ်ကိုကိုင်းပြီး လူဝကြီးနားသို့ တိုးကပ်ပြီး၊ စကားတစ်ခွန်းကို ခပ်တိုးတိုး ပြောလိုက်သည်။ လူဝကြီးက ချူအော့အား ပြုံးပြုံးပြီး....

"ဆရာလေးတို့ လိုတာ အားလုံးကို စီစဉ်ပေးပါမယ်၊ ကျွန်တော်တို့ဆိုင်မှာ အထူးအစီအစဉ်တွေ အများကြီး ရှိပါတယ်။ လောင်းကစားချင်ရင် ပြောပါ၊ ဒါမှမဟုတ် ခရီးပန်း လာလို့ မိန်းမလှလေးတွေရဲ့ အပြုအစုကို ခံချင်ရင်လဲပြောပါ"

ချူအော့က လူဝကြီး၏ နားနားသို့ ကပ်ပြီး ခပ်တိုးတိုး ပြောလိုက်ပြန်၏။ လူဝကြီးက ခေါင်းညိတ်ပြပြီး....

"အားလုံး ကျွန်တော့်တာဝန်ထားပါ။ ဆရာလေးတို့ စိတ်တိုင်းကျ ဖြစ်စေရပါမယ်။ အပေါ်ထပ်မှာ အိပ်ခန်းကောင်းကောင်းနဲ့၊ ဆရာလေးတို့ လောင်းကစားဖို့ အခန်းတစ်ခန်း စီစဉ်ပေးပါမယ်"





လူဝကြီးက ချူအော့အား ခပ်တိုးတိုးပြောပြီး လှည့်ထွက်သွားသည်။ လူဝကြီး ထွက်သွားစဉ်မှာပင် စားပွဲထိုးက စားသောက်ဖွယ်ရာများ လာချပေးသည်။

လျှိုဟူထိုက်က အရက်တစ်ခွက်ငှဲ့ပြီး မိုးကြိုးသခင်၏ ရှေ့တွင် ချပေးသည်။ ပြီးနောက် စားသောက်ဖွယ်ရာများကိုစတင် စားသောက်သည်။

"သခင်လေး ထင်တဲ့အတိုင်းပဲ၊ လောက်ဝမ်ဟာ ဒီစားသောက်ဆိုင်ကို အသုံးချပြီး၊ မကောင်းမှုတွေ လုပ်နေတာ ထင်ရှားနေပြီ။ ဒီအတွက် သခင်လေး သူ့ကို ဘယ်လို အရေးယူမလဲ"

"သူ့ကို အလုပ်ကထုတ်ပစ်လိုက်ရုံပဲ ရှိတာပေါ့။ သူ့နေရာမှာ ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ကို ခန့်ထားဖို့တော့ လိုလိမ့်မယ်"

လျှိုဟူထိုက်တို့ စားသောက်ရင်း အပြန်အလှန်ပြောဆိုနေစဉ်၊ ပိန်ပိန်ပါးပါး အရပ်မြင့်မြင့်နှင့် လူတစ်ယောက် သူတို့ စားပွဲရှိရာသို့လျှောက်လာသည်။ ထိုသူကိုမြင်သည်နှင့် ချူအော့က လျှိုဟူထိုက်တို့ဘက်သို့လှည့်ပြီး....

"အခုလာနေတာ လောက်ဝမ်ရဲ့ညီ လောက်ရင်ပဲ သခင်လေး"

လျှူဟွာထိုက်က ခေါင်းညိတ်ပြရင်း၊ စားပွဲအနီးမှာ လာရပ်သည့် လောက်ရှင်အား သွမ်းကြည့်သည်။ လောက်ရှင်က ပြုံးရွှင်သော မျက်နှာနှင့် လျှူဟွာထိုက်ကို ကြည့်ပြီး…

"ဆရာလေးတို့က အပေါ်ထပ်မှာ တည်းခိုဖို့ အခန်းငှားပြီး လောင်းကစားချင်ကြတယ် ဟုတ်လား"

လျှူဟွာထိုက်က လောက်ရှင်အား စူးစူးစိုက်စိုက် ကြည့်ရင်းမှ ခေါင်းညိတ်ပြသည်။

"အဲဒီအတွက် ကျွန်တော် ဆရာလေးတို့ကို တောင်းပန်ဖို့ လာတာပါ။ ကျွန်တော့် အစ်ကိုကြီးက ဆိုင်တာဝန်ခံပေမယ့် ဒီဆိုင်ရဲ့ ကိစ္စတွေကို ကျွန်တော်ကပဲ ဆောင်ရွက်ရပါတယ်။ ဒါကြောင့် သူက ဆိုင်ရဲ့ စည်းကမ်းချက်ကို သိပ်မသိပါဘူး…"

"မင်းတို့ဆိုင်က ဘာစည်းကမ်းတွေ သတ်မှတ်ထားလို့လဲ"

"ဒီဆိုင်မှာ လောင်းကစားလို့ မရပါဘူး။ ဒီအတွက် ခွင့်လွှတ်ပါ ခင်ဗျား။ လောင်းကစားချင်ရင် တခြားနေရာမှာ ရှာပါ"

လျှူဟွာထိုက်က လောက်ရှင်အား စေ့စေ့ကြည့်ရင်းမှ ပြုံးလိုက်သည်။





"ချူအော့ သူ့ကို ဆိုင်တာဝန်ခံအဖြစ် ခန့်လိုက်ပါ"

"ဟုတ်ကဲ့။ သခင်လေး"

ချူအော့သည် ထိုင်နေရာမှ ထလိုက်သည်။ လောက်ရှင်အား စကားတစ်ခွန်း တိုးတိုးပြောပြီး၊ လျှူဟွာထိုက်တို့ စားပွဲနှင့် ဝေးရာသို့ခေါ်သွားသည်၊ လျှူဟွာထိုက်က ချူအော့နှင့် လောက်ရှင် တို့အား ပြုံးလျက်ကြည့်ပြီး၊ ခေါင်းတဆတ်ဆတ် ညိတ်သည်။ လောက်ရှင်တို့အား စိတ်ဝင်စားနေသဖြင့် ဘေးစားပွဲတွင် တစ်ယောက်တည်း ထိုင်နေသော ရုပ်ရည်ချောမောလှပသည့် အမျိုးသမီးတစ်ယောက်က သူ့အား အကဲခတ်နေသည်ကို မသိလိုက်ပေ။

*

## အခန်း (၁၄)

ကျယ်ပြန့်သော လမ်းမကြီးပေါ်တွင် မြင်းတစ်စီး မနှေး မမြန် စိုင်းနှင်လာသည်။ မြင်းပေါ်တွင် ကြက်သွေးရောင်ဝတ်စုံ ဝတ်ထားသော လူရွယ်တစ်ယောက် ပါလာ၏။ ကိုသူမှာ ချူအော့ တို့နှင့် လမ်းခွဲပြီး ထွက်လာသော လျူဟူထိုက်ပင် ဖြစ်သည်။

လျူဟူထိုက်သည် ရှေ့လော့ စားသောက်ဆိုင်ကို စာရင်းစစ်ပြီး၊ အုပ်ချုပ်မည့် တာဝန်ခံ ပြောင်းလဲရေးအတွက် ချူအော့ကို တာဝန်ပေးပြီး ထားခဲ့သည်။

ဝင်း၊ ဝေဠဝ

ချူအော့တို့ အပြန်လမ်းတွင် ကြယ်တာရာ အဖွဲ့ဝင်များ၏ အနှောင့်အယှက် တွေ့နိုင်သဖြင့် အကူအညီ ပေးနိုင်စေရန်

မိုးကြိုးသခင်ကိုပါ ချူအော့တို့နှင့်ထားခဲ့ပြီး၊ သူတစ်ယောက်တည်း မြင်းတစ်စီးနှင့် ဟန်ကြူးမြို့သို့ ထွက်ခဲ့သည်။

မိုင်ခြောက်ဆယ်မျှဝေးသော ဟန်ကြူးမြို့သို့အသွား ခရီးလမ်းတစ်လျှောက်တွင် တောတောင် ထူထပ်ခြင်းမရှိဘဲ၊ ခရီးလမ်း သာယာလှသည်။ လျူဟူထိုက်မှာ စိတ်အေးအေးချမ်းချမ်းနှင့် သီချင်းတစ်ပုဒ်ကို ဆိုညည်းရင်း ခရီးဆက်ခဲ့သည်။

လမ်းတစ်လျှောက်တွင် ထူထပ်သော တောအုပ်များ မရှိသော်လည်း အရိပ်ကောင်းသော သစ်ပင်များရှိသည်။ ခြုံနွယ်ပိတ်ပေါင်းများ၊ မ်းချောင်းငယ်များဖြင့် လမ်းတစ်လျှောက်လုံးသည် သာယာလှပနေ၏။

လျူဟူထိုက်သည် စိတ်အေးအေးချမ်းချမ်းနှင့် ခရီးနှင်နေသော်လည်း သတိလက်လွှတ် မရှိပေ။ ထို့ကြောင့်ပင် သူသည် ခပ်ဝေးဝေးမှ ပျံ့လွင့်လာသည့် အသံဗလံများကိုကြားပြီး တိုက်ပွဲတစ်ပွဲ ဖြစ်နေပြီဟု သိလိုက်၏။

တိုက်ပွဲဖြစ်ပွားနေသည့်နေရာမှာ သူသွားနေသည့် လမ်း၏ ညာဘက် ကျောက်ဆောင် ကျောက်တုံးများ ထူထပ်နေသည့် နေရာမှ ဖြစ်သည်။





သူက မြင်းကို ဇက်သတ်ရပ်နားပြီး၊ အသံဗလံများကို နားစွင့်သည်။ သူ၏ အတွင်းအားမှာ အဆမတန် မြင့်မားနေပြီဖြစ်၍ ကြားနေရသည့် အသံများမှာ လူငါးယောက်ထက်မနည်း တိုက်ခိုက်နေသံဟု ခွဲခြားသိလိုက်၏။

သူသည် ဇက်သတ်၍ ရပ်ထားသောမြင်းကို အသံပေါ်ထွက်နေရာ ကျောက်ဆောင်များဆီသို့ စီးနှင်ထွက်သည်။ ကျောက်ဆောင်များနှင့် နီးလာချိန်တွင် မြင်းပေါ်မှ ခုန်ဆင်းပြီး၊ ကိုယ်ဖော့ ပညာသုံး၍ ပြေး၏။ မြင်ကွင်းတစ်ခုလုံးကို ပိတ်ဆည်းထားသကဲ့သို့ ရှိသော ကျောက်ဆောင်တစ်ခုကို ကျော်မိသည်နှင့် အပြင်းအထန် တိုက်ခိုက်နေသော တိုက်ပွဲကို တွေ့လိုက်ရသည်။

တိုက်ပွဲမှာ လူငါးယောက်နှင့် တစ်ယောက် တိုက်ခိုက်နေသော မညီမျှသည့် တိုက်ပွဲဖြစ်သည်။ နဖူးတွင် ဖဲကြိုးအနီ စည်းထားသော သိုင်းသမားငါးယောက်က အဝါရောင်ဝတ်စုံ ဝတ်ထားသည့် အမျိုးသမီးတစ်ယောက်အား ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်း ဖြစ်သည်။

လျူဟူထိုက်သည် အဝါရောင်ဝတ်စုံ ဝတ်ထားသည့် အမျိုးသမီးအား စေ့စေ့ကြည့်ရင်း၊ မျက်မှောင်ကြုံ့သွားသည်။ ထို

F 33

အမျိုးသမီးကို သူတွေ့ဖူးသလို ရှိသဖြင့် အမြေးအလွှား စဉ်းစား၏။ စဉ်းစားရင်းနှင့် ထိုအမျိုးသမီးအား ရွှေလှေစားသောက်ဆိုင်တွင် တွေ့ခဲ့သည်ကို ပြန် သတိရ၏။ ရွှေလှေစားသောက်ဆိုင်တွင် ရှိစဉ်က ထိုအမျိုးသမီးသည် သူတို့နှင့် ဘေးချင်းယှဉ်လျက်ရှိသော စားပွဲမှာ တစ်ယောက်တည်း ထိုင်နေသည်ကို မှတ်မိလာ၏။

လျှူဟူထိုက်က အကြည့်ကို အဝါရောင်ဝတ်စုံ ဝတ်ထားသည့် အမျိုးသမီးထံမှရွှေ့ပြီး၊ နဖူးတွင် ဖဲကြိုးအနီ စည်းထားသော သိုင်းသမားငါးယောက်အား ကြည့်လိုက်သည်။ သိုင်းသမား ငါးယောက်သည် ဓား၊ လှံ၊ ခက်ရင်းခွ လက်နက်တို့ဖြင့် အဝါရောင်ဝတ်စုံရှင် အမျိုးသမီးကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။ အမျိုးသမီးက ဓားတိုတစ်ချောင်းဖြင့် သိုင်းသမားငါးယောက်အား ပြန်လည်ခုခံနေသည်။

အဝါရောင်ဝတ်စုံရှင် အမျိုးသမီးသည် သိုင်းပညာ ထက်မြက်ပုံ ရသော်လည်း ရန်သူငါးယောက်ကို အနိုင်တိုက်ခိုက်နိုင်မည့်ပုံ မပေါ်ပေ။ အမျိုးသမီးမှာ တဖြည်းဖြည်း လက်ပန်းကျလာပြီး၊ ပြိုင်ဘက်များကို ရှုံးနိမ့်လိမ့်မည်ဟု လျှူဟူထိုက် တွက်ဆမိ၏။

“ညီလေး သတိထားနော်၊ သူ့ကို အနာတရ မဖြစ်စေနဲ့၊ တိုက်ခိုက်ပြီး၊ သူ့ကို အမိဖမ်းဖို့လိုတယ်”





သိုင်းသမား ငါးယောက်အနက် ခေါင်းဆောင်၏ အသံကို ကြားရသည်။

“စိတ်ချပါ အစ်ကိုကြီး။ ကျွန်တော် သူ့ကို အစ်ကိုကြီးအတွက် လက်ရဖမ်းပေးပါ့မယ်။ အနာတရ မဖြစ်စေရဘူး။ ဖမ်းမိတဲ့ အခါကျ အစ်ကိုကြီး သဘောကျ အသုံးပြုပေါ့”

“စိတ်ချ ညီလေး။ ငါက သူ့လို အဆင်ပြေတဲ့လူကို ရှာနေတာ ကြာပြီ”

သိုင်းသမားငါးယောက် အပြန်အလှန် ပြောနေသံကြောင့် ဝတ်စုံဝါနှင့် အမျိုးသမီး ဒေါသ ဖြစ်သည်ထက် ဖြစ်လာပုံရသည်၊ သူက သိုင်းသမား ငါးယောက်အား ဓားတိုတစ်လက်ဖြင့် ကြမ်းတမ်းစွာ တိုက်ခိုက်နေသည်။ သိုင်းသမားငါးယောက်က အမျိုးသမီး၏ တိုက်ကွက်ကို အမိအရ ဖယ်ရှားရင်း၊ ရယ်လိုက်ကြသည်။

ဗိုင်းရဲတိုက်ခိုက်နေသူ ငါးယောက်အနက် ကြာပွတ်ကိုင်ထားသူက အမျိုးသမီးအားကြာပွတ်ဖြင့် လှမ်းရိုက်လိုက်သည်။ အမျိုးသမီးက ကြာပွတ်ရိုက်ချက်ကို သူ့လက်ထဲမှ ဓားတိုဖြင့် ခုခံချေဖျက်သည်။

အခွင့်အရေးစောင့်နေသော ဓားသမားက အမျိုးသမီးအား ဓားဖြင့် လှမ်းခုတ်သည်။ အမျိုးသမီးက အချိန်မီ နောက်ဆုတ်လိုက်သဖြင့် ဓားချက်သည် သူ့အသားကိုမထိဘဲ၊ အပေါ်ယံ အဝတ်အစားကို စုတ်ပြဲသွားစေသည်။

အင်္ကျီရင်ဘတ်တစ်ခုလုံး ဓားချက်မိပြီး စုတ်ပြဲသွားသဖြင့် အမျိုးသမီး မျက်နှာပျက်သွားသည်။ သူက အင်္ကျီရင်ဘတ်စကို လက်ဝဲလက်ဖြင့် စုကိုင်ပြီး၊ နောက်သို့ ခုန်ကွက်သည်။ သိုင်းသမား ငါးယောက် အမျိုးသမီး ဆုတ်ခွာရာ နောက်သို့ ထပ်ချပ်မကွာ လိုက်၏။

"မင်း အရှုံးပေးဖို့ကောင်းပြီ ညီမလေး။ ဆက်ပြီးတိုက်နေရင် မတော်တဆ မင်းအသားတွေ နာသွားလိမ့်မယ်။ အရှုံးပေးပြီး၊ အစ်ကိုကြီးတို့နဲ့ ခင်ခင်မင်မင် ပျော်ပျော်ပါးပါး နေကြရအောင်...."

"လူယုတ်မာတွေ။ နင်တို့နဲ့တော့ ပျော်ပျော်ပါးပါး မနေဘူး။ ငါ့ကိုယ်ငါ သတ်သေလိုက်မယ်"

သိုင်းသမား ငါးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန် ရှိသည့် ကြာပွတ်သမားက အမျိုးသမီး မလှုပ်နိုင်အောင် တိုက်ခိုက်





သည်။ အမျိုးသမီးက အပြင်းအထန် ခုခံတိုက်ခိုက်နေစဉ် သူ့လက်ထဲမှဓား ကြာပွတ်ဖျားတွင် ပါသွား၏။

"ဟား....ဟား.... မင်း အရှုံးပေးပြီ မဟုတ်လား။ အရှုံးမပေးချင်သေးဘူး ဆိုရင်တော့၊ မင်းကို စိတ်ပြောင်းအောင် လုပ်ရလိမ့်မယ်"

ကြာပွတ်သမားက ရယ်မောလျက်ပြောပြီး၊ အင်္ကျီအတွင်းမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်လိုက်သည်။

"အစ်ကိုကြီး ဆေးမှုန့်သုံးတော့မလို့လား"

"အေး....ဟုတ်တယ်။ ဒါမှ ဒီအမျိုးသမီး မြန်မြန် အရှုံးပေးမှာ"

အခြေအနေကို ပုန်းကွယ်လျက်ကြည့်နေသော လျူဟူထိုက် မနေသာတော့။ သူက ခဲတစ်လုံးကိုကောက်ပြီး၊ ကြာပွတ်သမားဆီသို့ ပစ်ပေါက်လိုက်သည်။ ခဲလုံးက ကြာပွတ်သမား၏လက်ကို တည့်တည့်မတ်မတ် ထိသွား၏။ တစ်ပြိုင်နက်တည်းမှာပင် လျူဟူထိုက်က တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေသည်။

"ဟိတ်.... ဘယ်သူ နှောင့်ယှက်တာလဲကွ"

ကြာပွတ်သမားက လွှတ်ကျသွားသည့် ဆေးထုတ်ကိုရှာရင်း ပြောသည်။ လျူဟူထိုက်က ကြာပွတ်သမားထံသို့ လက်ဝါး တစ်ချက် ရိုက်သွင်းပြီး....

"မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်တဲ့ လူယုတ်မာတွေ သေဖို့ပြင်ပေတော့"

လျှိုဟူထိုက်သည် တစ်နေရာမှ တစ်နေရာသို့ ခုန်ပျံပြီး၊ သိုင်းသမား ငါးယောက်ကို တိုက်ခိုက်သည်။ သိုင်းသမားငါးယောက်၏ လက်ထဲမှ လက်နက်များ မြေပြင်ပေါ်သို့ လွင့်ကျကုန်၏၊ သိုင်းသမား ငါးယောက်စလုံး လျှိုဟူထိုက်အား ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ကြည့်ပြီး နောက်ဆုတ်သွားကြလေသည်။

*

"မင်း ဘယ်သူလဲ"

ကြာပွတ်သိုင်းသမားက လျှိုဟူထိုက်ကို စူးစူးစမ်းစမ်းနှင့် ကြည့်ရင်း မေးသည်။ လျှိုဟူထိုက်က တစ်ချက်ရယ်လိုက်ပြီး...

"အရိပ်မဲ့လူ"

"မင်းနဲ့ဘာဆိုင်လို့ ငါတို့ကိစ္စထဲ ဝင်ရှုပ်တာလဲ"





"ငါ့ရှေ့မှာ မတရားလုပ်နေတာကို လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး။ မင်းတို့ သူ့ကို တောင်းပန်ပါ"

ကြာပွတ်သမားက ခေါင်းခါပြသည်။

"မတောင်းပန်နိုင်ဘူး"

လျှိုဟူထိုက် ရိပ်ခနဲ လှုပ်ရှားလိုက်၏။ သူ့ခန္ဓာကိုယ် ကြာပွတ် ကိုင်သမား၏ အနားသို့ ရောက်သွားသည်။ ကြာပွတ်သိုင်းသမားက လျှိုဟူထိုက်အား ခုခံမည်အပြုတွင် သူ့ပါးနှစ်ဘက် တဖျန်းဖျန်း အရိုက်ခံလိုက်ရသည်။

ပါးရိုက်ပြီးသည်နှင့် လျှိုဟူထိုက်က ကိုယ်ကို လျင်မြန်စွာ လှည့်သည်။ ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားလျက် ကျန်သိုင်းသမားလေးယောက်၏ ပါးကို ဆက်တိုက်ရိုက်သည်။ လျှိုဟူထိုက်၏ လျင်မြန်လွန်းသည့် လှုပ်ရှားမှုကြောင့် သိုင်းသမားလေးယောက်စလုံး ပါးအရိုက်ခံရပြီး ယိုင်သွားကြသည်။

လျှိုဟူထိုက်က အံ့အားသင့် ထိတ်လန့်သွားသော လူငါးယောက်၏ ရှေ့တွင် ရပ်လိုက်သည်။ တင်းမာ ခက်ထန်သော မျက်နှာနှင့် သိုင်းသမား ငါးယောက်စလုံးကို ကြည့်သည်။

"မင်းတို့ သူ့ကို တောင်းပန်လိုက်ပါ"

"ကျုပ်တို့....ကျုပ်တို့"

"အောင်းပန်လိုက်ပါ။ မတောင်းပန်ရင် မင်းတို့သွေးကြောတွေကို ဖျက်ဆီးပစ်မယ်"

လျှုဟုထိုက်၏ စွမ်းရည်ကို လက်တွေ့သိထားပြီဖြစ်၍ ကြာပွတ် သမားမှာ ထိတ်လန့်စွာ နောက်သို့ ခြေတစ်လှမ်း ဆုတ်သည်။ ဖြူးကျယ်ပိုင်းစက်သော မျက်လုံးအစုံဖြင့် လျှုဟုထိုက်ကို ကြည့်ပြီး....

"မ....မလုပ်ပါနဲ့"

"မလုပ်စေချင်ရင် သူ့တို့ တောင်းပန်"

"ဟုတ်....ဟုတ်ကဲ့"

ကြာပွတ်သမားက အင်္ကျီရင်ဘတ်စကို စုကိုင်ပြီး ငေးကြောင်စွာ ရပ်နေသော ဝတ်စုံဝါ အမျိုးသမီးအား လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုသည်။

"ကျုပ် နဂါးနက်က ညီမကို စော်ကားမိတဲ့ အတွက် တောင်းပန်ပါတယ်"





"ကျန်တဲ့လူတွေကော"

"ကျုပ်တို့ နဂါးညီနောင်ကလဲ ညီမကို တောင်းပန်ပါတယ်"

"မင်းတို့ နဂါးငါးကောင် သူ့ကို ညီမအဖြစ် အသိအမှတ်ပြုပြီး၊ တစ်သက်လုံး စောင့်ရှောက်ရမယ်။ မင်းတို့ ကတိပေးတယ် မဟုတ်လား"

"ကတိမတည်ခဲ့ရင်ကော"

"အဲဒါဆိုရင်၊ ကျုပ်....ကျုပ်တို့ အဖေမပေါ်တဲ့ မွေးတဲ့ သားတွေ ဖြစ်ပါလိမ့်မယ်။ ကျုပ်တို့"

နဂါးနက်က ကျိန်စာအမျိုးမျိုးကို ကျိန်ဆိုပြသည်။ ကျိန်ဆို သွက်ပြီးသည်နှင့် လျှုဟုထိုက်က ခေါင်းညိတ်ပြလိုက်၏။

"ကောင်းပြီ။ မင်းတို့ ကိုယ့်လက်နက်ကိုယ်ယူပြီး သွားပေတော့"

နဂါးငါးကောင်သည် လွှတ်ကျနေသော သူတို့၏ လက်နက်များကို ကောက်ယူသည်။ ပြီး.... လျှုဟုထိုက်အား ဂါရဝပြုလျက် နေရာမှ လျင်မြန်စွာ ပြေးထွက်သွား၏။

လျှုဟူထိုက်သည် ယခုအချိန်ထိအောင် ငြိမ်သက်စွာရပ်နေဆဲဖြစ်သော ဝတ်စုံဝါအမျိုးသမီးဘက်သို့ လှည့်လိုက်သည်၊ အမျိုးသမီးက လျှုဟူထိုက်အား ရီဝေသော မျက်လုံးအစုံဖြင့် ကြည့်ပြီး....

"မောင်လေးကို ကျေးဇူးတင်ပါတယ်။ မောင်လေးရောက်မလာရင် ဒီလူယုတ်မာတွေရဲ့လက်ထဲမှာ နှစ်မွန်းမှာ သေချာတယ်"

"သူတို့ မမကို နောက်ထပ် မစော်ကားရဲတော့ပါဘူး၊ တွေ့တဲ့အခါတိုင်း အစ်ကိုတွေက ညီမတစ်ယောက်ကို စောင့်ရှောက်သလို စောင့်ရှောက်ကြပါလိမ့်မယ်။ ဒါထက် မမက ဒီတောထဲကို တစ်ယောက်တည်း ဘယ်လိုလုပ် ရောက်လာတာလဲ"

"မမက ဟန်ကြူးမြို့ကိုသွားမယ့် ခရီးသွားတစ်ယောက်ပါ။ မိုးမချုပ်ခင် ဟန်ကြူးမြို့ကို ရောက်ချင်လို့ တစ်ယောက်တည်း ထွက်လာခဲ့တာ...."

"ကျွန်တော်လဲ ဟန်ကြူးမြို့ကို သွားမှာပဲ။ အတူသွားကြတာပေါ့"

"ဒါထက် မောင်လေးက"





"ကျွန်တော့်နာမည် လျှုဟူထိုက်ပါ။ ဟန်ကြူးမြို့က ချမ်းမြေ့ဂေဟာမှာ နေပါတယ်"

"မောင်လေးက သူဌေးကြီး ချန်လုံဟန်နဲ့ ဘာတော်လဲ"

"ကျွန်တော့် အဖေပါ"

အမျိုးသမီး၏ မျက်လုံးအစုံက ဝင်းလက် တောက်ပလာသည်။

"မောင်လေးက ချမ်းမြေ့ဂေဟာရဲ့ သခင်လေးကိုး။ သူဌေးကြီးဟာ မမတို့ မိသားစုရဲ့ ကျေးဇူးရှင်ပါ။ မမရဲ့ အဖေက သူဌေးကြီးရဲ့ ငွေတိုက်မှာ အမှုထမ်းပါတယ်။ ဟန်ကြူးမြို့အနောက် ဘုံကျောင်းဘေးမှာ မမတို့အိမ် ရှိပါတယ်"

"မမရဲ့နာမည်ကို ကျွန်တော် ဘယ်လိုမေးရမှာလဲ"

"နန်းယွှင်ခက်လို့ မေးပါ"

လျှုဟူထိုက်က ကျောက်ဆောင်ထူထပ်ရာကြားမှ ဦးဆောင်ပြီး ထွက်သည်။ နန်းယွှင်ခက်က လျှုဟူထိုက် နောက်သို့ ချက်

ချင်း မလိုက်ဘဲ၊ နောက်ချန်နေခဲ့၏။ တစ်ခဏကြာမှ စုတ်ပြဲနေသော သူ့အင်္ကျီကို ပြုပြင်ပြီး ထွက်လိုက်လာခဲ့သည်။

လျှူဟူထိုက်သည် ကျောက်ဆောင်တန်းနှင့် မနီး‌‌ဝေးတွင် ရှိနေသော သူ့မြင်းရှိ ... ို့ လျှောက်ခဲ့သည်။ မြင်းအနီးသို့ အရောက်တွင် နန်ယွင်ခက်အား လှည့်ကြည့်လိုက်သည်။

"မမ.... မြင်းပေါ်ကိုတက်ပါ။ ကျွန်တော် လမ်းလျှောက်ပြီး လိုက်ခဲ့ပါမယ်"

လျှူဟူထိုက်၏ စကားကြောင့် နန်ယွင်ခက် တွေခနဲ ဖြစ်သွားသည်။ တစ်ခဏအကြာတွင် သူက ပြုံးလိုက်ပြီး....

"မောင်လေးရဲ့မြင်းက လူနှစ်ယောက်ကို မနိုင်ဘူးလား"

"နိုင်ပါတယ် မမ"

"ဒါဆိုရင် မောင်လေးက မြင်းစီးပါ၊ မမနောက်က ထိုင်လိုက်မယ်"





လျှူဟူထိုက်သည် တွေဝေတုန့်ဆိုင်းခြင်းမရှိဘဲ၊ မြင်းပေါ်သို့ ခုန်တက်လိုက်သည်။ နန်ယွင်ခက်ကလည်း မြင်းပေါ်သို့ ခုန်တက်ပြီး၊ လျှူဟူထိုက်၏ ကျောဘက်တွင် ထိုင်လိုက်သည်။ လျှူဟူထိုက်က မြင်းကို ဟန်ကြိုးမြို့သို့ ဦးတည် စီးထွက်လိုက်လေ၏။

*

## အခန်း (၁၅)

စည်စည်ကားကား လှုင်လှုပ်ရှားရှား ဖြစ်နေလေ ရှိသော ချမ်းမြေ့ဂေဟာမှာ ထူးခြားစွာ တိတ်ဆိတ်နေသည်။ နန်ယွင်ခက်အား ပို့ပြီးပြန်လာသော လျှုဟူထိုက်သည် ခြံဝင်းထဲသို့ ဝင်မိသည်နှင့် ထူးထူးခြားခြား တိတ်ဆိတ်နေသည့် အဖြစ်ကို သတိပြုမိ၏။

ခြံဝင်းထဲတွင် စောင့်နေသော အစောင့်က လျှုဟူထိုက်အား တွေ့သည်နှင့် ဝမ်းသာအားရ ကြိုဆိုသည်။ သူက လျှုဟူထိုက်အား တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောခဲ့သေးဘဲ၊ ဦးညွှတ်၍ ဂါရဝပြုလိုက်သည်။

မင်း၊၈၁၈၀

လျှူဟူထိုက်သည် အစောင့်ကို ဖြတ်ကျော်ပြီး၊ အိမ်ရှေ့သို့ အရောက် မြင့်းကိုစီးခဲ့၏၊ အိမ်ရှေ့သို့အရောက်တွင် မြင်းပေါ်မှ ဆင်းပြီး အသင့်စောင့်နေသော အမှုထမ်းလက်ထဲသို့ မြင်းဇက်ကြိုးကို ထည့်လိုက်သည်၊

"ဖေဖေ အိမ်မှာရှိသလား"

"ရှိပါတယ် သခင်လေး၊ ဧည့်သည်တွေလဲ ရောက်နေတယ်၊ သခင်ကြီး ဧည့်သည်တွေနဲ့ ဧည့်ခန်းဆောင်မှာ စကားပြောနေပါတယ်"

လျှူဟူထိုက်က အစောင့်အားဖြတ်ကျော်ပြီး၊ အိမ်ထဲသို့ဝင်လိုက်သည်။ အိမ်ထဲသို့အရောက်တွင် အခြေအတင် စကားပြောနေသံနှင့် ရယ်မောနေသံတို့ကို ကြားရ၏။

လျှူဟူထိုက်က ဧည့်ခန်းဆောင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်ခဲ့သည်။ ဧည့်ခန်းဆောင်တွင် ချန်လုံဟန်နှင့်အတူ ဧည့်သည် ခြောက်ယောက်တို့ကို တွေ့ရ၏။

ဧည့်ခန်းဆောင်တွင် ရှိနေသူများသည် လျှူဟူထိုက်၏ ခြေသံ အကြားတွင် လှည့်ကြည့်လာကြသည်။ ထိုသူများအနက်မှ တောင်ပေါ် ဝံပုလွေနှင့် အဆိပ်မင်းသမီးတို့ကို လျှူဟူထိုက် မှတ်မိလိုက်သည်။ ကျန်လေးယောက်အနက် တစ်ယောက်က





ဝါးဆေးတံကြီးကို ကိုင်ထားသော ဝတ်စုံစိမ်းနှင့် အဘိုးအို၊ ရွှေရောင် ဦးထုပ်တစ်လုံးကို ဆောင်းထားသည့် အသက်လေးဆယ် ခန့်ရှိ ဥပမိရုပ်ကောင်းသူနှင့် အပြာရောင်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးကြီးနှစ်ယောက်တို့ ဖြစ်သည်။

"ပြောရင်း ဆိုရင်း ကျုပ်ရဲ့သား ရောက်လာပြီ၊ လူလေးမင်းရဲ့ဘိုးဘိုးကော အတူပါမလာဘူးလား"

လျှူဟူထိုက်က ဧည့်ခန်းဆောင်တွင် ရှိနေသူများသည် သိုင်းလောကတွင် အရှိန်အဝါကြီးသော သိုင်းသမားကြီးများ ဖြစ်ကြောင်း သိနေသည်၊ ထို့ကြောင့် သူက ဧည့်သည်ကြီးများ အားလုံးကို လက်နှစ်ဘက် ဆုပ်၍ ဂါရဝပြုလိုက်သည်၊ ပြီး ချန်လုံဟန်ဘက်သို့ လှည့်၍....

"ဘိုးဘိုးက ချူအော့တို့နဲ့အတူ လာနေပါပြီ ဖေဖေ"

"လမ်းမှာ မင်းတို့ ဘယ်လို အန္တရာယ်တွေ တွေ့ခဲ့ရသေးသလဲ၊ ချူအော့ဆီက ခိုပို့ခိုနဲ့ရောက်လာတဲ့ သတင်းတွေအရ ဆိုရင် ကြယ်တာရာအဖွဲ့ဟာ မင်းတို့ကို လိုက်နှောင့်ယှက်နေသလို့ပဲ"

"ကြယ်တာရာအဖွဲ့က ကျွန်တော်တို့တင် မကဘူး၊ သိုင်းလောကတစ်ခုလုံးကို လိုက်နှောင့်ယှက်နေပါတယ် ဖေဖေ၊

သူတို့ထဲက အဖွဲ့ခွဲမှူးတစ်ယောက်ကို ဖမ်းမိလို့ ကြယ်တာရာသခင်လေးရဲ့ ပြစ်အစဉ် တော်တော်များများကို သိခဲ့ရပါတယ်။ ကြယ်တာရာသခင်လေးဟာ သိုင်းဂိုဏ်း အတော်များများကို သူ့လက်အောက် ရောက်အောင် သိမ်းသွင်းနေပါတယ်။ ဝါရင့်သိုင်းသမားကြီး အတော်များများကိုလဲ အဆိပ်နဲ့ ထိန်းသိမ်းပြီး၊ သူလိုသမျှ ခိုင်းစေနေပါတယ်"

"သိုင်းလောကကြီးတစ်ခုလုံးကို စိုးမိုးမယ့် အကြံအစည်နဲ့ ကြယ်တာရာအဖွဲ့က လှုပ်ရှားနေတယ်ဆိုတာ ဖေဖေတို့သိထားပြီးပါပြီ။ ဒါပေမယ့် ကြယ်တာရာသခင်လေးဟာ ဘယ်သူလဲဆိုတာ ခုချိန်ထိအောင် ဖေဖေတို့ မသိရသေးဘူး။ ဒီက မိတ်ဆွေကြီး တောင်ပေါ်ဝံပုလွေရောက်လာတဲ့ အချိန်ကစပြီး ဟန်ကြူးမြို့မှာ ကြယ်တာရာအဖွဲ့သားတွေ မလှုပ်ရှားဘဲ ငြိမ်နေကြတယ်။ အဲဒီတော့ သူ ဘယ်သူလဲဆိုတာ ဖော်ထုတ်ဖို့ပိုခက်နေတာပေါ့"

ချန်လုံဟန်၏ စကားအဆုံးတွင် တောင်ပေါ် ဝံပုလွေက ဆတ်ခနဲ ခေါင်းထောင်လာသည်။

"သူက မိတ်ဆွေကြီးရဲ့ အကြံအစည်တွေကို ကြိုသိနေတယ်လို့ ကျုပ် ထင်တယ်။ မိတ်ဆွေကြီးရဲ့သား ခရီးထွက်ပြီးချိန်မှာ ဒီက လူနှစ်ယောက်ကို ဖမ်းခေါ်သွားတာဟာ၊ သူ့တစ်ခုခု အကြံကိုင်ချင်လို့ ဆိုတာ ထင်ရှားတယ်"





လျူဟူထိုက်က ဧည့်ခန်းဆောင်တွင် ဝမ်စုချီနှင့် ဘွားဘွားချီယင်တို့ မရှိသည်ကို သတိပြုမိသွားသည်။ သူ ခရီးထွက်သွားစဉ်တွင် ဝမ်စုချီနှင့် ဘွားဘွားချီယင်တို့ အဖမ်းခံလိုက်ကြရပြီဟု တွေးမိ၏။

"ဖေဖေ– ကြယ်တာရာသခင်လေးက ဘဘဝမ်နဲ့ ဘွားဘွားချီတို့ကို ဖမ်းသွားပြီလား"

ချန်လုံဟန်က ခေါင်းခါပြလိုက်သည်။

"မဟုတ်ပါဘူး၊ ကြယ်တာရာအဖွဲ့က ခရေပန်းနဲ့ စွမ်းစွမ်းတို့ကို ဖမ်းသွားတာပါ။ ဝမ်စုချီတို့က အဖမ်းခံရတဲ့ လူတွေနောက်ကို လိုက်စုံစမ်းနေတယ်။ ခုချိန်ထိလဲ ဘာသတင်းမှမရသေးဘူး"

ချန်လုံဟန်က စကားပြောရင်း လျူဟူထိုက်အား အဓိပ္ပာယ်ပါသော အကြည့်ဖြင့် ကြည့်သည်။ ဧည့်သည်များ ရှေ့တွင် စကားမမှားစေချင်ကြောင်း သဘောပေါက်ပြီး လျူဟူထိုက်က မသိမသာ ခေါင်းညိတ်ပြသည်။

"သိုင်းလောကကို စိုးမိုးမယ်ဆိုတဲ့ ဒီလူ၊ နောက်လှုပ်ရှားလာဖို့လိုတယ်။ ကျုပ်ကတော့ အခုလို ငြိမ်ပြီး စောင့်နေတာ

ကို မကြိုက်ဘူး။ ကြယ်တာရာ အဖွဲ့ဝင်တွေကို လိုက်ရှာပြီး သတ်မယ်"

အဆိပ်မင်းသမီး စန်းရင်ဇော်က ငြိမ်သက်စွာ နားထောင်နေရာမှအေးစက်သောအသံဖြင့်ဝင်ပြောသည်။ အဆိပ်မင်းသမီး၏ စကားကို ကြားသော်နှင့် အပြာရောင်ဝတ်စုံဝတ်ထားသည့် အမျိုးသမီးကြီးနှစ်ယောက်က....

"ဟုတ်တယ်.... တိုက်ခိုက်လာမှာကို စောင့်နေတာထက် တိုက်ပွဲကို ထွက်ရှာတာက ပိုကောင်းတယ်။ ကျွန်မတို့ လိပ်ပြာညီအစ်မက အဆိပ်မင်းသမီးနဲ့ သဘောချင်း ကိုက်ညီပါတယ်"

အပြာရောင်ဝတ်စုံဝတ်ထားသော လိပ်ပြာညီအစ်မ၏စကားအဆုံးတွင် ငွေရောင်ဦးထုပ်ဆောင်းထားသူက....

"ကျုပ်ငွေမင်းသားကလဲ ရန်သူကို ထွက်ရှာတော့မယ်"

ချန်လုံဟန်က လေသံတစ်သံတည်းထွက်နေသောဧည့်သည်များကို ကြည့်သည်။ အဆိုကို တစ်ယောက်မကျန် တူညီစွာ ပြောနေသည့် စကားများအဆုံးတွင် ဝါးဆေးတံ ကိုင်ထားသည့် အဘိုးအိုက ရယ်မောလိုက်ပြီး....

"ရန်သူကို ထွက်ရှာတာကောင်းပါတယ်။ ဒီဟန်ကြူးမြို့မှာ ကြယ်တာရာအဖွဲ့ခွဲတစ်ခုခုတော့ ရှိမှာပဲ။ ကျုပ်တို့ လှုပ်လှုပ်





ရှားရှား လုပ်နေရင် သူတို့က တစ်နည်းနည်းနဲ့ တုန့်ပြန်လာမှာပဲ။ မင်း ဘယ်လိုသဘောရသလဲ ချန်လုံဟန်"

ချန်လုံဟန်က ဝါးဆေးတံနှင့် အဘိုးအိုဘက်သို့ လှည့်ပြီး ပျာပျာသလဲနှင့်....

"ကောင်းပါတယ် အစ်ကိုကြီး ထင်းဖုန်း၊ သိုင်းလောကရဲ့ ဝါစဉ်ကြီးသိုင်းသမားတွေ ဟန်ကြူးမြို့ကို ရောက်နေပြီဆိုတာ သိရင် ကြယ်တာရာသခင်လေး တစ်ခုခုတော့ တုန့်ပြန်လာမှာပဲ"

ချန်လုံဟန်၏ စကားအဆုံးတွင် အပြင်ဘက်မှ အေးစက်စက် နိုင်သော ရယ်သံတစ်သံ ပေါ်လာသည်။ ရယ်သံအဆုံးတွင် လေထုကို ထိုးခွဲဖြတ်သန်းလာသည့် အသံတစ်သံနှင့်အတူ ဖြူဖြူအရာဝတ္ထုတစ်ခု၊ အခန်းထဲသို့ ပြေးလွင့်ဝင်ရောက်လာ၏။ ထိုဖြူဖြူအရာသည် ဝိုင်းဖွဲ့ပြီးထိုင်နေသည့် ဧည့်သည်များကြားရှိ စားပွဲမျက်နှာပြင်ပေါ် စိုက်ဝင်သွားသည်။

"ဟိတ်.... ဒါ ဘာလဲ"

"ရန်သူ...."

လျူဟူထိုက်နှင့် ငွေမင်းသားတို့ ဧည့်ခန်းဆောင်မှ ပြတင်းပေါက်မှနေ၍ အပြင်သို့ ခုန်ထွက်လိုက်သည်။ အပြင်သို့ရောက်သည်နှင့် ခြံဝင်းထဲ လှည့်ပတ်ပြီး ရန်သူကိုရှာသည်။

လျှိုဟူထိုက်က အရိပ်မဲ့ကိုယ်ဖျောက်ပညာကို သုံးပြီး ခြံဝင်းတစ်ခုလုံး အနှံ့လှည့်ပတ်ကြည့်သည်။ ခြံဝင်းထဲတွင် ရန်သူ၏ အရိပ်အယောင်ကိုပင် မတွေ့ရ၊ အတန်ကြာအောင် လှည့်ပတ်ကြည့်ရှုပြီးနောက် သူက ဧည့်ခန်းဆောင်ထဲသို့ ပြန်ဝင်သည်။

ဧည့်ခန်းဆောင်တွင် ချန်လိုဟန်နှင့် ဧည့်သည်တော်များ ခေါင်းချင်းဆိုင်နေကြသည်။ လျှိုဟူထိုက် ပြန်ရောက်ချိန်မှာပင် ငွေမင်းသားလဲ ဧည့်ခန်းဆောင်ထဲသို့ ပြန်ရောက်လာသည်။

“အပြင်မှာတော့ ရန်သူရဲ့ အရိပ်အယောင် မတွေ့ရဘူး။ ရန်သူဟာ ကိုယ်ဖျောက်ပညာ သိပ်ကောင်းတဲ့လူ ဖြစ်ရမယ်”

“ကိုယ်ဖျောက်ပညာတင် မကဘူး၊ အတွင်းအားလဲ သိပ်ကောင်းတယ်၊ ဟောဒီမှာ သူက ပန်းပွင့်ဖိတ်စာကို စားပွဲထဲ စိုက်ဝင်သွားအောင် ပစ်သွားတယ်။ စာရွက်လေးတစ်ရွက်ကို စားပွဲထဲ စိုက်ဝင်အောင် ပစ်နိုင်တဲ့ အတွင်းအားဟာ အံ့မခန်းပါပဲ”

“ပန်းပွင့်ဖိတ်စာ ဟုတ်လား၊ ဒါဖြစ်ရင် အခုလာသွားတဲ့ လူဟာ ပန်းပွင့်သခင် ပေါ့”

*





အခန်းထဲတွင် ရှိနေသူအားလုံး၏ မျက်နှာမှာ သတိထားဟန် ထင်နေသည်။ သူတို့၏ မျက်လုံးများ၌ စိုးရွံ့ဟန်အရိပ် တွေ့ ပေါ်နေ၏။

“ကြယ်တာရာအဖွဲ့ ပေါ်လာတဲ့အချိန်မှာပဲ ပန်းပွင့်သခင် လဲ ပေါ်လာတယ်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကဆိုရင် သိုင်းလောကရဲ့ ရန်သူ၊ အကျင့်ပျက်သိုင်းလောကသားတွေပဲ ပန်းပွင့်ဖိတ်စာ အပို့ခံရဘတ်တယ်။ အခု ပန်းပွင့်သခင်က ကျုပ်တို့ကို ပန်းပွင့်ဖိတ်စာ ပို့လိုက်ပြီ။ ကျုပ်တို့အထဲမှာ သိုင်းလောကရဲ့ ရန်သူ ပါနေလို့လား။ ဒါမှမဟုတ် ပန်းပွင့်သခင်ကလဲ ဆန့်ကျင်ဘက် အခြေအနေမျိုးကို ရောက်နေပြီလား မသိဘူး”

အဘိုးအိုထင်းဖုန်းက ဝါးဆေးတံကို မီးတရဲရဲတောက်အောင် ဖွာရင်း၊ စဉ်းစဉ်းစားစားနှင့် ပြောသည်။ စိတ်ခက်ထန်သော အဆိပ်မင်းသမီးက ဟင့်ခနဲ တစ်ချက်ရယ်လိုက်ပြီး....

“ဒါ– ကျုပ်တို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက် မယုံမကြည် ဖြစ်အောင် ရန်တိုက်ပေးတာပဲ။ ဒီအလုပ်မျိုးကို ကြယ်တာရာသခင်လေးက လုပ်တတ်တယ်။ ပန်းပွင့်သခင်ဟာ သစ္စာဘက်တော်သား မဟုတ်တော့ဘူး။ ကြယ်တာရာ သခင် လေးရဲ့ နောက်လိုက်ဖြစ်သွားပါပြီ”

အဆိုပ်မင်းသမီး၏ စကားကြောင့် ဧည့်ခန်း ဆောင်တွင် ရှိနေသူများ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက် ကြသည်။ လိပ်ပြာညီအစ်မက ခေါင်းကို ခါယမ်းလိုက်ကြပြီး-

"မဖြစ်နိုင်ဘူး....."

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ မင်းတို့ညီအစ်မက ကျုပ်တို့ အထဲမှာ သိုင်းလောကရဲ့ ရန်သူ အကျင့်ပျက် သိုင်းသမားတစ် ယောက် ရှိနေပြီထင်လို့လား"

"အဲဒါလဲ မဖြစ်နိုင်ဘူး"

"ဒါဆိုရင် အဖြစ်မှန်က ဘယ်လိုလဲ။ မင်းတို့ ဘယ်လို ထင်သလဲ"

လိပ်ပြာ ညီအစ်မက တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။ လိပ်ပြာမယ် အငယ်က တချက်ရယ်လိုက် ပြီး....

"ပန်းပွင့်သခင်ဟာ သိုင်းလောကထဲမှာ မရှိတော့ဘူး၊ ဇာတ်မြုပ်သွားတာပဲ ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် သေသွား တာပဲ ဖြစ်ချင်ဖြစ်မယ်၊ ပန်းပွင့်သခင် ပျောက်ဆုံးသွားတဲ့အချိန် ဟာ ကျွန်မတို့ သိုင်းလောကထဲကို ဝင်ခါစလောက်ပဲ ရှိသေး တယ်။ ကြားဖူးသလောက်ပြောရရင်တော့၊ ပန်းပွင့်သခင်ဟာ မကောင်းမှုဆိုရင် ဘာမှမလုပ်ဘူး။ မတရားတာကို မလုပ်ဘူး။





အခုတော့ ပန်းပွင့်သခင်က ပထမဆုံး လုံမခြင်းကိုသတ်တယ်။ ပြီးတော့ သိုင်းလောကရဲ့ အရေးအတွက် အသက်စွန့်ဖို့ဝန်မလေး တဲ့ လူတွေကို ခြိမ်းခြောက်တယ်။ တစ်ခါကလဲ ဒီအိမ်ထဲကို ပန်းပွင့်ဖိတ်စာ အပို့ခံရပြီးပြီလို့ ကြားတယ်၊ ကြားရတဲ့အတိုင်း ဆိုရင် ဒါဟာ ဒုတိယအကြိမ်ပဲ။ ပန်းပွင့်သခင်မှာ ဒုတိယ အကြိမ် သတိပေးတယ်ဆိုတာ မရှိဖူးဘူး"

"စကားများလိုက်တာ၊ မင်း- ဘာပြောချင်သလဲဆိုတာ မြန်မြန် ပြောပါ"

အဆိပ်မင်းသမီးကြီး၏ စကားကြောင့် လိပ်ပြာမယ်အငယ် မျက်နှာပျက်သွားသည်။ သူက အဆိပ်မင်းသမီးအား တင်းမာ သော မျက်နှာထားနှင့် ကြည့်နေလိုက်၏။

"ပြဿနာတစ်ခုကို စဉ်းစားတယ်ဆိုတာ အကျိုးအကြောင်း ခိုင်လုံဖို့လိုပါတယ်။ လိပ်ပြာ ညီအစ်မဟာ ဘယ်ကိစ္စကိုမှ အလောတကြီး မဆုံးဖြတ်တတ်ဘူး၊ စိတ်အထင် တစ်ခုတည်း နဲ့လဲ ထင်မြင်ချက် မပေးတတ်ဘူး"

"မင်းက ကျုပ်ကို စိတ်အထင်နဲ့ ရမ်းပြီး ပြောတယ်လို့ ဆိုလိုတာလား...."

အခြေအနေက မသိမသာ တင်းမာလာသည်ကို လျှ ဟူထိုက် သတိပြုမိ၏။ သိုင်းသမား အတော်များများသည်

တစ်ယောက်နှင့်တစ်ယောက် စကားတစ်လုံးမှ အတင်မခံတတ်ကြဘဲ၊ ခက်ထန်စွာ ရန်ဘက်ပြိုင်တတ်ကြသည်ကို သူတွေးမိ၏။

"ဘွားဘွားနဲ့ ဆရာမကြီးတို့ တစ်ယောက် တစ်ယောက် အပြစ်တင်နေတာထက်၊ တစ်ယောက် သဘောထား တစ်ယောက်ရဲ့ ထင်မြင်ချက်ကို၊ တစ်ယောက်က နားထောင်ပြီး အဖြေရှာကြရင် ပိုကောင်းလိမ့်မယ်။ အားလုံးဟာ သိုင်းလောကရဲ့ ဘုံရန်သူကို တိုက်ခိုက်ချင်နေကြတာ မဟုတ်လား။ ရန်သူကို မတိုက်ခိုက်ရခင် အချင်းချင်း သဘောကွဲလွဲပြီး၊ အမုန်းပွားတာဟာ ဆုံးရှုံးဖို့ ကလွဲပြီး ဘာမှ မဖြစ်နိုင်ပါဘူး"

ဆင်ခြင်တုံတရား အပြည့်ရှိသော လူငယ်တစ်ယောက်၏ စကားကြောင့် အဆိပ်မင်းသမီးနှင့် လိပ်ပြာမယ်တို့ ရှက်သွားသည်။ တစ်ယောက်ကိုတစ်ယောက် တင်းမာခက်ထန်စွာကြည့်နေရာမှ ရယ်လိုက်ကြ၏။

"ကဲ.... မင်းစကားကို ဆက်ပါဦး"

အဆိပ် မင်းသမီးကြီးက ဒေါသ ကင်းစင်စွာ ပြောသည်။ လိပ်ပြာမယ်က ခေါင်းညိတ်ပြပြီး....

"ဖြစ်ပျက်နေတာအားလုံးကို ဆက်စပ် စဉ်းစားကြည့်လိုက်ရင်၊ တစ်ယောက်ယောက်က ပန်းပွင့်သခင်အဖြစ် ဟန်ဆောင်





နေတာလို့ ကျွန်မ ထင်တယ်။ ဟန်ဆောင်တဲ့လူဟာ ပန်းပွင့်သခင် မဟုတ်ပေမယ့်၊ သိုင်းပညာထက်မြက်ပုံရတယ်။ အဖြစ်နိုင်ဆုံးက ပန်းပွင့်သခင်အဖြစ် ဟန်ဆောင်သူဟာ ကြယ်တာရာသခင်လေးပဲ ဖြစ်ရမယ်"

ညည့်ခန်းဆောင်တွင် ခေတ္တတိတ်ဆိတ်သွား၏။ လိပ်ပြာမယ်၏ စကားကြောင့် အားလုံး စဉ်းစား တွေဝေသွားကြသည်။ အတန်ကြာမှ ထိုစကားကို လက်ခံဟန် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြလေ၏။

*

## အခန်း (၁၆)

လျှုဟူထိုက်သည် ခရီးပန်းလာသော်လည်း အနားမယူဘဲ၊ ရုပ်ဖျက်ပြီး နေအိမ်မှ ထွက်သည်။ ဟန်ကြူးမြို့အတွင်း လှည့်လည် သွားလာပြီး၊ စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်လိုက်သည်။ စားသောက်ဆိုင်တွင် မျက်နှာချင်းဆိုင်ထိုင်ပြီး၊ ညနေစာ စား နေသော မုယုံကျင်းနှင့် ရှောင်ရှိဖုန်းတို့အား တွေ့[illegible] သိထက်

လျှုဟူထိုက်က သူ ရုပ်ဖျက်ထားသည့် အဖြစ်ကို မေ့ပြီး၊ ရှောင်ရှိဖုန်းအား နှုတ်ဆက်မည်ပြုသည်။ သို့သော် မနီးမဝေးသို့ ရောက်လာသော သူ့အား လူစိမ်းတစ်ယောက်ကို ကြည့်သည့် ပမာ ကြည့်နေသည့် ရှောင်ရှိဖုန်း၏ အကြည့်ကြောင့် လျှုဟူ

ထိုက်မှာ သူ ရှုပ်ဖျက်ထားသည့် အဖြစ်ကို သတိရသွားသည်၊ ထို့ကြောင့်ပင် သူက ရှောင်ရီဖုန်းတို့ စားပွဲအနီးမှ ဖြတ်ကျော်ပြီး၊ စားပွဲတစ်လုံးခြားတွင် ဝင်ထိုင်လိုက်သည်။

သူက စားသောက်ဖွယ်ရာများမှာပြီး၊ မုယုံကျင်းနှင့် ရှောင်ရီဖုန်းတို့ကို မသိမသာ အကဲခတ် ကြည့်ရှုသည်။ သူ ခရီးထွက်နေသည့် ရက်များအတွင်း ရှောင်ရီဖုန်းနှင့် မုယုံကျင်းတို့ ပို၍ ရင်းနှီးလာသည်ဟု စိတ်က ထင်လိုက်၏။

မုယုံကျင်းသည် ရှောင်ရီဖုန်း၏ ချောမောလှပသော မျက်နှာကို မကြာခဏ ကြည့်သည်။ ပြုံးရွှင်သော မျက်နှာနှင့် အသံကို နှိမ့်ပြီး၊ ရှောင်ရီဖုန်းအား တစ်စုံတစ်ရာ ပြော၏။ ရှောင်ရီဖုန်းက မုယုံကျင်း၏ စကားကို နားထောင်ရင်း ရယ်သည်။

ရှောင်ရီဖုန်းတို့အားကြည့်ရင်း၊ လျူဟူထိုက်၏ ရင်ထဲတွင် တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရသလို ခံစားရသည်။ ထို့ကြောင့်ပင် သူက ရှောင်ရီဖုန်းတို့အား လှည့်မကြည့်တော့ဘဲ၊ မျက်နှာလွှဲ သူ့ မျက်လုံးမှာ ဆိုင်ထဲသို့ ဝင်လာသူများထံ ရောက် ည်။

တောင်ပေါ်ဝံပုလွေနှင့် ငွေမင်းသားတို့နှစ်ယောက်ကို တွေ့ လိုက်ရသည်။ သူတို့နှစ်ယောက်က အေးစက် တည်ငြိမ်သော





မျက်နှာနှင့် စားပွဲတစ်လုံးမှာ ဝင်ထိုင်သည်။ စားပွဲထိုးကို လှမ်းခေါ်ပြီး၊ အရက်တစ်အိုး မှာလိုက်သည်၊

"ကြယ်တာရာသခင်လေးတဲ့။ ဘယ်က လူရှုပ်တစ်ယောက်လဲ မသိဘူး။ ကျွန်တော်တို့ ဟန်ကြူးမြို့ကိုရောက်တာနဲ့ ဒီကောင်တစ်ခါတည်း အမြီးကုတ်သွားတာပဲ။ သူ့လိုလူမျိုးက သိုင်းလောကကို စိုးမိုးဖို့ကြံနေတယ်ဆိုတာ သိပ်ရယ်စရာ ကောင်းတယ်"

ငွေမင်းသား၏အသံ ကျယ်လောင်စွာ ပေါ်လာသည်။ ထိုအသံကြောင့် ဆိုင်ထဲ၌ စားသောက် နေကြသူများ၏ အာရုံ ငွေမင်းသားထံ ရောက်သွားသည်၊

"ကျုပ်က သူနဲ့ တွေ့ရမလားလို့ ခရီးဝေးကနေပြီး ဗုက္ခခံလာတာ။ အခုတော့ သူက ကျုပ်တို့လာတာကြားတာနဲ့ ထွက်ပြေးသွားပြီ၊ ညီလေးပြောသလိုပဲ သိုင်းလောကကို စိုးမိုးမယ်ဆိုတဲ့ စကားဟာ လေလုံးထွားတာပဲ ဖြစ်ရမယ်"

တောင်ပေါ်ဝံပုလွေ၏အသံက ငွေမင်းသား၏ အသံထက်ပင် ပို၍ ကျယ်နေသည်။ စားသောက်ဆိုင်အတွင်း၌ စားသောက်နေသူများ အားလုံးနီးနီး တောင်ပေါ် ဝံပုလွေ၏ စကားကို အတိုင်းသား ကြားလိုက်ရ၏၊ တောင်ပေါ်ဝံပုလွေသည် စကား

ကို အတွင်းအားသုံး၍ ပြောလိုက်ကြောင်းကို လျှုဟူထိုက် သိလိုက်၏။

စားသောက်ဆိုင်အတွင်း၌ မီးကို ရေဖြင့်သတ်လိုက်သကဲ့သို့ အသံဗလံများ ပျောက်ကွယ် ငြိမ်သက်သွားသည်။ ရန်ပွဲတစ်ပွဲ ပေါ်လာနိုင်သည်ဆိုသည့် အတွေးနှင့် ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြသည်။

သို့သော် စားသောက်နေသူများ မျှော်လင့်သကဲ့သို့ ရန်ပွဲ ပေါ်ပေါက်လာခြင်း မရှိပါ။ ဆိုင်အတွင်း၌ ရန်စစ်နိမ့်ခေါ်နေသော တောင်ပေါ်ဝံပုလွေတို့ ရှိနေကြသော်လည်း ရန်အစခံရသည့် ကြယ်တာရာသခင်လေး မရှိဟု လျှုဟူထိုက် စဉ်းစားမိသွား၏။ ကြယ်တာရာသခင်လေးသာမက ဆိုင်ထဲတွင် သူ၏နောက်လိုက်ပင် ရှိပုံမရချေ။

တောင်ပေါ်ဝံပုလွေနှင့် ဓွေမင်းသားတို့၏ ရန်စသည့်စကားသံများ ပျောက်သွားသည်။ တစ်ခဏအကြာတွင် စားသောက်နေသူများ စိတ်အေးသွားပြီး၊ ပုံမှန်အတိုင်း စကားပြောကြရယ်မောကြရင်းနှင့် ဖြစ်လာသည်။

စားသောက်ပြီးစီးသွားသော မုယုံကျင်းနှင့် ရှောင်ရီဖုန်းတို့ နေရာမှ ထလိုက်ကြသည်။ လျှုဟူထိုက်က နှစ်ယောက်အတူတွဲပြီး ထွက်သွားသော မုယုံကျင်းတို့အား မျက်စိတစ်ဆုံး လိုက်





ကြည့်သည်။ မုယုံကျင်းတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်အခါ သက်ပြင်းတစ်ချက်ကို ချလိုက်မိလေသည်။

"မမ....ရှောင်ရီဖုန်းနဲ့ မုယုံကျင်းက တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ် ပိုနေကြပြီထင်တယ်။ သူတို့နှစ်ယောက်က လိုက်ဖက်ကြပါတယ်။ မုယုံကျင်းက သိုင်းပညာထက်မြက်တဲ့ မင်းမှုထမ်း တစ်ယောက်ပဲ။ စိတ်သဘောထားကောင်းတဲ့ သခင်ကတော်သား တစ်ယောက်ပဲ"

လျှုဟူထိုက်က စိတ်ထဲတွင် မကျေမနပ်ဖြစ်နေသည်ကို ဖြေဆေး ပေးပြီး တွေးသည်။ တွေးရင်းနှင့် အကဲခတ်သောအကြည့်ဖြင့် တစ်ဆိုင်လုံးကို ကြည့်သည်။

အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့်လူငယ်လေးတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။ စားပွဲထိုးတစ်ယောက်က ထို လူငယ်လေး၏ ရှေ့တွင် ပိတ်ရပ်လိုက်၏။

"မင်း....ဘာလုပ်ဖို့ ဆိုင်ထဲကို ဝင်လာတာလဲ။ ထွက်သွားစမ်း"

လူငယ်လေးက စားပွဲထိုးအား မျက်နှာထား တင်းတင်းနှင့် ကြည့်သည်။

"ကျုပ် ကိစ္စရှိလို့ လာတာ၊ ခင်ဗျားက ဘာဖြစ်လို့ တားရတာလဲ"

"ဖယ်စမ်းဗျာ...."

လူငယ်လေးက စားပွဲ ုးအား တွန်းဖယ်ပြီး တောင်ပေါ် ဝံပုလွေတို့ရာသို့ လျှော က်လာခဲ့သည်၊ တောင်ပေါ် ဝံပုလွေ အနားသို့ကပ်ပြီး တစ်စုံတစ်ရာကို တိုးတိုးပြောသည်၊ တဆက်တည်းပင် တောင်ပေါ် ဝံပုလွေကို စာတစ်စောင်ပေးပြီးပြန်ထွက်သွား၏။

တောင်ပေါ် ဝံပုလွေက စာကိုဖတ်ပြီး ငွေမင်းသားအား လှမ်းပေးသည်။ ငွေမင်းသားက စာကိုဆက်ဖတ်၏။ စာဖတ်အပြီးတွင် သူက တစ်ချက်ရယ်လိုက်သည်။ ပြီး တောင်ပေါ် ဝံပုလွေအား တစ်စုံတစ်ရာကို တိုးတိုးပြောသည်။

လျှူဟူထိုက်သည် တောင်ပေါ်ဝံပုလွေတို့အား အကဲခတ်ကြည့်ကြည့်နေသည်။ တစ်ခုခုထူးခြားတော့မည်ဟု သူတွေးမိ၏။

ငွေမင်းသားက စားပွဲထိုးကိုလှမ်းခေါ်ပြီး ကျသင့်ငွေရှင်းသည်။ ငွေမင်းသားနှင့် တောင်ပေါ်ဝံပုလွေတို့ သွားတော့မည်သိလိုက်သဖြင့် လျှူဟူထိုက်ကလည်း စားပွဲထိုးကို ခေါ်ပြီး ကျသင့်ငွေရှင်းသည်။ တောင်ပေါ်ဝံပုလွေတို့ ဆိုင်ထဲမှထွက်





သွားပြီး တစ်ခဏအကြာတွင် သူကလည်း နေရာမှ ထထွက်ခဲ့သည်၊

တောင်ပေါ်ဝံပုလွေနှင့် ငွေမင်းသားတို့သည် မြို့တောင်ဘက်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားနေကြသည်၊ လျှူဟူထိုက်က မယောင်မလည်နှင့် နောက်မှလိုက်ခဲ့၏။

ရှေ့မှလျှောက်သွား နေကြသော တောင်ပေါ် ဝံပုလွေတို့ မြို့ပြင်သို့ အရောက်တွင် ဘုံကျောင်းပျက်တစ်ခုဆီသို့ ခြေဦးလှည့်လိုက်ကြသည်၊ လျှူဟူထိုက်က ပုန်းလျှိုးကွယ်လျှိုးဖြင့် ဘုံကျောင်းပျက်ဆီသို့ ချဉ်းကပ်ခဲ့၏။

*

လေက တဟူးဟူးတိုက်နေသည်၊ဖုံမှုန့်သဲမှုန့်မှာလေနှင့်အတူ လွင့်ပါသော၏။ ဘုံကျောင်းပျက် ပတ်ဝန်းကျင်ရှိ ပြည့်ဖုန်းမြိုင်ကိုင်းပင်များ လေတွင်လွင့်ပါမတတ် ယိမ်းနွဲ့နေသည်၊

တောင်ပေါ် ဝံပုလွေနှင့် ငွေမင်းသားတို့သည် ဘုံကျောင်းပျက်ခရှေ့တွင် ရပ်လိုက်ကြသည်၊ စူးရှ အရောင်လက်သော မျက်လုံးစုံအဖြင့် ဘုံကျောင်းပျက်အတွင်းသို့ လှမ်းကြည့်သည်၊

ဘုံကျောင်း ပျက်အတွင်း၌ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေသည်။ လေကပို၍ တိုက်သည်။ တောင်ပေါ် ဝံပုလွေတို့၏အဝတ်အစားများလေကျှင် တလူလူလွင့်နေသည်။

ဘုံကျောင်းပျက်၏ အမိုးနှင့် အကာအရံ သစ်သားများဆီမှ ညီးညီးသံညံမြည်သံတွေ ပေါ်လာသည်။ တောင်ပေါ်ဝံပုလွေတို့သည်၊ ဘုံကျောင်းရှေ့တွင် ကျောက်ရုပ်များပမာ တည်ငြိမ်ရပ်နေကြ၏။

"ငါတို့ ရောက်လာပြီဟေ့.... စာရေးခေါ်ပြီး မင်းက ဘာဖြစ်လို့ ပုန်းနေတာလဲ၊ ကြောက်ရင် အစကတည်းကမခေါ်ပါနဲ့လား"

တောင်ပေါ် ဝံပုလွေက အတွင်းအားသုံးပြီး အော်လိုက်သည်။ တောင်ပေါ်ဝံပုလွေ၏အသံက ပုန်းခိုပြီး နားထောင်နေသော လျှိုဟူထိုက်၏ နားအစုံကို တဝုန်းဝုန်းနှင့် လာရောက်တိုက်ခတ်သည်။

ဘုံကျောင်းပျက် အတွင်းမှ တစ်စုံတစ်ယောက် ထွက်လာမလားဟု လျှိုဟူထိုက်က စောင့်ကြည့်သည်။ ထွက်လာသူကိုမတွေ့ရဘဲ၊ အေးစိမ့်သော ရယ်သံတစ်သံကို ကြားလိုက်ရသည်။





"ဟိတ်.... ခိုးကြောင်ခိုးဝှက်လုပ်နေတာ ဘယ်သူလဲ အပြင်ကိုထွက်လာစမ်း"

ငွေမင်းသားက ဘုံကျောင်းပျက်ဆီသို့ လှမ်းကြည့်ပြီးအော်ပြောလိုက်သည်။ ဘုံကျောင်းပျက်အတွင်းမှ လူရိပ်သဏ္ဌာန်တစ်ခုခုန်မျှထွက်လာသည်။ တောင်ပေါ် ဝံပုလွေနှင့် ငွေမင်းသားတို့က ခုန်မျှထွက်လာသူအား လက်ဝါးဖြင့် ပြိုင်တူလှမ်းရိုက်လိုက်ကြသည်။

"ဝုန်း...."

ဘုံကျောင်းပျက်အတွင်းမှ ခုန်ထွက်လာသည့် အဝါရောင်သဏ္ဌာန်ပြင်းထန်သော ရိုက်ချက်ကြောင့် လွင့်ထွက်သွား၏။

မြေပြင်ပေါ်သို့ ဝုန်းခနဲကျပြီး ငြိမ်သက်သွားသည်။

တောင်ပေါ် ဝံပုလွေတို့ ရှေ့သို့ တိုးလိုက်ကြသည်၊ ထိုအချိန်မှာပင် ဘုံကျောင်းပျက်အတွင်းမှ အနီရောင်သဏ္ဌာန် ခုန်ထွက်လာပြန်သည်။ တောပေါ် ဝံပုလွေနှင့် ငွေမင်းသားတို့က ထိုသဏ္ဌာန်ကို လက်ဝါးဖြင့် ရိုက်မည်ပြုသည်။

"နေအုံး"

တောင်ပေါ်ဝံပုလွေက မြှောက်ထားသည့်လက်ကို ပြန်ချရင်း အော်လိုက်သည်။ ငွေမင်းသားက နားမလည်ဟန်ဖြင့် တောင်ပေါ်ဝံပုလွေအား ကြည့်သည်။ တောင်ပေါ်ဝံပုလွေက ရှင်းပြခြင်းမပြုဘဲ အနီရောင်သဏ္ဍာန်ကို ကြည့်သည်။

အနီရောင်သဏ္ဍာန်သည် တောင်ပေါ် ဝံပုလွေတို့၏ ရှေ့ မြက်ခင်းပြင်ပေါ် ကျသွားသည်။ မြေပြင်ပေါ် အရုပ်ကြိုးပြတ်ကျသွားသော အနီရောင်သဏ္ဍာန်ကို ကြည့်ပြီး တောင်ပေါ်ဝံပုလွေတို့ အံ့အားသင့်သွားကြသည်၊

“ဘယ်လိုဖြစ်တာလဲ....”

“ဘယ်လိုဖြစ်ရမလဲ၊ အခုထွက်လာတာ လူသေကောင်ကြီးပဲ၊ ဘုံကျောင်းပျက်ထဲကနေ ကျုပ်တို့ကို လူသေအလောင်းတွေနဲ့ ပစ်နေတာ၊”

“ဒါဖြင့်ရင် ဟိုအဝါရောင်နဲ့လူကော”

“သူလဲ.... လူသေပဲ”

ငွေမင်းသားက မြေပြင်ပေါ် လဲကျနေသော အနီရောင် ဝတ်ဆင်ထားသူ အနီးသို့ တိုးကပ်ကြည့်သည်။ ထိုသူအသက်မရှိ





တော့ကြောင်းကို သိလိုက်သည်။ ထိုသူမျက်နှာ ပြာနှမ်းနှမ်း ဖြစ်နေတာကိုပါ သတိပြုမိလိုက်သည်။

တောင်ပေါ်ဝံပုလွေက အလောင်းတစ်ကောင်စီကို မယူပြီး၊ ဘုံကျောင်းပျက်ဆီသို့ မြှောက်ပစ်လိုက်သည်။ လူသေကောင်များမှာ အရုပ်ကလေးပမာ ဘုံကျောင်းပျက်ထဲသို့ ကျသွား၏၊ ဘုံကျောင်းပျက်ကြီးမှ တဝုန်းဝုန်းနှင့် မြည်သံပေါ်လာသည်။ ဘုံကျောင်းပျက်၏ ထုတ်တန်းအချို့ ပြိုကျကုန်၏။

“ကျွန်တော်.... ဝင်မယ်”

ငွေမင်းသားက ခတ်တိုးတိုး ပြောပြီး၊ ဘုံကျောင်းပျက် အတွင်းသို့ ခုန်ဝင်သွားသည်။

ဘုံကျောင်းပျက်အတွင်းမှ အေးစက်စက် ရယ်မောသံတွေ ပေါ်လာသည် တဆက်တည်းမှာပင် တဝုန်းဝုန်းနှင့် မြည်သံတွေပေါ်လာ၏။ တစ်ခဏအကြာတွင် ဘုံကျောင်းပျက်အတွင်းမှ အသံဗလံတွေ ငြိမ်သက်သွားသည်။

လျှိုဟူထိုက်သည် ပုန်းခိုနေရာမှ ထွက်မည်ပြုသည်။ သူလှုပ်ရှားလိုက်စဉ် ကျောခိုင်းထားရာမှ သက်ပြင်း ချသံကြီးတစ်ခု ပေါ်လာ၏။ လျှိုဟူထိုက်က နောက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။ သူ့နောက်နားတွင် ရောက်နေသော ဘွားဘွား ချီယင်အား တွေ့လိုက်ရ၏။

"မင် အခုနေ ဘုံကျောင်းပျက်ထဲဝင်သွားရင် တောင်ပေါ် ဝံပုလွေတို့က မင်းကိုရန်သူလို့ ထင်သွားမှာပေါ့၊ မင်းကိုယ် မင်းရုပ်ဖျက်ထားတယ်ဆိုတာ ပြန်သတိရပါအုံး လူလေး"

ဘွားဘွားချီယင်၏ စကားကြောင့် လျူဟွာထိုက် ရင်ထိတ်သွားသည်။ သူက အံ့ဩဟန် အကြည့်ဖြင့် ဘွားဘွားချီယင်အား ကြည့်လိုက်သည်။

"ဘွားဘွားကကော ကျွန်တော်ရုပ်ဖျက်ထားလျက်နဲ့ဘယ်လို လုပ်မှတ်မိတာလဲ"

"မင်းရဲ့အဝတ်အစားတွေကြောင့်မှတ်မိတာ၊မင်းက ရုပ်ဖျက်ထားပေမယ့် အဝတ်အစားတွေကိုတော့ မလဲခဲ့ဘူးကိုး၊ပြီးတော့ မင်းလက်မှာ စွပ်ထားတဲ့ လက်စွပ်ကိုလဲ ချွတ်မထားခဲ့ဘူး၊ ရုပ်ဖျက်တဲ့ လူတစ်ယောက်ဟာ အသေးစိတ် ကလေးကအစ သတိရရတယ်၊ ဟော ဟိုမှာကြည့်စမ်း"

လျူဟွာထိုက်က ဘွားဘွားချီယင် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ ဘုံကျောင်းပျက်က အနောက်မှခုန်ထွက်ပြီး လျင်မြန်စွာ ပြေးသွားနေသော လူရိပ်တစ်ရိပ်ကို မြင်လိုက်ရ၏။

"ဟင်.... အဲဒါ"

"ကြယ်တာရာ သခင်လေးပဲပေါ့။ မလိုက်ခဲ့တော့ လူလေး၊ မင်းလိုက်လို့လဲ မီမှာမဟုတ်ဘူး။ လာ....လူလေး ဘွားဘွား နောက်ကို လိုက်ခဲ့"





စကားအဆုံးတွင် ဘွားဘွားချီယင်က နေရာမှခုန်ထွက်လိုက်သည်၊ လျူဟွာထိုက်ကလည်း ဘွားဘွားချီယင်နောက်မှ လိုက်ခဲ့၏။

"ဟိတ်....ဘယ်သူလဲ"

တောင်ပေါ်ဝံပုလွေက ညင်သာသော လှုပ်ရှားသံကို ကြားသဖြင့် လှည့်ကြည့်ပြီး မေးသည်။

"ကျုပ်ပါ။ ရှင် ကြယ်တာရာသခင်လေးကို စောင့်နေပေမယ့် မတွေ့နိုင်တော့ဘူး။ သူ ထွက်ပြေးသွားပြီ၊ ငွေမင်းသားလဲ ဘုံကျောင်းပျက်ထဲမှာ သေနေပြီ၊ ကြယ်တာရာသခင်လေးက ရှင်တို့ကို မျက်နှာချင်းဆိုင်ပြီး မတိုက်ခိုက်ရဲလို့၊ အခုလို စာရေးခေါ်ပြီး အကောက်ကြံလိုက်တာပဲ"

တောင်ပေါ် ဝံပုလွေက ထိတ်လန့်တုန်လှုပ်စွာ မယုံကြည်နိုင်ဟန်တွေ ထင်နေသော မျက်နှာနှင့် ဘုံကျောင်းအပျက်ထဲသို့ လှမ်းဝင်လိုက်၏။ ဘွားဘွားချီယင်နှင့် လျူဟွာထိုက်တို့က နောက်မှ လိုက်ခဲ့လေသည်။

ဘုံကျောင်းပျက်ထဲတွင် အကျိုးအပဲ့ အပျက်အစီးများဖြင့် ပြည့်နေသည်၊ ထိုအပျက်အစီးများကြားတွင် အလောင်း သုံးလောင်းကို တွေ့ရ၏၊ တောင်ပေါ်ဝံပုလွေက ငွေရောင်ဦးထုပ်

ဆောင်းထားသော ငွေမင်းသား၏ အလောင်းအနီးသို့ ချဉ်းကပ်သွားပြီး၊ ငုံ့ကြည့်လိုက်သည်။ သေဆုံးနေသည့် ငွေမင်းသား၏ မျက်နှာတွင် ပြာနှမ်းနှမ်း အရိပ်တွေ ယှက်သန်းနေသည်ကို တွေ့ရ၏။

"လူယုတ်မာက ငွေမင်းသားကို အဆိပ်နဲ့ လုပ်ကြံသွားတာပဲ။ အခုအတိုင်းဆိုရင်၊ ဒီဘုံကျောင်းပျက်ထဲကနေ စောင့်နေတဲ့ လူဟာ ကြယ်တာရာသခင်လေး မဟုတ်နိုင်ဘူး။ ကြယ်တာရာသခင်လေးဆိုရင် ပုန်းကွယ်ပြီးတော့ လုပ်ကြံမှာလဲ မဟုတ်ဘူး။ ပြီးတော့ ထွက်ပြေးမှာလဲ မဟုတ်ဘူး"

"ဒါဆိုရင်....."

ဘွားဘွားချီယင်က ဘုံကျောင်းပျက် နံရံ တစ်နေရာဆီသို့ ညွှန်ပြလိုက်သည်။ နံရံတွင် ရေးထားသော စာကို တွေ့လိုက်ရ၏။

"ကြယ်တာရာသခင်လေး ကိုယ်တိုင်နဲ့တွေ့ရင်
ဒီထက် အခြေအနေ ဆိုးလိမ့်မယ်...."

တောင်ပေါ်ဝံပုလွေက နံရံပေါ်ရှိစာကို အကြိမ်ကြိမ်ဖတ်ပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

*



## အခန်း (၁၇)

လျှူဟူထိုက်တို့သည် ငွေမင်းသား၏ အလောင်းကို ချမ်းမြေ့ဂေဟာသို့ သယ်ဆောင်ခဲ့သည်။ ချမ်းမြေ့ဂေဟာတွင် ငွေမင်းသား၏ အသုဘ အခမ်းအနားကို ပြင်ဆင်သည်။ ပြီး.... ငွေမင်းသား၏ ဆွေမျိုးသားချင်းများကို အကြောင်းကြားလိုက်သည်။ ဆရာကြီး ထင်းဖုန်း၏ အကြံပေးချက်အရ သိုင်းလောကသားများကို ငွေမင်းသား၏ အသုဘအခမ်းအနားသို့ ဖိတ်လိုက်လေသည်။

ချမ်းမြေ့ဂေဟာတွင် အသုဘအခမ်းအနား ပြင်ဆင်ထားသည့် ရက်အတွင်း လျှူဟူထိုက်သည် မြို့တွင်း နေရာအနှံ့အပြားသို့ လျှောက်သွားနေခဲ့၏။

တတိယမြောက်နေ့တွင် သူသည် နန်ယွှင်ခက်ထံ သွားရန် စိတ်ကူးပေါ်လာသည်။ သူက ရုပ်ဖျက်ပြီး၊ နန်ယွှင်ခက်တို့ အိမ်သို့ ထွက်ခဲ့စဉ် နန်ယွှင်ခက် အိမ်မှ ထွက်လာသည်နှင့် ပက်ပင်းတိုးသည်။

နန်ယွှင်ခက်သည် ပထမ အကြိမ် တွေ့စဉ်ကလိုပင် အဝါရောင် ဝတ်စုံကို ဝတ်ဆင်ထားသည်။ လျူဟူထိုက်က နန်ယွှင်ခက်နှင့် မျက်နှာချင်းဆိုင်မိစဉ် နှုတ်ဆက်ရန် ဟန်ပြင်သည်။ သို့သော် နန်ယွှင်ခက်က လျူဟူထိုက်အား တစ်ချက်မျှ ကြည့်ရုံကြည့်ပြီး၊ လျူဟူထိုက်အား ဖြတ်ကျော်သွားသည်။

နန်ယွှင်ခက်၏ အပြုအမူကြောင့် လျူဟူထိုက်ရင်မှာ အောင့်သက်သက် ဖြစ်သွားရ၏။ ပြီးမှ သူ ရုပ်ဖျက်ထားသည့် အဖြစ်ကို သတိရပြီး၊ အသာအယာ ပြုံးလိုက်လေသည်။

သူသည် နန်ယွှင်ခက်၏ အခြေအနေကို သိချင်သဖြင့် နောက်မှ မသိမသာလိုက်ခဲ့သည်။ နန်ယွှင်ခက်သည် စီဟူကန်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားနေသည်။

လျူဟူထိုက်က နန်ယွှင်ခက်သည် စီးဟူကန်ရှိရာသို့ အပန်းဖြေရန် သွားသည်ဟု ထင်လိုက်၏။ သို့သော် စီးဟူကန်၏ တောင်ဘက်တွင်ရှိသော ကိုင်းတောသို့ နန်ယွှင်ခက် ခြေလှမ်းတွေ လှည့်သွားသောအခါ စိတ်ထဲမှာ ဘအံ့တသြ ဖြစ်သွား





၏။ သူက အံ့သြလျက်နှင့် နန်ယွှင်ခက် သွားမည့်နေရာကို သိလိုစိတ်ပြင်းစွာနှင့် နောက်မှ ဆက်လိုက်သည်။

နန်ယွှင်ခက် နောက်သို့လိုက်ရင်း လျူဟူထိုက် ကိုင်းတောထဲတွင် မျက်စိ လည်သွားသည်။ သူက ကိုင်းတောထဲတွင် လှည့်ပတ်သွားလာရင်း၊ နန်ယွှင်ခက်အား မျက်ခြေပြတ်သွား၏။ အတန်ကြာအောင် သွားလာနေပြီးနောက်မှ လျူဟူထိုက် ကိုင်းတောအပြင်သို့ ရောက်လာသည်။ သူက စိတ်ပျက် လက်ပျက်နှင့် စီးဟူကန်ဘေး တစ်နေရာတွင် ထိုင်လိုက်၏။

အမှတ်တမဲ့ကြည့်လျှင် လျူဟူထိုက်သည် စီးဟူကန်ဘေးတွင် ထိုင်ပြီး၊ အပန်းဖြေသူနှင့် တူနေသည်။ အမှန်မှာ သူသည် ကန်ဘေးမှာထိုင်ပြီး နန်ယွှင်ခက်၏ အကြောင်းကို စဉ်းစားနေ၏။

နန်ယွှင်ခက်သည် ကိုင်းတောထဲဝင်၍ တစ်စုံတစ်ယောက်နှင့် တွေ့ရန် သွားခြင်းဖြစ်မည်ဟု သူ တွေးမိသည်။

သူတွေးတောနေဆဲတွင် ကိုင်းတောထဲမှ ထွက်လာသော နန်ယွှင်ခက်အား တွေ့လိုက်ရသည်။

နန်ယွှင်ခက်သည် လျူဟူထိုက်အား သတိမထားမိဘဲ သူ့အိမ်ရှိရာဘက်သို့ လျှင်မြန်စွာ ထွက်ခွာသွားသည်။

လျှိုဟူထိုက်က နေရာမှထပြီး နန်းယွင်ခက်နောက်သို့ လိုက်ခဲ့၏။

နန်းယွင်ခက်သည် သူ့နောက်မှ လျှိုဟူထိုက် လိုက်လာသည်ကို သိဟန်မတူဘဲ၊ သူ့အိမ်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

နန်းယွင်ခက် အိမ်ထဲသို့ဝင်သွားသည်ကို လျှိုဟူထိုက် လမ်းထောင့်တစ်နေရာမှ စောင့်ကြည့်သည်။ ခဏမျှ လမ်းထောင့်တွင် ရပ်နေပြီးနောက်၊ အိမ်ရှိရာသို့ တိတ်တဆိတ် ချဉ်းကပ်သည်။ အိမ်ကိုလှည့်ပတ်ကြည့်ရှုပြီး ပွင့်နေသောအိမ်နောက်ဖေးတံခါးမှ အတွင်းသို့ ဝင်လိုက်၏။

"ဟိတ်"

"အား"

အိမ်အတွင်းသို့အရောက်တွင် ရုတ်တရက် ပေါ်ထွက်လာသည့် လေတိုးသံကြောင့် လျှိုဟူထိုက်က ညာသံပေး အော်ဟစ်[illegible] လက်ဝါးတစ်ချက် ရိုက်လိုက်သည်။ တဆက်တည်းပင် အိမ်အပြင်သို့ ပြန်ထွက်ရန် ကြိုးစား၏။

"ဟော့.... မပြေးနဲ့"





သူမှတ်မိနေသော နန်းယွင်ခက်၏ အသံကို ကြားလိုက်ရသဖြင့် လျှိုဟူထိုက် ကိုယ်ရှိန်သတ်လိုက်သည်။ အိမ် အပြင်သို့ ထွက်ရန် မကြိုးစားတော့ဘဲ၊ အသံပေါ်ထွက်လာရာသို့ လှည့်လိုက်သည်။

"မမ.... လူမှားမယ်"

"ဘာဖြစ်လို့ လူမှားရမှာလဲ။ မင်း.... ငါ့နောက်ကနေ တကောက်ကောက် လိုက်နေခဲ့တာ ငါ မသိဘူး ထင်နေလို့လား...."

"မမက ကျွန်တော်လိုက်လာတာကို သိနေတာကိုး။ ကျွန်တော်က မမ ဘယ်သွားမလဲဆိုတာ သိချင်လို့ နောက်ကနေ တမင်လိုက်ခဲ့တာပါ"

လျှိုဟူထိုက် အိမ်ထဲသို့ တရွေ့ရွေ့ တိုးဝင်သွားသည်။ အိမ်ထဲတွင်ရှိနေသော နန်းယွင်ခက်မှာ တဖြည်းဖြည်း နောက်ဆုတ်သွား၏။

"ရပ်လိုက်စမ်း...."

နန်းယွင်ခက်၏ ဟန့်တားသံကြောင့် လျှိုဟူထိုက် ရပ်လိုက်သည်။

"မမက- ကျွန်တော့်ကို ရန်သူထင်နေတာကိုး....။ ဒီမှာ ကြည့်ပါ မမ...."

လျှုဟူထိုက်က စကားပြောရင်း မျက်နှာကို လက်ဖြင့် သပ်လိုက်သည်။ သူ့လက်ထဲတွင် မျက်နှာတု သားရေပြားကပ်ပါလာသည်။

"ဟင်.... မောင်လေး လျှုဟူထိုက်"

"ဟုတ်ပါတယ် မမ။ ကျွန်တော် စုံစမ်းစရာလေးရှိလို့ မမဆီကို ရုပ်ဖျက်ပြီး လာတာပါ"

*

"မင်းက ဘာကိုစုံစမ်းချင်လို့ ရုပ်ဖျက်လာတာလဲ မောင်လေး...."

"ကြယ်တာရာသခင်လေးရဲ့ နေရာကို သိချင်လို့ပါ"





"ဟင်...."

နန်ယွင်ခက် မျက်နှာပျက်သွားသည်။ သူက လျှုဟူထိုက်အား မျက်လုံးချင်းဆိုင်၍ မကြည့်တော့ဘဲ၊ မျက်နှာကိုလွှဲလိုက်လေ၏။

"ခုတစ်လော သိုင်းလောကတစ်ခုလုံးကို ဖျက်ဆီးဖို့အကြံနဲ့ လှုပ်ရှားနေတဲ့ ကြယ်တာရာအဖွဲ့ရဲ့ သတင်းကို မမ မကြားဘူးလား။ သူတို့က ကျွန်တော့်ညီမလေး၊ ကျွန်တော် ခင်မင်တဲ့ မိတ်ဆွေ အမျိုးသမီးတစ်ယောက်ကို ဖမ်းသွားတယ်"

"မင်းနဲ့ ခင်မင်တဲ့မိတ်ဆွေ ဟုတ်လား။ သူက ဘယ်သူလဲ"

"ခရေပန်းလို့ ခေါ်တယ်"

"ခရေပန်း ဟုတ်လား"

နန်ယွင်ခက်၏မျက်နှာတွင် ထူးခြားသည့် အရိပ်အယောင်တွေ ယှက်သန်းသွားသည်။ စူးလက်တောက်ပနေသော သူ၏မျက်လုံးအစုံ ရုတ်ချည်းပင် ရီဝေလာ၏။

"မင်းက ခရေပန်းကို တော်တော် သံယောဇဉ်ရှိတယ်ထင်တယ်"

"သူက ကျွန်တော့်အသက်ကိုကယ်ထားတဲ့ ကျေးဇူးရှင်ပါ မမ။ သူ့အတွက်ဆိုရင် ကျွန်တော် အသက်ပေးဖို့ ဝန်မလေးပါဘူး"

လျှိုဟူထိုက် စကားက နန်ယွင်ခက်အား စိတ်ထိခိုက်စေဟန် တူ၏၊ သူက နွမ်းလျရီဝေသော အကြည့်ဖြင့် လျှိုဟူထိုက်ကို ကြည့်ပြီး၊ သက်ပြင်းတစ်ချက် ချလိုက်၏။

"ဟင်...."

"မမကိုကြည့်ရတာ ဒရေပန်းကို သိသလိုပဲ"

"မမ သူ့ကိုသိပါတယ်။ သူ့ခများလဲ ခုအချိန်မှာ တော်တော် စိတ်ဆင်းရဲနေရှာတယ်"

"မမ....သူ"

"သူ့ကို မမတွေ့ခဲ့ပါတယ်၊ ပင်းရဲ့ ညီမလေးဆိုတာ စွမ်းစွမ်း မဟုတ်လား"

လျှိုဟူထိုက်၏ မျက်နှာ ရုတ်ချည်းပင် ဝင်းထိန်သွားသည်၊ သူက စိတ်လှုပ်ရှားစွာနှင့်....





"ဟုတ်တယ် မမ။ သူတို့ကို ဘယ်မှာတွေ့ခဲ့တာလဲ၊ ဘယ်တုန်းက တွေ့ခဲ့တာလဲ။ သူတို့ အခု"

နန်ယွင်ခက်က ပြုံးပြီး လက်ကာပြလိုက်သည်။ လျှိုဟူထိုက်၏ စကား တစ်ပိုင်းတစ်စနှင့် ရပ်သွား၏။

"သူတို့ကိုမမ လွန်ခဲ့တဲ့ နာရီပိုင်းလောက်ကပဲ တွေ့ခဲ့တယ်၊ မင်းညီမလေး စွမ်းစွမ်းမှာ ဘာအန္တရာယ်မှ မရှိပါဘူး။ သူ ကောင်းကောင်းမွန်မွန် ရှိနေပါတယ်၊ ခရေပန်းကတော့...."

"ခရေပန်း ဘာဖြစ်လို့လဲ မမ"

နန်ယွင်ခက်က လျှိုဟူထိုက်အား တည်ငြိမ်သော မျက်နှာနှင့် ကြည့်သည်။

"သူက ကြယ်တာရာသခင်လေးနဲ့ လက်ထပ်ရတော့မယ်"

"ဟင်....ဒါ....ဒါ....ဒါ"

လျှိုဟူထိုက်က တစ်စုံတစ်ရာကို ပြောချင်လွန်းအားကြီးပြီး စကားပြော၍ မထွက်နိုင်အောင် ရှိနေသည်။ နန်ယွင်ခက်က လျှိုဟူထိုက်၏ ပခုံးကို ညင်သာစွာ ဆုပ်ကိုင်လိုက်ပြီး....

"မမ မင်းကို အစအဆုံး သေသေချာချာ ပြောပြမယ်၊ နားထောင်ပါ မောင်လေး"

လျှူဟူထိုက် နန်းယွင်ခက်အား စိတ်လှုပ်ရှားစွာနှင့်ကြည့်နေသည်။ နန်းယွင်ခက်က လျှူဟူထိုက်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။

"မမက ကြ ်တာရာအဖွဲ့ဝင်တစ်ယောက်ပါ။ ကြယ်တာရာ သခင်လေးရဲ့ လက်ယာရုံပါ။ သူ့လုပ်ရပ်တွေအားလုံးကို မမ သိပါတယ်။ သူ့အစီအစဉ်တွေအားလုံးကို မမသိပါတယ်"

နန်းယွင်ခက်က ကြယ်တာရာ သခင်လေး၏ လျှို့ဝှက်ချက်များကို ပြောပြသည်။ လျှူဟူထိုက်က စိတ်ဝင်တစားနှင့် နားထောင်နေ၏။

*

"သူ့ရဲ့ လျှို့ဝှက်စခန်းက ကိုင်းတောထဲမှာနော်.... ဟုတ်လား...."





နန်းယွင်ခက်က ခေါင်းညိတ်ပြသည်။

"ကိုင်းတောထဲမှာ နွံအိုင်ကြီးတစ်အိုင်ရှိတယ်။ နွံအိုင်ကြီးအလယ်မှာ ကျွန်းလေး တစ်ကျွန်း ရှိတယ်။ အဲဒီကျွန်းဟာ ကြယ်တာရာအဖွဲ့ရဲ့ လျှို့ဝှက်စခန်းပဲ။ နွံအိုင်ကိုဖြတ်ဖို့အတွက် လမ်းတစ်လမ်းပဲ ရှိတယ်။ အဲဒီလမ်းက သစ်တုံးတွေစိုက်ထားတဲ့ လမ်းပဲ၊ အဲဒီလမ်းက လမ်းပြမရှိရင် သွားလို့မရဘူး"

"မမက လမ်းပြအဖြစ် လိုက်ပို့မယ် မဟုတ်လား"

နန်းယွင်ခက်က တွေဝေသွားသည်၊ လျှူဟူထိုက်၏မျက်နှာကို ရီဝေသောအကြည့်ဖြင့် ကြည့်သည်၊

"မမအနေနဲ့ ကြယ်တာရာသခင်လေးကို မလွန်ဆန်သာဘူး ဆိုရင်လဲ၊ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ပဲ လမ်းရှာပြီး သွားပါမယ်"

နန်းယွင်ခက်၏ မျက်လုံးအစုံတွင် မျက်ရည်ရိပ်များထင်လာသည်။ သူက ပင့်သက်တစ်ချက်ရှိုက်လိုက်၏။

"မမ သူ့ကို မလွန်ဆန်ရဲလို့ မဟုတ်ပါဘူး။ သူ....သူက အဆိပ်နဲ့....."

"မမကို သူက အဆိပ်နဲ့ ထိန်းချုပ်ထားတယ်ပေါ့ ဟုတ်လား"

နန်းယွင်ခက် ခေါင်းညိတ်ပြသည်။

"တစ်လ တစ်ခါ ဖြေဆေး မသောက်ရရင် အဆိပ်တွေ ထလာပြီး မမ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရလိမ့်မယ်"

"မမကို သူက ဘာအဆိပ်တွေ တိုက်ထားလို့လဲ"

နန်းယွင်ခက် ခေါင်းခါပြသည်။

"မမ မသိဘူး။ ဒီအဆိပ်ကြောင့် သူ့ကို မမလိုက်လျောနေရတယ်။ သူ....သူက မမကို...."

စကားကို ဆုံးအောင်မပြောနိုင်ဘဲ၊ နန်းယွင်ခက်၏ အသံတိမ်ဝင်သွားသည်။ သူ့ မျက်လုံးအစုံမှ မျက်ရည်တွေ ဖြာကျလာ၏။

လျှူဟူတိုက်သည် နန်းယွင်ခက်၏ အခြေအနေကို သဘောပေါက်သွားသည်၊ သူက နန်းယင်ခက်အား မည်သို့ ဖျောင့်ဖျရမှန်း၊ နှစ်သိမ့်ရမှန်းမသိဘဲ တစ်ခဏမျှ တွေဝေသွား၏။ အတန်ကြာမှ....

"မမ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

"ဘယ်ကို လိုက်ရမှာလဲ"

"ချမ်းမြေ့ဂေဟာကို လိုက်ခဲ့ပါ မမ။ ချမ်းမြေ့ဂေဟာမှာ အဆိပ်မင်းသမီး ရှိနေပါတယ်။ မမရဲ့ အဆိပ်ဝေဒနာ ပျောက်ကင်းအောင် ကုပေးဖို့ သူ့ကို ကျွန်တော် တောင်းပန်ပေးပါမယ်"





"မမ....က"

"ကြယ်တာရာသခင်လေးဟာ သိပ်ရက်စက်တဲ့ လူပါ။ မမ အနေနဲ့ သူ့ကို ဂလဲ့စားချေချင်တယ်ဆိုရင်၊ ကိုယ်ထဲက အဆိပ်တွေ ထုတ်ထားမှ ဖြစ်မှာ။ သူ့လက်ချက်နဲ့ အဆိပ်မိနေလို့ မမက သူ့ကို အလျှော့ပေးပြီး၊ သူ့အလိုဆန္ဒ မှန်သမျှကို လိုက်လျော နေရတယ် မဟုတ်လား။ သူနဲ့ပတ်သက်ပြီး၊ မမ မကျေနပ်ဘူး ဆိုရင်...."

နန်းယွင်ခက်၏ မျက်နှာတွင် တင်းမာဟန် ရိပ်ခနဲ ထင်သွားသည်။ သူက ဆတ်ခနဲ ခေါင်းထောင်ပြီး....

"မကျေနပ်ဘူး.... ဖြစ်နိုင်ရင် မမ သူ့ကို အမှုန့်ချေပစ်ချင်တယ်"

"ဒါဆိုရင် ကျွန်တော်နဲ့ လိုက်ခဲ့ပြီး ပထမဆုံး အဆိပ်ကို ကုပါ"

နန်းယွင်ခက်က ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြသည်။

"မမ မင်းနဲ့ လိုက်ခဲ့ပါ့မယ် မောင်လေး"

*

## အခန်း (၁၈)

ငြိမ်သက်တိတ်ဆိတ်ခြင်းက အခန်းတစ်ခုလုံးကို စိုးမိုးနေ၏။ အခန်းမှာ လျှူဟူထိုက်အား ခရေပန်းက ဆေးကုပေးခဲ့သည့် အခန်းဖြစ်သည်။ လျှူဟူထိုက် လဲလျောင်းခဲ့သော ခုတင်ပေါ်တွင် နန်ယွင်ခက် လဲလျောင်းနေသည်။ နန်ယွင်ခက်၏ ခုတင်ဘေးတွင် အဆိပ်မင်းသမီး စန်းရင်တောင် ရပ်နေသည်။ သူ့လက်ထဲတွင် သေးငယ်သောဓားတစ်ချောင်းနှင့် လက်တစ်ဝါးစာခန့် ဘူးတစ်ဘူးကို ကိုင်ထားသည်။

"အတွင်းအား လေ့ကျင့်တဲ့အခါ မင်းကိုယ်ထဲမှာ အဆိပ်ရှိနေတာကို မင်း သိတယ်မဟုတ်လား"

"ဟုတ်ကဲ့။ သိပါတယ် ဘွားဘွား"





"အတွင်းအား လေ့ကျင့်ပြီး အဆိပ်တွေကို ချက်အောက်ရောက်အောင် စုစည်းပါ"

နန်ယွင်ခဲက လှဲအိပ်နေရာမှ ထထိုင်လိုက်သည်။ သူက တစ်စုံတစ်ရာ ပြောလိုဟန်ဖြင့် စန်းရင်တောင်အား ကြည့်၏။

"မင်း ဘာပြောချင်လို့လဲ"

"အတွင်းအားလေ့ကျင့်တဲ့အခါ ဖြစ်ပျက်ပုံကို ပြောပြချင်ပါတယ် ဘွားဘွား"

"ဘယ်လိုဖြစ်လို့လဲ ပြောပါဦး"

"အဆိပ်တွေကိုမထိန်းဘဲ အတွင်းအားလေ့ကျင့်ရင် ဘာမှမဖြစ်တတ်ဘူး။ လေ့ကျင့်လို့ရတယ်။ အတွင်းအားကိုထိန်းပြီး လေ့ကျင့်တဲ့ အခါမှာ တစ်ကိုယ်လုံး ချမ်းပြီး တုန်လာတတ်တယ်"

"မင်း အဲ့သလိုဖြစ်လာတဲ့အခါ ငါ ဘေးကနေ ကူညီမှာပေါ့။ မကြောက်ပါနဲ့။ ငါခိုင်းတဲ့အတိုင်း အတွင်းအားလေ့ကျင့်ပါ"

နန်ယွင်ခက် ခေါင်းညိတ်ပြသည်။ ပြီး အတွင်းအားကို စတင်လေ့ကျင့်၏။ အတွင်းအားလေ့ကျင့်ရင်း၊ ကိုယ်ထဲတွင်ရှိ အဆိပ်များကို ချက်ချင်း ချက်အောက်ဆီသို့ တဖြည်းဖြည်း တွန်းပို့သည်

အသက်ရှူသံမှန်မှန်နှင့် လေ့ကျင့်နေရင်း၊ တဖြည်းဖြည်း နန်းယွင်ခက်၏ အသက်ရှူသံ မြန်လာ၏။ တည်ငြိမ်နေသော သူ့ခန္ဓာကိုယ်မှာလည်း တဖြည်းဖြည်း လှုပ်ခါလာ၏။

ဘေးတွင်ရပ်နေသော စန်းရင်တောင်က နန်းယွင်ခက်အား မျက်ခြေမပြတ် အကဲခတ် ကြည့်ရှုနေသည်။ မလှမ်းမကမ်းတွင် ရပ်နေသော လျူဟူထိုက်၊ ရှောင်ရီဖုန်း၊ ချန်လုံဟန်နှင့် ဘွား ဘွား ချီယင်နှင့် ဝမ်စုချီတို့ကလည်း နန်းယွင်ခက်အား အကဲခတ် ကြည့်ရှုနေသည်။

စန်းရင်တောင်က နန်းယွင်ခက်၏ ကျောပြင်ကို လက်ဖဝါးဖြင့် ကပ်လိုက်သည်။ အဆိပ်ကို ချက်အောက်သို့ တွန်းပို့နေသော နန်းယွင်ခက်၏ ကိုယ်အတွင်းသို့ အတွင်းအား သွတ်သွင်းပြီး၊ ကူညီသည်။

စန်းရင်တောင် လက်ဖဝါးမှ ပူနွေးသော အတွင်းအားများ နန်းယွင်ခက်၏ ကိုယ်ထဲသို့ အဆက်မပြတ် စီးဝင်လာသည်။ တဆတ်ဆတ် တုန်နေသော နန်းယွင်ခက်၏ ခန္ဓာကိုယ် တဖြည်းဖြည်း တည်ငြိမ်လာ၏။ သူ့ကိုယ်အတွင်းမှ အတွင်းအား လည်ပတ်မှု ပုံမှန်ကန်သည်ထက် မှန်ကန်လာသည်။ ခန္ဓာကိုယ် အနှံ့အပြား ပျံ့နေသော အဆိပ်များ ချက်အောက်တွင် တဖြည်းဖြည်း စုလာ၏။

နန်းယွင်ခက်၏ တစ်ကိုယ်လုံး ပူနွေးနေပြီး၊ ချက်အောက်ရှိ အဆိပ်များ စုနေရာတွင် ရေခဲဆူးချွန်ဖြင့် အထိုးခံရသည့်ပမာ အေးစိမ့် နာကျင်နေသည်။





စန်းရင်တောင်က နန်းယွင်ခက်၏ အခြေအနေ တည်ငြိမ်လာသည်နှင့် အတွင်းအား ပို့လွှတ်နေခြင်းကို တဖြည်းဖြည်း လျှော့လိုက်သည်။ ပြီးနောက် နန်းယွင်ခက် ကျောပြင်ပေါ် တင်ထားသည့်လက်ကို ဖယ်ရှားလိုက်သည်။

သူက အသက်ရှူသံမှန်မှန်နှင့် အတွင်းအား လေ့ကျင့်နေသော နန်းယွင်ခက်ကို တစ်ချက်လှမ်းကြည့်သည်။ ပြီး နန်းယွင်ခက်၏ ချက်အောက်နေရာရှိ အင်္ကျီစကို လက်တစ်လုံးစာခန့် ဖယ်ရှားလိုက်သည်။

"အတွင်းအားကို မှန်မှန် လေ့ကျင့်နေပါ။ အခုအချိန်က အရေးကြီးတယ်။ အာရုံမပျံ့ပါစေနဲ့"

စန်းရင်တောင်က ဓားသေးသေးလေးဖြင့် နန်းယွင်ခက်၏ ချက်အောက်နေရာရှိအသားကို သေးစို့ရုံထိုးဖောက်လိုက်သည်။ ထိုနေရာမှ မည်းညစ်သော သွေးတွေ စီးထွက်လာ၏။

စန်းရင်တောင်သည် သူ့လက်ထဲတွင်ကိုင်ထားသည့် ဘူးကို လျင်မြန်စွာဖွင့်ပြီး နန်းယွင်ခက်၏ ဗိုက်ပေါ် တင်လိုက်သည်။ ဘူးထဲမှ ငွေရောင်တောက်နေသော ပင့်ကူတစ်ကောင် ထွက်လာ၏။ ထိုပင့်ကူက အနံ့ခံဟန် ခေါင်းတစ်ချက်မော့၍ အသက်ရှူပြီး၊ သွေးထွက်နေသည့်နေရာသို့ တိုးရွေ့လာသည်။ မည်းနက်သော သွေးများထွက်နေရာသို့အရောက်တွင် ငွေရောင် ပင့်ကူကြီးက အနာပေါ်သို့ ခေါင်းစိုက် ချလိုက်၏။ အနာဝကို ပါးစပ်ဖြင့်တေ့ပြီး ထွက်လာသည့်သွေးများကို စုပ်ယူသည်။

နန်းယွင်ခက်၏ ကိုယ် တဆတ်ဆတ် တုန်လာပြန် သည်၊ စန်းရင်တောင်က သူ့လက်ဖဝါးဖြင့် နန်းယွင်ခက်၏ကျောပြင်ကို ဖိကပ်ထားလိုက်ပြန်၏။ နန်းယွင်ခက်၏ ကိုယ်အတွင်းသို့ အတွင်းအားများ ထပ်မံသွတ်သွင်းသည်။

တဆတ်ဆတ် တုန်လာသည့် နန်းယွင်ခက်၏ ခန္ဓာကိုယ် တဖြည်းဖြည်းတည်ငြိမ်လာသည်၊ စန်းရင်တောင်က ငွေရောင်ပင့်ကူကို မျက်ခြေမပြတ် ကြည့်၏။ ငွေရောင်တောက်နေသည့် ပင့်ကူမှာ တဖြည်းဖြည်း မည်းနက်လာသည်၊ ငွေရောင်ပင့်ကူ တစ်ကိုယ်လုံး မည်းနက်လာသည့်အခါတွင် သူက အတွင်းအား ပို့လွှတ်နေခြင်းကို ရပ်လိုက်သည်၊ ထိုအချိန်မှာပင် တစ်ကိုယ်လုံး မည်းနက်နေသော ပင့်ကူကြီး အနာပေါ်မှပြုတ်ကျလာသည်၊ စန်းရင်တောင်က ပင့်ကူအား ဘူးထဲသို့ ပြန်ထည့်ပြီး ဘူးကို ပိတ်လိုက်သည်။

ဘေးတွင် ရပ်နေသူများက စန်းရင်တောင်၏ လှုပ်ရှားမှုကို တိတ်ဆိတ်စွာ ကြည့်နေကြသည်၊ စန်းရင်တောင်က ပင့်ကူ ထည့်ထားသည့် ဘူးနှင့် ဓားကို သိမ်းလိုက်ပြီး၊ ဆေးဘူးတစ်ဘူးကိုထုတ်သည်၊ ဘူးထဲမှ ဆေးမှုန့်များ၊ မည်းနက်သောသွေးများ ကုန်ပြီး၊နီရဲစေးပြစ်သော သွေးများထွက်နေသည့် နန်းယွင်ခက်၏ အနာပေါ်သို့ ဖြူးချလိုက်၏၊ တစ်ဆက်တည်းမှာပင် အနာပတ်လည်ရှိ သွေးကြောများကို ပိတ်ပစ်လိုက်သည်၊

"အတွင်းအားကို ဆက်ပြီးလေ့ကျင့်ပါ သမီး၊ သွေးလည်ပတ်မှု မှန်လာရင်၊ အတွင်းအားလေ့ကျင့်တာကို ရပ်လိုက်ပါ"





နန်းယွင်ခက်က အတွင်းအားကို ဆက်ပြီး လေ့ကျင့်သည်၊ အတန်ကြာအောင် လေ့ကျင့်နေပြီးမှ သက်ပြင်းတစ်ချက်ချ၍ အတွင်းအားလေ့ကျင့်နေခြင်းကို ရပ်လိုက်သည်၊ စန်းရင်တောင်က နန်းယွင်ခက်အား ဖြူဖွေးနေသော ဆေးလုံးတစ်လုံးကို ပေးလိုက်သည်။

"ဒီဆေးကို သောက်လိုက်ပါ"

နန်းယွင်ခက်က စန်းရင်တောင်ပေးသည့် ဆေးလုံးကို လျင်မြန်စွာ မြိုချလိုက်သည်၊ တစ်ခဏအကြာတွင် သူ့မျက်နှာ သွေးရောင် လွှမ်းလာ၏။

"မင်းကိုယ်ထဲမှာ ဘာအဆိပ်မှ မရှိတော့ဘူး"

"ဘွားဘွားကို ကျေးဇူးတင်ပါတယ်"

"ဟား....ဟား....ငါ့ကို ကျေးဇူးတင်ရင် ငါ့တပည့်အဖြစ် ခံယူပါလား၊ မင်း လက်ခံမယ်ဆိုရင်...."

"ကျွန်မ လက်ခံပါတယ် ဆရာ"

နန်းယွင်ခက်က ကြမ်းပြင်ပေါ်သို့ လျင်မြန်စွာဆင်းပြီး၊ စန်းရင်တောင်၏ ရှေ့တွင် ဒူးထောက် ထိုင်ချလိုက်သည်၊ စန်းရင်တောင်၏ မျက်နှာပြင် ပြုံးရွှင်သွားပြီး....

"ကျုပ်မှာ တပည့်သစ်တစ်ယောက်ရရှိကြောင်း အားလုံးကို အသိပေးပါတယ်၊ ကျုပ်တို့တစ်တွေ ဒီကနေ့ ကြယ်တာရာအဖွဲ့ကို ကျုပ်တပည့်ရဲ့ အကူအညီနဲ့ ဖြိုခွဲကြမယ်"

စန်းရင်ဟောင်၏စကားအဆုံးတွင် နန်ယွင်ခက်က အားလုံးကို ပြုံးရွှင်သောမျက်နှာနှင့်ကြည့်ပြီး....

"ကျွန်မ နန်ယွင်ခက်က ကြယ်တာရာအဖွဲ့ရဲ့ လျှို့ဝှက်နေရာကို လိုက်ပြပါမယ်"

*

နန်ယွင်ခက်က ကိုင်းတောထဲသို့ ဦးဆောင်ပြီး ဝင်သည်၊ လျူဟူထိုက်၊ ချန်လုံဟာန်၊ ဘွားဘွားချိုယင်နှင့် ခမ်စူချီ တို့က တစ်ဖွဲ့၊ စန်းရင်ဟောင်၊ ဟောင်ပေါင်ဝိပုလွေ၊ ထင်းဖုန်းနှင့် လိပ်ပြာညီအစ်မတို့က အဖွဲ့ခွဲပြီး နောက်ကလိုက်၏။

နန်ယွင်ခက်၏နောက်သို့လိုက်ပါသူများထဲတွင် ရှောင်ရီဖုန်း မပါပေ။ ရှောင်ရီဖုန်းက ငွေမင်းသား၏အသုဘသို့ရောက်လာနေကြသည့် သိုင်းသမားများကို စုစည်းပြီး၊ နောက်ဆုံးမှ လိုက်လာမည်ဖြစ်သည်။ ပြီး- မြို့စားကြီးအားအကြောင်းကြားပြီး၊ ဥပဒေအာက်တော်သား သိုင်းသမားများ၏ အကူအညီ ရယူရန်မှာလည်း ရှောင်ရီဖုန်း၏ တာဝန်ပင် ဖြစ်သည်။ ထို တာဝန်အတွက် ရှောင်ရီဖုန်းက မုယုံကျင်းအား စောင့်သည်၊





မုယုံကျင်းနှင့်တွေ့လျှင် မြို့စားကြီးအား အကူအညီတောင်းရမည့်ကိစ္စ လွယ်ကူချောမောစွာ ပြီးသွားမည်ဟု သူ သိနေ၏။

လျူဟူထိုက်တို့ အဖွဲ့သည် နန်ယွင်ခက် ဦးဆောင်ရာနောက်သို့ လိုက်ခဲ့ကြရင်း၊ နှ တောအလယ်ရှိ စိမ်းညို့ညို့ ကျွန်းလေးကို လှမ်းမြင်ရာသို့ ရောက်လာသည်။

ကျယ်ပြန့်သော နှ တောအစပ်မှလှမ်းကြည့်လျှင် စိမ်းညို့ညို့ တောအုပ်ကို ထင်ထင်ရှားရှား မြင်နေရ၏။ တောအုပ်တွင် မိုးထိမြင့်မားသော သစ်ပင်ကြီးများ ထူထူထပ်ထပ်ပေါက်ရောက် အုပ်မိုးနေသည်။

"အဲဒီ တောအုပ်ဟာ ကြယ်တာရာသခင်လေးရဲ့ လျှို့ဝှက်စခန်းပဲ။ ဒီစခန်းမှာ ကြယ်တာရာအဖွဲ့ရဲ့ လက်ရွေးစင် သိုင်းသမား အတော်များများနဲ့ ကြယ်တာရာသခင်လေး ကိုယ်တိုင် နေတယ်။ သိုင်းလောကထဲက ပါစဥ်ကြီးသိုင်းသမား အတော်များများကို ဒီစခန်းမှာ ဖမ်းဆီးချုပ်နှောင်ထားတယ်"

"သမားတော်ကြီး လျှ ဆွေကိုကော၊ ဒီမှာပဲဖမ်းဆီး ချုပ်နှောင်ထားသလား"

နောက်မှလိုက်လာသည့်အဖွဲ့တွင်ပါသည့် စန်းရင်ဟောင်က နန်ယွင်ခက်ညွှန်ပြသော ကျွန်းညို့ညို့ကို လှမ်းကြည့်ရင်း မေးသည်။ နန်ယွင်ခက်က ခေါင်းကို ညင်သာစွာညိတ်ပြလိုက်၏။

"သမားတော်ကြီးကို မြေအောက်ခန်းမှာ ချုပ်နှောင်ထားပါတယ်။ ဖမ်းဆီးချုပ်နှောင်ထားပေမယ့် သမားတော်ကြီးကို စည်းရုံးသိမ်းသွင်းလို့ မရပါဘူး။ ကြယ်တာရာ သခင်လေးက ဉာဏ်နီဉာဏ်နက် များတဲ့လူဆိုတော့ သမားတော်ကြီးရဲ့သမီးကို လက်ထပ်ထိမ်းမြားပြီး သိမ်းသွင်းဖို့ အကြံရသွားတယ်၊ ဒီနေ့ညမှာပဲ သူက သမားတော်ကြီးရဲ့သမီး ခရေပန်းနဲ့ လက်ထပ်ထိမ်းမြားပါလိမ့်မယ်...."

စန်းရင်တောင်၏ မျက်လုံးအစုံမှာ ဒေါသအရောင်များ တဖျပ်ဖျပ်လက်သွားသည်။ သူက နှံ့တောအလယ်တွင်ရှိသော စိမ်းညို့ညို့ ကျွန်းဆီသို့ နာကျည်း မုန်းတီးသော အကြည့်ဖြင့် ကြည့်သည်။

"ကျုပ်- အဲဒီကို အရင်ဆုံးသွားမယ်"

"နှံ့တောကို ဒီအတိုင်း ဖြတ်ကူးလို့ မရပါဘူး ဆရာ... စိမ်းညို့ညို့ ကျွန်းကိုသွားဖို့ ခြေတစ်လှမ်းစာခွာပြီး၊ နှံ့တောထဲမှာ တိုင်တွေစိုက်ထားပါတယ်၊ အဲဒီတိုင်တွေကို နင်းပြီးသွားမှ ရပါလိမ့်မယ်။ ဒီအတိုင်းသွားရင် နှံ့တောထဲမှာ အသက်ဆုံးရှုံးသွားရပါလိမ့်မယ်"

"အဲဒီလမ်းက ဘယ်မှာလဲ"

"ဒီရှေ့မှာပါ ဆရာ။ ကျွန်မ ရှေ့ကနေ ဦးဆောင်ပြီး သွားပါမယ်။ နောက်ကလူတွေ လမ်းမမှားဘဲ လိုက်လာနိုင်အောင် လမ်းပြဆေးမှုန့်တွေ ဖြူးသွားမယ်"





"သွားမယ်ဆိုရင်၊ မြန်မြန်သွားပေတော့။ ဒီလူယုတ်မာ ငါ့သမီးနဲ့ လက်မထပ်ခင် ကျွန်းပေါ်ကို ရောက်မှဖြစ်မယ်"

စန်းရင်တောင်၏ စကားကြောင့် နန်းယွင်ခက်၏ မျက်နှာမှ အံ့အားသင့်ဟန်တွေ ထင်သွားသည်။

"ဆရာ....ခရေပန်းက"

"ခရေပန်းက ငါ့သမီး။ သမားတော်ကြီး လျှံဆွဲဟာ ငါ့ လင်ယောကျ်ားပဲ"

နန်းယွင်ခက်က စိတ်မကောင်း ဖြစ်သွားဟန်နှင့် စန်းရင်တောင်အား ကြည့်သည်။ ပြီး နှံ့တောဖြတ်ရန် ခြေလှမ်းစလိုက်၏။

"ကျွန်မနောက်က လိုက်ခဲ့ကြပါ"

နန်းယွင်ခက်က ရွှံ့နှံ့များဖြင့် တစ်သားတည်းဖြစ်အောင် စိုက်ထောင်ထားသော သစ်တိုင်များကို နင်းပြီး လျှောက်သွားသည်။ သူသွားသည့် လမ်းကြောင်းအတိုင်း အနီရောင်ဆေးမှုန့်များကို ရွှံ့နှံ့များအပေါ် ဖြူးချသွားသည်။

အနီရောင်ဆေးမှုန့်များကြောင့် နောက်မှ လိုက်လာသော လျူကူထိုက်တို့တစ်တွေအတွက် လမ်းမှားစရာ အကြောင်းမရှိတော့။ သူတို့က ကွေ့ကွေ့ကောက်ကောက် ဖြစ်နေသော အနီရောင် ဆေးမှုန့်လမ်းကြောင်းအတိုင်း လိုက်ခဲ့ကြ၏။

စိမ်းညို့ညို့ကျွန်းနှင့် နီးလာစဉ် နန်ယွင်ခက်က ကိုယ်ဖော့ပညာသုံးပြီး ရှေ့သို့ပြေးထွက်သည်။ နောက်မှလိုက်လာသူများကလည်း ကိုယ်ဖော့ပညာသုံးပြီး ပြေးလိုက်ကြ၏။

စိမ်းညို့ညို့ကျွန်းပေါ်သို့ ခြေချမိစဉ် ထူထပ်သော တောအုပ် အလယ်တွင်ရှိ အစိမ်းရောင်အဆောက်အဦးကို တွေ့လိုက်ရ၏။ နန်ယွင်ခက်က ထိုအဆောက်အဦးဆီသို့ ဦးတည်ပြေးလွှားသွားနေသည်။

"နေကြဦး"

တောင်ပေါ်ဝံပုလွေ၏ ဟန့်တားသံ ပေါ်လာသည်။

"အစ်ကိုကြီး ဘာကိုတွေ့လို့လဲ"

"တွေ့လို့ မဟုတ်ဘူး၊ စိတ်ထဲက မသင်္ကာလို့၊ ဒါဟာ ထောင်ချောက်တစ်ခု ဖြစ်ချင် ဖြစ်နေလိမ့်မယ်။ ဒီမိန်းကလေးဟာ ကျုပ်တို့ကို အကောက် မကြံဘူးလို့ ဘယ်သူ ပြောနိုင်သလဲ"

တောင်ပေါ်ဝံပုလွေ၏ စကားအဆုံးတွင် လျှူဟူထိုက် ရှေ့သို့ တိုးသွားသည်။ သူက တောင်ပေါ်ဝံပုလွေအား ကြည့်လိုက်ပြီး....

"သူ ကျွန်တော်တို့ကို အကောက်မကြံဘူးဆိုတာ ကျွန်တော်ယုံတယ်။ ဒီလိုယုံကြည်တဲ့အတွက် သူ့နောက်ကို ကျွန်တော်လိုက်ပါမယ်။ ယုံကြည်စိတ်ချတဲ့လူတွေ ကျွန်တော့်နောက်က လိုက်ခဲ့ကြပါ"





စကားဆုံးသည်နှင့် လျှူဟူထိုက်က အစိမ်းရောင် အဆောက်အဦးဆီသို့ ပြေးထွက်၏။ သူ့နောက်မှ ချန်လုံဟန်နှင့် ဝမ်စုချီတို့ လိုက်သည်။ ဘွားဘွားချိုယင်က သူတို့သုံးယောက်နောက်မှ လိုက်၏။

တောင်ပေါ်ဝံပုလွေ၏ ဟန့်တားမှုကြောင့် တွေဝေပြီး ရပ်နေသူများ မှက်ပြီး ရပ်မနေတော့ဘဲ၊ လျှူဟူထိုက် ပြေးထွက်မှ နောက်သို့ လိုက်သည်။

အစိမ်းရောင်အဆောက်အဦးနှင့်နီးကပ်လာချိန်တွင် အတွင်းမှ အဝါရောင်ဝတ်ထားသူများ ခုန်ထွက်လာ၏။ လျှူဟူထိုက်က ပြေးနေသည့် ခြေလှမ်းကို မရပ်ဘဲ....

"ဒီလူတွေဟာ ဆယ်ယောက်စီတွဲပြီး စုပေါင်းတိုက်ကွက် ဆင်ထားတယ်။ သူတို့ရဲ့ ဟာကွက်ဟာ တတိယသူပဲ"

အသံမှန်မှန်ဖြင့် ပြောလိုက်သည့် စကားသံကို နောက်မှ လိုက်လာသူတိုင်း၏ နားထဲ၌ ရှင်းလင်းပီသစွာ ကြားရ၏။ အသံကိုထိန်းပြီး၊ နေရာအနှံ့ အပြားဆုံး ပို့နိုင်သဖြင့် လျှူဟူထိုက်၏ အတွင်းအား အလွန် မြင့်မားနေပြီဖြစ်ကြောင်း နောက်မှ လိုက်လာသူများ တအံ့တသြနှင့် သိသွားရသည်၊

အားလုံးမှာ မာနခက်ထန်သော ဝါစဉ်ကြီး သိုင်းသမားကြီးများ ဖြစ်သော်လည်း လူငယ်လူရွယ်မျှသာဖြစ်သည့် လျှူဟူထိုက်၏ စွမ်းအားမြင့်မားခြင်းကို စိတ်ထဲမှ တညီတညွတ်တည်း လက်ခံလိုက်ကြသည်။

လျှုဟူထိုက်သည် စက်ဝိုင်းအထပ်ထပ် ဝိုင်းရံနေရာယူနေကြသော အခေါ်ရောင်ဝတ်စုံများထံ တရှိန်ထိုး ခုန်ဝင်သည်၊ ဝတ်စုံဝါများ စုပေါင်းတိုက်ကွက် မဆင်နိုင်ခင် တရကြမ်း ဝင်ရောက်တိုက်ခိုက်သည်၊ စုပေါင်းတိုက်ကွက်ဆင်ရန် ပြင်ဆင်နေသော ဝတ်စုံဝါများ ဖရိုဖရဲဖြစ်ကုန်၏။ လျှုဟူထိုက်၏ နောက်မှ လိုက်လာသော ဝါစဉ်ကြီး သိုင်းသမားများကလည်း ဝတ်စုံဝါများကို နေရာအနှံ့ အပြားမှ ဝင်ရောက် တိုက်ခိုက်သည်။ စုပေါင်းတိုက် ကွက် ဆင် ရန် ပြင်ဆင်နေသော ဝတ်စုံဝါများ တစ်ယောက်ပြီးတစ်ယောက် မြေပြင်ပေါ်သို့ လဲကျကြကုန်၏။

*



အခန်း (၁၉)

အစိမ်းရောင် အဆောက်အဦးအတွင်းမှ အမိန့်ပေး အော်ဟစ်သံ တစ်သံ ပေါ်လာသည်။ ထိုအမိန့်သံ အဆုံးတွင် အဆောက်အဦးပတ်လည် တောအုပ်အတွင်းမှ ညာသံပေး အော်ဟစ်သံနှင့်အတူ ဝတ်စုံအနီ၊ ဝတ်စုံအစိမ်း၊ ခရမ်းရောင်ဝတ်စုံနှင့် ကိုယ်ကျပ်ဝတ်စုံအနက် ဝတ်ထားသူများ ပြေးထွက်လာကြသည်။

လျှုဟူထိုက်က ရန်သူအင်အားကို လျင်မြန်စွာ အကဲခတ်သည်၊ လေးဘက်လေးတန်မှ ဝိုင်းလာသည့် ရန်သူတို့မှာ ရာနှင့်ချီနေသဖြင့် ရင်ထိတ်သွားမိ၏။

သိုင်းပညာချင်းယှဉ်လျှင် လျှုဟူထိုက်တို့ လူစုက သာသော်လည်း၊ အင်အားများပြားသော ရန်သူများနှင့် ရင်ဆိုင်ရလျှင်

ရေရှည်တွင် မလုတ်ကူကြောင်း တွေးမိ၏။ သို့သော် သူနှင့်အတူ ပါလာသည့် သိုင်းပညာရှင်ကြီးများမှာ သိုင်းပညာ ထက်မြက်ပြီး၊ အတွေ့အကြုံ များသူများဖြစ်၍ ရန်သူ၏ လှည့်စားခြင်းကို ခံရမည်မဟုတ်ကြောင်း တွေးမိပြီး၊ စိတ်ထဲတွင် အေးစပြုလာသည်။

"အင်အားများများသုံးပုံရတော့ ရန်သူရဲ့ သိုင်းပညာဟာ သိပ်ထက်မြက်ပုံမရဘူး။ ကျုပ်တို့က ရန်သူတွေကို မြန်မြန်ရှင်းလင်းပြီး၊ အဆောက်အဦးထဲကို ဝင်ရမယ်၊ ဒါမှ အထဲမှာ ရှိနေတဲ့ အကျဉ်းသားတွေကို ကယ်နိုင်မှာ"

ဆရာကြီးထင်းဖုန်းက အားလုံးကြားသာအောင် ပြောပြီး၊ သူနှင့် နီးဘပ်လာသော အနက်ရောင် ကိုယ်ကျပ်ဝတ်စုံ ဝတ်ထားသူများအား စတင်တိုက်ခိုက်သည်၊ ထင်းဖုန်း၏ရှည်လျားသော ဝါးဆေးတံမှာ အနက်ရောင်ဝတ် များအတွက် ထိတ်လန့်ဖွယ် လက်နက်များ ဖြစ်နေလေ၏။

လျူဟူထိုက်တို့အား လေးဘက် လေးတန်မှ ဝင်ရောက် တိုက်ခိုက်သူများတွင် အနက်ရောင်ဝတ်များသည် သိုင်းပညာ အထက်မြက်ဆုံး ဖြစ်ပုံရ၏။ သူတို့က ကြောက်မက်ဖွယ်ကောင်းသော ထင်းဖုန်း၏ ဝါးဆေးတံနှင့် တိုက်သည့် တိုက်ကွက်ကို ပြန်လည် ခုခံချေဖျက်နေကြသည်၊ ထင်းဖုန်းမှာ ဝတ်စုံနက် များအား ရှုတ်တရက် ထိုးဖောက်၍မရဘဲရှိနေသဖြင့် လိပ်ပြာ ညီအစ်မက ထင်းဖုန်းကို ဝင်ရောက်ကူညီကြသည်၊





လျူဟူထိုက်တို့လူစုသည် ဝတ်စုံနီ၊ ဝတ်စုံစိမ်းနှင့် ခရမ်းရောင် များအား လူခွဲပြီး တိုက်ခိုက်သည်။ ပြင်းပြင်းထန်ထန်တိုက်ခိုက် နေသည့် သူတို့၏ တိုက်ခိုက်မှုကြောင့် လေးဘက်လေးတန်မှ ဝိုင်းဝန်းတိုက်ခိုက်နေသော ကြယ်တာရာအဖွဲ့သားများ တဖြည်း ဖြည်းနှင့် နောက်ဆုတ်ကုန်ကြသည်၊

လျူဟူထိုက်သည် တိုက်ပွဲအခြေအနေကို ကြည့်ပြီး၊ အခွင့် အရေးရသည်နှင့် အစိမ်းရောင် အဆောက်အဦး အတွင်းသို့ ခုန်ဝင်လိုက်၏။ အဆောက်အဦးအတွင်း၌ သူမျှော်လင့်ထားသလို၊ စောင့်ကြပ်နေသည့် သိုင်းသမားများကို မတွေ့ရသဖြင့် အံ့အားတသင့်ဖြစ်သွား၏။

သူက ရှင်းလင်း တိတ်ဆိတ်နေသော ခန်းမကျယ်ကြီးကို လှည့်ပတ်ကြည့်ရှုသည်၊ ရန်သူ့ အရိပ်အယောင်ကို မမြင်ရသဖြင့် အတွင်းဘက်သို့ ဆက်ဝင်ခဲ့၏။

"ဟား– ဟား– ဟား– ဟား"

ရှည်လျားသော စင်္ကြံလမ်းတစ်လမ်းသို့အရောက်တွင် အေးစိမ့်သော ရယ်သံတစ်သံ ပေါ်လာသည်၊ လျူဟူထိုက်က ခြေလှမ်းများကို ရပ်လိုက်သည်၊ အသံပေါ်ထွက်ရာသို့ ကြည့်သည်။ သူ့ရှေ့တူရူရှိ စင်္ကြံလမ်းအတိုင်း လျှောက်လာနေသော အဝါရောင်ဝတ် အမျိုးသမီးတစ်ယောက်အား တွေ့လိုက်ရသည်၊ တွေ့မြင်စတွင် နန်ယွင်ခက်ဟု ထင်လိုက်သော်လည်း အနားသို့ ရောက်သောအခါ နန်ယွင်ခက် မဟုတ်မှန်း သိလိုက်ရ၏။

အေးစက်စက်နိုင်သော ရယ်မောသံနှင့်အတူ အဝါရောင်ဝတ် အမျိုးသမီးက လျှုဟူထိုက်ထံ ပြေးဝင်လာသည်။ လျှုဟူထိုက် အနီးသို့အရောက်တွင်၊ ကြောင်တစ်ကောင်အော်သံကဲ့သို့ စူးရှစွာ အော်ပြီး အပေါ်သို့ ခုန်တက်လိုက်သည်။ အပေါ်ဘက် နံရံတွင် အိမ်မြှောင်တစ်ကောင် တွယ်ကပ်နေသကဲ့သို့တွယ်ကပ် သွား၏။

အဝါရောင်ဝတ်အမျိုးသမီး၏အပြုအမူကြောင့် လျှုဟူထိုက် ၏ စိတ်ထဲတွင် ထူးဆန်းသွား၏။ ထိုအချိန်မှာပင် ဝုန်းခနဲ မြည်သွားသော ပေါက်ကွဲသံနှင့်အတူ အခိုးအငွေ့ ဖြူဖြူများ စကြံလမ်းအတိုင်း လွင့်လာသည်။

"ဟင်.... အဆိပ်ငွေ့"

လွင့်လာသည့် အခိုးအငွေ့များမှာ အဆိပ်ငွေ့ များမှန်း ရိပ်စားမိလိုက်သည်နှင့် လျှုဟူထိုက်က ဝတ်စုံဝါ အမျိုးသမီး ခုန်သကဲ့သို့ အပေါ်သို့ ခုန်တက်လိုက်သည်။ ဝတ်စုံဝါ အမျိုးသမီးကဲ့သို့ နံရံကို တွယ်ကပ်ပြီး မနေနိုင်သဖြင့် သူက ထုတ်တန်းတစ်ခုပေါ်သို့ ခိုတက်လိုက်သည်။

အခိုးအငွေ့ဖြူဖြူများ စကြံလမ်းတစ်လျှောက် ပျံ့လွင့်လာ လာသည်၊ ထိုအခိုးအငွေ့များသည် အပေါ်သို့ တက်လာခြင်း မရှိဘဲ၊ လူတစ်ရပ်ခန့်အမြင့်မှ ရွေ့လျားနေသည်ကို တွေ့ရ၏၊ အဝါရောင်ဝတ် အမျိုးသမီး နံရံတွင် တွယ်ကပ်နေခြင်းမှာ ထိုအခိုးအငွေ့ကို ရှောင်ခြင်းဟု နားလည်လိုက်၏။





အဝါရောင်အမျိုးသမီးသည် ငှက်တစ်ကောင် ပျံသန်းသည့် ပမာ၊ လျှုဟူထိုက်ထံသို့ ခုန်ပျံဝင်ရောက်လာသည်၊ လျှုဟူ ထိုက်က ထိုတန်းပေါ်တွင် ခိုနေရာမှ အဝါရောင်အမျိုးသမီး အား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

လျှုဟူထိုက်၏ ရိုက်ချက်မှာ ရိုးစင်းသော်လည်း၊ အားမာန် ပါလှ၏။ အဝါရောင်အမျိုးသမီးက ကြောင်တစ်ကောင်အော် တစ်သကဲ့သို့ အော်ဟစ်ပြီး၊ ရှောင်တိမ်းသည်။ ရှောင်တိမ်း ရင်းနှင့် သူ့လက်တစ်ဖက်ကို လှုပ်ရှားလိုက်၏။ တဝှစ်ဝှစ် မြည်သွားသံနှင့်အတူ လက်နက်ပုန်းများ လျှုဟူထိုက်ထံ ပြေး ဝင်လာသည်၊ လျှုဟူထိုက်က အင်္ကျီလက်နားစဖြင့် လက်နက် ပုန်းများကို ရိုက်ဖယ်လိုက်၏။

အဝါရောင်အမျိုးသမီးသည် စူးရှစွာ အော်ပြီး၊ လျှုဟူထိုက် ထံ ခုန်ဝင်လာပြန်သည်။ လျှုဟူထိုက်က ပထမအကြိမ်ကလိုပင် လက်ဝါးဖြင့် လှမ်းရိုက်သည်။ တစ်ဆက်တည်းပင် အဝါရောင် အမျိုးသမီး ရှောင်တိမ်းမည့်ဘက်သို့ လက်ညှိုးဖြင့် လှမ်းထောက် လိုက်သည်။

"အွတ်"

သေးကြောအပိတ် ခံလိုက်ရသဖြင့် အဝါရောင် အမျိုးသမီး စကြံလမ်းပေါ်သို့ ကျသွားသည်။ သူ၏ခန္ဓာကိုယ် ကြမ်းပြင်ပေါ် သို့ အရောက်တွင် နာနာကျည်းကျည်း အော်ဟစ်လိုက်သံကို

ကြားရ၏။ လွင့်ပြယ်စဖြစ်သော ဖြူဖြူအဝိုးအငွေ့များကြားတွင် အဝါရောင်အမျိုးသမီး၏ တွန့်လိမ်ကောက်ကွေးနေသော ကိုယ်ခန္ဓာကို တွေ့ရ၏။

လျှို့ဟူထိုက်က တုတ်တန်းတစ်ခုမှ တစ်ခုသို့ ကူးပြီး၊ စင်္ကြံလမ်းကို ဖြတ်သည်။ စင်္ကြံလမ်းအဆုံးသို့ ရောက်သောအခါ အခိုးအငွေ့များ ကင်းစင်သွားသည်ကို တွေ့ရသဖြင့် အောက်သို့ ခုန်ဆင်းလိုက်၏။ စင်္ကြံလမ်းအဆုံးတွင်ရှိသော အခန်းတစ်ခန်း အတွင်းသို့ ခုန်ဝင်လိုက်သည်။

လျှို့ဟူထိုက်ရောက်သွားသည့် အခန်းမှာ အခန်းကျယ်ကြီး တစ်ခန်းဖြစ်သည်။ အခန်းထဲတွင် ကတ္တီပါအုပ်ထားသော ထိုင်ခုံမြင့်မြင့် တစ်စုံရှိပြီး၊ ထိုင်ခုံရှေ့တွင် အဝါ၊ အနီ၊ အစိမ်း၊ အပြာ အမျိုးသမီးလေးယောက် ရပ်နေကြသည်။ ထိုင်ခုံပေါ်တွင် လူမရှိဘဲ ရှင်းလင်းနေ၏။

"ဟား....ဟား....ဟား....ဟား.... နှံသူတော်ကြီး ရောက်လာပြီကိုး။ ညီမတို့ သူ့ကို ဧည့်ခံလိုက်ပါ"

ဝါနီစိမ်းပြာ မိန်းကလေး လေးယောက်က လျှို့ဟူထိုက်ထံသို့ နှုတ်လျှသောကိုယ်ဟန်ဖြင့် လျှောက်လာသည်။ အနားသို့ အရောက်တွင် သူတို့၏လက်များကို ဝှေ့ယမ်းလိုက်၏၊ သူတို့ လက်ထဲမှာ ဝါနီစိမ်းပြာ ဖဲကြိုးတစ်ချောင်းစီ လွင့်ထွက်လာပြီး၊ လျှို့ဟူထိုက်အား လာရောက်ရစ်ပတ်သည်။





လျှို့ဟူထိုက်က သူ့ခါးတွင် ထိုးထားသော ဓားတိုလေးကို ထုတ်ယူပြီးလျှင် လျင်မြန်စွာ ဝှေ့ယမ်းလိုက်၏။ လုံတံများပမာ တန်းထွက်လာသော ဖဲကြိုးအဖျားများ တထောင်းထောင်း မြည်လျက် ပြတ်ထွက်ကုန်၏။

မိန်းကလေးများလေးယောက်က ဖဲကြိုးများကို ထပ်မံဝှေ့ယမ်းလိုက်၏။ လျှို့ဟူထိုက်က ဓားတိုဖြင့် ဝှေ့ယမ်းတိုက်ခိုက်ပြန်သည်။ ယခုတစ်ကြိမ်တွင် သူ့ဓားချက်က ဖဲကြိုးကိုမထိ၊ ဓားနဲ့ ထိခါနီးတွင် ဖဲကြိုးများ နောက်သို့ ဆုတ်ဆုတ်သွားသဖြင့် ဓားချက် အလ သဖြစ်သွား၏။

"ဟား.... ဟား.... ဟား.... ဟား.... ဒီပညာလောက်နဲ့ငါ့ကို လာစမ်းတာ တော်တော် မိုက်မဲတဲ့ကောင်ပဲ"

ကြားလိုက်ရသည့်အသံကြောင့် လျှို့ဟူထိုက်က ဆတ်ခနဲ မော့ကြည့်လိုက်သည်။ စောစောက လူမရှိသော ထိုင်ခုံမြင့်မြင့်တွင် အဖြူရောင်ဝတ်စုံဝတ်ထားသော လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရ၏။ ထိုသူသည် မျက်နှာပေါ်တွင် ဇာပဝါ အဖြူကို အုပ်ထားလျက်ရှိသည်။ ထိုသူကိုမြင်သည်နှင့် ကြယ်တာရာ သခင်လေးဟု လျှို့ဟူထိုက် သိလိုက်၏။

လျှို့ဟူထိုက်က ဓားတိုကို ခါးကြားတွင်ပြန်ထိုးလိုက်သည်။ တတိယအကြိမ် မိန်းကလေး လေးယောက်က ဖဲကြိုးများဖြင့် တိုက်ခိုက်လာသည့် အခါတွင် သူက ဖဲကြိုး လေးခုစလုံးကို

တစ်ပြိုင်နက်တည်း ဖမ်းလိုက်၏၊ တစ်ချိန်တည်းမှာပင် လုံတံ တစ်ချောင်းပမာ ဖြောင့်ဖြောင့်သွားနေသော ဗဲကြီးများကို တွန်းထုတ်ပစ်လိုက်သည်။

"ဟား.... ဟား.... ဟား...., ဟား...."

ရယ်မောသံနှင့်အတူ ကြယ်တာရာသခင်လေး ထိုင်ခုံမြင့်မြင့် ပေါ်မှ လွင့်ထွက်သွား၏။ လျှိုဟူထိုက် အံ့အားတသင့်နှင့် ကြည့်နေစဉ်မှာပင်၊ ကြယ်တာရာ သခင်လေး၏ အဖြူရောင် သဏ္ဌာန် နံရံတစ်နေရာသို့ မြုပ်ဝင် ပျောက်ကွယ်သွားလေ၏။

*

လျှိုဟူထိုက်က ကြယ်တာရာသခင်လေး ဝင်ရောက်သွား သည့် နံရံအနီးသို့ ပြေးကပ်သည်။ နံရံပေါ်တွင် ဝင်ပေါက် ထွက်ပေါက် လုံးဝမရှိသဖြင့် ဘအံ့တသြဖြစ်သွားသည်။ သူက လျှို့ဝှက်ထွက်ပေါက်ရှိလိမ့်မည်ဟု တွေးပြီး၊ နံရံကို လက်ဖြင့် စမ်းသည်။ ကျောက်သားနံရံတွင် ဒဏ်ရာကွဲရာ အလျဉ်းမတွေ့ သဖြင့် စဉ်းစားရခက်သွား၏။

သူက လျှို့ဝှက်ပေါက်ကိုရှာရင်း၊ မိန်းကလေးလေးယောက် အား လှည့်ကြည့်လိုက်သည်။ ဝါနီစိမ်းပြာ မိန်းကလေး လေး ယောက်မှာ ကြမ်းပြင်ပေါ်လဲကျနေသည်ကိုတွေ့ရသည်။ သူက မိန်းကလေး လေးယောက်အနားသို့ခုန်ဝင်ပြီး စစ်ဆေး ကြည့် ရှုသည်။ လေးယောက် စလုံး ကိုယ့်ဗဲကြိုးကိုယ် ပြန်အစုးခံရပြီး အသက်ကုန်ဆုံး နေသည်ကို တွေ့ရ၏။





လျှိုဟူထိုက်က ကြယ်တာရာသခင်လေး ထိုင်ခဲ့သည့် ထိုင်ခုံ အမြင့်ကြီးပေါ်သို့ ခုန်တက်လိုက်သည်။ ထိုထိုင်ခုံပေါ် သူထိုင်မိ သည်နှင့် ကြယ်တာရာသခင်လေး ထွက်သွားသော နံရံပေါ်မှ တံခါးတစ်ချပ် ပွင့်သွားတာကို တွေ့လိုက်သည်။ လျှိုဟူထိုက်က ထိုင်ခုံပေါ်မှ ကြယ်တာရာသခင်လေး ခုန်ထွက်သကဲ့သို့ ခုန် ထွက်လိုက်သည်၊ နံရံပေါ်ရှိ တံခါးပေါက်ကို သူ ဖြတ်ကျော် မိစဉ် ပွင့်နေသည့်တံခါး ဖြည်းညင်းစွာ ပြန်ပိတ်သွားသည်။

တံခါး၏တစ်ဖက်တွင် စင်္ကြံလမ်း တစ်လမ်း ရှိလေသည်။ လျှိုဟူထိုက်က ထိုလမ်းအတိုင်း ပြေးထွက်ခဲ့၏။ စင်္ကြံလမ်းအဆုံး တံခါးတစ်ချပ်ရှိပြီး၊ ထိုတံခါးကို ဆွဲဖွင့်လိုက်သည်နှင့် အစိမ်း ရောင် အဆောက်အဦး၏ အနောက်ဘက်တောအုပ်ကို တွေ့လိုက် ရသည်။

အစိမ်းရောင်အဆောက်အဦး၏ ရှေ့ဘက်တွင်အပြင်းအထန် တိုက်ခိုက်နေသည့် အသံ ပျံ့လွင့် လာသည်။ အစိမ်းရောင် အဆောက်အဦး၏ နောက်ဘက် တောအုပ်ဆီသို့ ပြေးထွက် လာသည့် အနီရောင်ဝတ် ကြယ်တာရာအဖွဲ့သား နှစ်ယောက်ကို တွေ့ရသည်။ လျှိုဟူထိုက်က ကိုယ်ဖော့ပညာသုံးပြီး၊ ထိုလူနှစ် ယောက်ထံ ပြေးထွက်သည်။

တိုက်ပွဲမှ ရှောင်ထွက်လာပုံရသော အနီရောင်ဝတ် နှစ် ယောက်သည် ရှေ့သို့အားသွန်ပြီး ပြေးနေသည်။ ပြေးနေရင်း ထိုလူနှစ်ယောက်၏ ခြေလှမ်းတွေတုန့်ဆိုင်းသွား၏။ နှစ်ယောက်

စလုံးပင် လည်ပင်းကို လက်ဖြင့်ဆုပ်ကိုင်ပြီး၊ မြေပြင်ပေါ်သို့ လဲကျသွားသည်။

လျှူဟူထိုက်သည် အနီရောင်ဝတ် နှစ်ယောက်ထံသို့ ပြေးထွက်ရင်း၊ ပတ်ဝန်းကျင်ကို ကြည့်သည်။ ခပ်လှမ်းလှမ်းတွင်ရှိနေသော ကိုယ်ကျပ်အနက်နှင့် လူထွားကြီးတစ်ယောက်ကို တွေ့လိုက်သဖြင့် ထိုသူ့ဘက်သို့ လှည့်လိုက်သည်။

ကိုယ်ကျပ်ဝတ်စုံအနက်နှင့်လူသည် လျှူဟူထိုက်အား စူးရှအရောင်လက်နေသော မျက်လုံးအစုံဖြင့် လှမ်းကြည့်နေသည်။ လျှူဟူထိုက် အနားသို့မရောက်ခင်မှာပင် သူ့လက်နှစ်ဖက်ကို လျှင်မြန်စွာ လှုပ်ခါလိုက်၏။ ဓားပျံလေးချောင်း လေးနေရာခွဲပြီး၊ လျှူဟူထိုက်ထံ ပြေးဝင်လာသည်။ လျှူဟူထိုက်က ဓားပျံများ ပြေးလာနေသည့် လမ်းကြောင်းအတိုင်း လက်ဝါးဖြင့် ရိုက်လိုက်၏။ ဓားပျံများနေရာပြောင်းသွားပြီး လျှူဟူထိုက်ထံ ပြေးဝင်မြဲ ပြေးဝင်လာသည်။

လျှူဟူထိုက်က ဓားပျံများအနားသို့ရောက်အောင် စောင့်ရင်း၊ အပေါ်သို့ ခုန်တက်လိုက်သည်။ ခုန်ရင်းမှ ဓားပျံများ၏ လက်ကိုင်ရိုး အနောက်ဘက်ကို ခြေဖြင့် လှမ်းခတ်သည်။ နေရာခွဲပြီး ပြေးလာနေသော ဓားပျံတွေ နောက်ကြောင်းပြန်လှည့်ပြေးသွား၏။

ဓားပျံများ၏ သွားပုံလာပုံကိုကြည့်ပြီး ဝတ်စုံနက်က ဓားပျံများကို ကြိုးဖြင့်ထိန်းပြီး တိုက်ခိုက်နေကြောင်း သိလိုက်သည်။





ထို့ကြောင့်ပင် သူက ဓားပျံများနောက်မှ ကပ်ပြီး ခုန်လိုက်သွားသည်။ ဝတ်စုံနက်နှင့်လူ လက်ထဲသို့ ဓားပျံများ ပြန်အရောက်တွင် လျှူဟူထိုက်လည်း ထိုသူအနီးသို့ ရောက်သွားသည်။

"ကိုယ့်အဖွဲ့သားတွေကို ကိုယ်ပြန်သတ်တဲ့ကောင် သေပေတော့...."

"ဟား.... ဟား.... ထွက်ပြေးတဲ့ ငါ့အဖွဲ့သားတွေကို ငါသတ်တာ မင်းနဲ့မဆိုင်ပါဘူး။ သူတို့ကို သတ်သလို မင်းကိုလဲ ငါသတ်မယ်။ အင့်...."

"ဝုန်း"

လျှူဟူထိုက်က ဝတ်စုံနက်၏ရင်ဘတ်ကို လက်ဝါးဖြင့်ရိုက်ချလိုက်သည်။ ဝတ်စုံနက် လွင့်ထွက်သွား၏။ အတော်ဝေးဝေးခန့် လွင့်သွားပြီး၊ သွေးတွေ ဝေါ့ခနဲအန်လျက် မြေပြင်ပေါ်လဲကျသွားသည်။

လျှူဟူထိုက်သည် ကိုယ်ကျပ်ဝတ်စုံအနက်နှင့် လူကိုလည်း မကြည့်တော့ဘဲ၊ အိမ်ရှေ့ဘက်သို့ ပြေးထွက်သည်။ အိမ်ရှေ့တွင် ဖြစ်ပွားနေဆဲဖြစ်သော တိုက်ပွဲကြားသို့ သူ တစ်ကြော့ပြန်ဝင်၏။ တွေ့သမျှ ကြယ်တာရာအဖွဲ့ဝင်များကို တရကြမ်းဝင်ရောက်တိုက်ခိုက်သည်။ ထိုအချိန်မှာပင် ရှောင်ရိဖုန်းနှင့် မြို့စောင့်တပ်ဖွဲ့မှ သိုင်းသမားများ၊ ဧမင်းသား၏ အသုဘသို့လာသည့် အနယ်နယ်အရပ်ရပ်မှ သိုင်းသမားများပါသည့်လူစုနှံ့ အိုင်ကိုဖြတ်ပြီး ပြေးလာနေကြသည်။

အင်အားများပြားသော သိုင်းသမားများကို တွေ့သည်နှင့် ကြယ်တာရာအဖွဲ့ဝင်များသည် ယှဉ်ပြိုင်တိုက်ခိုက်ရန် မစဉ်းစားတော့ဘဲ၊ ထွက်ပြေးရန် ပြင်ဆင်ကြသည်။ လျူဟူထိုက်တို့က ကြယ်တာရာ အဖွဲ့သားများကို ထွက်ပြေးခွင့်မပေးဘဲ၊ လိုက်လံတိုက်ခိုက်ရှင်းလင်းနေ၏။

ကြယ်တာရာ အဖွဲ့ ဝင်များ တဖြည်းဖြည်း အရေးနိမ့်လာသည်၊ အဖွဲ့ဝင်အတော်များများသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ၊ လျူဟူထိုက်တို့အား အညံ့ခံ အရှုံးပေးလိုက်ကြသည်၊

ရှောင်ရီဖုန်းတို့သည် နောက်ဆုံးပွဲသိမ်းအဖြစ် ဝင်ရောက်တိုက်ခိုက်ကြသည်။ နောက်ဆုံးတွင် ခုခံတိုက်ခိုက်မည့် ကြယ်တာရာ အဖွဲ့ဝင် တစ်ယောက်မှ မကျန်ဘဲ ရှင်းလင်းသွား၏။

"ကြယ်တာရာသခင်လေး ဘယ်မှာလဲ။ ကြယ်တာရာ သခင်လေး"

အဆိပ်မင်းသမီး စန်းရင်တောင်၏ အသံ ပေါ်လာသည်။

"သူ ထွက်ပြေးသွားပါပြီ ဆရာ။ လျှို့ဝှက်လမ်းကနေ ထွက်ပြေး လွတ်မြောက်သွားပါပြီ"

စကားသံနှင့်အတူ အစိမ်းရောင် အဆောက်အဦးထဲမှ ထွက်လာသော နန်ယွင်ခက်အား တွေ့လိုက်ရသည်၊ သူ့နောက်တွင် သမားတော်ကြီး လျူဆွေ၊ စွမ်းစွမ်းနှင့် ခရေပန်း၊ ကြယ်တာရာ သခင်လေး အကျဉ်းချထားသူများ ပါလာကြ၏။



အခန်း (၂၀)

နန်ယွင်ခက်တို့ အဆောက်အဦးထဲမှ ထွက်လာချိန်မှာပင် အဖြူရောင်ဝတ်ထားသည့် လူရိပ်တစ်ရိပ် နှင်းအိုင်ကိုဖြတ်ကျော်ပြီး ပြေးလာ၏။

"ဟိုမှာ ကြယ်တာရာ သခင်လေး"

စွမ်းစွမ်း၏ အော်သံကြောင့် အားလုံး၏အကြည့် နှင်းအိုင် အလယ်ရှိ လမ်းဆုံသို့ လှမ်းကြည့်ကြသည်၊ သူတို့ ကြည့်နေစဉ်မှာပင် အဖြူရောင်သဏ္ဍာန် နှင်းအိုင်ထဲသို့ချော်ပြီး ကျသွားသည်။

"ဟာ....ကျသွားပြီ"

"ဒါ ကြယ်တာရာသခင်လေး မဖြစ်နိုင်ဘူး၊ သခင်လေးက ဒီလမ်းကို မျက်စိမှိတ်ပြီးတောင် သွားနိုင်တယ်"

အာမေဋိတ်သံတွေကြားမှ နန်ယွင်ခက်၏ မှတ်ချက်ချသံကို ကြားရ၏။ ထိုမှတ်ချက်ချသံ ပေါ်လာသည်နှင့် တစ်ပြိုင်နက် ရှောင်ရီဖုန်းက ခြေတစ်ချက်ဆောင့်ပြီး၊ ခုန်ဖျံ့ပြေးထွက်သည်၊ သူ နှံ့အိုင်ကြား ဖြတ်လမ်းအတိုင်းပြေးရင်း၊ တစ်နေရာတွင် ရပ်လိုက်၏၊ အောက်သို့ငုံ့ကြည့်ပြီး၊ နှံ့အိုင်ထဲကျနေသူကို ဆွဲတင်သည်၊ နှံ့အိုင်ထဲကျပြီး ရွှံ့အလူးလူးကပ်နေသူ အပေါ်သို့ ရောက်လာသည်။ ရှောင်ရီဖုန်းက နောက်ကြောင်းပြန်လှည့်ပြီး စိမ်းညို့ညို့ကျွန်းသို့ ရောက်လာစဉ် ထိုသူက နောက်မှ ကပ်ပါလာ၏။

"ဒါ မုယုံကျင်းဖြစ်လိမ့်မယ်"

"ဟုတ်တယ်၊ ရှောင်ရီဖုန်းက မုယုံကျင်းကို နောက်ကနေ လိုက်လာဖို့ အကြောင်းကြားခဲ့တယ်လို့ ပြောတယ်"

ဘွားဘွားချီယင်၏ စကားကို ခမ်စုချီက ထောက်ခံလိုက်သည်။

လျူဟူထိုက်သည် စိမ်းညို့ညို့ကျွန်းသို့ ရောက်လာနေသည့် ရှောင်ရီဖုန်းတို့အား တစ်လှည့်၊ ပြန်လည်ဆုံဆည်းမိကြပြီဖြစ်သော အဆိပ်မင်းသမီးစန်းရင်တောင်၊ သမားတော်ကြီးလျူဆွေနှင့် ခရေပန်းတို့ကို တစ်လှည့်ကြည့်ရင်း သူ့အနားသို့ကပ်လာသော စွမ်းစွမ်း၏ ပခုံးကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်၊

"ကြယ်တာရာသခင်လေးကို မြင်ရင် ညီမမှတ်မိတယ်အစ်ကိုကြီး...."





လျူဟူထိုက်က စွမ်းစွမ်း၏မျက်နှာကို စူးစူးစမ်းစမ်းကြည့်လိုက်၏။

"ညီမလေးက ဘယ်လိုလုပ်မှတ်မိမှာလဲ၊ သူက မျက်နှာကို ဇာပဝါအဖြူနဲ့ အမြဲဖုံးအုပ်ထားတာ မဟုတ်လား"

"မျက်နှာကို ဖုံးအုပ်ထားပေမယ့် သူ့လက်ကိုတော့ သူဖုံးအုပ် ထားလို့ မရပါဘူး၊ သူ့ညာဘက်လက်မှာ မှဲ့အနီတစ်လုံးရှိတာ ညီမ သေသေချာချာ မြင်ခဲ့တယ်"

လျူဟူထိုက်၏မျက်နှာတွင် စိတ်ပင်စားဟန် ထင်သွား၏၊ သူက စွမ်းစွမ်း၏ ပခုံးကို ဖျစ်ညှစ်ပြီး....

"ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနဲ့ဦး ညီမလေး၊ ညီမလေးပြောတဲ့ အမှတ်အသားနဲ့ ကြယ်တာရာသခင်လေးကို အစ်ကိုကြီးတို့ တွေ့အောင်ရှာမယ်၊ သူက ပန်းပွင့်ဖိတ်စာကို အသုံးပြုတဲ့ ပန်းပွင့်သခင်အတုလဲ ဖြစ်လိမ့်မယ်"

"သခင်လေးဟာ ပန်းပွင့်ဖိတ်စာကို ဟန်ဆောင်မှုအတွက် အသုံးပြုတာမဟုတ်ဘူး မောင်လေး၊ သူက ပန်းပွင့်သခင်အစစ်ပါ...."

အနားသို့ ရောက်လာပြီး ပြောလိုက်သည့် နန်ယွင်ခက်၏ စကားကြောင့် လျူဟူထိုက် မျက်မှောင်ကြုံ့သွားသည်၊ သူက နန်ယွင်ခက်အား တစ်စုံတရာမေးမည်အပြုတွင် ရှောင်ရီဖုန်းနှင့်

နွံအိုင်ထဲကျပြီး ရွှံ့အလူးလူး ဖြစ်နေသူတို့ ရောက်လာသဖြင့် မမေးဖြစ်တော့ပေ။

ရှောင်ရီဖုန်းနှင့်အတူ ရောက်လာသူမှာ ဘွားသွားချိုယင် ခန့်မှန်းသကဲ့သို့ မုယုံကျင်းဖြစ်၏။

"ရှင်တို့တစ်တွေ ကြယ်တာရာသခင်လေးလို့ ထင်နေတဲ့သူဟာ၊ တာဝန်ဝတ္တရားအရ ဟန်ကြူးမြို့ကိုရောက်နေတဲ့ မုယုံကျင်းပါ။ သူက ဒီလမ်းကို မကျွမ်းကျင်တဲ့ အတွက် ရွှံ့ထဲကို ကျသွားခဲ့တာပါ"

"လမ်းမကျွမ်းကျင်ဘူးလို့ ထင်ရအောင် ရွှံ့ထဲကိုတမင်ခုန်ချလိုက်တာတော့ မဖြစ်နိုင်ဘူးလား"

ရုတ်တရက် ပေါ်ထွက်လာသည့် အသံကြောင့် ထိုအသံရှင်ကို လှည့်ကြည့်ကြသည်။ အသံရှင်မှာ ဝါးဆေးတံရှည်ကြီးကို မီးတရဲရဲထအောင် ဖွာရှိုက်နေသော ထင်းပုန်းပင် ဖြစ်သည်၊

"ဆရာကြီးတို့ မသက်သာရင် သူ့ကို စစ်ဆေးကြည့်ကြပေါ့၊ လောလောဆယ်တော့ ရွှံ့တွေပေနေတဲ့အတွက် သူ ရေချိုးဖို့လိုအပ်နေပြီ။ အားလုံးက ခွင့်ပြုမယ်ဆိုရင်...."

"ချိုးပါ- ချိုးပါ၊ ရေချိုး အဝတ်အစားလဲပြီးမှ စကားပြောကြတာပေါ့။ ကြယ်တာရာသခင်လေးဟာ သူပဲဆိုရင်တော့





ရေချိုးရင်းနဲ့ ထွက်ပြေးသွားမှာပဲ။ အဲဒါဆိုရင် ဘာမှစစ်ဆေးနေစရာ မရှိတော့ပါဘူး"

"ကျွန်တော်ဟာ ကြယ်တာရာသခင်လေးမဟုတ်တဲ့အတွက် ထွက်မပြေးပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် သန့်ရှင်းအောင် လုပ်ပြီးရင် ကြိုက်သလို စစ်ဆေးနိုင်ပါတယ်"

စကားအဆုံးတွင် မုယုံကျင်းက အစိမ်းရောင် အဆောက်အဦအတွင်းသို့ ပြေးဝင်သွားသည်၊ အစိမ်းရောင် အဆောက်အဦရှေ့တွင် စုဝေးရောက်ရှိနေသူများသည် မုယုံကျင်းပြန်ထွက်အလာကို စိတ်ရှည်ရှည်နှင့် စောင့်နေကြ၏။

"ဟိုမှာ- ဟိုမှာ.... လာနေပြန်ပြီ"

သိုင်းသမားတစ်ယောက်၏ အော်ပြောသံကြောင့် အားလုံး၏ အကြည့် နွံအိုင်အပြင်ဘက် ကျူတောဆီသို့ထွက်သွား၏။ ကျူတောထဲမှ အဖြူရောင် အစက်တစ်စက် လျင်မြန်စွာရွေ့လျား လာနေသည်ကို တွေ့ရ၏။ အဖြူရောင် အစက်မှာ တဖြည်းဖြည်းကြီးလာပြီး၊ လူတစ်ယောက်၏သဏ္ဍာန်ပေါ်လာသည်။ ထိုသူမှာ အဖြူရောင်အဝတ်အစားကို ဝတ်ထားလျက်ရှိပြီး၊ နွံအိုင်ကို လျင်မြန်စွာ ဖြတ်ကျော်လာနေ၏။

"သူလာနေတာ လမ်းမဟုတ်ဘူး"

"ဟုတ်တယ်.... လမ်းမဟုတ်ဘူး။ သူ့ရဲ့ ကိုယ်ဖော့ပညာ သိပ်ကောင်းနေလို့ နွံအိုင်ပေါ် ဖြတ်ပြေးလာနိုင်တာပဲ"

"ဒါ– အရိပ်မဲ့ကိုယ်ဖျောက်ပညာပဲ၊ သူ.... သူဟာ"

လျှိုဟူထိုက်က တစ်ယောက်တစ်ပေါက် ပြောဆိုနေသံကို နားထောင်သည်။ အဖြူရောင်အရိပ် တဖြည်းဖြည်း နီးလာပြီး၊ လူလုံးကွဲလာချိန်တွင် သူက ပင့်သက်တစ်ချက်ရှိုက်လိုက်၏။

"အခုလာနေအာ ကြယ်တာရာသခင်လေး မဟုတ်ပါဘူး"

"ဒါလောက် ကိုယ်ဖျောက်ပညာကောင်းတာ ကြယ်တာရာသခင်လေး မဟုတ်ရင် ဘယ်သူလဲ"

"သူက မိုးကြိုးသခင်ပါ"

"မိုးကြိုးသခင်...."

"ဟုတ်ပါတယ်....၊ မိုးကြိုးလက်ဝါးနဲ့ မိုးကြိုးဓားတို့ရဲ့ဆရာကျွန်တော်နဲ့ ဟောဒီညီမလေးတို့ရဲ့အဘိုး မိုးကြိုးသခင်ပါ...."

*





အဖြူရောင်အဝတ်အစား ဝတ်ထားသည့် မိုးကြိုးသခင်က လျှိုဟူထိုက်၏ အနီးတွင် လာရပ်ပြီး၊ သူ့အား ဝိုင်းကြည့်နေသော သိုင်းသမားများကို ဂါရဝပြုလိုက်သည်။

"ဘိုးဘိုး.... ဘယ်တုန်းကပြန်ရောက်လာလဲ။ ချူအော့တို့လဲ ပြန်ပါလာရဲ့လား"

မိုးကြိုးသခင်က လျှိုဟူထိုက်အား ခေါင်းညိတ်ပြလိုက်သည်။ ပြီး– သူ့ရှေ့တွင်ရှိနေသော ဝါစဉ်ကြီး သိုင်းသမားများကို ကြည့်၏။

"ညီလေးထင်းဖုန်းလဲ ရောက်နေတာကိုး၊ အဆိပ်မင်းသမီးကိုတော့ ကျုပ် တွေ့ဖူးပြီးပြီ၊ ဒီက အစ်ကိုတော် သမားတော်ကြီး လျှံဆွေနဲ့တူတယ်။ ဒီနေရာမှာ လူတော်တော် စုံနေတာကိုး။ ခင်ဗျားတို့ ကြယ်တာရာသခင်လေးကိုကောဖမ်းမိပြီလား"

"ကြယ်တာရာသခင်လေး အခုပဲရောက်လာတဲ့အတွက်အခုမှ ဖမ်းရမှာပါ"

ရေချိုးသန့်စင်ပြီး အစိမ်းရောင် အဝတ်အစား ဝတ်လျက်၊ အစိမ်းရောင် အဆောက်အဦထဲမှထွက်လာသည့် မုယုံကျင်းက မိုးကြိုးသခင်အား စေ့စေ့ကြည့်ပြီး ပြောသည်၊ မိုးကြိုးသခင်က မုယုံကျင်းကို တစ်ချက်လှမ်းကြည့်၍....

"မင်းက ကျုပ်ကို မိုးကြိုးသခင်လို့ ပြောနေတာလား"

"ဒါကတော့ ကာယကံရှင်ကိုယ်တိုင် အသိဆုံးဖြစ်ပါလိမ့်မယ်"

မိုးကြိုးသခင်က တစ်ချက်ရယ်လိုက်သည်။

"ကျုပ်က မိုးကြိုးသခင်ပါ၊ တခြား ဘယ်သူမှမဟုတ်ပါဘူး...."

မိုးကြိုးသခင်က သူ့ရှေ့တွင်ရှိနေသူများကို တစ်ယောက်စီကြည့်သည်။ လျှုဟူထိုက်က မိုးကြိုးသခင် ကြည့်သည့်အတိုင်းလိုက်ကြည့်၏။ ထိုအခါ ဝိုင်းရံနေသူများကြားတွင် ဝမ်စုချီမရှိဘဲ ပျောက်နေသည်ကို တွေ့ရ၏။

"အဘဝမ်ကို တွေ့မိသလား ညီမလေး"

စွမ်းစွမ်းက ခေါင်းခါပြသည်။ ပြီး- လျှုဟူထိုက်၏ နားနားသို့ ကပ်၍ တစ်စုံတရာ တီးတိုးပြောသည်။ လျှုဟူထိုက်၏ မျက်လုံးအစုံ အရောင်လက်သွားပြီး ခေါင်းညိတ်ပြလိုက်၏။

"ကျွန်တော် အဖြူရောင်အဝတ်အစား ဝတ်လာတုန်းက ကျွန်တော့်ကို ကြယ်တာရာသခင်လေးလို့ ပြောကြတာ။ ကျွန်တော်ကလဲ အဖြူရောင်အဝတ်အစားဝတ်ထားတဲ့ ဆရာကြီးကို တွေ့တော့ ကြယ်တာရာသခင်လေးလို့ ပြောတာ။ ဘယ်ဟာက အမှန်ဖြစ်နိုင်မလဲ"





"လူတွေက မင်းကို ကြယ်တာရာသခင်လေးလို့ ပြောတာ အမှန်ဖြစ်လိမ့်မယ်"

ရုတ်တရက် ဝင်ပြောလိုက်သည့် လျှုဟူထိုက်၏အသံကြောင့် မုယုံကျင်း ဆတ်ခနဲဖြစ်သွားသည်။ သူက မီးထတောက်မတတ် အရောင်လက်နေသော မျက်လုံးအစုံဖြင့် လျှုဟူထိုက်ကိုကြည့်လိုက်၏။

"မင်းက ဘာဖြစ်လို့ မတရားစွပ်စွဲတာလဲ"

"မတရားစွပ်စွဲတာ မဟုတ်ပါဘူး။ မင်းကိုယ်ပေါ်က အမှတ်အသားကိုကြည့်ပြီး ပြောတာ။ ကြယ်တာရာသခင်လေးရဲ့ ညာလက်မှာ မှဲ့အနီတစ်လုံးရှိတယ်။ အခု မင်းမှာလဲ အဲဒီမှဲ့အနီ ရှိနေတယ်"

"မင်း....မင်း"

"ပန်းပွင့်သခင်ဆိုတာကော၊ ကြယ်တာရာသခင်လေးဆိုတာကော မင်းတစ်ယောက်တည်း မဟုတ်လား"

"ဟုတ်တယ်ကွာ။ ဟုတ်တယ်"

မုယုံကျင်းက နောက်သို့ခုန်ဆုတ်ရင်း ပြောလိုက်သည်။ အစိမ်းရောင်အဆောက်အဦး၏ လှေကားရင်းသို့အရောက်တွင် ရပ်လိုက်၏။

"သိုင်းလောကထဲမှာ ပန်းပွင့်ဖိတ်စာတွေ ပို့နေတာ မင်းပဲ မဟုတ်လား"

"မဟုတ်ဘူး။ သူက ပန်းပွင့်သခင်မဟုတ်ဘူး"

အော်ဟစ်ပြောဆိုရင်း ဝမ်စုချီ မြင်ကွင်းထဲသို့ ဝင်လာသည်၊ မိုးကြိုးသခင်၏ ရှေ့သို့ရောက်သောအခါ ဒူးထောက်ပြီး ဂါရဝ ပြုလိုက်၏။

"ဆရာ"

"ဟင်....မင်း....မိုးကြိုးခဲ"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်ဟာ မိုးကြိုးခဲပါ၊ ညီလေး မိုးကြိုးလက်ဝါးနဲ့ သဘောကွဲလွဲခဲ့၍ ဇာတ်မြှုပ်ပြီးနေနေတာပါ"

သိုင်းလောကသားများ၏အာရုံ ဝမ်စုချီထံသို့ ရောက်နေစဉ် ကြယ်တာရာသခင်လေး တဖြစ်လဲ့ မုယုံကျင်းက လစ်ပြေးမည်ပြု၏။

"ဟိတ်....ရပ်လိုက်"

လျူဟူထိုက်က အော်ဟစ်ပြီး၊ မုယုံကျင်းရှိရာသို့ ခုန်ဝင်လိုက်သည်။ မုယုံကျင်းက ခုန်ဝင်လာသည့် လျူဟူထိုက်အား





ဆီးကြိုတိုက်ခိုက်၏။ လျူဟူထိုက်က မုယုံကျင်း၏ တိုက်ကွက် ရှောင်ပြီး ပြန်လည်တိုက်ခိုက်သည်၊

သူတို့သည် ပြင်းထန်သောတိုက်ကွက်များဖြင့် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် တိုက်ခိုက်ကြသည်၊ တစ်ခဏအတွင်းမှာပင် သိုင်းကွက်သုံးဆယ်ခန့် တိုက်ခိုက်မိကြ၏။ သို့သော် သူတို့သည် တစ်ယောက်၏ အင်္ကျီစကို တစ်ယောက်ထိအောင် မတိုက်ခိုက်နိုင်ကြသေးပေ။

လျူဟူထိုက်သည် သတိကြီးစွာထားပြီး၊ မုယုံကျင်းအား တိုက်ခိုက်သည်။ မုယုံကျင်းက လျူဟူထိုက်၏ တိုက်ကွက်ကို ပေါ့ပါးသွက်လက်စွာ ရှောင်တိမ်းရင်း၊ ပြန်လည်တိုက်ခိုက်နေသည်။ မုယုံကျင်း၏ တိုက်ကွက်များမှာ အရိပ်ပေါင်းများစွာ ပေါ်ထွက်နေသလိုရှိရာမှ တဖြည်းဖြည်း လေးလံလာသည်၊ သူ၏ သိုင်းကွက်များမှာ အပြောင်းအလဲ အလွန်နည်းပါးသော သိုင်းကွက်များ အဖြစ်သို့ ပြောင်းလာ၏။

လျူဟူထိုက်သည် အရိပ်မဲ့ ကိုယ်ဖော့ပညာသုံးပြီး၊ မုယုံကျင်းအား ခုန်ပျံတိုက်ခိုက်သည်။ မုယုံကျင်းက သူ့ရှေ့သို့ ရိပ်ခနဲ ရောက်လာသော လျူဟူထိုက်အား လေးလံနှေးကွေးသည့် လက်ဝါးရိုက်ချက်ဖြင့် ရိုက်ချလိုက်၏။

လျူဟူထိုက်က ရယ်မောပြီး နေရာမှ ခုန်ထွက်မည်ပြုသည်။ သို့သော် လေးလံနှေးသော လက်ဝါးရိုက်ချက်သည် အကွက်ပေါင်း

များစွာ ခွဲထွက်ပြီး၊ သူ့ကိုယ်ပေါ် ဖုံးအုပ်လာသဖြင့် ရင်ထိတ်သွား၏။ သူက ကိုယ်ဖော့ပညာသုံးလျက် လျင်မြန်စွာ ရှောင်ထွက်လိုက်သော်လည်း မုယုံကျင်း၏ လက်ဝါးရိုက်ချက်မှမလွတ်ဘဲ၊ ပခုံးကို အရိုက်ခံလိုက်ရ၏။

"ဝုန်း"

လျူဟူထိုက်သည် မိုးကြိုးသခင်၏ ခြေရင်းသို့ လွင့်ကျလာ၏၊ မိုးကြိုးသခင်က လျူဟူထိုက်အား ထူမလိုက်သည်။ လျူဟူထိုက်၏ ကျောပြင်ကို လက်ဝါးတစ်ဖက်ဖြင့် ကပ်ထားပြီး၊ ဒဏ်ရာရသွားသည့် ပခုံးကို နှိပ်နယ်ပေးသည်။ အများအမြင်တွင် မိုးကြိုးသခင်က လျူဟူထိုက်အား ပြုစုပေးနေသည်နှင့် တူသော်လည်း အမှန်မှာ လျူဟူထိုက်၏ ကိုယ်ထဲသို့ အတွင်းအား သွတ်သွင်းပေးနေခြင်း ဖြစ်၏။

"သူတိုက်ခိုက်တဲ့အခါ ချိုင်းအောက်မှာ ဟာကွက်ပေါ်သွားတယ် လူလေး"

မိုးကြိုးသခင်က လျူဟူထိုက်အား လျှို့ဝှက်အသံဖြင့် ပြောလိုက်ပြီး၊ ပြုစုသလို လုပ်နေရာမှ လွှတ်လိုက်၏။ လျူဟူထိုက်က နေရာမှပြေးထွက်ပြီး၊ မုယုံကျင်းအား တရကြမ်းတိုက်ခိုက်သည်၊ သူ၏ အတွင်းအားမှာ နှစ်ဆတိုးလာသလို ရှိသဖြင့် တိုက်ခိုက်မှုပြင်းထန်သလို လှုပ်ရှားမှုကလည်း လျင်မြန်လွန်းလှသည်။





မုယုံကျင်းသည် လျူဟူထိုက်၏ တိုက်ခိုက်ခြင်းကို ပွတ်ကာသီကာနှင့် ရှောင်ပြီး၊ ပြန်လည်တိုက်ခိုက်သည်။ ပထမတစ်ကြိမ်တိုက်ခိုက်စဉ်ကလိုပင် လေးလံသော လက်ဝါးရိုက်ချက်ဖြင့် ရိုက်ချ၏။

လျူဟူထိုက်က ရှောင်တိမ်းခြင်း မပြုဘဲ၊ မုယုံကျင်းအား စူးစူးစိုက်စိုက် ကြည့်သည်။ လက်ဝါးရိုက်ချက် သူ့အပေါ်အုပ်မိုးလာမှ ညာလက်ညှိုးနှစ်ချောင်းကို ပူးလျက် လက်များဆန့်တန်းလိုက်သည်။ လျူဟူထိုက်၏ လက်နှစ်ချောင်း ဟာကွက်ပေါ်နေသော မုယုံကျင်း၏ ချိုင်းကြားသို့ တအားဝင်သွား၏။

"စွပ်"

"အား"

မုယုံကျင်း၏ကိုယ် ယိုင်သွားသည်။ သူ့ရင်ဘတ် တစ်ခုလုံး အတားအဆီးမရှိတော့ဘဲ လွတ်ဟာသွား၏။ လျူဟူထိုက်က အခွင့်အရေးရခိုက်တွင် မုယုံကျင်း၏ ရင်ဘတ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း"

မုယုံကျင်း၏ခန္ဓာကိုယ် နောက်သို့လွင့်ထွက်သွား၏။ အစိမ်းရောင် အဆောက်အဦးနံရံနှင့် ဆောင့်မိပြီး၊ ရှေ့သို့ ဒလိမ့်

ကောက်ကွေး ပြန်ကျလာသည်။ တလိမ့်လိမ့်နှင့် ကျလာသည့် သူ၏ခန္ဓာကိုယ် နန်းယွင်ခက်အနီးသို့ အရောက်တွင် ရပ်သွားသည်။ သူက သွေးများ စေါ့ခနဲအန်လိုက်ပြီး၊ ဒယီးဒယိုင်နှင့် ထရပ်ရန် ကြိုးစား၏။ အေးစက်တင်းမာသောအကြည့်ဖြင့် ရပ်ကြည့်နေသည့် နန်းယွင်ခက်က မုယုံကျင်း၏ ငယ်ထိပ်ကို လက်ဝါးဖြင့် မိုးပြီး ရိုက်ချလိုက်၏။

"ဝုန်း"

"အား"

မုယုံကျင်း အောက်သို့ငိုက်ကျသွား၏။ သူ မလှုပ်မယှက် ဖြစ်သွားစဉ် ဝမ်စုချီက ခြေတစ်လှမ်းရှေ့ပြီး၊ ညာလက်ကို လှုပ်လိုက်သည်။ ရှီးခနဲ မြည်သံနှင့်အတူ စာရွက်ဖြူတစ်ရွက် မုယုံကျင်း ခေါင်းချအားရာ မြေပြင်ထဲသို့စိုက်ဝင်သွားသည်၊ စာရွက်အဖြူပေါ်၌ အနီရောင်ပန်းဟစ်ပွင့်ပုံကို ထင်ရှားစွာ မြင်ကြရသည်။

"ဟင်....ပန်းပွင့်ဖိတ်စာ"

"ဒါ....ဖြစ်ရင်"

"ကျုပ်ဟာ ပန်းပွင့်သခင်ပါပဲ။ လုံပါချင်းကို အပြစ်ပေးခဲ့တာ ကျုပ်ပါ။ တခြားနေရာတွေမှာ ပန်းပွင့်ဖိတ်စာ ပို့တာ ကျုပ် မဟုတ်ဘူး။ အဲဒါ သူ့လက်ချက်ပါ"





ဝမ်စုချီက အားလုံးကြားသာအောင် ပြောရင်း၊ မုယုံကျင်းအား လက်ညှိုးထိုးပြလိုက်သည်။

"မိုးကြိုးလက်သခါး လုံပါချင်းဟာ ဂိုဏ်းတူ အစ်ကိုချင်းထားရမယ့် ကတိကို ဖျက်တယ်။ ဂိုဏ်းတူညီမအပေါ် ရက်စက်ယုတ်မာခဲ့တယ်၊ အဲဒါကြောင့် ကျုပ် သူ့ကို အပြစ်ပေးခဲ့ပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကို မကျေနပ်ရင် ကြိုက်သလို စီစဉ်ပါ။ ဘယ်လို အပြစ်ပေးတာမျိုးကိုမဆို ကျုပ် ခံပါ့မယ်"

ချန်လုံဟန်က စိတ်လှုပ်ရှားစွာ ပြောနေသော ဝမ်စုချီ၏ ပခုံးကို ဆုပ်ကိုင်လိုက်သည်။

"ဒါတွေ ပြောမနေပါနဲ့တော့။ အားလုံးက အပြစ်ရှိတဲ့လူ အပြစ်ခံသွားရတယ်လို့ပဲ သဘောထားပါတယ်။ အခု အိမ်ကို သွားကြမယ်။ နောင်ကြီး လျှံဆွေတို့လဲ အိမ်ကို လိုက်ခဲ့ကြပါ ခင်ဗျား"

*

"ညီမ အိမ်ကို မပြန်ဘဲ နေမယ်ဆိုရင်၊ အစ်ကို လောက်ဝမ်းသာတဲ့လူ ဒီလောကမှာ ရှိတော့မှာ မဟုတ်ဘူး"

ဖေဝ ရဲမင်းဟိန်း

ခရေပန်းက မျက်ရစောင်းလေးတစ်ချက်ဖြင့် လျှူဟူထိုက်ကို ကြည့်သည်။

"ညီမတို့မှာ ပြန်စရာအိမ်မှမရှိတာ ဘယ်ကို ပြန်ရမှာလဲ အစ်ကို...."

"အဲဒါကြောင့် ဝမ်းသာတယ် ပြောတာပေါ့။ အခုဆိုရင် ဖေဖေက ညီမတို့ကို ဒီအိမ်မှာပဲ နေဖို့ ဖိတ်ခေါ်ထားတယ် မဟုတ်လား။ တစ်သက်လုံး ဒီအိမ်က မပြန်ဘဲနေပါညီမရယ်"

ခရေပန်းက ရှက်သွားဟန်ဖြင့် မျက်လွှာချ လိုက်သည်၊ လျှူဟူထိုက်က ပြုံးပြီး ခရေပန်း၏ မေးဖျားကို ကိုင်လျက်၊ မျက်နှာကို ဆွဲမော့သည်။ ပြုံးနေသောမျက်နှာများနှင့် တစ်ယောက်ကို တစ်ယောက် ကြည့်မိကြလေသည်၊

စာဖတ်ပရိသတ်အပေါင်း ရွှင်လန်း ချမ်းမြေ့ကြပါစေ....

ရဲမင်းဟိန်း

မင်းစာပေ